# ရသ ရောင်စဉ်

## သုတ ရသ စာစုများ

ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတို
စုစည်းမှု

# ရသ ရောင်စဉ်

ကြင်လှိုင်မြင့် | ကြူကြူသင်း
ကောင်းထွန့်ဝင်း(နေမြို့) | ရွှေမိုးတား ဝင်းကြည်ရွှေ(စိတ်ပညာ)
ကျော်ဇင်ဝင်း | ဂမုန်းအင်
ကိုဂျဲ(ဥက္ကာမြေ) | ခွန်မိုးအိမ်
ထင်ကျော်(အော်ဂဲနစ် မြေဩဇာ) | နိုဗယ်(Noble)
သစ်ဆင်း | ဩမြတ်မေကို
ရွှေထက်(ယက္ခကျွန်း) | သဉ္ဇာရွှန်းလဲ့ရည်
ကိုငယ်(သမိန်တော) | ရွှေမိန်းကလေး

ကဗျာ(၁၀)ပုဒ်၊ ဝတ္ထုတို(၁၀)ပုဒ်နှင့် ဆောင်းပါး(၇)ပုဒ်ပါဝင်သည်။

Source : Internet Design : ThitSinn

# ရသရောင်စဥ်

ကဗျာ၊ ဆောင်းပါးနှင့်ဝတ္ထုတို

စုစည်းမှု

(ကလောင်စုံ)

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | • ပထမအကြိမ်၊ အောက်တိုဘာလ ၂၀၁၆။ |
| ထုတ်ဝေသူ | • ဦးမျိုးညွန့်အောင် စွယ်တော်စာပေ (မြ-၀၀၅၇၉) အမှတ် - ၉၀/၉၂၊ ၆လွှာ၊ ၅၁လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်တိုက် | • ဦးတင်အောင်ကျော် စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁) အမှတ် (၁၄၇)၊ ၅၁လမ်း(အထက်) ပုဇွန်တောင်မြို့နယ်။ |
| အဖုံးဒီဇိုင်း | • သစ်ဆင်း |
| အတွင်းစာစီနှင့်အပြင်အဆင် | • ပွင့်ဖြူ သစ်ဆင်း |
| အုပ်ရေ | • ၆၀၀ |
| တန်ဖိုး | • ၂၀၀၀ကျပ် |
| ဖြန့်ချိရေး | • Dreamer & LifeGroup 09 32215725,09258666908, 09 799772549 |

၈၀၈. ၈၃

ကလောင်စုံ
ရသရောင်စဉ်/ကလောင်စုံ၊ ရန်ကုန်။
Dreamer & LifeGroup ၂၀၁၆။
၂၄၃ စာ၊ ၁၃ စင်တီ × ၂၀ စင်တီ
(၁) ရသရောင်စဉ်

# မာတိကာ


| | | |
|---|---|---|
| ဝ မှဒိတာ နိဒါန်း | | ၀၅ |
| ဝ ဤစာအုပ်. . . | | ၀၇ |

## ကဗျာ

| | | |
|---|---|---|
| ၁။ တောင်ပံဖြန့်ချီ မိုးယံဆီ | ကြူကြူသင်း | ၀၉ |
| ၂။ လွမ်းဗျာပါသီညောင်တုန်းဆီ | ကောင်းထွဋ်ဝင်း(မနုဖြူ) | ၁၃ |
| ၃။ လူ့ဘဝမှာလူပီသစေ | ကိုရဲ(ဥက္ကာမြေ) | ၁၇ |
| ၄။ မေမေဆိုတဲ့ တေးချိုချို | ဖွန်မိုးအိမ် | ၂၀ |
| ၅။ နှိုင်းယှဉ်မရ သမိုင်းတွင်လှသောသူ | ထင်ကျော်(အော်ဂဲနစ်မြေဩဇာပညာရှင်) | ၂၃ |
| ၆။ ထာဝရခရီး | နိုဗယ် (Noble) | ၂၇ |
| ၇။ သက်ရှိဘုရားနှစ်ဆူ | ရွှေထက်(ယက္ခကျွန်း) | ၃၀ |
| ၈။ အစွန်းတစ်ဖက် | ရွှေထက်(ယက္ခကျွန်း) | ၃၄ |
| ၉။ အဖြူရောင်ရင်ဘတ် | ရွှေမိန်းကလေး | ၃၅ |
| ၁၀။အမွေတောင်းစာလွှာ | ကိုငယ်(သမိန်ထော) | ၃၉ |

## ဆောင်းပါး

| | | |
|---|---|---|
| ၁။ Miss BusCar | ရွှေမိုးတားဝင်းကြည်ရွှေ(စိတ်ပညာ) | ၄၃ |
| ၂။ မမေ့နိုင်သည် သာယာဝတီ | ကြင်လှိုင်မြင့် | ၄၉ |
| ၃။ အတောင့်တဆုံးအရာ | နိုဗယ်(Noble) | ၆၀ |
| ၄။ အသစ် | သစ်ဆင်း | ၆၇ |
| ၅။ ရည်ရွယ်ရာပန်းတိုင်ဆီ-<br>လှမ်းတက်ချီရာဝယ် | ရွှေထက် (ယက္ခကျွန်း) | ၇၇ |
| ၆။ ခေါင်းတစ်ရာပါသော ကျောင်းဆရာ | ကိုငယ် (သမိန်ထော) | ၈၇ |
| ၇။ စာလုံးပေါင်းပါသော်လည်း | သစ်ဆင်း | ၉၇ |

## ဝတ္ထုတို


| | | |
|---|---|---|
| ၁။ ငါးမြွေထိုးမ | ကြင်လှိုင်မြင့် | ၁၀၅ |
| ၂။ ရွှေလီရေနောက်ကျိကျို- သောက်မိကမပြန်နိုင် | ရွှေမိုးတားဝင်းကြည်ရွှေ (စိတ်ပညာ) | ၁၂၀ |
| ၃။ ဆုတောင်းမှားခဲ့မိပါသည် | ဂမုန်းအင် | ၁၃၀ |
| ၄။ မျက်နှာချင်းလမင်းမှာဆုံစို့ကွယ် | ကောင်းထွဋ်ဝင်း (မနုဖြူ) | ၁၄၅ |
| ၅။ ရွှေဇီးကွက် | နိုဗယ်(Noble) | ၁၆၇ |
| ၆။ ဘဝအဆက်ဆက် - မပျက်မမုန်းရှာလေဦးတော့ | ကျော်ဇင်ဝင်း (မရမ်းကုန်း) | ၁၇၅ |
| ၇။ သူသာစကားပြောနိုင်ခဲ့လျှင် | ဩမြတ်မေကို | ၁၉၅ |
| ၈။ ဘယ်သူပိုတော်သလဲ | သဥ္ဇာရွှန်းလဲ့ရည် | ၂၀၃ |
| ၉။ မောင်ဝင်း ကင်းစောင့်နေသည် | ကိုငယ်(သမိန်ထော) | ၂၁၅ |
| ၁၀။ အိပ်မက် မနက်ဖြန် | ရွှေမိန်းကလေး | ၂၂၅ |

# မှာတမ်းစကား

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အာရုံပြု၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက **"စာရေးနည်း အခြေခံလမ်းညွှန်သင်တန်း"**ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ ၆ ကြိမ်တိုင်တိုင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့သော သင်တန်းသားဦးရေက သင်တန်း၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ကြောင်း သက်သေပြခဲ့သည်။ ထို့ပြင် သင်တန်းဆင်းများထဲမှ **"ရသစာပေ"** အဖွဲ့အနွဲ့အားသန်သော၊ **"သုတစာပေ"** အရေးအသားထက်မြက်သော ကလောင်မွှန်၊ ကလောင်ချွန်များ ပေါ်ထွက်လာခဲ့သည်မှာလည်း သင်တန်းပို့ချသူ ဆရာ၊ ဆရာမများ၏ စိတ်စေတနာနှင့် လမ်းညွှန်ပို့ချမှုများကို အလေးထားလိုက်နာကျင့်သုံးခဲ့သော သင်တန်းသားများ၏ အားထုတ်မှု ရလဒ်ကောင်း အသီးအပွင့်များပင် ဖြစ်ပါသည်။

ယခု ဤစာအုပ်လေးကို အမိက ဦးစီးဦးဆောင်ပြုခဲ့ကြသူများမှာ သင်တန်းအမှတ်စဉ် (၅)မှ သင်တန်းဆင်းများ ဖြစ်ကြပါသည်။ အမှတ်စဉ် (၅) သင်တန်းဆင်းများ၏ ဦးဆောင်မှုကို အမှတ်စဉ် (၃)၊ (၄)နှင့် (၆)တို့မှ သင်တန်းဆင်းများကလည်း ဝမ်းမြောက်ဝမ်းသာ ပူးပေါင်းပါဝင် အားဖြည့်ကြသည်ကို တွေ့ရ၍ သင်တန်းမှူးတစ်ဦးဖြစ်သူ ကျွန်မမှာ ဂုဏ်ယူကျေနပ်မဆုံး၊ ကြည်နူးပီတိဖြစ်၍မဆုံးနိုင်ဖြစ်ရသည်မှာ သစ္စာစကားပင် ဖြစ်ပါသည်။

ဤ **"ရသရောင်စဉ်"** သုတရသ စာစုထဲတွင် ချစ်ခြင်းတရားကို ဖွဲ့သော၊ မေတ္တာတရားကို ဖော်ညွှန်းသော၊ မြန်မာ့ယဉ်ကျေးမှု ပြိုယိုင်နေသည်ကို တည့်မတ်ပေးသော၊ လူ့ကိုယ်ကျင့်သိက္ခာကို တန်ဖိုး ထားတတ်စေသော၊ လောကသရုပ်ကို သိမြင်လာစေသော. . . စသည် စသည်

ဖြင့် စေတနာကဲသော ဖွဲ့နွဲ့ရေးသားချက်များကို မြင်တွေ့ ခံစားရမည်ဖြစ်ပါသည်။

ပမာပြုရသော် . . .

ဤစာစုကလေးသည် **"ဥယျာဉ်"**တစ်ခုနှင့် တူသည်ဆိုပါစို့။

သည် **"ရသဥယျာဉ်"** ထဲတွင် ရောင်သွေးစုံစုံ သင်းပျံ့ထုံသော ပန်းကလေးများလည်း ရှိ၏။

သကာချိုပျား ရသပွားသော သီးနှံများလည်း ရှိ၏။

စိမ်းရွက်မြိုင်မြိုင် ရိပ်ခိုနိုင်သော သစ်ပင်ကြီးများလည်း ရှိ၏။

စာချစ်သူမိတ်ဆွေ . . .

ပန်းကလေးများ၏ မွှေးရနံ့တွင် ကြည်နူးစွာ မွေ့ပျော်လိုပါသလား။

သီးနှံများဖြင့် ဝမ်းမီးငြိမ်းပြေ ပြည့်တင်းစေလိုပါသလား။

သစ်ရိပ်ညိုကြား ခိုနားပန်းဖြေ ချမ်းမြေ့စေလိုပါသလား။

သို့တည်းမဟုတ် . . .

ကိုယ်ကိုယ်တိုင် သင်းပျံ့ကြိုင်လှိုင်း ပန်းကလေးတစ်ပွင့် ဖြစ်လိုပါသလား။

ကိုယ်ကိုယ်တိုင် ဝမ်းမီးပြေစေသည့် သီးနှံမှည့်ရွှမ်းဖြစ်လိုပါသလား။

ကိုယ်ကိုယ်တိုင် မြရောင်ဖိတ်သည့် သစ်ရိပ်အပင် ဖြစ်လိုပါသလား။

မုဒိတာစိတ်ဖြင့် လှိုက်လှဲစွာ ဖိတ်ခေါ်ကြိုဆိုပါသည်။

ရှုကြည့်ပါ၊ လေ့လာပါ၊ အားဖြည့်ပါ၊ အကျိုးပွားစေမှာ ကေန်ဖြစ်ပါသည်။ ။

**ကြူကြူသင်း**

## ဤစာအုပ် ...

ဒီစာအုပ်ကလေးက စာပေမြတ်နိုးသူ ကျွန်တော်တို့တစ်တွေ စုစည်းထုတ်ဝေလိုက်တဲ့ ဒုတိယမြောက် စာအုပ်ကလေးဖြစ်ပါတယ်။ စာပေတွေကို ဖတ်ရှုလေ့လာနေရင်းက ကိုယ်ကိုယ်တိုင် ရေးသားမိတဲ့ စာမူတွေကို စာဖတ်သူ မိတ်ဆွေတွေဆီ ပို့ဆောင်ပေးချင်တဲ့ဆန္ဒတွေ ရှိနေကြပြန်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဘက်က ကျွန်တော်တို့စာမူတွေရဲ့ အရည်အသွေးကို အတိုင်းအတာတစ်ခုအထိ ကောင်းမွန်နိုင်ဖို့အတွက် ကျွန်တော်တို့ တတ်စွမ်းသမျှပြင်ဆင်ပြီး အားထုတ်ကြိုးပမ်းခဲ့ကြပါ တယ်။

ဒီစာအုပ်ကလေးမှာ စာရေးဆရာမကြီး ကြူကြူသင်းက အမှတ်တရအဖြစ် ကဗျာတစ်ပုဒ် ရေးသား ချီးမြှင့်ပေးထားတဲ့အတွက် ဆရာမကြီးကို အထူးကျေးဇူးတင်ရပါတယ်။

ကျွန်တော်တို့ ခုလို ကြိုးစားတင်ဆက်ထားတဲ့ စာစုကလေးတွေကို စာဖတ်သူမိတ်ဆွေများကလည်း လက်ကမ်းကြိုဆိုကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ကျေးဇူးတင်လျက်...**

**အားလုံးရဲ့ကိုယ်စား**<br>
**သစ်ဆင်း**



ကြယ်ကြယ်သင်း
တောင်ပံဖြန့်ရှိ   မိုးယံဆီ

“လေပြင်းက ဘယ်လိုရိုင်း
မုန်တိုင်းက ဘယ်လိုထန်
လေဆန်ကို တောင်ပံဖြန့်ကာပ
သက်တံဘောင် ရောင်စဉ်တန်းဆီသို့
လှမ်းချီကာ ရောက်အောင်ပြန်းမယ်လို့”

## တောင်ပံဖြန့်ချီ မိုးယံဆီ

၀ အရှက်ဦးမှာလ
ရွှင်မြူးစွာ လေပြည်သွင်းလေတော့
ပျံ့သင်းတကြိုင်ကြိုင်နဲ့
တလှိုင်လှိုင် မြိုင်အနံ့မှာဖြင့်
ထုံပြန့်ဖြာ ရနံ့ဖျန်းပါလို့
ချမ်းမြေ့စေ မျှဝေပေးသည့်နှယ်
ကျေးငှက်တို့ တေးဆိုရှာ။


၀ တထိန်ထိန်လျှမ်းပါလို့
တိမ်နန်း ဝဏ္ဏာဗွေ၌
ရောင်ဖြာဝေ တူညီယိမ်းသည်သို့
ဖြူ နီ ရွှေ ပြာ ဝါ စိမ်းရယ်နဲ့
မြရှိမ်းပေါင် လိမ္မော်သွေးတွေက
ဆေးပန်းချီ ရေးမမီ အမြင်တင့်ပါလှ
ဝန်းကျင့်သာယာ။

၀ ရှုခင်းသာထွေ
မြကျွန်းမြေ ဇမ္ဗူတွင်းမှာလ
လေပြင်းက ဘယ်လိုရိုင်း
မုန်တိုင်းက ဘယ်လိုထန်
လေဆန်ကို တောင်ပံဖြန့်ကာပ

သက်တံဘောင် ရောင်စဉ်တန်းဆီသို့
လှမ်းချီကာ ရောက်အောင်မြန်းမယ်လို့
စိတ်ဝမ်းမြှင့် ဖွဲ့တည်ကာ
တွဲညီညာ ပျံမည်မှန်း။

၀ တွေးချင့်ကြည့်ဆွေ
တော တောင် မြေ အခြေတင့်သော်လဲ့
အမြင့်မပျံ အမှန်မတွေ့နိုင်ဘု
လောကမံ ဟန်ဓလေ့တွေက
စံတွေ့ရန် အတန်ခက်ပါလှ
ထက်ဝေယံ နန်းဘုံဆင့်ဆီထိ
မြင့်မြင့်ပျံ အကြိုထောက်ပါမှ
မြင်လောက်မယ် ဘဝအခင်းတွေရဲ့
ရှုကွင်းမှန် ပြင်ကျယ်သိပါလိမ့်
သမုဒ်နယ် လောကထဲမှာ
ခိုင်မြဲစွာ တရားအမွှန်စရိုက်တွေနဲ့
အားသွန်လိုက်စမ်း။ ။

**ကြူကြူသင်း**



ကောင်းထွဋ်ဝင်း (နေဖြူ)
လွမ်းဗျာပါသီ ညောင်တုန်းဆီ

'မနေဖြူ' ရပ်၊ 'ဗိုလ်မြတ်ထွန်း' တံတား
ဖြတ်ကျော်သွားလျှင်၊ 'ညောင်တုန်း' နားကပ်
'ဆားမလောက်' ပတ်ကာ၊ 'ပန်တိုင်' ရွာပြီး
'ရန်ကုန်' နီးသည်၊ ခရီးရှည်။

## လွမ်းဗျာပါသီ ညောင်တုန်းဆီ

၀ 'ရန်ကုန်'ဒေသ၊ နောက်ဘက်ကျကာ
'ဧရာ'မြေမှာ၊ ရွှေမြောက်ရပ်မြှောင်
မြို့တည်ထောင်သည်
'ညောင်တုန်း'ဟုခေါ်၊
ဝေးနီးကျော်ကြား ထင်ရှားသည်။

၀ 'ပုသိမ်-ရန်ကုန်'၊ ကားလမ်းဆုံလို့
ညောင်တုန်းမြို့လမ်း၊ 'ပန်းလှိုင်၊ ဧရာ'
မြစ်နှစ်မြွာကြား၊ ခံ့ညားထည်ဝါ
တည်လာသည်မှာ၊ နှစ်ပေါင်းကြာပြီ။

၀ 'ကြံခင်း၊ မြန်အောင်'၊ အမြန်ဆောင်ယူ
'အင်္ဂပူ၊ ဟင်္သာတ'၊ ထိုမှတစ်မူ
'ဓနုဖြူ' ရပ်၊ 'ဗိုလ်မြတ်ထွန်း' တံတား
ဖြတ်ကျော်သွားလျှင်၊ 'ညောင်တုန်း' နားကပ်
'ဆားမလောက်' ပတ်ကာ၊ 'ပန်တိုင်' ရွာပြီး
'ရန်ကုန်' နီးသည်၊ ခရီးရှည်။

၀ ပုသိမ်မြို့မှ၊ 'ဒက' ကျော်လျှင်
'အိမ်မဲ' ဝင်သော်၊ 'ပန်းတနော်' ရပ်
'ဗိုလ်မြတ်ထွန်း' ကျော်၊ 'ညောင်တုန်း' သော်နား
ဆက်ကာသွားလျှင်
ရထားပေါက်သည် ရန်ကုန်အထိ။

၀ ငါးသားပုစွန်ကန်၊ မွေးမြူပြန်ကြ
နှစ်စဉ်မှကွယ်၊ ငွေလျှံပယ်ရ
လှူကြတန်းကြ၊ စီးပွားလှသည်။

၀ ညောင်တုန်းမြို့သည်၊ ဟိုချိန်ဆီက
ကုန်စည်ဖလှယ်၊ ဆိပ်ကမ်းနယ်မို့
တွင်ကျယ်လောက်ဘိ၊ ငါးပိငါးခြောက်
အထက်အောက်ဆုံ၊ ကုန်မျိုးစုံကို
အကုန်ရောင်းဝယ်၊ ဈေးကွက်ကျယ်သည်။

၀ 'ညောင်တုန်း၊ ရေနံမြေ' ရောက်ဖူးလေတိုင်း
ရင်ဝယ်လှိုင်းထ၊ အံ့သြရသည်
ပိုက်ဝထိပ်လောက်၊ ဓာတ်ငွေ့တောက်က
ညရောက်ပါသော်၊
လင်းထိန်နေဘ်ကွယ် ပျော်ရသည်။

၀ ကမ်းစပ်သောင်ယွန်း၊ ညောင်တုန်းကျွန်းက
လွမ်းရဖန်ခြယ်၊ ဆွေးနယ်ကျယ်သည်
'မယ်ညို၊ ငှက်တော်'၊ 'စင်ရော်၊ ကြိုးကြာ'
'တမာ၊ ရွှေကြက်'၊ 'ငှက်ရွှေဥဩ'
ဖော်ချင်းနှောလျက်၊ စုံတောမြိုင်ယံ
လွမ်းအောင်ဖန်တယ်
မြစ်ယံ ကမ်းခြေ လွမ်းမပြေ။ ။

**ကောင်းထွဋ်ဝင်း (ဓနုဖြူ)**
**၂၀၁၅ ခုနှစ်၊ ဓတ်လ ၁၃ ရက်။**



**ကိုရဲ (ဥက္ကာမြေ)**
**လူ့ဘဝမှာ လူပီသစေ**

""ဖြစ်တည်လာရ၊ သည်ဘဝတွင်
အတ္တပရ၊ နှစ်ဖြာလှအောင်
ရှက်ဆောင်သယ်ပိုး၊ တိုးထက်တိုး၍
အကျိုးဆက်ပွား၊ ကုသိုလ်များကြောင်း
မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လျက်
လူ့ဘောင်အလှ ဆင်သင့်သည်""

## လူ့ဘဝမှာ လူပီသစေ

၀ ပြောမည်ဆိုလျှင်
ဒေါသကင်းစင်၊ မေတ္တာငင်၍
နားဝင်ချိုအောင်၊ ပြောဆိုတတ်ဖို့ လိုပါသည်။

၀ ရေးမည်ဆိုက
အတ္တကိုခွာ၊ စေတနာဖြင့်
မေတ္တာရှေ့ထား၊ ရေးသားတတ်ဖို့ လိုပါသည်။

၀ သွားမည်ဆိုသော်
အဖော်မပါ၊ ကိုယ်တည်းသာလျှင်
သွားလာမသင့်၊ ချင့်ချိန်တတ်ဖို့ လိုပါသည်။

၀ စားမည်ဆိုပြန်
ကံ စိတ် အာဟာရ၊ ချိန်ဆမှုနှင့်
ဥတု ရသ၊ မျှတ သုံးသပ်
စားတတ်ဖို့တော့ လိုပါသည်။

၀ နေမည်ဆိုလျှင်
ကိုယ့်ဝန်းကျင်နှင့်၊ ချစ်ခင်နှစ်ခြိုက်
စရိုက်သွင်ပြင်၊ အစဉ်ညှိထား
နေသွားတတ်ဖို့ လိုပါသည်။

၀ ဖြစ်တည်လာရ၊ သည်ဘဝတွင်
အတ္တပရ၊ နှစ်ဖြာလှအောင်
ရွက်ဆောင်သယ်ပိုး၊ တိုးထက်တိုး၍
အကျိုးဆက်ပွား၊ ကုသိုလ်များကြောင်း
မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လျက်
လူ့ဘောင်အလှ ဆင်သင့်သည်။

၀ ရခဲလေစွ
လူ့ဘဝတွင်၊ များဖျင်တိုက်ပွဲ
ရင်ဆိုင်နွဲကြိမ်၊ စိန်ခေါ်သမျှ
အခိကမှာ
ပီသရမည် လူ့စိတ်ဓာတ်။ ။

**ကိုရဲ (ဥက္ကာမြေ)**



**စွန်မိုးအိမ်**
**မေမေဆိုတဲ့ တေးချိုချို**

"မွေးမိမာတာ၊ တေးသီပါလျှင်
ကြည်လင်စိမ့်စမ်း၊ ရင်မြေချမ်း၍
ကြိုင်လျှမ်းတင့်စွာ၊ ရောင်စဉ်ဖြာခဲ့
ညင်းသွဲ့သံချို၊ ပမာဆိုက
နေညိုညချမ်း၊ လေပြည်ဖျန်းသို့"

## မေမေဆိုတဲ့ တေးချိုချို

၀ စမ်းရေအေးသည်
ဖြည်းလေးစိမ့်စိမ့် တငြိမ့်ငြိမ့်။
ပန်းတွေမွှေးသည်
ဖွေးဖွေးဝင်းဖန့် သင်းပျံ့ပျံ့။

၀ လေပြည်သွေးသည်
ရင်တွင်းကြည်မွေ့ ချမ်းမြေ့မြေ့။

၀ မွေးမိမာတာ၊ တေးသီပါလျှင်
ကြည်လင်စိမ့်စမ်း၊ ရင်မြေ့ချမ်း၍
ကြိုင်လျှမ်းတင့်စွာ၊ ရောင်စဉ်ဖြာခဲ့
ညင်းသွဲ့သံချို၊ ပမာဆိုက
နေညိုညချမ်း၊ လေပြည်ဖျန်းသို့
စိတ်ဝမ်းကြည်သာ၊ အေးမြပါဘိ
မေတ္တာဖွဲ့တေး၊ ပန်းနွယ်မွှေးသည်
ပြိုင်ရေးတုမီနိုင်တော့ပြီ။ ။

စွန်မိုးအိမ်



**ထင်ကျော်**

(အော်ဂဲနစ်မြေသြဇာ ပညာရှင်)

**နှိုင်းယှဉ်မရ သမိုင်းတွင်လှသောသူ**

"သူချိန်သူခါ၊ သူနေရာကို
မညီဝါမညီသူ၊ မယှဉ်သူနှင့်
သမိုင်းဝှက်ရိုး၊ ကိုယ်တိုင်ထိုးမှ
ကောင်းဆိုးနှစ်လီ၊ သိသာမည်"

## နှိုင်းယှဉ်မရ သမိုင်းတွင်လှသောသူ

၀ သမိုင်းတွင်လှ
နှိုင်းယှဉ်ပြဟု၊ ဆိုကြပါမူ
နှိုင်းယှဉ်မရသူ. . . သူလိုလူ။

၀ ဘာသာသာသနာ
ထွန်းဝေဖြာလျက်၊ ပြည်သာဖို့အတွက်
သက်ကိုအပ်လို့
ချစ်တတ်လေသူ. . . သူလိုလူ။

၀ သမ္မတဖြစ်လာ၊ သူ့ချိန်ခါဝယ်
လက်မှာဟန်းဆက်၊ ဖုန်းဆင်းကတ်နှင့်
ကားထပ်ဝယ်ကာ၊ စီးရပါသည်
အိပ်မက်မဟုတ်ခဲ့ မြင်နိုင်သည်။

၀ ငြိမ်းချမ်းရေးအတွက်
ခရီးဆက်ဖို့၊ ချမှတ်ခဲ့သည်
အပစ်ရပ်စာချုပ်သက်သေတည်။

၀ သူ့ချိန်သူ့ခါ၊ သူ့နေရာကို
မည်ဝါမည်သူ၊ မယှဉ်သူနှင့်
သမိုင်းဂုဏ်ရိုး၊ ကိုယ်တိုင်ထိုးမှ
ကောင်းဆိုးနှစ်လီ၊ သိသာမည်။

၀ အချိန်ကြာညောင်း၊ သူ့အကြောင်းကို
ပြန်ပြောင်းပြောသော်၊ အချိန်ကျော်မှ
လွှမ်းမျှော်မှန်းဆ၊ တမ်းတမ်းတတ
လွှမ်းရမှန်းရည်၊ တိုင်းမြန်ပြည်က
ပြည်သူ့သမ္မတ ဦးသိန်းစိန်။ ။

**ထင်ကျော်**

**(အော်ဂဲနစ်မြေဩဇာပညာရှင်)**

**၃.၆.၁၉၇၈ ၁၂/ရဗသ(နိုင်)၀၂၇၉၆၄**

**ဖုန်း ၀၉၄၂၂၄၈၈၇၅၉**



**နိဗယ် (Noble)**
**ထာဝရစခရီး**

“ငါ ခရီးသွားစဉ်က
ခရီးသည်တစ်ယောက်အဖြစ်
ငါ့ကိုခေါ်ကြသည်၊
နာမကျန်းဖြစ်သောအခါ
လူနာအဖြစ် ငါ့ကို ခေါ်သည်၊
အိမ်အလည်သွားတုန်းက …”

## ထာဝရခရီး

၀ မခိုးမဝှက်၊ မလိမ်မကောက်
မသတ်ဖြတ်သော်၊ ရှာဖွေသူမရှိ
တိမ်းရှောင်ရန်မလို
ယနေ့ကောင်းစွာနေရ၍
နက်ဖြန်အတွက် မကြောင့်ကြရပြီ။

၀ သည်နေ့၊ မနက်ဖြန်၊ တစ်ဖန်နောက်လ
နောင်နှစ်ပေါင်းများထိ၊ တွေးကြည့်ပါက
ထိုမျှနှင့်မပြီး၊ မအေးဆေးနိုင်ပြန်
မမျှော်လင့်ဘဲ ဝင်စား၊ လူ့ဘဝမှာ
မထင်မှတ်ဘဲ ပျောက်ကွယ်သွားခဲ့ရကား
လုပ်သမျှအရာရာဟာ အချည်းနှီးပင်
ကြိုးစားခဲ့သမျှ ထားခဲ့ရပြီး
ဘယ်ဆီမှာ ဆိုက်ကပ်ရမည်မသိခဲ့သော်
ငါ ဘယ်သို့ သွားမည်နည်း . . .

ဝ ငါ ခရီးသွားစဉ်က
ခရီးသည်တစ်ယောက်အဖြစ် ငါ့ကိုခေါ်ကြသည်
နာမကျန်းဖြစ်သောအခါ
လူနာအဖြစ် ငါ့ကိုခေါ်သည်
အိမ်အလည်သွားတုန်းက
ဧည့်သည်တစ်ယောက်အဖြစ် သုံးနှုန်းကြပြန်သည်။

ဝ ကျောင်းတက်ခဲ့စဉ်က
ငါဟာ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သည်
ပြောင်းလဲသွားတတ်သည့် လူ့ဘဝပုံစံနှင့်ယှဉ်ကာ
ထာဝရခရီးရှည်အကြောင်း တွေးလိုက်သည့်အခါ
ငါ ဘယ်သွားမည်နည်း
ငါ့ကို မည်သို့ နာမည် ခေါ်မည်နည်း . . .။ ။

**နိုဗယ် (Noble)**



**ရွှေထက် (ယက္ခကျွန်း)**

**သက်ရှိဘုရားနှစ်ဆူ**

“ဖရောအိုလျှ မိန့်ဖအား
ယုယချစ်ခင် မငြိုငြင်နဲ့
ခိုဝင်ပြုစု စိတ်မခုဘဲ
ဂရုတစိုက် ကြွေးဆပ်ထိုက်စေ”

**အစွန်းတစ်ဖက်**

“နွမ်းလျလေသည်…
စိတ်ဖြေပြောင်းလွင့်၊ မေ့ဖို့သင့်လည်း
ရင်နင့်တွယ်မြစ်၊ သည်အချစ်က
စူးနစ်ရှင်သန်နေဆဲမို့…”

## သက်ရှိဘုရားနှစ်ဆူ

၀ သန္ဓေဖြစ်တည် မွေးဖွားသည်မှ
ကြည်ဖြူစတေး ဘဝပေး၍
ရင်သွေးဦးသစ် နုပျိုမျစ်ကို
ချစ်စိတ်ဖြာဝေ မွေးမေမေက
အသက်တမျှ ချစ်ရတယ်။

၀ တက်ကြွအားမာန် လှံ့လသန်၍
ရှန်းကန်လှုပ်ရှား ဇွဲခွန်အားနဲ့
ချစ်သားလူငယ် အသိကြွယ်စေ
ရင်ဝယ်ပိုက်ထွေး အဖေပေးလို့
နွေးထွေးလုံခြုံ လူ့ပြည်ဘုံမှာ
ယုံကြည်လျှောက်လှမ်းနိုင်ခဲ့တယ်။

၀ နှစ်ဖြာဖွားမွေး ချစ်ရင်သွေးကို
လုပ်ကျွေးစောင့်ရှောက် အရွယ်ရောက်ခဲ့သော်
ကိုယ့်လောက်တစ်ဖန် အားမသန်၍
လည်ပြန်သိတတ် ကျေးဇူးဆပ်လို့
ခါထပ်အကြောင်း ခတ်ပြားဟောင်းကို
မပြောင်းကြိမ်ခါ ဆိုညည်းပါလည်း

ဇရာအိုလျ မိနဲ့ဖအား
ယုယချစ်ခင် မငြီးငြင်နဲ့
ခိုဝင်ပြုစု စိတ်မခုဘဲ
ဂရုတစိုက် ကြွေးဆပ်ထိုက်စေ။

၀ ရင်လွှာနှစ်စုံ အကြင်နာပုံပြီး
ကြုံရာဘဝ ဝမ်းရေးလှဖို့
လောကဒဏ်လှိုင်း ပုတ်ခတ်ရိုင်းလည်း
တုန်နိုင်းမမီ ချစ်ခြင်းသီ၍
လူပီစေကြောင်း ဘဝကျောင်းမှာ
ဆိုးကောင်းမှန်မှား သမီးသားတို့
ခွဲခြားတတ်ရေး ထိန်းကျောင်းပေးကာ
အေးမြကြည်သာ ချစ်မေတ္တာနဲ့
သစ္စာမပျက် ကြည်ဖြူလက်တွဲ
မြဲလျက်ဖေးကူ ဤဇမ္ဗူမှာ
'မိဘ' ဟူက. . .
လောက သက်ရှိဘုရားနှစ်ဆူပါ။ ။

**ရွှေထက် (ယက္ခကျွန်း)**

## အစွန်းတစ်ဖက်

၀ ချမ်းမြစေသည်
အဖြေမဲ့စွာ၊ စေတနာက
တိုးကာရစ်တင်း၊ မြတ်နိုးခြင်းက
ရင်တွင်းလျှံဝေနေမြဲမို့ . . ။

၀ လွမ်းတနေသည်
လှိုင်ပွေသောက၊ ချစ်သမျှလျှင်
ဘဝသက်တာ၊ သူသာပွင့်ဦး
ယစ်မူးစွဲလမ်းနေမြဲမို့ . . ။

၀ နွမ်းလျလေသည်
စိတ်ဖြေပြောင်းလွင့်၊ မေ့ဖို့သင့်လည်း
ရင်နင့်တွယ်မြစ်၊ သည်အချစ်က
စူးနစ်ရှင်သန်နေဆဲမို့ . . ။

၀ မှန်းဆဖြေသည် . . .
ဝေးနေပါလျက်၊ ချစ်ဦးသက်ကို
မေ့ခက်ပါပြီ၊ ရက်ရှည်လကြာ
တမ်းကာငိုကြွေးနေဆဲမို့ . . ။ ။

ရွှေထက် (ယက္ခကျွန်း)



ရွှေမိန်းကလေး
အဖြူရောင် ရင်ဘတ်

"အသက်တွေ
တစ်ရစ်ပြီးတစ်ရစ်တိုးလာချိန်
လူကြီးလူကောင်း
တစ်နေ့တခြားဆန်ခဲ့ရဲ့လား
မာနနဲ့ အတ္တတွေ ခွာချပစ်ကြည့်တော့
နှလုံးသားက အဖြူရောင်ပါ"

# အဖြူရောင်ရင်ဘတ်

၀ ကဗျာတွေရေးဖို့
ခံစားချက်ကုန်ကြမ်းတွေလိုမယ်
စာပေအဖွဲ့အနွဲ့အတွက်
နှလုံးသားဒဏ်ချက်တွေက
အသက်ဝိညာဉ်သာဖြစ်လိမ့်မယ်။

၀ မျက်လုံးအိမ်တွေနဲ့ ငိုခဲ့တာလား
မဟုတ်ဘူး. . . နှလုံးသားနဲ့ ငိုခဲ့တာ
စကားလုံးတွေနဲ့ ပစ်ပေါက်ခဲ့တာလား
ဟင့်အင်း . . . အကြည့်တစ်ချက်နဲ့
ထိခတ်ခဲ့တာ
ရှိပါစေတော့. . . ဒီမှာ
'ဘ၀' ဆိုတာ 'ခဏလေးတွေ' ပါပဲ။

၀ လိုချင်ပြီး မရခဲ့တာတွေ
မလိုချင်ဘဲ အပြည့်အသိပ်ရှိခဲ့တာတွေ
အားလုံးကို ပယ်နိုင်တဲ့အခါတော့
ငါ့ရင်ဘတ်လည်း ဟင်းလင်းပြင်ရှိမယ်။

၀ အသက်တွေ
တစ်ရစ်ပြီးတစ်ရစ်တိုးလာချိန်
လူကြီးလူကောင်း
တစ်နေ့တခြားဆန်ခဲ့ရဲ့လား
မာနနဲ့ အတ္တတွေ ခွာချပစ်ကြည့်တော့
နှလုံးသားက အဖြူရောင်ပါ။

၀ တကယ်တော့. . .
ဘာမှမဟုတ်ကြဘူး
ပိုင်ဆိုင်ဖို့ ကြိုးစားတာထက်
ပေးဆပ်ဖို့ ကြိုးစားနေခြင်းသာ
ဘဝတွေနေရတဲ့ ခဏအတွက်
အဆုံးသတ်တဲ့အထိ နေပျော်စရာပါ
ဒါဆို. . . စာရွက်နဲ့ ဘောပင်တွေသာရှိ
ဘဝမှာ ပီတိတွေချည်းပါပဲ
ဒီမှာ. . .
ကလောင်ကိုင်တဲ့ လက်နဲ့
ဒီရင်ဘတ်က အဖြူရောင်သက်သက်။ ။

**ရွှေမိန်းကလေး**



**ကိုငယ် (သမိန်ထော)**
**အမွေတောင်း စာလွှာ**

""အကြောင်းကြောင့်သာ၊ အကျိုးပါ၍၊
သေရွာတစ်နေ့၊ မမေ့ကြဘဲ၊
မမြဲဥစ္စာ၊ ထိုတဏှာကို၊
သေရွာမရောက်၊ သက်မပျောက်ခင်၊
ကျောက်တွင်ရေးမှတ်၊ ကာမွှည်းတပ်ထိုး၊
မော်ကွန်းမျိုးအား၊ သားတို့အတွက်၊
မြတ်သောအမွေ၊ ရှိစေချင်သည်""

# အမေ့တောင်း စာလွှာ

သို့
အဖေနဲ့ အမေ
သား၏စကား၊ နားနှင့်ကြား၍၊ ရင်မှာထားစေ။
လူမဖြစ်မီ၊ သန္ဓေတည်၍၊ မပီမသ၊ သားလူလှအား၊ ၁၀ နှစ်ခု၊ ပေါင်းစပ်ပြု၍၊ ယခုသားလည်း ကြီးပြီ အမေ။

၀

အဖေ့လက်သုံး၊ သားမောင်ဖုန်းလည်း၊ လက်ရုံးတစ်ခု၊ အားအင်ပြု၍၊ မိသားစုကြွေး၊ သားပြန်ပေးမယ် အဖေ။

၀

မိသားတစ်စု၊ ပိုင်းဝန်းစုလို့၊ ယခုအခြေ၊ မမြင့်ပေမဲ့၊ အနေတင့်တယ်၊ လောကလယ်မှာ၊ မငယ်ရအောင်၊ သားတို့ ဆောင်မည်။

၀

သားတို့အတွက်၊ ရတက်မအေး၊ အပူတွေးကာ၊ ပူဆွေးမနေ၊ စိတ်ချစေဖို့၊ တောင်းဆုပို့သ၊ အို . . . မိဘတို့။

၀

အမေ့သားများ၊ မရမ်းကားပါ၊ အမှားမကြိုက်၊ လူမိုက်မပါ၊ စိတ်ချပါလေ၊ အဖေနဲ့ အမေ။

၀

အပူခရီး၊ မညည်းမညူ၊ အပူမျိုသိပ်၊ သားတို့အိပ်မှ၊ မိဘနှစ်ပါး ချွေးသိပ်နားသည်။
နေမင်းဆယ်စင်း၊ ရင်မှာခွင်းလည်း၊ လမင်းပမာ၊ အမေ့(အဖေ့)မျက်နှာက၊ သားတို့အတွက်၊ ဆေးတစ်ခွက်ပါ။

၀

တစ်ဦးအမှား၊ ခွင့်လွှတ်နားလည်၊ စကားဆင်ခြင်၊ ပြစ်မတင်ဘဲ၊ ချစ်ခင်သမှု၊ အစဉ်ပြုဟု၊ ကရုဏာထွေး၊ လမ်းပြပေးသည်။

သားတို့ဆန္ဒ၊ မှန်သမျှသည်၊ မိဘချည်းသာ၊ ဖြည့်စွမ်းပါမူ၊ အိုနာသေရေး၊ သားမျှော်တွေးကာ၊ သားမှာမိတ်ဆွေ၊ ရှိကောင်းစေဟု၊ မသေခွဲဆုံးမ၊ လမ်းညွှန်ပြသည်။

ဝ

ညွှန့်လူးအမြစ်၊ မိဘဖြစ်လည်း၊ ချစ်သော ရင်သွေး၊ ပန်းကလေးကို၊ အမွှေးရနံ့၊ သင်းပျံ့စေသူ၊ မိဘဟူ၏။

မိဘဆိုတာ၊ သူ့ထက်သာအောင်၊ ကြံဆောင်ပေတတ်၊ ကိုယ့်တွက်မကြည့်၊ ပီတိကိုစား၊ အမှားကိုမြင်၊ အမှန်ပြင်ပေး၊ သူ့ရင်သွေး အတွက်။

ဝ

"လူသားတစ်ယောက်၊ ဖြစ်မြောက်လာလျှင်၊ လူတွင်ကျင့်အပ်၊ လူ့အတတ်မှာ၊ အပြတ်ရှေးရှု မိသားစုနှင့်၊ လူမှုအရေး ဝိုင်းဝန်းပေးပါ။

သူငယ်ချင်းများ၊ မိတ်ဆွေကြားလည်း၊ ကျောသားရင်သား၊ မခွဲခြားဘဲ၊ တရားအသိ၊ အမြဲရှိပါ" ဆိုကာ ဆုံးမ၊ တဖွဖွနှင့်၊ မိဘတာဝန်၊ လွှန်ကျေပွန်၏။

ဝ

"ငါတို့စနစ်၊ ငါတို့ခေတ်မှာ၊ ပညာမလို၊ ဝင်ငွေပိုမှ၊ ထမင်းဝဝ၊ စားလို့ရသည်။

မင်းတို့စနစ်၊ မင်းတို့ခေတ်မှာ၊ ပညာတတ်မှ၊ ဝင်ငွေရ၍ မိဘနှစ်ပါး၊ ချွေတာစားကာ၊ ငါ့သားသမီး၊ မညည်းညူကာ၊ ပညာရှာစေ၊ ပေးဝေတတ်ကြ၊ တို့မိဘမှာ၊ ဇရာလည်း ထောင်း၊ ခါးလည်း စောင်းပြီ။

ဝ

အိုရွယ်ရောက်လာ၊ မိဘမှာမူ၊ နာမည့်အရေး၊ သူမတွေးဘဲ၊ အဝေးမြေက၊ သားလူလှအား၊ ရှင်ပြုကြည်သာ၊ ရှိစေပါကြောင်း၊ မြဲဆုတောင်းသည်၊

အတူနေကြီး၊ သားသမီးလည်း၊ ရန်မီးမကျ၊ ဆူးမခအောင်၊ မိဘအရိပ်၊ ချွေးသိပ်နားစေ၊ ပွားဝေမေတ္တာ၊ စေတနာနှင့်။

ဝ

အကြောင်းကြောင့်သာ၊ အကျိုးပါ၍၊ သေရွာတစ်နေ့၊ မမေ့ကြဘဲ၊ မမြဲဥစ္စာ၊ ထိုတဏှာကို၊ သေရွာမရောက်၊ သက်မပျောက်ခင်၊ ကျောက်တွင်ရေးမှတ်၊ ကမ္ပည်းတပ်ထိုး၊ မော်ကွန်းမျိုးအား၊ သားတို့အတွက်၊ မြတ်သောအမွေ၊ ရှိစေချင်သည်။

၀

သံသရာလမ်း၊ လျှောက်လှမ်းရသော်၊ မတော်အစွဲ၊ အယူလွဲ၍၊ ဤဝဲဂယက်၊ လွတ်မြောက်ထွက်စေ။

၀

နိဗ္ဗာန်ဟူသည်၊ မသေမီက၊ ရွှင်ကြည်နှလုံး၊ အမုန်းကိုကွယ်၊ အချစ်ပယ်ဖျောက်၊ နိဗ္ဗာန်ရောက်၏။

၀

မိခင်ဖခင်၊ မသေခင်လေး၊ စိတ်အေးလက်ချ၊ နိဗ္ဗာန်ရအောင်၊ စွမ်းဆောင်ကြိုးစား၊ သမီးသားတို့၊ လိမ္မာဖို့သည်၊ သားတို့တာဝန်၊ ကျေပွန် စေမည်။

၀၀၀

**ကိုငယ် (သမိန်ထော)**



ရွှေမိုးတားဝင်းကြည်ရွှေ (စိတ်ပညာ)
**Miss Bus Car**

“အောင်မယ်လေး မိုက်ရိုင်းကောင်၊
နှိုက်တယ် နှိုက်တယ်၊ အေးစက်စက်လက်ကြီးနဲ့”

“ဒါနဲ့ ဒီလက်မည်းကြီး ဘယ်ရောက်သွားပါလိမ့်
ဒီမိန်းကလေး ဘယ်လို ခရီးဆက်မလဲ၊
မိန်းမအချင်းချင်း မဖြစ်တန်ရာ၊
အဲဒီကိုယ်တော်ချောက အသည်းယားလို့လား၊
သူ့လက်မိုးစိုနေလို့ နွေးနွေးထွေးထွေးနေရာ
ရှာလိုက်တာနေမှာ။ကျွန်မ ပြုံးလိုက်မိတယ်။ တော်သေးရဲ့
အနောက်စကာပ်မို့ပေါ့၊ အရှေ့ကသာဆို”

# Miss Bus Car

ဆောင့်ကြောင့်ထိုင်တတ်လို့များ ကိုယ့်ကိုယ်ကိုယ် ခြသေ့်မထင်ကြနဲ့. . . ဖား. . . ဖား. . .

အခုတစ်လော 'Miss' တွေ ပြိုင်ပွဲဝင်ကြတာ အမျိုးကို စုံလို့။ စာစောင်တွေထဲ. . . Sky Net, TV ထဲ တွေ့နေရတယ်။ အသက် ၆၀ ကျော် ကျွန်မ ပင်စင်စားမကြီး မကြည့်ချင် မမြင်ချင်မှအဆုံး။ ခေတ်တဲ့ခေတ်၊ Globalization တဲ့တော်၊ ကောင်မတွေပြောသံကြားတာ ပါ။ သိန်းချီတဲ့ သင်တန်းတွေတက်ကြ၊ အဆင့်မီသူတွေ 'သရဖူ' ဆောင်းကြနဲ့ သူတို့ဟာနဲ့ သူတို့တော့ တွင်ကျယ်နေကြတာ ပါပဲ။

အဲ ဒါနဲ့ ပြောရဦးမယ်။ ကျွန်မလည်း ပင်စင်ယူပြီးစ ကိုယ့်အိမ်နဲ့ နီးနီးနားနားမှာ ခေတ်မီ OSC ဆေးရုံကြီးလာဆောက်ပြီး ဖွင့်လာတော့ ကျွန်မ ယောင်တောင်တောင်မဖြစ်ရအောင်ဆိုပြီး အဲဒီဆေးရုံမှာပဲ အလုပ်ဝင်လုပ်ခဲ့တယ်။ အဲဒီကရတဲ့ ချွေးနည်းစာနဲ့ပဲ တရားအလှူပွဲတွေလုပ် နတ်လမ်းမှော်ရုံအလှူတွေထဲလည်း ပါဝင်နဲ့ ကိုယ့်ဘဝအထုံ အကူးကောင်းအောင် ကုသိုလ်တရားတွေနဲ့ မဝေး အောင် နေခဲ့တယ်။

တစ်နေ့။

OSC ဆေးရုံကို On Duty ဝင်ဖို့အလာ။

ကျွန်မနေတာက မြောက်ဒဂုံ (၄၃)ရပ်ကွက်မှာဆိုတော့ မြောက်ဥက္ကလာအဝိုင်းကို ဘတ်စ်ကားစီးပြီး လာရတယ်။ အဝိုင်းမှတ်တိုင်ရောက်တော့ မိုးတွေကလည်း တအားရွာလို့ လူတွေက ထီးမိုးပြီး၊ မိုးခိုနေကြတယ်။

"အပြန်. . . အပြန်လားကွယ့်. . . အသွား. . . အသွား. . . အသွားပါဗျို့"

ခင်သစ်လွင် (အာမခံ)ရဲ့ ပန်းရည်ဘဏ်တိုက် သီချင်းထဲကလို လူတွေကလည်း ပျားပန်းခပ်တမျှ လှုပ်ရှားသွားလာနေကြတယ်။ လူမျိုးစုံ အရွယ်စုံ အဝတ်အစားပုံစံမျိုးစုံ။ ကျောင်းလွှတ်ချိန်တွေ၊ ရုံးဆင်းချိန်တွေမှာဆို ပုရွက်ဆိတ်အုံ တုတ်နှင့်ထိုးလိုက်သလား အောက်မေ့ရတယ်။ လူရော ကားရော ရှုပ်ယှက်ခတ်လို့။

အဲဒီလောက် လူတွေများတဲ့ကြားထဲ ကျွန်မလေ ကောင်မလေးတစ်ယောက်ကို သတိထားလိုက်မိတယ်။ သူ့ဝတ်ပုံစားပုံ ဟန်ပန်ကို လည်းကြည့်လိုက်ဦးလေ။ မယ်မြန်မာလို ဝတ်ထားပြီး ဖိနပ်က 'ဟိုက်ဟီး' ကြိုးသိုင်း။ ဟော စကပ်အကွဲကလည်း ခြေသလုံးပေါ် ရုံမက ပေါင်အရင်းနားရောက်ဖို့ တစ်ထွာလောက်ပဲ လိုတော့တယ်။ လေပြင်းတစ်ချက်တိုက်လိုက်ရင် စကပ်အကွဲလေးမှာ "ငှက်သွင်ပျံကြွ . . . မတတ်သော်" ဆိုတဲ့ 'ရတု' ထဲက အတိုင်းပဲ. . . ။

အသက်က ၂၀ ကျော် ဝဝဖြူဖြူ အိုးလေးလှုပ်ပါဦးဆိုတဲ့ အစားထဲက ဟိုလူကကြည့် ဒီလူကကြည့်နဲ့။ မြန်မာတို့ရဲ့ မျက်စိထဲမှာ ကန့်လန့်ကြီး။ စတန့်ထွင်နေလို့ "ကိုကို့ဘဝင် အသည်းအေးမှာ ပါပဲ. . ." လို့ သံချပ်ထိုးချင်စရာ. . . ။

မိုးကလည်း "ပက်မိုး"၊ ဟိုကပက်၊ ဒီကပက်။ လေကလည်း ဟိုဒီဝှေ့တိုက်။ အိမ်ထဲမှာမဟုတ်တော့ ပိုဆိုး။ ခရီးသွားတွေခမျာ ထီးလေးတွေကိုယ်စီနဲ့ ခေါင်းလေးတွေပုပြီး လေဒဏ်မိုးဒဏ် ကြံ့ကြံ့ခံလို့ ကိုယ်စီးမယ့်ကားအလာကို စောင့်နေကြတယ်။ အဲဒီအခိုက်မှာ. . . ဘတ်စ်ကားတစ်စီးလာလို့ အဲဒီကောင်မလေး ကားပေါ် လည်း တက် မယ်လုပ်ရော. . .

'အောင်မယ်လေး မိုက်ရိုင်းကောင်၊ နှိုက်တယ် နှိုက်တယ် အေးစက်စက်လက်ကြီးနဲ့. . . "

အော်သံကြောင့် တစ်ယောက်တစ်မျိုးစီ ရှုစိရှုစိ ပြုံးစိစိနဲ့ အကြည့်ပေါင်းစုံနဲ့။ ခါးပိုက်နှိုက်လား။ ဘာနှိုက်တာလဲပေါ့။ ကျွန်မက ဘယ်သူလေးလဲ အော်နေတာလို့ ဘေးဘီကို စပ်စုကြည့်လိုက်တော့ လား လား၊ ဟိုမယ်ဇမာလေးဆီက အသံ။

"ဟဲ့ သမီးတော်လေး ဘာများဖြစ်တာလဲကွယ့်၊ ဘာကိုနှိုက်တာလဲ"

ကပ်မေးလိုက်တော့

"သမီး စကပ်နောက်ကနေ နှိုက်တာ လက်အေးအေးကြီးနဲ့၊ အခု စကပ်လည်း ကွဲသွားပြီ"

စကပ်ကိုလည်း ဆုတ်ဖြဲလိုက်သေးတယ်ဆိုပဲ။ ဘုရား ဘုရား။ နေ့ခင်းကြောင်တောင် လက်သရမ်းလှချေလား။

"ပြစမ်း ပြစမ်း"

မိန်းမသားချင်းပေါ့။ ကျွန်မကြည့်လိုက်တော့ ဟုတ်တယ် ကွဲသွားပြီ။ ချုပ်ရိုးကိုတောင် ဆွဲဖြဲရက်တာ။

ဒါနဲ့ ဒီလက်မည်းကြီး ဘယ်ရောက်သွားပါလိမ့်။ ဒီမိန်းကလေး ဘယ်လို ခရီးဆက်မလဲ။ မိန်းမအချင်းချင်း မဖြစ်တန်ရာ။ အဲဒီ ကိုယ်တော်ချောက အသည်းယားလို့လား၊ သူ့လက်မိုးစိုနေလို့ နွေးနွေး ထွေးထွေး နေရာ ရှာလိုက်တာနေမှာ။ ကျွန်မ ပြုံးလိုက်မိတယ်။ တော်သေးရဲ့ အနေ-ာက်စကပ်မို့ပေါ့ အရှေ့ကသာဆို ပြီးရော ပြီးရော။

မိန်းမတွေကိုယ်နှိုက်ကလည်း စတန့်ထွင်လမ်းထွက်။ ဒီခရီးနဲ့ ဒီထီး မတော်တရော်၊ ဒီအရပ်နဲ့ ဒီစကပ် မဟုတ်မဟပ်။ ဇိမ်းဇပ်ဇပ် ဝတ်တော့ ဒိန်းတပ်တပ်ဖြစ်ကရောပေါ့။ အေးလေ ဝတ်စားလာပုံကလည်း နှိုက်ချင်စရာကောင်းနေမင့်ကိုး။ ဒီတော့ နှိုက်တာတောင် နည်းသေးဆိုတဲ့ အသံစုံတွေနဲ့ ပတ်ဝန်းကျင်ကလည်း ပွစိ ပွစိ။

ကောင်မလေးကလည်း ဟိုကြည့် ဒီကြည့်။ "တရားခံ ဘယ်သူလဲဟေ့" လို့ သီချင်းတောင်ရှိသေး။ ခုတော့ ဘတ်စကားဂိတ်မှာ ကွက်တိပဲ။

စကပ်မြီးတိုဝတ်တယ်ဆိုတာ 'ဂေါ်ရီအရွယ်' ရှစ်နှစ်သမီးအရွယ်လောက်ပဲ ကောင်းတယ်။ ကြည့်လို့လှတယ်။ ပန်းလေးတွေမပွင့်မီဝတ်သင့်တဲ့ အရွယ်။ ကြည့်လို့လည်း ကောင်းတဲ့အရွယ်။

အခုတော့ ညည်းတို့အရွယ်က "မဒီကညာ" အရွယ်၊ ဒီအရွယ်ကြီးမှာ ဝတ်တော့ အမြင်မတော် ဆင်တော်နဲ့ခလောက်။ လူတွေရဲ့ မျက်စိထဲ ဒက်ခနဲပေါ့။

နှိုက်တဲ့သူက ပြေးပြီ။ ဘတ်စကားမှတ်တိုင်မှာ လူကလည်းများ၊ ထီးရွက်တွေကလည်း တစ်ခုနဲ့တစ်ခုယှက်လို့။ လေတိုက်ပြီးမိုးကပက်နေတာမို့ ထီးရွက်နဲ့မိုးပြီး ကာနေတာကို အခွင့်ကောင်းယူပြီး သုတ်ခြေတင် လစ်ပြေးသွားတာ နေမှာပေါ့။

ဘယ်လို တရားခံရှာမှာလဲ။

ညည်းတို့လို ဘတ်စ်စီးတဲ့ 'Miss Bus Car' မပြောနဲ့၊ ငါတို့လို Miss ကြီးတွေတောင် အနှိုက်ခံနေရတုန်းပဲ။ ဒါပေမဲ့ ငါလို Miss အနှိုက်ခံရတာက ဘေးတိုက်မြင်ကွင်း။ ရှင်းရှင်းပြောမယ် ခါးပိုက်နှိုက်ခံရတာကို ပြောတာ။ ဘာပဲဖြစ်ဖြစ် နှိုက်ချင်နေအောင် မပြဖို့၊ မမြင်နိုင်ဖို့သာ ကိုယ်က ကာကွယ်နေရမှာပေါ့။

ဒီလိုအဖြစ်မျိုးတွေက နေရာအနှံ့ ကြုံရတာ ကြားနေကျ။ ဘတ်စကားပေါ်မှာရော ကားမှတ်တိုင်တွေမှာပါရော စကပ်အကွဲထဲ အနှိုက်မခံရအောင် မြန်မာအမျိုးသမီး မိဘများကလည်း ကြပ်မတ်သင့်တယ်။ ကိုယ့်သမီးလေး အိမ်ပြင်ထွက် ဘတ်စကားစီးမယ်ဆိုရင် လုံလုံခြုံခြုံမှဝတ်သွားရဲ့လားလို့ တစ်ချက်လေးတောင် စောင်းငဲ့ကြည့်တဲ့ အစားထဲမှာပါမယ်မထင်ပေါင်။

ဩော် နေ့စဉ်နဲ့အမျှ ဘတ်စကား တိုးဝှေ့စီးရင်း သွားလာနေကြဦးမယ့် Miss Bus Car မမတွေ သတိပြုဆင်ခြင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါရဲ့။ ဒီကောင်မလေးကို တစ်ကားလုံး သူ တစ်ယောက်တည်းဝင်ပြိုင်၊ သူတစ်ယောက်တည်း Miss Bus Car ဘွဲ့သရဖူ ဆောင်းပေးလိုက်ကြပါတော့တယ်။

**ရွှေမိုးတားဝင်းကြည်ရွှေ (စိတ်ပညာ)**



ကြင်လှိုင်မြင့်
**မမေ့နိုင်သည့် သာယာဝတီ**

“‘အစ်ကို ဘယ်သွားမလို့လဲ’
‘သာယာဝတီကားဂိတ်ကိုပါ ညီလေး’
‘ငါးရောကျပါတယ်၊ ဒါပေမဲ့ ပေးချင်သလောက်ပဲ ပေးပါ၊
ကိုယ့်မြို့က လူမဟုတ်တော့ ညာယူတယ်ထင်မှာစိုးလို့ပါ’

သည်မြို့မှ မြို့သူမြို့သားများအားလုံး ရိုးသားကြသည်။
သဘောကောင်းကြသည်။ ကူညီတတ်ကြသည်။
ကျေးဇူးတင် ချီးကျူးမိသည်။ ဆိုင်ကယ် စထွက်လာခဲ့ပါပြီ”

# မမေ့နိုင်သည့် သာယာဝတီ

သာယာဝတီမြို့သို့ ရောက်ဖူးသည်မှာ တစ်ကြိမ်တစ်ခါတည်း မဟုတ်။ ယခုအကြိမ်နှင့်ပါဆိုလျှင် ၃ ကြိမ်တိတိ ရှိပြီဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း သွားရသည်။ သွားရသည့် အကြောင်းအရင်းမှာ ပညာဒါန သင်တန်းတစ်ခုတွင် ထိုမြို့မှ ကျောင်းသူကျောင်းသားလေး များကို အင်္ဂလိပ်စကားပြော နွေရာသီ၃လ သင်ကြားပေးရန် ဖြစ်သည်။ ပညာရေးကို အရေးပေး အလေးကဲသည့် မြို့ဖြစ်သဖြင့် စာသင်ပေးရသည်မှာ ပျော်စရာ၊ ကြည်နူးစရာ၊ အားတက်စရာ ကောင်းလှသည်။

သန်လျင်နှင့် သာယာဝတီ ၈၅မိုင်နီးပါး ကွာဝေးသည်။ ကားမောင်းချိန် စုစုပေါင်း ၃ နာရီခွဲခန့် ပုံမှန်ကြာတတ်သည်။ ယာဉ်ကြောပိတ်ဆို့မှုနှင့် ဆန္ဒမရှိစွာ ရင်ဆိုင်ရပါက ၄ နာရီ၊ ၅ နာရီခန့် ကြာတတ်သည်။ ထို့ကြောင့် သင်တန်းသို့ အချိန်မီ ရောက်ရန်အတွက် ရင်မောရသည်။ ရင်ပူရသည်။

ခရီးအကွာအဝေးသည် လွန့်လူး ရှည်လျားလွန်းလှသည်။ နွေရာသီဖြစ်သောကြောင့် ရာသီဥတုသည်လည်း ရက်ရက်စက်စက် ပူပူကဲကဲ။ ထို့ကြောင့် တစ်ပတ်လျှင် တစ်ရက်သာ သွားနိုင်သည်။ တနင်္ဂနွေနေ့သွားရန်အတွက် စနေနေ့မနက်ကတည်းက ကြိုတင်ပြင်ဆင်ရသည်။ ကျောင်းသူကျောင်းသားများကို ဝေရန် စာရွက် စာတမ်း၊ စာရေးသူအတွက်

သောက်ရေဘူး၊ အဆာပြေစားရန် မုန့်၊ လက်ကိုင် ဖုန်း၊ ခေါင်းကိုက် ခေါင်းခဲလျှင် လိမ်းရန်၊ သောက်ရန် ဆေး၊ ထီး စသည့် ပစ္စည်းပစ္စယ အတိုအထွာလေးများကိုပါ တစ်ခုမျှ မကျန်ခဲ့စေရန် အသေး စိတ် စဉ်းစား ပြင်ဆင်ရသည်။

စနေနေ့တိုင်း နံနက် (၁၀)နာရီခန့်တွင် ရန်ကုန် သခင်မြ ပန်းခြံရှိ သာယာဝတီကားဂိတ်သို့ ဖုန်းကြိုဆက်သည်။ ကားလက်မှတ် တစ်စောင် ကြိုဖြတ်သည်။ ကိုယ့်ထိုင်ခုံ ကိုယ့်နံပါတ် ကြိုရထားသဖြင့် စိတ်အေးရသည်။ သောက ဝေးရသည်။

သည်ကနေ့ ဧပြီလ (၉)ရက်၊ ၂၀၁၆ သည် စနေနေ့ ဖြစ်သည်။ ထုံးစံအတိုင်း နံနက် (၁၀)နာရီခန့်တွင် ရန်ကုန် သခင်မြ ပန်းခြံရှိ သာယာဝတီကားဂိတ်သို့ ဖုန်းကြိုဆက်လိုက်သည်။

'ဟဲလို. . . သာယာဝတီကားဂိတ်ကပါလား'

'ဟုတ်ပါတယ်'

'မနက်ဖြန် တနင်္ဂနွေနေ့အတွက် ကားလက်မှတ်တစ်စောင် လောက် ကြိုဖြတ်ချင်လို့ပါ'

'သင်္ကြန်တွင်းမှာ သာယာဝတီကို အပြန်များတဲ့အတွက် (၁၂) ရက်နေ့အထိ ကားလက်မှတ် ကုန်နေပါတယ်ခင်ဗျာ'

'ဟုတ်လား၊ ဟာ အဲဒါဆို ဒုက္ခပါပဲ၊ အလယ်ခုံလေး ဘာလေး တောင် မကျန်တော့ဘူးလား'

'မကျန်တော့ပါဘူး ခင်ဗျာ'

'ကျေးဇူးပါနော် ညီလေး'

ဒုက္ခတော့ အကြီးအကျယ်ရောက်ပြီ။ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်ခဲ့ရသည်။ အဆင်ပြေလိုပြေငြား အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်သို့ ဖုန်းလှမ်းဆက်လိုက်သည်။ တူညီသော အဖြေကိုသာ ရရှိခဲ့သည်။ မတတ်သာသည့် အဆုံး လမ်း(၃၀)ထိပ်မှ မှော်ဘီကား စီးရန် သာ ဆုံးဖြတ်လိုက်ရသည်။ မှော်ဘီရောက်လျှင် ကြုံရာကား တက်စီးပြီး သာယာဝတီသို့ ဆက်သွားမည်။ မရောက်မဖြစ် အရောက်တော့ သွားရမည်ဖြစ်သည်။

လမ်း(၃၀)ထိပ်မှ မော်ဘီကားကို ဧပြီလ(၁၀)ရက်၊တနင်္ဂနွေနေ့ နံနက် (၇)နာရီတွင် တက်စီးခဲ့သည်။ ကံကောင်းသည်။ နေရာ ရသည်။ သက်ပြင်းတစ်ဝက် ချနိုင်ခဲ့သည်။ လိုင်းကားဖြစ်သည့်အတွက် လမ်းခရီးတစ်လျှောက်လုံးတွင် လူတင်၊ လူချ၊ လူစောင့် လုပ်ခဲ့သည်။ မင်္ဂလာဒုံသို့ရောက်သည့်အခါ ကားသည် ဓာတ်ငွေ့ဖြည့်ရန်အတွက် သဘာဝဓာတ်ငွေ့ဆိုင်အတွင်းသို့ ကွေ့ဝင်သွားသည်။

စိတ်မောရပါပြီ။ မည်မျှ ကြာဦးမည်မသိ။ ကားပေါ်မှ ဆင်းပြီး သေသေချာချာ ရေတွက်ကြည့်မိသည်။ စုစုပေါင်း ၈ စီးရှိသည့် ကားတန်းတွင် ကျွန်တော်တို့ကားသည် နောက်ဆုံးနေရာမှ ဝင်ပြီး ခုံခုံ ထည်ထည်ကြီး တန်းစီနေသည်။ သဘာဝဓာတ်ငွေ့ ဖြည့်ပြီးသည် အထိ စုစုပေါင်း ၃၅ မိနစ်ကြာသည်။ လက်မှနာရီကို မချင့်မရဲလေး ငေးကြည့် လိုက်မိသည်။ နာရီလက်တံများသည် နံနက် (၀၉) နာရီ (၁၅)မိနစ်သို့ ညွှန်ပြနေကြသည်။ နေ့ခင်း (၁၂)နာရီစမည့် အတန်းမီနိုင်ပါ့မလားဟု သောကကြွယ်မိသေးသည်။

ကျွန်တော်တို့ကားကြီး ဓာတ်ငွေ့ဖြည့်ပြီး စထွက်ခဲ့ပြန်သည်။ သဘာဝဓာတ်ငွေ့ဖြည့်သည့် ကြာချိန်ကို မအောင့်အည်းနိုင်သူ ခရီးသည်တချို့ ကားပြောင်းစီးသွားကြသည့်အတွက် မတ်တတ်စီး ခရီးသည်တချို့ ထိုင်စရာနေရာ ရသွားကြသည်။ သူတို့အတွက် ဝမ်းသာခဲ့ရသည်။ နောက်ထပ် ၁၅ မိနစ်ခန့် ထပ်မောင်းပြီးသောအခါ ထောက်ကြန့်လမ်းဆုံသို့ ရောက်ခဲ့သည်။ မြင်လိုက်ရသည့် မြင်ကွင်းက စိတ်မသက်သာစရာ။ ခပ်ယိမ်းယိမ်း ခပ်နွဲ့နွဲ့ တိုးဝှေ့တွန်းထိုးနေကြသော နေပူတံလျှပ်များကြားတွင် မှန်းဆ၍မရနိုင်သော ကားတန်းရှည်ကြီးသည် ဆန့်ဆန့်ကားကား ကုန်းကုန်းကွကွနှင့် နွေပူရှိန်ကို အံတုနေကြသည်။ ကားဆရာအပါအဝင် အားလုံးသော ခရီးသည်များသည်လည်း အတွေးကိုယ်စီ ဖြန့်ကြက်လျက် ငြိမ်ချက်သားကောင်းနေကြသည်။ ထိုအချိန်တွင် ယာဉ်အကူ၏ အသံသြသြလေးသည် အသက်ဝင်စွာဖြင့် ပေါ်ထွက်လာခဲ့သည်။

'ဆရာရေ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ မော်ဘီကို မိုးချုပ်တာတောင် မကျိန်းသေဘူး'

'ဘာလုပ်ရင် ကောင်းမလဲ'

'ဘာမှမလုပ်နဲ့၊ မြို့ရှောင်လမ်းကသာ မောင်း'

ကျွန်တော်တို့စီးလာသော မော်ဘီကားကြီး မြို့ရှောင်လမ်းမှ မောင်းရန် ပြန်ကွေ့ထွက်ခဲ့သည်။ မရောက်ဖူးသည့်နေရာမှ သွားမည်ဆို၍ စိတ်ထပ်ဆင့်မောရပြန်သည်။ မြို့ရှောင်လမ်းမှ မောင်းပြီး သိပ်မကြာခင်လေးတွင် မြင်ကွင်းတစ်ခုက ဆီးကြိုနေပြန်သည်။ ထုံးစံအတိုင်း ကားတန်းရှည်ကြီးက တစ်တစ်ဆို့ဆို့။ လုလုယက်ယက်။ ထောက်ကြံ့လမ်းဆုံ ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားရန်အတွက် အကြံတူစွာဖြင့် စုရုံးရောက်ရှိလာကြကုန်သော ထိုထိုကားအပေါင်းတို့သည် ၎င်းမြို့ရှောင်လမ်းမကြီးပေါ်တွင် ပြန်လည်ဆုံတွေ့မိတ်ဖွဲ့နေကြပြန်သည်။ ဆုံမိသည့်ကားအချင်းချင်း သူကျော်မည်၊ ငါကျော်မည်နှင့် အော်ကာဟစ်ကာ နေရာလုနေကြသည်။ ရေဘူးထဲမှ ရေကို ထုတ်သောက်လိုက်မိသည်။ တအီအီတလူ့ပ်လူ့ပ်ဖြင့် ဆက်မောင်း ဆက်ရွှေ့ရင်း လမ်းဆုံတစ်ခုသို့ ရောက်ခဲ့သည်။ ယာဉ်အကူလေးသည် ခရီးသည်များအတွက် စိတ်ပူသွားဟန်ရှိသည်။

'ခရီးသည်တွေ ဒီပုံစံအတိုင်းဆိုရင် မော်ဘီကို တော်တော်နဲ့ရောက်မှာမဟုတ်ဘူး။ အလျင်မလိုတဲ့ ခရီးသည်တွေ ကျွန်တော်တို့နဲ့ဆက်လိုက်လာလို့ရတယ်၊ အလျင်လိုနေတဲ့ ခရီးသည်တွေ ဒီမှာဆင်းပြီး ဆိုင်ကယ်ကယ်ရီစီးလိုက်ပါ။ အဝေးပြေးလမ်းမပေါ်ကို ပို့ပေးပါလို့ပြောပါ၊ ကယ်ရီခ ၅၀၀ ပေးရပါတယ်'

တွေဝေမနေတော့ဘဲ ကားပေါ်မှ ချက်ချင်းဆင်းလိုက်သည်။ ဆိုင်ကယ်ကယ်ရီ ဘယ်နားသွားရှာရမှန်းမသိသည့်အတွက် လမ်းဘေးဖရဲသီးဆိုင်သို့ ဝင်မေးမိသည်။ သဘောကောင်းသည့် ဖရဲသီးဆိုင် ပိုင်ရှင်ဆိုင်ထဲမှထွက်ပြီး ဆိုင်ကယ်ကယ်ရီ ထွက်ခေါ်ပေးသည်။ ဆိုင်ကယ်တစ်စီး ဖရဲသီးဆိုင်ရှေ့သို့ လျှောခနဲ ပြေးဝင်လာသည်။

'ဖောင်း'

'ဟာ သွားပြီ၊ ဘီးပေါက်သွားပြီ၊ နောက်တစ်စီး ပြောင်းစီး လိုက်ပါနော် အစ်ကို'

ဖရဲသီးစိတ် လည်ရောင်းသည့် ကလေးမလေးတစ်ယောက်က

'အစ်ကို ဒီနားက စောင့်နေလိုက်၊ သမီး ဟိုဘက်ကို ဖရဲသီးသွားရောင်းရင်း ကယ်ရီတစ်စီး လွှတ်ပေးလိုက်မယ်၊ နေပူတယ်၊ ဒီမှာပဲ ရပ်စောင့်နေ'

ခဏအကြာတွင် ဆိုင်ကယ်တစ်စီး နေပူရှိန်ပြင်းပြင်းအောက်တွင် အရှိန်ပျော့လေးနှင့် ပြေးဝင်လာသည်။

'အစ်ကို ဘယ်သွားမလဲ'

'သာယာဝတီကားဂိတ်ကိုပါ ညီလေး'

'ငါးရာကျပါတယ်၊ ဒါပေမဲ့ ပေးချင်သလောက်ပဲ ပေးပါ၊ ကိုယ့်မြို့က လူမဟုတ်တော့ ညာယူတယ်ထင်မှာစိုးလို့ပါ'

သည်မြို့မှ မြို့သူ မြို့သားများအားလုံး ရိုးသားကြသည်။ သဘောကောင်းကြသည်။ ကူညီတတ်ကြသည်။ ကျေးဇူးတင် ချီးကျူးမိသည်။ ဆိုင်ကယ် စထွက်လာခဲ့ပါပြီ။

'ဟာ ဒုက္ခပါပဲ၊ လမ်းပိတ်နေပြီ၊ ဒီလမ်းအတိုင်း စောင့်မောင်းရင် မိုးချုပ်သွားလိမ့်မယ်၊ လာ အစ်ကို ကျွန်တော်ဖြတ်လမ်းက မောင်းပေးမယ်'

ဘယ်နေရာ၊ ဘယ်ဒေသမှန်း မသိ။ လမ်းကြိုလမ်းကြားလေးများကို တစ်ခုပြီးတစ်ခု တရိပ်ရိပ်နှင့် ဖြတ်ကျော်မောင်းနှင်ပေးသည်။ နာရီဝက်ခန့် ကြာခဲ့သည်။ အဝေးပြေးကားများ ပြေးဆွဲသည့် လမ်းမကြီးပေါ်သို့ ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ရောက်ရှိခဲ့သည်။ ဆိုင်ကယ်မောင်းပို့သည့် ညီလေးကို ကျေးဇူးတင်မိသည်။ လက်မှ နာရီကို မရဲတရဲလေး ကွက်ကြည့်မိပြန်သည်။ နံနက် (၁၁)နာရီအတိ။

ကွမ်းယာဆိုင်တစ်ဆိုင်သို့ဝင်၍ သာယာဝတီသွား ကားအခြေအနေကို မေးကြည့်မိသည်။ အသက် ၅၀ ခန့် အစ်ကိုကြီးတစ်ယောက် ကျွန်တော့်အနားသို့ ရောက်လာသည်။

'သာယာဝတီကား လာမှာပါ၊ ဒီခုံပေါ် မှာထိုင်ပြီး သက်သောင့်သက်သာနေပါ၊ နေပူတယ်၊ အပြင်မထွက်နဲ့၊ ကားလာရင် နေရာရဖို့ သွားပြောပေးမယ်၊ အေးအေးဆေးဆေး နေပါ'

အားနာစရာကောင်းလောက်အောင် ဖော်ရွေလွန်းသည်။ ယခုခေတ်တွင် သည်လိုလူမျိုးက ခပ်ရှားရှားဖြစ်သည်။ (၁၁)နာရီခွဲခန့်တွင် ရန်ကုန်-ပြည် ကားကြီးတစ်စီး ဝင်လာသည်။ ခပ်လှမ်းလှမ်း တစ်နေရာတွင် အိခနဲ တုန့်ခနဲ ရပ်လိုက်သည်။ အခုန အစ်ကိုကြီး ထိုကားဆီသို့ ပြေးသွားသည်။ ကားဆရာ၏ ဘေးပြတင်းပေါက်နားတွင် မတ်တတ်ရပ်ပြီး စကားပြောနေသည်။ ထို့နောက် ကျွန်တော့်ဆီသို့ ခပ်သွက်သွက်လေး ပြန်လျှောက်လာသည်။

'ညီလေး ဟိုမှာတွေ့လား။ ရန်ကုန်-ပြည်ကား။ အားလုံး ပြောပြီးသွားပြီ။ ဒီကပဲ စောင့်နေ။ သူတို့ရပ်ပြီး တင်လိမ့်မယ်။ နေပူတယ်။ အပြင်မထွက်နဲ့'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျ'

ရန်ကုန်-ပြည်ကားကြီး တစ်ဘီးချင်းလှိမ့်ပြီး ခပ်ရွေ့ရွေ့ ခပ်မျှော့မျှော့လေး မောင်းထွက်လာသည်။

သည်တစ်ခါတွင်လည်း ကံကြမ္မာသည် စာရေးသူဘက်တွင် ကူရပ်ကူမ မပြုခဲ့ပြန်ပါဘူး။ တခြားကားသုံးစီး ရှေ့ဆင့်နောက်ဆင့် ပြေးဝင်နေရာယူပြီး စာရေးသူ၏ရှေ့တွင် အလုအယက်တိုးဝှေ့ဝင်ရပ်ခဲ့ကြသည်။ စာရေးသူစီးရမည့်ကား ရပ်ရန် နေရာမရှိ ဖြစ်ခဲ့ရသည်။ တံ့နှေးနှေး ဖြစ်နေသော ရန်ကုန်-ပြည်ကားကြီးကို နောက်ကားများက ဟွန်းတီး၍ ဩဘာဝိုင်းပေးကြသဖြင့် မောင်းထွက်သွားရပြန်ပါသည်။ စိတ်ညစ်လိုက်သည့် ဖြစ်ခြင်း။ ဘာဆက်လုပ်ရမည်ကိုပင် မစဉ်းစားနိုင် ဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် အငှားယာဉ်အသေးတစ်စီးပေါ် မှ ယာဉ်မောင်းတစ်ယောက် ဆင်းလာသည်။

'အစ်ကို သာယာဝတီကို လိုက်ပို့ပေးမယ်၊ အစ်ကို့တစ်ယောက်တည်းပဲ မောင်းပို့ပေးမယ်၊ တခြားလူ မတင်ဘူး၊ ကားကြီးတွေ စီးလည်း

အစ်ကို ၃၀၀၀ ပေးရမှာပဲ။ ကြာဦးမယ်။ ကျွန်တော် လိုက်ပို့ပေးမယ်။ ၅၀၀၀ ပဲပေး။

၅၀၀၀ သည် ကိစ္စမရှိ။ ကိစ္စရှိသည်က စာရေးသူတစ်ယောက်တည်း ဖြစ်နေခြင်းဖြစ်သည်။ ကိုယ့်နေရာ ကိုယ့်ဒေသမဟုတ်သည့်အတွက် သူဘယ်ကို မောင်းသွားမှန်းမသိ ဖြစ်နိုင်သည်။ ခေတ်ကိုကလည်း သူ့ကို ကိုယ်မယုံ၊ ကိုယ့်ကို သူမယုံသည့် ခေတ်ကြီးဖြစ်သည်။ အားနာနာနှင့်ပင် ငြင်းလိုက်ရသည်။

ကားကြီးစီးဖို့ စီစဉ်ပေးသည့် အခုနက အစ်ကိုကြီး စာရေးသူနားသို့ ရောက်လာပြီး. . .

'ညီလေးရေ စဉ်းစားမနေနဲ့တော့၊ ဟိုမှာ တွေ့လား။ ဟိုင်းအေ့(စ်)ကား။ ညီလေးပါမှ လူ ၆ ယောက်ပဲရှိမယ်။ အဲယားကွန်းလည်းပါတော့ သက်သောင့်သက်သာရှိတာပေါ့။ ဘယ်လောက်လဲတော့ အစ်ကိုလည်း မသိဘူး။ လာလိုက်ခဲ့။ လိုက်မေးပေးမယ်'

ထို ဟိုင်းအေ့(စ်)ကားဆီသို့ စာရေးသူ ရောက်ခဲ့ပြန်ပါသည်။

'ကဲ ကားဆရာရေ၊ ဒီညီလေး သာယာဝတီလိုက်ချင်လို့ ဘယ်လောက်ပေးရမလဲ'

'၅၀၀၀ပဲ ပေးပါ'

'၅၀၀၀ တော့ မလုပ်ပါနဲ့၊ သူ ဒီနယ်က မဟုတ်ဘူး၊ ၃၀၀၀ နဲ့ ခေါ်သွားလိုက်ပါဗျာ၊ သူ့ခမျာ ကားစောင့်နေရတာ ကြာလှပြီ'

'ဟုတ်ကဲ့ ရပါတယ်၊ တက်ပါ'

ကားစီစဉ်ပေးသော အစ်ကိုကြီးနှင့် ကားခလျှော့ပေးသော ကားဆရာတို့ကို ကျေးဇူးတင်မိသည်။ မထင်မှတ်ဘဲ လက်မှ နာရီကို ထပ်ကြည့်မိပြန်သည်။ လက်တံအတိုနှင့် လက်တံအရှည်တို့ တစ်ထပ်တည်း ကျနေကြသည်ကို စိတ်မချမ်းမြေ့စွာဖြင့် မြင်လိုက်ရသည်။ ယခုအချိန်ဆိုလျှင် ကျောင်းသားကျောင်းသူလေးများ စာသင်ခန်းအတွင်းမှနေ၍ လည်တဆန့်ဆန့် ခေါင်းတထောင်ထောင် ဖြစ်နေကြမည့် အရေးကိုတွေးပြီး အားတုံ့အားနာ ဖြစ်ရပြန်ပါသေးသည်။ သင်တန်း တာဝန်ခံဆရာဆီသို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

စာရေးသူတို့ ဟိုင်းအေ့(စ်)ကားလေး စထွက်လာခဲ့သည်။ အဲယား ကွန်းမှ ထွက်လာသော လေများသည် အေးအေးမြမြ လွှမ်းလွှမ်းခြုံခြုံ။ မျက်စိက ပိတ်ချင်လာသည်။ သိပ်ကြာကြာ မမောင်း လိုက်ရ။ ရှေ့တွင် သစ်လုံးတင်ကားကြီးတစ်စီးက လျှာထုတ်ပြီး စပ်ဖြီးဖြီးလုပ်ပြနေသည်။ ကျော်တက်ရန်အတွက် ဟွန်းတီးသော်လည်း အခြေအနေက မပေး။ သူ၏ရှေ့တွင်လည်း ကားတန်းရှည်ကြီးသည် မြွေလိမ်မြွေကောက်ပုံနှင့် တလွန့်လွန့် တအိအိ။ မကြည့်ရက် မမြင်ရက်၍ မျက်စိကိုသာ စုံပိတ်ပြီး အတင်းမှိတ်ထားလိုက်ရသည်။

ခဏအကြာတွင် သစ်လုံးတင်ကား ကြီး အခြေအနေပေးသဖြင့် ကျော် တက်လိုက်သည်။ ကားဆရာ စက်ရှိန်ကိုဖိပြီး မြှင့်လိုက်သည်။ သိပ်ကြာကြာမခံ။ ပြန်နှေးပြန်မှေးသွားခဲ့ရပြန်သည်။ ခေါင်းထောင်ပြီး ရှေ့သို့ ကျော်ကြည့်လိုက်မိသည်။ 'မှော်ဘီဆရာသိန်း စာကြည့်တိုက်' ရှေ့တွင် လမ်းပြင်နေသည့်အတွက် ကားတစ်စီးစာသာ နေရာပေးထား သည်။ ထိုနေရာကို စိတ်ရှည်ရှည်နှင့် ကျော်ဖြတ်ရသည်။ ကားဆရာ ဖွင့်ထားသော ရေဒီယိုမှ နေ့ခင်း (၁)နာရီထိုး စံတော်ချိန် တီးလုံး လာ နေသည်။ ဗိုက်ကလည်း ဆာလာသည်။ အိတ်ထဲတွင် ပါလာသော ပူတင်း ပေါင်မုန့် ၂ လုံးကို ထုတ်လိုက်သည်။ ရေနှင့်အတူ တွန်းမျှောတွန်းထိုး ချလိုက်ရသည်။ ခဏတာတော့နေသာ ထိုင်သာရှိသွားသည်။

ကိုယ်ပြုပြင်ပြောင်းလဲ၍ရသော အရာမဟုတ်ဟု စိတ်ကို ပြင် လိုက်သည်။ မျက်စိကိုမှိတ်ပြီး နောက်ကိုမှီလိုက်သည်။ အိပ်ပျော်လု ပျော်ခင်လေးတွင် လန့်နိုးခဲ့ရသည်။ ဘေးဘီလိုက်ကြည့်မိသည်။ ရှင် လောင်း လှည့်ပွဲ။ လူတန်းက တော်တော်လေးရှည်သည်။ သက်ပြင်း ချခြင်းနှင့် နာရီကြည့်ခြင်းတို့ကို ကြိုတင်တိုင်ပင်မထားဘဲ တစ်ပြိုင်နက် တည်းလုပ်လိုက်မိသည်။ နေ့ခင်း (၁)နာရီခွဲ။

'ဆရာ သာယာဝတီကို ဘယ်လောက်ကြာကြာ ထပ်မောင်းရ ပါဦးမလဲ'

'အနည်းဆုံး ၂ နာရီလောက်တော့ ထပ်မောင်းရပါဦးမယ်၊ ကျွန်တော်လည်း မြန်မြန်လေးမောင်းပေးချင်ပါတယ်၊ လမ်းက မြင်တဲ့

အတိုင်းပဲ'

ရှင်လောင်းလှည့်ပွဲပြီးသွားသဖြင့် ကားဆရာ စက်ကို 'အရှိန်ထပ်မြှင့်လိုက်သည်။ သူ၏ကျေးဇူးကြောင့် သာယာဝတီ မန်ကျည်းပင်မှတ်တိုင်သို့ ညနေ (၃)နာရီခန့်တွင် ချောချောမွေ့မွေ့ ရောက်ခဲ့ရသည်။

စာသင်ခန်းမဆီသို့ အနှေးပြေးလေးဖြင့် သွားခဲ့သည်။ ကျောင်းသူ ကျောင်းသားလေးများ အိမ်ပြန်ရန် တာစူနေကြသည်။ စက်ဘီး၊ ဆိုင်ကယ် တွန်းထုတ်သူ၊ လမ်းလျှောက်ပြန်ရန်အတွက် ထီးဖွင့်သူ၊ ရှေ့ကပြေး နောက်ကလိုက် ဆော့ကစားနေသူများနှင့် စာသင်ခန်းမရှိရာ ခြံဝင်းကြီးတစ်ခုလုံးနှင့် ခြံရှေ့ဝန်းကျင်တို့သည် စည်ကားစွာဖြင့် အသက်ဝင်နေကြသည်။

'ဟာ ဟိုမှာ ဆရာလာနေပြီ။ ပြန်ဝင်ကြ။ ပြန်ဝင်ကြ'

'မဝင်ကြနဲ့တော့ ကလေးတို့ရေ။ စာသင်ဖို့ အချိန်မရှိတော့ဘူး။ အကြာကြီးစောင့်လိုက်ရလို့ အားနာတယ်။ နောက်တစ်ပတ်ကျမှပဲ ပြန်တွေ့ကြမယ်နော်'

ကျောင်းသူကျောင်းသားများ အော်ဟစ်ဆူညံပြီး ပျော်ပျော်ကြီး ပြန်သွားကြသည်။ ငယ်စဉ်ကလေးဘဝ ဆရာ၊ ဆရာမ မလာလျှင် ပျော်ခဲ့ရသည့် အဖြစ်ကိုပင် ပြန်လည်မြင်ယောင် ခံစားမိသည်။

'ဆရာ အပြန်ကားလက်မှတ်ပါ။ ညနေ (၄)နာရီထွက်ပါမယ်၊ ခုံနံပါတ် (၁)ပါ ဆရာ'

စာတစ်လုံးမှ မသင်ခဲ့ရဘဲ ရန်ကုန်အပြန်ကားကြီးကို ခပ်တည်တည်နှင့် ပြန်စီးခဲ့ရသည်။ နေ့လယ်စာနှင့်လည်း ဝေးခဲ့ရသည်။ အပြန်လမ်းခရီးသည်လည်း ထုံးစံအတိုင်းပင် ကားပိတ်၊ လမ်းပြင်၊ ရှင်လောင်းလှည့်တို့နှင့် ကြုံခဲ့ရသည်။ အခက်အခဲ အထူးအထွေ မရှိခဲ့။ အထူးအထွေက ထောက်ကြန့်ရောက်မှ ရှိလာတော့သည်။ ဗိုက်ထဲက နာလာသည်။ ချွေးများပင် ပြန်လာသည်။ လမ်းမှာဆင်းပြီး ဘယ်လို ရှင်းရမလဲ။ ကားပေါ်မှ ဆင်းလိုက်ရသည်။ ဆူးလေထိ အငှားယာဉ် စီးပြီးပြန်ခဲ့ရသည်။ ရန်ကုန်-သန်လျင်ကားပေါ်သို့ ရောက်ပါပြီ။ ထိုင်ခုံတွင်

ထိုင်ပြီး သည်ကနေ့ တစ်နေ့တာ သာယာဝတီခရီးစဉ် အစအဆုံး အကြောင်း ပြန်တွေးမိရင်း တစ်ကိုယ်တည်း ပြုံးနေမိပါတော့သည်။

ooo

ကြင်လှိုင်မြင့်



**နိုဗယ် (Noble)**
**အကောင်တဆုံးအရာ**

“လူမြင်သည် မမြင်သည်က
အရေးမှာ အဓိကမကျဘဲ
ကောင်းသောအရာများကို
လုပ်မြဲအတိုင်းလုပ်နေဖို့သာ ဖြစ်သည်။
ဆင်ခြင်တုံတရားနည်းပါး၍ အကျိုးမရှိ၊
စိတ်ကိုမချုပ်တည်း၊ ဒုစရိုက်ကို
ကျူးလွန်ခြင်းသည် မကောင်းသော…”

## အတောင့်တဆုံးအရာ

နေ့ရက်အချိန်များသည် အလွန် တိုတောင်းလွန်းပါသည်။ နှစ်တစ်နှစ်တိုးရန် ရက်ပေါင်း ၃၆၅ ရက်သာ ကြာပြီး သွားရင်းလာရင်း အလိုလို ရောက်ရောက်သွားပြန်သည်။ ဘဝဆိုသည့် ပြခန်းမှာတော့ဖြင့် လူသည် လုပ်လေသမျှ အရာရာတိုင်း၌ မအောင်မြင်နိုင်သလို၊ ပြုသမျှ အမြဲတမ်း ရှုံးနိမ့်နေရအောင်လည်း လောကကြီးက ဘက်လိုက်လွန်းသည် မထင်ပါ။

ကျွန်မဘဝ၏ အရင်အချိန်များမှာ ကျွန်မဟာ အလွန်ပူပန်တတ်သူတစ်ယောက် ဖြစ်ခဲ့သည်။ အလုပ်တစ်ခုကို မလုပ်ခင်က စပူပြီး လုပ်ပြီးသွားသောအခါလည်း အဆင်မပြေမည်စိုး၍ ထပ်ပူပြန်သည်။ ဘယ်သောအခါမှ အဖြေမထွက်သည့် ပုစ္ဆာလို၊ ဘယ်တော့မှ ပြေလည်မလာသည့် ထိုပူပန်တတ်ခြင်းမျိုးကို အချိန်ကြာမြင့်စွာ မွေးမြူထားမိရာက စခဲ့သည်။ ထိုသို့ပူပန်နေ၍လည်း အဆင်ပြေသွားသည်က ဘာမှမရှိ။ အနာဟောင်းကို အကြိမ်ကြိမ် ပြန်ကုတ်ဖဲ့နေသည်နှင့် တူသည်။ ထိုအနာကျက်မည်ကြံခါရှိသေး၊ ပြန်မြင်ယောင်ကာ တစ်ဖန် နာကျင်ရပြန်သည်။ ကြာလာသည့်အခါ ထိုပူလောင်မှုက ကျွန်မ၏ မွေးရာပါလို ထင်ဟပ်စေကာ နှုတ်မရသည့်ဆူးလို အသိတစ်ခုသာ ကျန်ခဲ့သည်။ ပြင်ဖို့ခက်၊ စွန့်ပစ်ရန်လည်း မလွယ်ကူသော စက်အိုကြီး တစ်လုံးအား

ကိုယ်နှင့်မကွာ ထိန်းသိမ်းထားရသကဲ့သို့ သုံးစား၍မရ ရောင်းစား၍လည်း မရနှင့် အနားမှာ အမြဲရှိနေခဲ့သည်။ ဒါတွေဟာ ကျွန်မ၏ ပူပန်တတ်ခြင်းက စခဲ့တာဖြစ်သည်။

ဒီတော့ ပူပန်နေဖို့ထက် မေ့ပျောက်ထားဖို့သာ ကျန်တော့မှန်း ကျွန်မ သဘောပေါက်လာသည်။ ဖြေရှင်းမရသော ပြဿနာများကို ကျွန်မ ဘေးချိတ်ထားကြည့်သည်။ လူတွေရဲ့အမှား၊ ကျွန်မရဲ့အမှား များကို မေ့ထားကြည့်လိုက်သောအခါ နေရတာ၊ အတော်ကို အဆင် ပြေလှသည်။ လူတိုင်း မှားဖူးကြသည်။ ကြိုးစားကြည့်ရသည်။ ဖြစ်မလာ တာဟာ ကံတရားပင်။ ကျွန်မဖတ်ရသော စာအကြောင်းအရာတစ်ခု ကို သွားသတိရမိသည်။ 'ခြသေ့်က တစ်နေ့ ၁၈ နာရီအိပ်ပြီး မြည်း တစ်ကောင်ဟာ တစ်နေ့ ၁၈ နာရီ အလုပ်လုပ်သည်၊ အလုပ် ကြိုးစား တိုင်းသာ အောင်မြင်ကြေးဆို မြည်းက တောဘုရင်ဖြစ်နေမှာပေါ့' ဟူ၍ ဖြစ်သည်။ ဒီလိုဆိုတော့လည်း မှန်လွန်းသည်ဟု ထင်မိသည်။

ကျွန်မ ယုံကြည်သော အရာတစ်ခုရှိသည်။ တစ်ခုခုကို ဖြစ်လာ လိမ့်မည်ဟု ကျွန်မ စွဲမြဲယုံကြည်နေလျှင် ထိုအရာ တကယ် ဖြစ်လာ တတ်သည်။ ထိုယုံကြည်မှုသည် အချိန်တိုင်း အမြဲတမ်း ဖြစ်ပေါ် နေခြင်း တော့ မဟုတ်ပါ။ ဒီလိုယုံကြည်မှုမျိုး စိတ်မှာ မဖြစ်လာပါက လုပ်သမျှ မအောင်မြင်ဘဲ အချည်းနှီးဖြစ်ရသည်။ ထိုယုံကြည်မှုက မိမိကိုယ် မိမိ ယုံကြည်သော **Self-Confidence** နှင့် အလွန်ခြားနားပါသည်။ 'သူတော်ကောင်း နတ်ကောင်းမ' ဆိုသလို ကျွန်မ ကောင်းစွာ နေထိုင် သောအခါများတွင် ဝင်လာတတ်သော စိတ်နေသဘောထားဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်မပိုင်ဆိုင်သော အရာတစ်ခုခုကြောင့် စိတ်တွင် ဘဝင်ဖြစ်လာသောအခါ ကျွန်မတစ်ခုခု အရှုံးပေးရသည်။ ထိုသို့ ဖြစ်တတ်မှန်းသိသောကြောင့် ကျွန်မ ကြိုတင်ပူပန်ကာ အမြဲထိန်းထိန်း သိမ်းသိမ်း သတိနှင့်နေပါသည်။ ဒါတွေဟာ ကျွန်မ၏ ရံဖန်ရံခါ ဖြစ် တတ်သော စိတ်ပိုင်းဆိုင်ရာ သဘောတရားများဖြစ်သည်။

တစ်ခါတလေ ဘဝကို ကျွန်မ စိတ်တိုင်းမကျသည့်အခါ ကျွန်မထက် နိမ့်ကျ၊ အဖြစ်ဆိုးသော ဘဝများကို မြင်ယောင်ကြည့်ပြီး

ဖြေသိမ့်မိသည်။ တိုတောင်းလှသောလူ့ဘဝကြီးမှာ ယနေ့ သက်တမ်းစေ့ဟု သတ်မှတ်သော အသက် ၇၀ ကျော်အရွယ်ထိ ကျွန်မ ဆက်နေရဦးမည်ဆိုလျှင်ပဲ ကျွန်မ ရက်ပေါင်း တစ်သောင်းကျော်သာ အသက်ဆက်ရှင်ရတော့မှာ ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူပေါင်းများစွာသည် ကင်ဆာဝေဒနာ၊ HIV ကဲ့သို့ အသက်ပါဆုံးရှုံးရသော ရောဂါများစွာကို ခံစားနေကြရသည်။ တချို့သောသူများသည် သူတို့ မကြာခင် သေရတော့မည်ဟူသော စိတ်နှင့် ဆေးရုံ၊ နေအိမ်များမှာ ကုသ၊ စောင့်ဆိုင်းနေကြရသည်။ လူပေါင်းများစွာသည်လည်း ညှဉ်းပန်းနှိပ်စက်ခံနေရပြီး ဒုက္ခသည်ဘဝ ရောက်ကြရသည်။ ဤသို့စဉ်းစားကြည့်မိသောအခါ ကျွန်မ ဒီစာကို စိတ်ဖြောင့်ဖြောင့်နှင့် ဒုက္ခဆင်းရဲကင်းစွာ ရေးနိုင်ရသည်ကိုပဲ အလွန်ကျေနပ်မိလာသည်။ ကျွန်မ၏ ဦးခေါင်းထဲမှ ဦးနှောက်သွေးကြောမျှင်လေးများ မတော်တဆ ပြတ်တောက်သွားမည်ဆိုလျှင်ပဲ ကျွန်မ သေရတော့မည်ဖြစ်သည်။ ထိုသွေးကြောမျှင်လေးများကို လိုအပ်လျှင် ဖြတ်ပစ်နိုင်သူ အမှန်ရှိပါသည်။ ဒါကြောင့်သာ လူတွေ မသေချင်ဘဲ သေသွားကြရခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်မတို့ပြုလုပ်သော ကောင်းမှုများကို မည်သူကမှ အသိအမှတ်မပြု၊ ကျေးဇူးမတင်သကဲ့သို့ ခံစားရသည်။ မြင်စေလိုသော ရည်ရွယ်ချက်နှင့် လုပ်ဆောင်ခြင်းမျိုးမဟုတ်သော်လည်းဘဲ ကောင်းသောအရာများကို ကောင်းကျိုးရည်စူး၊ လုပ်ဆောင်ကြသည် ဖြစ်၍ အကျိုးမမဲ့လိုသည်မှာ အမှန်ပင်။ ကျွန်မတို့ နေ့စဉ်ပြောဆို၊ လုပ်ဆောင်နေသော အရာများသည် လေထဲတွင် ပျောက်ကွယ်သွားရုံမဟုတ်ဘဲ ကျွန်မတို့ပြောဆိုသော စကားအခွန်းတိုင်း၊ သွားလာသောနေရာ ခြေလှမ်းတစ်လှမ်းတိုင်းဟာ ကုန်တိုက်တစ်ခုထဲ ဈေးဝယ်သောအခါ ထိုကုန်တိုက်မှ လုံခြုံရေး CCTV Camera ဖြင့် မှတ်တမ်းတင်ခြင်းခံရသကဲ့သို့ ယနေ့ ကမ္ဘာကြီးတစ်ခုလုံး၏ ဖြစ်ရပ်မှန်သမျှကို ထောင့်စေ့စွာ ခြုံငုံမှတ်တမ်းတင်ထားသော CCTV Camera တစ်လုံး အမှန်ရှိမည်ဟု ကျွန်မယုံကြည်သည်။

လူမြင်သည် မမြင်သည်က အရာရာမှာ အဓိကမကျစဲ ကောင်းသောအရာများကို လုပ်မြဲအတိုင်းလုပ်နေဖို့သာ ဖြစ်သည်။ ဆင်ခြင်တုံတရားနည်းပါး၍ အကျိုးမရှိ၊ စိတ်ကို မချုပ်တည်း၊ ဒုစရိုက်ကို ကျူးလွန်ခြင်းသည် မကောင်းသော စိတ်လိုက်မာန်ပါလုပ်ခြင်း ဖြစ်သည်။ လုံးဝ တည်ဆောက်စရာမရှိပါဘဲ စိတ်၏လှုံ့ဆော်မှုမှာ မဆင်မခြင် လုပ်တတ်ခြင်းကို စိတ်လိုက်မာန်ပါလုပ်ခြင်း(Impulsive)ဟု ခေါ်သည်။ မိမိဒုက္ခရောက်မည်ကို မငဲ့၊ သူတစ်ပါးအား ဘေးဒုက္ခမှ ကယ်တင်တတ်ခြင်းသည် ကောင်းသော စိတ်လိုက်မာန်ပါလုပ်ခြင်း ဖြစ်သည်ဟု ကျွန်မ ဆိုချင်ပါသည်။ တစ်ခါတစ်ရံ ကောင်းသော စိတ်လိုက်မာန်ပါလုပ်ခြင်းသည် ကောင်းသောအကျိုး၊ ကောင်းသော အရာ၊ တစ်စုံတစ်ခုကိုယ့်အတွက် ကျန်ကိုကျန်သည်။ စိတ်အရင်းခံက သူတစ်ပါးကို ကောင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့်လုပ်မှန်း တစ်စုံ တစ်ရာက သိကိုသိနေပါသည်။ အရင်က ကြိမ်ဖန်များစွာ ကျွန်မ ဘာကို ပူလို့ပူမှန်းမသိ ပူပန်ဖူးပါသည်။ စိတ်၏ပူပန်ခြင်းများကို လူသည် မမြင်နိုင်သကဲ့သို့ လူ၏ကောင်းသော လုပ်ရပ်တိုင်းကိုလည်း သူတစ်ပါး အကုန်အစင် မြင်နိုင်သည် မဟုတ်ပါ။

ဒီတော့ ကျွန်မ ဘာကိုမှ မပူပန်တော့ဘဲ ဘယ်သူ့ဆီကမှ မမျှော်လင့်သည့် တစ်စုံတရာကိုသာ တောင့်တမိတော့သည်။ ဒီအရာဟာ ကျွန်မနှလုံးသားအတွင်းထဲမှ စီးထွက်လာမည့် ပြီးပြည့်စုံခြင်းမျိုးဖြစ်သည်။ ဆန္ဒဆိုတာ မရှိတော့သော ပြီးပြည့်စုံခြင်းမျိုးဖြစ်သည်။ လူ့ဦးနှောက်သည် စဉ်းစားဆုံးဖြတ်ရုံသာ စီမံသည်၊ သို့သော် လူ့နှလုံးသားကတော့ဖြင့် ခံစားတတ်သည်။ နာကျင်တတ်သည်။ တကယ်တော့ လူသားတွေဟာ ကိုယ့်ဘဝမှာ ကိုယ်ပျော်ရွှင်ပြီး ကျေနပ်နေလျှင် တခြားဘာကိုမှ မလိုချင်တော့တာ လူတိုင်းသိနိုင်ပါသည်။ ကျွန်မမှာ ရုပ်ဝတ္ထုပိုင်ဆိုင်မှုတွေ၊ ဂုဏ်ဒြပ်တွေ များများစားစား မရှိချင်နေပါစေ၊ ထိုသို့သော ကျွန်မနှလုံးသားရဲ့ ပြီးပြည့်စုံခြင်းတစ်ခုသာ ရှိမည်ဆိုလျှင် ကျွန်မ ဘာနှင့်ပင်စားရ စားရ၊ ဘယ်လိုအိမ်နှင့်ပင် နေရနေရ၊ ဘာ

အလုပ်မျိုးပင် လုပ်နေရပါစေ၊ ကျွန်မ ကျေနပ်ပျော်ရွှင်နေမည်မှာ အမှန်ပင်။ ထိုအရာတစ်ခုသာ အမှန်တကယ် တောင့်တနေမိတော့သည်။

ဝဝဝ

**နိုဗယ် (Noble)**

**@Blessing Noble**



သစ်ဆင်း
အသစ်

“ရှုထောင့်တစ်ခုအနေနဲ့ ပြောရရင်
အဲဒီအဆိုတော်သစ် Talent မရှိကြောင်း
သက်သေထူဖို့ ကိုယ့်ဘက်ကစပြီး ဘာလို့မဖော်ထုတ်ချင်
ကြတာလဲ ...”

“အကြောင်းအမျိုးမျိုးကြောင့်
တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတဲ့
ကလောင်ကောင်း အရေအတွက်လည်း
နည်းမယ် မထင်ပါဘူး...”

## အသစ်

လူသစ်
မျက်နှာသစ်
အဆိုတော်သစ်
သရုပ်ဆောင်သစ်
ကလောင်သစ် တဲ့ စသဖြင့်ပေါ့။

နာမည်တွေက လှသလိုရှိပေမဲ့ လူ(အများစု)က အလွယ် တကူ welcome လုပ်တာ မခံရတဲ့ ပုဂ္ဂိုလ်တွေပါ။

အဲ တစ်ခုတော့ရှိတယ်။ တစ်ဦးတစ်ယောက်ကစပြီး စမ်းသုံးတယ်။ Recommend ပေးတယ် ဆိုပါစို့။ အဲဒီအခါကျတော့ စောစောက လူ(အများစု)က welcome လုပ်တယ်။ မြည်းကြည့်လေ့ရှိကြတယ်။

Follower (နောက်လိုက်) ဖြစ်သွားကြတာလား။

(ဒီက) လူအများစုက ကိုယ်က စမယ်တော့ မရှိဘူး။ သေချာမှ ရွေးချယ်ချင်ကြတယ်။ တော်သေးတာပေါ့။ အသစ်ကို (အနစ်နာခံပြီး) စမ်းသုံးဝံ့တဲ့၊ မြည်းကြည့်ဝံ့တဲ့သူတွေ ရှိနေကြလို့။

လူတချို့က ပြောပါလိမ့်မယ်။ အသစ်ကို (အလွယ်တကူ) အသိအမှတ်ပြုရမှာ၊ မြည်းကြည့်ရမှာ အရင်းအနှီး ကြီးတယ်လို့။ ဟုတ်တော့

ဟုတ်ပါတယ်။ ဒါဆို အသစ်ကောင်း မကောင်း သိရဖို့ ဘယ်လိုလုပ်ကြမှာလဲ။

ယောကျ်ားလေးအများစုက မိန်းကလေးဆို အသစ်ပဲ လိုချင်ကြတယ်။ ဘာကြောင့်လဲ။ လတ်ဆတ်လို့။ မသုံးရသေးလို့။ ဒါဆို မိန်းကလေးတွေဘက်က သဘောထားကရော။

ထားပါတော့။ ယောကျ်ားလေးဘက်က မိန်းကလေးအသစ်ကို လိုချင်သလိုမျိုး လူအများစုက 'အသစ်' ကို လိုချင်တောင့်တကြရင် ကောင်းမယ်။ (တချို့အသစ်တွေရဲ့ သုံးသပ်၊ ပေးဆပ်ထားတဲ့ အရင်းအနှီးက မသေးပါဘူး။ ဒါပေမဲ့ သူတို့ ပြန်ရလိုက်တာက. . . . .) ကျွန်တော်ဆိုလည်း အသစ်ကို လက်ခံ အားပေးဖြစ်တာ နောက်ကျတယ်။ တချို့အသစ်တွေရဲ့ တင်ဆက်မှုက ကျွန်တော့်ကို ဆင့်ပွားအတွေးတွေပေးတယ်။ ကမ္ဘာသစ်တစ်ခုဆီကို ခေါ်ဆောင်သွားတယ်။ ဟင်း . . . ကျွန်တော် မျက်စိမှောက်ခဲ့တဲ့ အသစ်တွေ ဘယ်လောက်များသွားပြီလဲ။ နှမြောစရာကောင်းလိုက်တာ။ ခုတော့ အသစ်ကို ကျွန်တော် လိုလိုလားလား ပြန်ရှာနေရတယ်။ ကျွန်တော့်လို လူမျိုး ဘယ်နှဦးရှိနိုင်မလဲ ဆိုတာ သိချင်မိတယ်။

Stable ဖြစ်ပြီးသား အဟောင်းထက် new ဆိုတဲ့ အသစ်ကို ပိုပြီး အသိအမှတ်ပြု အားပေးသူတွေ ရှိကြပါတယ်။ အဲလို အားပေးတာကို အားပေးရကောင်းလားဆိုပြီး ဝေဖန်ပြစ်တင်သူတချို့လည်း ရှိကြပါတယ်။ ကျွန်တော် အသစ်အတွက် စိတ်မကောင်းဘူး။ အားနာမိတယ်။(ကျွန်တော် ရည်ညွှန်းလိုတဲ့ အသစ်က သစ်လွင်တဲ့ အရာ အားလုံးကိုပါ။ လူပုဂ္ဂိုလ်ကိုချည်း မဟုတ်ပါဘူး။)

ကျွန်တော်မြင်တာပြောရရင် လူအများစုက အဝတ်အစားအသစ်၊ အသုံးအဆောင်အသစ်ကို လိုချင်ကြပေမဲ့ အတွေးအမြင်သစ်တွေ၊ ဘာတွေကျတော့ အဲလောက်မတောင့်တကြသလိုပါပဲ။(မတောင့်တသလို ကိုယ့်မှာရှိနေရင်တောင် မတင်ဆက်ဖြစ်တာများပါတယ်။) အဲချပြလာတဲ့ ပုဂ္ဂိုလ်ရှိရင်လည်း ဥပေက္ခာပြုလေ့ရှိကြတယ်။ အသစ်ဆိုတာက သေမှုမသေချာတာ။ အမှန်အမှားကိစ္စတွေ ရှိသေးတယ်။

အသစ်က ကောင်းတယ်၊ မှန်တယ်ပဲ ထားဦးတော့။ ရှိပြီးသား (အဟောင်း)ကို တရားသေစွဲလမ်းတာ မဟုတ်ပေမဲ့ အသစ်ကို နေရာပေးဖို့ကျတော့ နည်းနည်းတွေဝေတတ်ကြတယ် မဟုတ်ပါလား။

အသစ်နဲ့ပတ်သက်ပြီး ဆက်ပြောကြည့်မယ်။ ဥပမာ- အဆိုတော်သစ် တစ်ယောက်ရဲ့ solo album ထွက်တယ် ဆိုပါစို့။ ထွက်ထွက်ချင်း အားပေးတဲ့သူကို လက်ချိုးရေလို့ရပါတယ်။ အများစုက လူပြောလူပြောများလာမှ အားပေးဖြစ်တာပါ။ ထွက်ထွက်ချင်းအားပေးတာနဲ့ လူပြောသူပြောများလာမှ အားပေးတာ ဘာကွာပါသလဲ။ ကိုယ်သာစေ၊ သူနာစေ သဘောမျိုးလား။ (ပြီးတော့ ရှုထောင့်တစ်ခု အနေနဲ့ ပြောရရင် အဲဒီအဆိုတော်သစ် talent မရှိကြောင်း သက်သေ ထူဖို့ ကိုယ့်ဘက်က စပြီး ဘာလို့ မဖော်ထုတ်ချင်ကြတာလဲ။)

အဆိုတော်သစ်၊ သီချင်းအမျိုးအစားအသစ်၊ ဆိုတဲ့ အကြောင်းအရာကလည်း အသစ်ဆိုရင်တော့ သိကြတဲ့အတိုင်းပါပဲ။ ပရိသတ်တော်တော်များများက အဲအဆိုတော်သစ်ကို မသိလိုက်ကြဘူး။ အသစ်ကို (ဒီက) လူအများစုက အဲဒီလို တုံ့ပြန်နေကြသလားလို့ မေးခွန်းထုတ်စရာပါ။ Talent ရှိတဲ့ အဆိုတော်သစ် ဖြစ်နေပါစေ၊ ဖြစ်သင့်ချိန်ထက် နောက်ကျပြီးမှ ဖြစ်ခွင့်ရကြပါတယ်။ (ဒီနေရာမှာ ကံကိစ္စ၊ စန်းကိစ္စကို တစ်ကဏ္ဍထားပါတယ်။)

ကျွန်တော့်ရဲ့ facebook friend ထဲက အဆိုတော်သစ်တစ်ယောက်ဆို talent ရှိသင့်သလောက် ရှိတယ်။ သူ့ producer ကလည်း audio ပိုင်းကို quality ကောင်းကောင်းဖြစ်စေဖို့ အိမ်နီးချင်းနိုင်ငံတစ်ခုမှာတောင် သွားလုပ်ပေးတယ်။ ကြော်ငြာအားလည်းကောင်းခဲ့တယ်။ ဒါပေမဲ့ စထွက်ထွက်ချင်းကာလမှာ အခွေ ၄၀၀ ပြည့်အောင်တောင် မရောင်းရဘူးလို့ အဲဒီအဆိုသစ်က ညည်းပါတယ်။

Talent ရှိတော့ နောက်ပိုင်းကာလမှာ လူပြောသူပြော များလာတဲ့ အဆိုတော်ဖြစ်လာပါတယ်။ စထွက်ထွက်ချင်းတုန်းက မကြိုဆိုဖြစ်ခဲ့ကြတဲ့ သူတွေလည်း အခုတော့ အဲဒီအဆိုတော်သစ်ကို ကြိုဆိုအားပေးကြတာ တွေ့ရပါတယ်။ (အဲဒီထဲမှာ ကျွန်တော်လည်း ပါပါတယ်)

တကယ်ဆို ထွက်ထွက်ချင်း မြည်းကြည့်ပေးတာဟာ talent ရှိတဲ့ အသစ်တွေကို ကူညီအားပေးရာရောက်တယ် မဟုတ်ပါလား။ အသစ်ကို မကြိုဆိုဖြစ်ရင် သစ်လွင်တဲ့အရာတွေကို ထိတွေ့ခံစားခွင့်ရနိုင်မှာ မဟုတ်ပါဘူး။ အဲလိုဆို ရှေ့ဆက် ဘာဖြစ်လာနိုင်ပါသလဲ။

အသစ်ဆိုလို့ တေးရေး ကိုအယ်ဖြူကို သတိရမိပါတယ်။ ကိုအယ်ဖြူက 'အသစ်'ဆိုတဲ့ သီချင်းလေးကို ရေးဖူးတယ်။ ဆိုထားတာက ကိုလေးဖြူပါ။ ကျွန်တော် တအားကြိုက်တယ်။ အဟောင်းဖက်တွယ်သူတွေကို message ပေးထားတယ်လို့ ခံစားမိတယ်။ အဲဒီသီချင်းစာသားတချို့ကို ကျွန်တော် (ခံစားမိတဲ့အတိုင်း) ပြန်ရွတ်ပြချင်ပါတယ်။ဒီလိုပါ။

"သီချင်းအသစ်တွေ ရေးကြပါ။ မဟုတ်ရင် (ပရိသတ်)အားလုံး ရှုံးသွားလိမ့်မယ်။ အဟောင်းတွေချည်းတော့ လှည့်ပတ်ပြီး မလုပ်ပါနဲ့။ ပျင်းဖို့ကောင်းပါတယ်။

အားလုံးလိုချင်တာက အသစ်ပါ။ ဖြစ်နိုင်ရင် အခုချက်ချင်း ပေးလိုက်ပါ။ ကိုယ်နဲ့မဆိုင်သလို ရပ်မနေပါနဲ့။ အသစ်တစ်ခုခုကို ရေးပါ။ တွေးပါ။ စိတ်ကူးအသစ်ကို မမွေးရင်တော့ ကြာရင် ခက်ကုန်လိမ့်မယ်။ မဆိုင်သလို လုပ်မနေပါနဲ့။

တစ်ခဏအတွက်တော့ မကြည့်ပါနဲ့။ ကြာရင် ပရိသတ် ရိုးအီသွားလိမ့်မယ်။ ပရိသတ်တွေက စောင့်ကြည့်နေကြတာပါ။ အဟောင်းတွေက ပျင်းဖို့ ကောင်းတယ်လို့လည်း ပြောကြတယ်။

အကျီအသစ်၊ ဘောင်းဘီအသစ်၊ အိပ်မက်အသစ်၊ စိတ်ကူးအသစ် (အဲလိုအသစ်) တစ်ခုခုတော့ သူတို့ကို ပေးလိုက်ပါ။ သူတို့ လို ချင်ကြတာ အသစ်ပါ။ . . . . ."

အဲလို သီချင်းစာသားတွေကို music အပြင်းနဲ့ ပေါင်းစပ်ထားတော့ အဲဒီသီချင်းကို ကျွန်တော် တအားစွဲလမ်းခဲ့တယ်။ ခေါင်းထဲမှာလည်း 'အသစ်၊ အသစ်၊ အသစ်' ဆိုတဲ့ စကားလုံးတွေ နေရာယူထားတာ ခုထိပါပဲ။ ကျွန်တော် ကျေနပ်တယ်။သီချင်းရေးစပ်ပေးခဲ့တဲ့ ကိုအယ်ဖြူကို ကျေးဇူးတင်မိတယ်။

နောက်တစ်ခု၊ ရုပ်ရှင် ဗီဒီယိုဘက်မှာဆို သရုပ်ဆောင်သစ်၊ ဇာတ်လမ်းသစ်ကို သုံးဝံ့တဲ့၊ အသိအမှတ်ပြုပေးတဲ့ ငွေရှင်(producer) တွေကို ကျေးဇူးတင်မိတယ်။ (မြန်မာကားကို) ကျွန်တော်တို့ မြန်မာ ပရိသတ်တွေ ပြောကြတာ ကြားဖူးပါလိမ့်မယ်။ ဒီဇာတ်လမ်းတွေ၊ ဒီသရုပ်ဆောင်တွေချည်းပဲ ကြည့်နေရတယ်။ ရိုးနေပြီ။ ပျင်းဖို့ကောင်း တယ်။ အချိန်နဲ့ ပိုက်ဆံပေးရတာ မတန်ဘူး စသဖြင့်ပေါ့။ ကျွန်တော့် ပတ်ဝန်းကျင်မှာလည်း အဲဒီအသံတွေ ညံနေတာပါပဲ။ နားတောင်အူပါ တယ်။

ဒါပေမဲ့ ကျွန်တော်တို့ပရိသတ် (အများစု)ဘက်က သရုပ်ဆောင် သစ်၊ ဇာတ်လမ်းသစ်ကို **မြန်မြန်ဆန်ဆန်** လက်ခံအားပေး ဖူးကြပါသလား။ အားမပေး ဖြစ်ပါဘူး။ (မြန်မာကားဆို) အထင်လည်းမကြီးပါဘူး။ (တစ်ယောက်ယောက်က အဲကားလေးကောင်းတယ်၊ ကြည့် ကြည့်၊ အဲ သရုပ်ဆောင်သစ်လေး မဆိုးဘူးဆိုမှ 'အသစ်' ဆိုတာကို အားပေးဖို့ အသိ အမှတ်ပြုဖို့ စိုင်းပြင်းကြတာမဟုတ်ပါလား။)

အဲတော့ အဟောင်းကို ငြီးငွေ့တယ်၊ ရိုးအီတယ်ဆိုရင် အသစ် ကို (ကိုယ်ကစပြီး) အားပေးဖို့ လိုပါလိမ့်မယ်။ မြည်းကြည့်ရပါလိမ့်မယ်။ ကိုယ့်ဘက်က အဲလို သတ္တိမရှိခဲ့ရင် (မရည်ရွယ်ပေမဲ့) အသစ်ပေါ် ထွန်းမှုကို ဟန့်တားသလို ဖြစ်နေပါလိမ့်မယ်။

သေချာတာတစ်ခုက အဲဒီဇာတ်လမ်း ကောင်း မကောင်း၊ သရုပ် ဆောင်သစ် talent ရှိ မရှိဆိုတာကို သိရဖို့ တစ်ဦးတစ်ယောက်ကတော့ အနစ်နာခံပြီး ဒါမှမဟုတ် စတင်ပြီး မြည်းကြည့်ပေးရမှာပါ။ အဲဒီ စတင် တဲ့ တစ်ဦးတစ်ယောက်က ကိုယ်ကိုယ်တိုင်ရော မဖြစ်သင့်ဘူးလား။ ဒါမှ မဟုတ် သူများမြည်းကြည့်ပြီးမှ ထွက်လာတဲ့ အသံ(အဖြေ)ကို နားစွင့်မှာ လား။ စဉ်းစားကြစေချင်ပါတယ်။ အသစ် ပေါ် ထွန်းမှုအတွက် တစ်နည်း တစ်ဖုံ အရေးကြီးတယ်လို့ မြင်မိလို့ပါ။

သရုပ်ဆောင်သစ်တင်တဲ့ ငွေရှင်(producer)တွေကျွန်တော် တို့ဆီမှာ နည်းပါသေးတယ်။ ဘာလို့လဲ။ အသစ်ကို ပရိသတ် အားပေး မယ်ဆိုတာ သေမှမသေချာတာ။ Market ကိစ္စက ရှိသေးတယ်။

အဲတော့ သေချာတဲ့၊ နာမည်ရှိပြီးသားဖြစ်တဲ့ သရုပ်ဆောင်(ဟောင်း)ကိုပဲသုံးတာ သဘာဝကျပါတယ်။ ငွေရှင်ကို ပိုပြီး ရင်ခုန်စေတာက ပိုက်ဆံပါ။ အသစ်မဟုတ်ပါဘူး။ ဒါပေမဲ့ အသစ်ကို ရဲရဲကြီး နေရာပေးတဲ့ ငွေရှင်အချို့လည်း ရှိနေကြပါတယ်။

သူတို့ရဲ့ စိတ်စေတနာ၊ ကူညီအားပေးမှုကတော့ တန်ဖိုးကြီးလှပါတယ်။ (အဲလို စွန့်စားတဲ့ ငွေရှင်တွေ ကျွန်တော်တို့ဆီမှာ တစ်ဦးတစ်ယောက်မှ မရှိဘူးဆိုရင် ရုပ်ရှင် ဗီဒီယိုနယ်ပယ်မှာ ဘာတွေဖြစ်လာနိုင်မလဲ။ သရုပ်ဆောင်သစ်၊ ဇာတ်လမ်းသစ်တွေလည်း ထွက်မလာဘူးဆိုရင် ဘာတွေဖြစ်လာနိုင်မလဲ။)

တကယ်တော့ အားလုံးဟာ ဆက်စပ်နေပါတယ်။ Talent ရှိတဲ့ အသစ်တွေ နေရာမရကြတာက တစ်ဦးတစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပရိသတ်ဘက်ကလည်း 'ပရိသတ်တာဝန်' မဟုတ်တောင် 'အားပေးရမယ်' ဆိုတဲ့ စိတ်ဓာတ်မျိုး ရှိသင့်တယ်မဟုတ်ပါလား။

လူအများစု လက်ခံအားပေးတာ မခံရတဲ့ သူတွေထဲမှာ ကလောင်သစ်တွေလည်း ပါပါတယ်။ (ဘယ်သူမှ မသိသေးတဲ့) ကလောင်သစ်ဆိုတော့ အသစ်ကို အသိအမှတ်ပြုဝံ့တဲ့၊ မြည်းကြည့်ဝံ့တဲ့ ပုဂ္ဂိုလ်တွေက လွဲလို့ အားပေးမယ့်သူ မရှိသလောက်ပါပဲ။ အားပေး ဖြစ်ရင်လည်း နောက်ကျလေ့ရှိကြပါတယ်။

ကျွန်တော် လေ့လာဖူးသလောက်ဆို တချို့ကလောင်သစ်တွေရဲ့ ဝမ်းစာ(စာအရည်အသွေး)၊လက်ရာက နာမည်ရပြီးသား ကလောင်ဟောင်းတချို့ကို အသာလေးယှဉ်နိုင်တာ တွေ့ရပါတယ်။ အဲလို talent ရှိတဲ့ ကလောင်သစ်တွေ အများကြီး ရှိနေကြမှာပါ။ (အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတဲ့ ကလောင်ကောင်း အရေအတွက်လည်း နည်းမယ်မထင်ပါဘူး။) ကျွန်တော်တို့အနေနဲ့ ကလောင်သစ်တွေရဲ့ တင်ဆက်မှုတွေ၊ လက်ရာတွေကို ချက်ချင်းမြည်းကြည့်ပေးဖို့ ဆန္ဒမရှိကြတာ ဘာကြောင့်ပါလဲ။

ဖြစ်နိုင်တာတစ်ခုက အဲဒီကလောင်သစ်က မထင်ရှား၊ မကျော်ကြားလို့ပါပဲ။ (အသစ်ဆိုတဲ့အတိုင်း လက်ရှိအချိန်မှာ ထင်ရှား ကျော်ကြားမှု ရှိချင်မှရှိမှာပါ။) စာဖတ်ပရိသတ်အများစုက ထင်ရှားသူ၊ ကျော်ကြားသူတွေကိုပဲ ရွေးချယ်လေ့ရှိကြတယ် မဟုတ်ပါလား။ ဘယ်သူမှ မသိကြတဲ့ ကလောင်သစ်ကို ကိုယ့်ဘက်ကစပြီး ရွေးချယ်ရင် မိုက်မဲရာကျမှာစိုးလို့၊ လူအထင်သေးခံရမှာစိုးလို့ ထင်ပါတယ်။ ရွေးချယ်လေ့ မရှိကြပါဘူး။ အဲ. . . ထင်ရှားကျော်ကြားသူကိုကျတော့ ကိုယ့်ဘက်က မရွေးချယ်ရင်၊ မသိရင် ခေတ်နောက်ကျလိမ့်မယ်၊ ညံ့ရာကျလိမ့်မယ်လို့ ခံယူထားကြပုံပါပဲ။ ဒါလည်းမှန်ပါတယ်။

ဒါပေမဲ့ ထင်ရှားကျော်ကြားမှုဆိုတာတွေထက် စာရဲ့ အရည်အသွေး (လက်ရာ)ကိုပဲ ရွေးချယ်သင့်တယ် မဟုတ်ပါလား။ ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဆိုတဲ့ စကားပုံကို (မဆီမဆိုင်) မှီငြမ်းပြီး ပြောရရင် စာအရည်အသွေး (လက်ရာ)ကောင်းတိုင်း မထင်ရှား မကျော်ကြားပါဘူး။ ထင်ရှားကျော်ကြားတိုင်းလည်း လက်ရာက တကယ်ကောင်းချင်မှကောင်းတာပါ။ 'ပုပ်တိုင်းမပေါ်၊ ဟုတ်တိုင်း မကျော်' သဘောပဲ မဟုတ်ပါလား။

ကျွန်တော့်ဆန္ဒလေးကို ပြောရရင် 'လူ' နောက်လိုက်တာထက် 'စာ'နောက်ကို လိုက်တဲ့သူ၊ ရွေးတဲ့သူ ပိုများလာစေချင်တာပါ။ Talent ရှိတဲ့ အသစ်တွေကို သိတဲ့သူ၊ ရွေးတဲ့သူ ပိုများလာစေချင်တာပါ။

သစ်လွင်တဲ့အရာတွေ၊ လူသစ်တွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဆက်ပြီး ပေါ်ထွန်းနေမှာပါ။ ပေါ်ထွန်းနေဖို့လည်း လိုအပ်လှပါတယ်။ အဆိုတော်သစ်၊ သရုပ်ဆောင်သစ်၊ ကလောင်သစ် စတဲ့ လူသစ်တွေဘက်က သတိပြုစရာတစ်ခုတော့ ရှိပါတယ်။အဲဒါက စင်ပေါ် (အတင်း) တက်ချင်တဲ့ စိတ်မျိုးမထားဘဲ စင်ပေါ်ကို ရောက်အောင် (ရိုးရိုးသားသား) ဝိုင်းတင်ပေးကြမယ့် ပရိသတ် ရှိလာအောင်သာ နည်းမှန်လမ်းမှန် ကြိုးစားသင့်တယ် ဆိုတာပါ။ စင်ထက် ပရိသတ်ကိုသာ အာရုံစိုက်သင့်ပါတယ်။ 'ထင်ပေါ် (အရည်အချင်းရှိ)ရင် စင်တော်ကောက်' လိမ့်မယ် မဟုတ်ပါလား။

အဲတော့ကာ Talent ရှိတဲ့ အသစ်တွေအားလုံးပဲ ကိုယ်နဲ့ ထိုက်တန်တဲ့ နေရာကို ကိုယ်စီကိုယ်င (အချိန်မီ)ရနိုင်ကြပါစေ။ **'အသစ်'** ကို တန်ဖိုးထား သုံးစွဲဝံ့သူတွေနဲ့ မြန်မြန်ဆန်ဆန် ဆုံစည်းခွင့် ရနိုင်ကြပါစေလို့ ကျွန်တော် ဆန္ဒပြုချင်ပါတယ်။ ကျွန်တော်တို့အားလုံး ဒီဇင်ဘာ (၃၁)၊ ညသန်းခေါင်မှာ NewYear ကို စိတ်အား ထက်ထက်သန်သန်နဲ့ ကြိုဆိုသလိုမျိုး အသစ်(New)တွေရဲ့ တင်ဆက်မှုကို ကြိုဆိုလိုက်ကြပါစို့၊ မြည်းကြည့်ကြပါစို့လို့ . . .

ooo

**သစ်ဆင်း**

**@Taw Tha Linn**



**ရွှေထက် (ယက္ခကျွန်း)**
**ရည်ရွယ်ရာပန်းတိုင်ဆီ လှမ်းတက်ချီရာဝယ်**

“လူတစ်ဦးတွင် ဘဝပေးအခြေအနေ
မည်မျှပင် ဆိုးဝါးနေစေကာမူ
ထိုလူတွင် ကြိုးစားအားထုတ်ရန်
ပင်ကိုအရည်အသွေးဟု ဆိုအပ်သော
သဘာဝကပေးသည့် အရင်းအနှီးကောင်းများစွာ
ရှိနေပါသည်။ အသုံးချသွားတတ်ရန်သာ လိုပေသည်။
ထိုသို့ ကြိုးပမ်း လျှောက်လှမ်းရာတွင်
ယုံကြည်မှုတစ်ခုခုကိုတော့ မရှိမဖြစ်ထားရှိရပေမည်။
ဘဝပေးအခြေအနေ အဆိုးအကောင်း အပေါ်တွင်သာ
အကြောင်းပြု ယိုးမယ်ဖွဲ့နေလျှင်...”

# ရည်ရွယ်ရာပန်းတိုင်ဆီ လှမ်းတက်ချီရာဝယ်

*"မိမိကိုယ်မိမိ ယုံကြည်လိုက်စမ်းပါ။ ဒါဆို ဘဝမှာ ဘယ်လို နေထိုင်ရှင်သန်ရမယ်ဆိုတာ သင်သိလာပါလိမ့်မယ်။"*

*ဂျွန်ဝုလ်ဖ်ဂန်းဗွန်ဂိုး*

ရည်မှန်းချက်ပန်းတိုင်၏ လမ်းဟူသည် အစဉ်မဖြောင့်ဖြူး၊ မချောမွေ့နိုင်၍ မပြေမပြစ်ဖြစ်တတ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဦးတည်ချက်လားရာအမျိုးမျိုးတို့သည် သွေဖည်သွားတတ်ပါသည်။ တစ်စုံတစ်ရာအကြောင်းကြောင့် ကျွန်ုပ်တို့သည် ရည်မှန်းချက်ပန်းတိုင်အတွက် အခက်အခဲကြုံဆုံလာတိုင်းတွင် ယုံကြည်အားထုတ်မှုတစ်ခု အထိုက်အလျောက် ထားရှိရပေမည်။ သို့မှသာ အမြန်ဆုံးနှင့် အလွယ်ကူဆုံးဖြင့် မိမိ၏ရည်မှန်းချက် ပန်းတိုင်လမ်းကို ပြန်လည်ဆောက်တည်နိုင်ပြီး တည့်မတ်ဦးတည်နိုင်မည်ဖြစ်သည်။

လူ့ဘဝဖြတ်သန်းမှုတွင် ကျွန်တော်တို့သည် ဖြစ်ချင်တာနှင့် ဖြစ်နေတာများသည် အံမဝင်ခွင်မကျ ရှိတတ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမှုတို့နှင့် အမြဲတမ်းပြည့်စုံနိုင်မှာ မဟုတ်ပါ။ နေရာတစ်ခုခုတွင် အဆင်ပြေ၍ အရာရောက်ထွန်းပေါက်နိုင်ပါလျက်နှင့် မိမိဆန္ဒအတိုင်း ဖြစ်ချင်ရာကိုသာ ဇွတ်ကြိတ်

မိုတ်ကာ တမ်းတနေလျှင် လူသည် လေလွင့်နေပါမည်။ အထိုက် အလျောက် လိုအပ်သော ဉာဏ်ရည်၊ ဉာဏ်စွမ်းများ ကျွန်တော်တို့ အားလုံးမှာ ရှိကြပါသည်။ ယုံကြည်အားထုတ်မှုတစ်ခုကို ထိုဉာဏ်ရည်၊ ဉာဏ်စွမ်းကိုသုံးပြီး အကောင်းအဆိုး၊ အတက်အကျတွေနှင့် ဘဝကို ရင်ဆိုင်ဖြတ်သန်းကာ ရှေ့ဆက်ကြရမည် ဖြစ်ပါသည်။ ရောက်ရာနေရာတွင် ဖြစ်သင့်ရာကိုသာ ဦးစားပေး၍ အကောင်းဆုံး တီထွင်ကြံဆသွားမှသာ မျှော်လင့်ချက်ပန်းတိုင်၏ လမ်းသည် အစဉ်ချောမွေ့နိုင်ပေမည်။

နေရာတစ်ခုခု၊ အလုပ်အကိုင်တစ်ခုခုနှင့်ပတ်သက်၍ ဦးစွာ ပထမ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ထိထိရောက်ရောက် အသုံးချ တတ်ရန် လိုပါသည်။ ထိုအလုပ်ထံ၌ စိတ်ကိုနှစ်၍ ယုံကြည်သက်ဝင်စွာ ကြိုးစားလုပ်ကိုင်သွားရန် လိုသည်။ ယုံကြည်မှုမရှိလျှင် သို့မဟုတ် ယုံကြည်မှု အားနည်းလျှင် မိမိကိုးကွယ်နေသည့် အမျိုးဘာသာ သာသနာ ပင်လျှင် နှလုံးသားထဲမှ အချိန်မရွေး အလွယ်တကူ လွင့်ပျောက်သွား တတ်ပေသည်။ ယုံကြည်အားထုတ်မှု ရှိပါမှ မိမိ၏ ရည်တည်မှုသည် တောင့်တင်းခိုင်မာ၍ လုပ်ရည်ကိုင်ရည်လည်း တက်ကြွ နိုးကြားနိုင်ပေ မည်။ ယုံကြည်မှုသည် ခွန်အားဖြစ်သည်။ ယုံကြည်အားထုတ်မှုနည်းလျှင် လုပ်ရည်ကိုင်ရည်စွမ်းအားလည်း လျော့နည်းသွားပေမည်။

ယုံကြည်အားထုတ်မှု လျော့နည်း ယိုင်နဲ့ သွားခြင်းကြောင့် ကျွန်တော့်ဘဝတွင် ဆိုးကျိုးအနေဖြင့် ကာလအတိုင်းအတာတစ်ခုအထိ လေလွင့်ခဲ့ရဖူးပါသည်။ အလယ်တန်းကျောင်းသားဘဝအရွယ်ကပင် ကျွန်တော်၏ ရည်ရွယ်ချက်ဆန္ဒသည် 'မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သို့ တက်ရောက်လိုခြင်း' ဖြစ်သည်။ ဆေးပညာနှင့်ပတ်သက် ပြီး စိတ်ပါဝင်စားမှု မရှိသောကြောင့် တက္ကသိုလ်ဝင်တန်းကို (အတွဲ-၁) ဘောဂဗေဒဘာသာတွဲဖြင့် ရွေးချယ်သင်ယူခဲ့ပါသည်။ တက္ကသိုလ်ဝင် တန်းတွင် မြို့နယ်ထူးချွန်ထက်မြက်စာမေးပွဲ၌ ကျွန်တော်သည် ဘောဂဗေဒ ဘာသာရပ်ကို ပထမဆုရရှိ၍ ပြည်နယ်ထူးချွန်အဆင့်ထိ တက်ရောက် ဖြေဆိုခဲ့ရပါသည်။

ကျောင်းတွင် ဇီဝဗေဒဘာသာရပ်အခန်းမှ သူငယ်ချင်းတစ်ယောက်နှင့် မနိုင်ရင်ကန် ရန်ဖြစ်စကားများခဲ့ဖူးပါသည်။'ရန်ဖြစ်စကားနိုင်လုရာမှ "ဘောဂဗေဒဘာသာတွဲသမားတွေက သူတို့လောက်အဆင့်မရှိဘူး" ဆိုသောစကားကို ကျွန်တော် ခံပြင်းခဲ့မိပါသည်။ ထိုအချိန်၌ ဘယ်အတိုင်းအတာထိ ရန်ဖြစ်စကားများခဲ့ကြသည်ကို ကျွန်တော် စိတ်မှတ်မထားခဲ့၍ မမှတ်မိတော့ပါ။ ဦးနှောက်ထဲတွင် ယနေ့ထိတိုင် စွဲကျန်နေသည်မှာတော့ ထိုအချိန်၌ မိမိထူးချွန်နေပါသော ဘာသာရပ်တစ်ခု (ဘောဂဗေဒ)အပေါ် အထင်သေး အဆင့် လျှော့ချခဲ့မိခြင်းဖြစ်သည်။ ယုံကြည်အားထုတ်မှုတစ်ခုသည် သံသယဝင်မှု၊ အထင်အမြင်လွဲမှုနှင့် စိတ်ပျက်အားငယ်မှုတို့ဖြင့် ပြိုပျက်လွယ်တတ်ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် အဓိကရည်မှန်းချက်ကိုပင် မသိမြင်နိုင် တော့ဘဲအပေါ်ယံအယူလွဲ ဘဝင်လေဟပ်သော စိတ်ဓာတ်အညစ်အပေများ ဖြင့်မိမိဘာသာရပ်အပေါ် အဆင့်နှိမ့်ချခဲ့မိလေသည်။ ထိုအချိန်မှစ၍ဘာသာရပ် ၆ ခုအနက် 'ဘောဂဗေဒ' ဘာသာရပ် အပေါ် ကြိုးစားအားထုတ်မှု ပေါ့လျော့ခဲ့လေသည်။

ကျွန်တော်ပေါ့လျော့ခဲ့သော 'ဘောဂဗေဒ' ဘာသာရပ်တစ်ခုသည် ကျွန်တော်၏ တက္ကသိုလ်ဝင်တန်း ရမှတ်စုစုပေါင်းကို လျော့ကျစေခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်တော်သည် ရည်မှန်းချက်တက္ကသိုလ်ကြီးသို့တက်ရောက်နိုင်ရန် ရမှတ်အနည်းငယ် မပြည့်မမီခြင်းကြောင့် အလွဲကြီးလွဲခဲ့ရပါသည်။ တက်ရောက်ခွင့်ရရှိသော နည်းပညာတက္ကသိုလ်တွင်သာသင်ယူခဲ့ရပါသည်။ မိမိကိုယ်ကို ဘဝင်လေဟပ်၍ လက်ရှိအလုပ်အပေါ်တွင် အထင်အမြင်သေးကာ ယုံကြည်အားထုတ်မှု လျော့နည်းသွားလျှင် ကျွန်တော်တို့အတွက် ရည်မှန်းချက်ပန်းတိုင် ခရီးလမ်းသည်နှောင့်နှေးလွဲချော်စေတတ်ပါသည်။

လက်ရှိတက်ရောက်သင်ယူနေသော 'နည်းပညာတက္ကသိုလ်' တွင်လည်း ကျွန်တော်သည် ထိရောက်စွာ အားထုတ်မှုမရှိဘဲ ယောင်လည်လည် အကျင့်ဆိုးကြောင့် မြို့ပြအင်ဂျင်နီယာအဖွဲ့ (Bechelor of Engineering - BE, Civil) နှင့် ဝေးခဲ့ရပြန်သည်။ ထိုကျောင်းမှ

နုတ်ထွက်ခဲ့ပြီးနောက် ကျွန်တော်သည် ရောက်ရှိသူ ယူရာနေရာ၌ ကြိုးစား၍ လုပ်ဆောင်ခဲ့ခြင်းကြောင့်သာ (BSc) ဘွဲ့တစ်ခုကို ရရှိခဲ့ပေသည်။

ယုံကြည်မှုအလျောက် ကြိုးစားအားထုတ်မှု လမ်းကြောင်းပေါ်တွင် အမြင်မကျယ်သေးသရွေ့ မနိုင်ရင်ကန် ပြဿနာများ ဖြစ်တတ် ပါသည်။ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့်လက်တွေ့တွင် သုံးစား မရသော အညံ့အဖျင်း စိန်ခေါ်မှုများနှင့် အချိန်ကုန်ရင်း ဘာဆိုဘာမှထိထိရောက်ရောက် ဖြစ်မလာကြသော ပညာတတ်တွေလည်း အများအပြား ရှိနေကြပါသည်။

ကျွန်တော်လည်း ထို့အတူ ယောင်လည်လည်အကျင့်ဆိုးများဖြင့် အချိန်တွေ ကုန်ခဲ့ရပါသည်။ ကျွန်တော့်နည်းတူ ထိုသို့သော လူငယ်အများစုတို့ကို တွေ့မြင်နေရပါသည်။

**"မနေ့က ဖြစ်ပျက်ခဲ့တာတွေကို အပြစ်တင်ရင်း**
**တန်ဖိုးရှိတဲ့ ယနေ့ကို ဖြုန်းတီးခြင်းဟာ**
**ကောင်းမွန်တဲ့ မနက်ဖြန်တွေကို**
**မတည်ဆောက်နိုင်ပါဘူး"** ဟူသော စကားရှိပါသည်။ ထိုစကားအတိုင်းကျွန်တော်တို့သည် မနေ့က ဖြစ်ပျက်ခဲ့တာတွေ မည်မျှပင်ဆိုးဝါးနေစေကာမူ လက်ရှိကာလ(ယနေ့)တွင်တော့ ယုံကြည် အားထုတ်မှု တစ်ခုဖြင့် အကောင်းဆုံးလုပ်ဆောင်သွားရန်သာ လိုပေသည်။ ထိုသို့မဟုတ်လျှင် ကျွန်တော်တို့၏ မနက်ဖြန်များစွာတို့သည် လေလွင့်နေပေလိမ့်မည်။ ဖြစ်ချင်သည်များဖြစ်မလာသောအခါ လူသည် ယိုင်နဲ့သွားတတ်ပါသည်။ သို့သော် အခြေအနေ၊ အချိန်အခါနှင့် အကျိုးအကြောင်းများအတွက် ချင့်ချိန်နှိုင်းဆ၍ ကျရောက်ရာနေရာတွင် အကောင်းဆုံးကြိုးစားသွားရန် ပို၍ အရေးကြီးပါသည်။

လူတစ်ဦးတွင် ဘဝပေးအခြေအနေ မည်မျှပင် ဆိုးဝါးနေစေကာမူ ထိုလူတွင် ကြိုးစားအားထုတ်ရန် ပင်ကိုအရည်အသွေးဟု ဆိုအပ်သော သဘာဝက ပေးသည့် အရင်းအနှီးကောင်းများစွာ ရှိနေပါသည်။ အသုံးချသွားတတ်ရန်သာ လိုပေသည်။ ထိုသို့ကြိုးပမ်း လျှောက်လှမ်းရာတွင်

ယုံကြည်မှုတစ်ခုခုကိုတော့ မရှိမဖြစ်ထားရှိရပေမည်။ ဘဝပေးအခြေအနေ အဆိုးအကောင်းအပေါ်တွင်သာ အကြောင်းပြု ယိုးမယ်ဖွဲ့နေလျှင် ကျွန်တော်တို့၏ လူ့ဘဝရည်တည်မှုသည် ဆုတ်ယုတ် ညှိုးဖျော့နေမည် ဖြစ်သည်။

မြို့နယ်တစ်မြို့နယ်၏ ရပ်ကွက်တစ်ခုမှ ညီမငယ်တစ်ယောက်ကို တွေ့မြင်ဖူးပါသည်။ သူ သတ္တမတန်းကျောင်းသူအရွယ်ကပင် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ပါသည်။ သူငယ်တန်းအရွယ် မွေးချင်းညီမငယ်လေးနှင့်အတူ အမေ့ဘက်တော်စပ်သူ ဦးလေး၏ အိမ်တွင် နေထိုင်ရပါသည်။ ကံမကောင်းအကြောင်းမလှ၍ တစ်ဦးတည်းသာရှိသော ဦးလေးလည်း ကွယ်လွန်ခဲ့ပြန်ပါသည်။ ကျန်ရှိနေသော ဦးလေး၏အမျိုးသမီး (ဒေါ်လေး)နှင့် သူ့သားသမီးသုံးဦးတို့ထံ တွင်သာ ခိုကပ်နေထိုင်ရပါသည်။ တက္ကသိုလ်ဝင်တန်းကို အောင်မြင် ထားပြီးဖြစ်သော်လည်း ကျောင်းဆက်တက်ရန် မည်သို့မျှ အခွင့်အရေး မရှိတော့သဖြင့် ကျောင်းထွက်ခဲ့ရပါသည်။ ရွာမှ အဖော်များနှင့် ရရာ အလုပ်ကို လုပ်ကိုင်၍ ညီမဖြစ်သူကို ပြုစုထိန်းကျောင်းကာ ကျောင်းထားပေးခဲ့သော အစ်မပီသသူတစ်ယောက် ဖြစ်ပါသည်။

ထိုညီမငယ်၏ ဘဝပေးအခြေသည် ကောင်းကွက်မရှိဟု ဆိုရပေမည်။ သို့သော် ထိုဘဝပေးအခြေအနေဆိုးပေါ်မှာပင် ဣန္ဒြေသိက္ခာရှိစွာနှင့် သိုသိပ်သပ်ရပ်စွာ နေထိုင်ခဲ့သော အမျိုးသမီးတစ်ဦးဖြစ်သည်။ ရုပ်ရည်ရူပကာသည် အသင့်တင့်ရှိ၍ ပတ်ဝန်းကျင်တွင် အမည်းစက်ကင်းသော မိန်းမပျိုကလေးတစ်ဦးအဖြစ် အများက အသိအမှတ်ပြုခံထားရသူလည်း ဖြစ်သည်။ အဖိုးထိုက်တန်ကောင်းသော မြန်မာ့ အမျိုးသမီးကောင်းတစ်ဦးအဖြစ် ကျွန်တော် မြင်မိပါသည်။

*“ဘဝကြောင့် စိတ်ဓာတ်မကျပါစေနဲ့၊ လူတိုင်းဟာ ခု သူရှိနေတဲ့ နေရာကို ရောက်ရှိဖို့ ဟိုမူလ သူရှိခဲ့တဲ့နေရာက စခဲ့ရတာပါ”*

*ရစ်ချတ်အယ်လ်အီးဗန်းစ်*

ဟုတ်ပါသည်။ ကျွန်တော်တို့၏ လူမှုန်းသိတတ်စအရွယ်သည် ဘဝမှာ ဘာမှ မသိနားမလည်သေးသော မွေးဖွားခြင်းမှ စတင်လာရခြင်း

ဖြစ်ပါသည်။ လက်ရှိရောက်ရှိ ဖြစ်တည်ရာနေရာသည် မိမိအတွက် နောက်တစ်ဆင့် တက်လှမ်းရန် ကြားခံ ပန်းတိုင်တစ်ခုဟု ဆိုရပေမည်။

မကြာခင်မှာပင် ထိုမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲတစ်ခု လာရောက်ဖွင့်လှစ်ရာမှ ထိုညီမငယ် အလုပ်ခန့်အပ်ခြင်းခံရပါသည်။ ထိုဘဏ်တွင် လုပ်ကိုင်ရင်းဖြင့် အဝေးသင်တက္ကသိုလ်တက်ခဲ့ရာ ယခုဆိုလျှင် ဘွဲ့တစ်ခုရရှိထားပြီးသူလည်း ဖြစ်သည်။ ၎င်း၏ ညီမလေးကိုပင် အများနည်းတူ မကြောင့်မကြ ကျောင်းထားပေးနိုင်ခဲ့ပေသည်။ ထိုညီမငယ်၏ ဘဝပေး အခြေအနေအပေါ် အကျိုးရှိရှိ အသုံးချ နေထိုင်သွားတတ်ပုံကို ကျွန်တော် လေးစားဂုဏ်ယူမိပါသည်။ ဤသည်မှာ ထိုမိန်းမပျို၏ မိမိကိုယ်ကို ယုံကြည်မှုတစ်ခုဖြင့် ဘဝပေးအခြေ အနေဆိုးသော်လည်း အကောင်းဆုံး ကြိုးစားနေထိုင်သွားခြင်းဟု ဆိုရ ပေမည်။

တစ်စုံတစ်ရာ ပြဿနာအခက်အခဲနှင့် ကြုံလာသောအခါ လူတို့၏ အသိဉာဏ်အချို့သည် သွေးပျက်မှုနှင့်အတူ ရုတ်တရက် လျော့နည်းသွားတတ်ပေသည်။ ထိုဆုတ်လျော့သွားသော အသိဉာဏ် အချို့သည်သာ ၎င်းအခက်အခဲကို အဆင်ပြေအောင် ဖြေရှင်းပေးနိုင်ပါသည်။ ကျွန်တော်တို့၏ရည်မှန်းချက်ပန်းတိုင် ခရီးလမ်းသည် အထစ်အငေါ့၊ အတားအဆီး၊ အနှောင့်အယှက်တို့ဖြင့် ကြမ်းတမ်းချင် ကြမ်းနေပေလိမ့်မည်။ ထိုအချိန်မျိုးတွင် ဦးနှောက်ဉာဏ်ပညာကို အရင်းတည်သော ဝီရိယအားစိုက်ထုတ်မှုသည် မလျော့နည်း၊ မပျောက် ကွယ်သွားရန် အထူး လိုအပ်လှပေသည်။ မိမိအတွက် အဖြစ်သင့်ဆုံးနှင့် အကောင်းဆုံး ဖြစ်မည်ထင်ရာကို ဇွဲရှိရှိဖြင့် တစိုက်မတ်မတ် ခရီးဆက်ကြရမှာဖြစ် သည်။

ကျွန်တော်သည် အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ အလုပ် လုပ်ကိုင်လိုသဖြင့် မည်သည့်ဌာနမှမဆို လျှောက်လွှာခေါ် ယူတိုင်း ဝင်ရောက် ဖြေဆိုခဲ့ပါသည်။ လေးနှစ်တိုင်တိုင် ဌာနပေါင်းစုံတွင် ဝင်ရောက် ဖြေဆိုခဲ့ရာ ရေးဖြေအကြိမ်ကြိမ်အောင်မြင်၍ အင်တာဗျူး အကြိမ်ကြိမ် ပြုလုပ်ခြင်းခံခဲ့ရပါသည်။ သို့သော် စကာတင် ရွေးချယ်၍ လက်တွေ့ အလုပ်ခန့်အပ်ခြင်းနှင့် အခါခါလွဲခဲ့ရပြန်ပါသည်။ နောက်ဆုံးတွင် ဌာနတစ်ခု၌ ဝင်ရောက်ဖြေဆိုအောင်မြင်ရာမှ ကျွန်တော်၏ ကြိုးစားမှု

သည် အထမြောက်ခဲ့ပါသည်။ မိမိ၏ဆန္ဒနှင့် ယုံကြည်မှု အလျောက် ကြိုးစားခဲ့ရာမှ ရရှိခဲ့သော အခွင့်အရေးလမ်းစတစ်ခုဟု ဆိုရပေမည်။

ကြိုးစားအားထုတ်မှုကို အရင်းတည်၍ ယုံကြည်မှုအလျောက် အလုပ်တစ်ခုခု သို့မဟုတ် နေရာတစ်ခုခုကို ရရှိရန်အတွက် ကျွန်တော်တို့သည် သူ့ထက်ငါ အချင်းချင်း တရားမျှတစွာ ရင်ဆိုင် ယှဉ်ပြိုင်ကြရပေမည်။ ကိုယ်ရည်သွေး၍ မြင့်မားလာသည်နှင့်အမျှ အကောင်းဆုံးတစ်နေရာ၌ စီမံခွင့်ရနိုင်ရန် သူ့ထက်ငါ ယှဉ်ပြိုင်ကြရမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ သို့မှသာလျှင် ကျွန်တော်တို့၏ လူ့ဘောင်အဖွဲ့အစည်းသည် အစဉ်နိုးကြားတက်ကြွ၍ ခေတ်မီတိုးတက်နိုင်ပေမည်။

ကျွန်တော်သည် အလုပ်ဌာန တော်တော်များများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြိုးပမ်းရာ၌ လွဲခဲ့ရပါသည်။ မျှော်လင့်ချက်ပန်းတိုင်သည် လက်တစ်ကမ်းအလိုရောက်မှ တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြေပျက်ခဲ့ရသည့်အခါများလည်း ရှိခဲ့ပါသည်။ အနန္တသူရိယအမတ်ကြီး၏ တစ်ဦးတစ်ယောက်ကောင်းစားဖို့အတွက် တစ်စုံတစ်ယောက်မှာ အနစ်နာခံပျက်စီးရပုံ 'အမျက်ဖြေ အလင်္ကာ' ကဗျာကို ကျွန်တော်၏ မပီမပြင် ကျရှုံး၍ ဘေးဖယ်ပေးခဲ့ရသောအခါတိုင်းတွင် ဖြေသိမ့်စရာအဖြစ် နှလုံးသွင်းထားခဲ့ပါသည်။ ကျွန်တော်တို့သည် ဦးနှောက်ဉာဏ်ပညာမြင့်မား၍ အဆင့်အတန်းရှိကြကုန်သော လူသားများပီပီ တစ်ဦးပေါ် တစ်ဦး သိတတ်နားလည်မှုနှင့်အတူ ကိုယ်ချင်း စာတရားများ အပြည့်အဝ ထားရှိကြရပေမည်။ သို့ဖြစ်ပါ၍ ယုံကြည်မှုအလျောက် အားကြိုးမာန်တက် ကြိုးစား ချီတက်ကြရာတွင် စိတ်သဘောထား နူးညံ့မှန်ကန်စွာ ဖြေလျှော့တတ်ရန်လည်း အထူး လိုအပ်လှပါသည်။

ကျွန်တော်သည် 'မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်' မှ ကျောင်းဆင်းလုပ်သားများကို အားကျလှပါသည်။ ထိုနည်းအတူ 'နည်းပညာတက္ကသိုလ်' မှ အင်ဂျင်နီယာပညာရှင်များကိုလည်း ဂုဏ်ယူအားကျလှပါသည်။ မိမိကိုယ်တိုင် ထိုသို့ဖြစ်ရန် စိတ်အားထက်သန်ပါသော်လည်း အခါနှောင်းခဲ့၍ အခွင့်မသာတော့ပါ။ ထို့ကြောင့် လက်ရှိ

လုပ်ကိုင်ရာဌာန၏ အလုပ်သည်သာ ကျွန်တော့်အတွက် စိတ်အဝင်စား ဆုံးနှင့် အကောင်းဆုံးအလုပ်တစ်ခု ဖြစ်ပေသည်။ မိမိဌာနမှ ရာထူး အဆင့်ဆင့်တို့သည်သာ ကျွန်တော့်ဘဝအတွက် အဆင်ပြေချောမွေ့နိုင် ဆုံးသော ရည်မှန်းချက် ပန်းတိုင်ခရီးဖြစ်ပေတော့သည်။

လူ့ဘဝနေထိုင်မှုတွင် 'ဘဝသည် ရုန်းကန်ခြင်း' ဟု ဆိုကြပေ သည်။ ထို့ကြောင့် ဘဝ၏ အသက်သွေးကြောသဖွယ်ဖြစ်သော 'ရည် မှန်းချက်ပန်းတိုင်ခရီးလမ်း' သည် ကြိုးစားရုန်းကန်ခြင်းဖြင့်သာ သက်ဝင် နိုးကြား၍ ခရီးတွင် အောင်မြင်နိုင်ပါမည်ဟု ဆိုချင်ပါတော့သည်။

ooo

**ရွှေထက် (ယက္ခကျွန်း)**

@Mg Htin Ng



ကိုငယ် (သမိန်ထော)
ခေါင်းတစ်ရာပါသော ကျောင်းဆရာ

"ဘဝတစ်ခုဖြစ်တဲ့ ညီမလေးမျက်နှာ ငိုနေမလား။
အမေ ရှိုက်နေမလား။သားမမြင်နိုင် မကြားနိုင်တော့ပါဘူး။
သားရင်ထဲက ဘုရားတစ်ဆူဖြစ်တဲ့ အဖေရော...
သားအတွက် ဘယ်လိုခံစားနေရမလဲ။ မေးချင်ပါတယ်။
ဒါပေမဲ့ ခံစားချက်အားလုံးကို ဘယ်လိုပုံစံနဲ့မှ ချပြခွင့်မရခဲ့ဘဲ
ရင်ထဲမှာ ဆို့နင့်စွာ ခံစားနေရပါတယ်"

## ခေါင်းတစ်ရာပါသော ကျောင်းဆရာ

(မြန်မာနိုင်ငံစာရေးဆရာများအသင်း အခြေခံစာရေးနည်း လမ်းညွှန်သင်တန်းမှ ဆရာ ဆရာမများနှင့် ယနေ့အချိန်ထိ အသိပညာ အတတ်ပညာတို့ကို ပေးအပ်ခဲ့ကြသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား ဂါရဝပြုအပ်ပါသည်။)

ခေါင်းတစ်ရာဆိုလို့ မျက်နှာများတယ်လို့တော့ မထင်လိုက် ပါနဲ့။ ခေါင်းတစ်ရာလောက်ကိုလည်း ထိန်းချုပ်နိုင်တယ်ဆိုတဲ့ သဘော ပါ။ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ ဆရာတွေအားလုံးရဲ့ သင်ကြားပြသမှု မှန်သမျှဟာ တပည့်တွေအကုန်လုံးအတွက်ပါပဲ။ တပည့်တစ်ဦးချင်းစီရဲ့ အရည်အချင်းကွာခြားမှုဆိုတာကလည်း လေးစားလိုက်နာမှုနဲ့ နားလည် မှုရှိ မရှိဆိုတဲ့အပေါ် မှာလည်း မူတည်ပါတယ်။

တစ်ခါက ကျွန်တော်တို့ဆရာကြီးတစ်ဦး၊ ဆယ်တန်းအောင်နည်း ဂါထာကိုပေးဖူးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ သေသေချာချာ နားမလည်ခဲ့ပါဘူး။

(ဦး. . . မပျင်းနဲ့. . . မပျင်းနဲ့)၃ လို့ Black boardမှာ ချရေးပေးပြီး သုံးခေါက်ဆိုခိုင်းပါတယ်။ ပြီးတော့ ဆရာကြီးက ဆက် ပြောပါသေးတယ်။ "ဒီဂါထာကို အိပ်ရာကထရင် သုံးခေါက်၊ စာကျက်ခါ နီးရင် သုံးခေါက်ဆိုရမယ်" တဲ့။ အခုချိန်မှာ ကျွန်တော် သိလိုက်ရတာ

ကတော့ ဒါဟာ ဆယ်တန်းအောင်ဖို့ တစ်ခုတည်းအတွက် မဟုတ်ဘဲ ဘဝ တစ်ခုလုံးစာဆိုတာ နားလည်သွားပါပြီ။ ကျွန်တော် ပျင်းခဲ့မယ်ဆိုရင် ဆယ်တန်း မအောင်နိုင်ပါဘူး။ မရနိုင်ပါဘူး။ ဒါ့ထက် ဗိုလ်ချုပ်သာပျင်း ခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံ လွတ်လပ်ရေး ရနိုင်ပါ့မလား? ကျွန်တော် ဆယ်တန်းကျောင်းသားဘဝမှာ တုန်းကတော့ အဓိကအရေး အကြီးဆုံးက တက္ကသိုလ်ဝင်တန်းဖြေဆိုနိုင်ဖို့ပါပဲ။

ဒါ့အပြင် ဆရာတွေရဲ့ဘဝထဲက သင်ခန်းစာတွေနဲ့ ချစ်ခြင်း မေတ္တာတွေကိုလည်း ရယူနိုင်ဖို့ လိုပါတယ်။ စာမေးပွဲကြီး ဖြေဆိုနေချိန် မှာ အကြောက်ဆုံးကတော့ လျှပ်စစ်ခေါင်းလောင်းသံပါပဲ။ ဆရာဆိုတဲ့ သူတွေရဲ့ မကွဲပြားတဲ့ ချစ်ခြင်းမေတ္တာတွေကိုတော့ အင်္ဂလိပ် စာဖြေတဲ့ နေ့မှာပဲ သိခွင့်ရလိုက်ပါတယ်။

အတန်းစောင့်တာဝန်ကျတဲ့ ဆရာကြီးက အရပ်အမောင်း ကောင်း ကောင်းနဲ့ ရုပ်တည်ကြီးဆိုတော့ ကြောက်မိပါတယ်။ ခွင့်ပြုချိန် သုံးနာရီ ထဲက တစ်နာရီကျော်လောက်မှာပဲ ကျွန်တော်ရသမျှစာတွေ အကုန်ချ ရေးလို့ပြီးနေပါပြီ။ ကျွန်တော် essay ရေးဖို့ အလွယ်ဆုံး ခေါင်းစဉ်ကို ရှာဖို့အတွက် မေးခွန်းစာရွက်ကို ကောက်ကိုင်လိုက်ပါတယ်။ ပြီးတော့ အဖြေလွှာစာရွက်ကို ရှေ့မှာခင်းပြီး ဝမ်းလျားမှောက်ကာ စဉ်းစားနေ လိုက်ပါတယ်။ အချိန်ဘယ်လောက်ကြာသွားလဲတော့ မသိပါဘူး။ ဆရာ လာနှိုးမှပဲ နိုးတော့တယ်။ ကျွန်တော် ကြောက်ရတဲ့ ဆရာကြီးက ကျွန် တော့်ကိုပြုံးပြီး ကြည့်နေပါတယ်။ ကျွန်တော့်အဖြေလွှာပေါ်မှာ ပေနေ တဲ့ အာပုပ်ရည်တွေကို သူ့ပုဆိုး ခါးပုံစနဲ့ သုတ်ပေးနေပါတယ်။ ပြီးတော့ ကျွန်တော့်အဖြေလွှာကို တစ်ရွက်ချင်းစီလှန်ကြည့်ပြီး "အောင်နိုင်တယ် သား ဆက်ကြိုးစားပါဦး" တဲ့။ ဆရာကြီးရဲ့ ကြင်နာတတ်မှုနဲ့ အားပေး စကားတွေဟာ ကျွန်တော့်အတွက် မဟာခွန်အားတွေပါပဲ။ "သားတို့ သမီးတို့ ဘာမှမကြောက်ကြနဲ့ မင်းတို့ဘေးမှာ ဆရာအမြဲတမ်းရှိတယ်" ဆိုတဲ့ စာသင်ခန်းထဲက ကျွန်တော့်ဆရာစကားကိုလည်း ပြန်ကြားမိပါ သေးတယ်။

တစ်နေ့မှာ ကျွန်တော်တို့ စာသင်ခန်းထဲကို ကျောင်းအုပ် ဆရာကြီးဝင်လာပြီး အမှာစကားတွေအများကြီး ပြောခဲ့ပါတယ်။

"သားတို့ သမီးတို့၊ မင်းတို့ဟာ ဒီအချိန်မှာ တပည့်တွေ ဆိုပေမဲ့ နောင်တစ်ချိန်မှာတော့ ဆရာဆိုတဲ့နေရာကို ရောက်လာနိုင် သူတွေဖြစ်တယ်။ ဒါ့အပြင် ဆရာတို့ဘက်ကနေပြီး "ဆရာ" လို့ ပြန်ခေါ် ရမယ့်လူတွေလည်းရှိလာနိုင်တယ်။ ဆရာတို့အလေးပြုရမယ့်**နိုင်ငံသားကောင်း** တစ်ယောက်လည်း ဖြစ်နိုင်တယ်။ ဆရာတို့တွေ အားကျရတဲ့လုပ်ငန်းရှင်ကြီးတွေ ဖြစ်နိုင်တာပဲ။ အဲဒီအတွက် မင်းတို့တွေကို ဆရာခေါ် ဖို့အတွက်၊ အလေးပြုဖို့အတွက်၊ အားကျဖို့အတွက် ဆရာတို့ ဝန်လေးနေမှာ မဟုတ်ပါဘူး။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်နေနိုင်ဖို့ပါပဲ။ ဒါမှ ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်းမယ်။ ကိုယ့်ကျောင်းကြီးလည်း ကောင်းနိုင်မယ်။ ဆိုကြပါဆို့။ တို့ဒီကျောင်းကြီးဟာ နိုင်ငံတစ်နိုင်ငံဖြစ်မယ်ဆိုရင် ဒီကျောင်းထဲမှာရှိတဲ့ ကျောင်းသူကျောင်းသားတွေဟာ နိုင်ငံသူနိုင်ငံသားတွေဖြစ်မယ်။ သည့်အတွက် ဒီကျောင်းရဲ့ နိုင်ငံရေးကောင်းအောင် ကျောင်းသူ ကျောင်းသားတွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမယ်။ ပထမဦးဆုံး ပြောချင်တာကတော့ . . .

**နိုင်ငံရေး။** ။နိုင်ငံရေးဆိုတာ ဒီနိုင်ငံထဲမှာရှိတဲ့ သက်ရှိ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့အားလုံးရဲ့အရေးဟာ နိုင်ငံရေးပဲ။ တာဝန်တွေ၊ ဝတ္တရားတွေဆိုတာကတော့ သက်ရှိတွေအားလုံး ထမ်းဆောင်ကြရမယ်။ ဒုတိယကတော့. . .

**နိုင်ငံသားရေး။** ။နိုင်ငံသားရေးဆိုတာကတော့ ဒီနိုင်ငံအတွင်းမှာရှိတဲ့ တောတောင်ရေမြေလေဆိုတဲ့ တန်ဖိုးထားရမယ့် အရာတွေကို လူသားတွေ အနေနဲ့ ဘိုးဘွားတို့ရဲ့ အမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်း စောင့်ရှောက်ကြရမယ်။ တတိယကတော့. . .

**ကောင်းသော နိုင်ငံသား။** ။ကောင်းသောနိုင်ငံသား ဆိုတာကတော့ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ထမ်းဆောင်နိုင်သလို တစ်ပါးသူတွေကိုလည်း ထိခိုက်နစ်နာစေမှု မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ကြီးပွားတိုးတက်

အောင် ဆောင်ရွက်နိုင်သူတွေလည်း ဖြစ်တယ်။ စတုတ္ထအနေနဲ့ ကတော့. . .

**နိုင်ငံ့သားကောင်း။** ။နိုင်ငံ့သားကောင်းဆိုတာကတော့ တစ်ဦး တစ်ယောက်တည်းအတွက်မဟုတ်ဘဲ အားလုံးအတွက် စွမ်းဆောင်နိုင် သူ ဖြစ်တယ်။ ကိုယ့်ရဲ့ကြိုးစားမှုကြောင့် ကိုယ့်နိုင်ငံကို ကမ္ဘာ့အလယ် ချပြနိုင်တယ်။ ကိုယ့်ကိုအားကျပြီး နောက်ကလိုက်လာတဲ့ သူတွေကို လည်း လိုလိုလားလား လက်ကမ်းပေးနိုင်သူဖြစ်တယ်။ နောက်ဆုံး အနေနဲ့. . .

**နိုင်ငံ့သားကောင်း။** ။နိုင်ငံ့သားကောင်းဆိုတာကတော့ ရှိသမျှ လက် နက်တွေအားလုံးနဲ့ ချိန်ရွယ်ခံထားရသူဖြစ်တယ်။ ကိုယ်သွားခဲ့တဲ့ ခြေ လှမ်းတွေနောက်မှာ ဆူးညှောင့်တွေချခဲ့သူ၊ ကိုယ့်တာဝန်ကိုယ် ကျေဖို့ ထက် တခြားသူရဲ့တာဝန်မကျေမှုကို ပိုပြီး စိတ်ဝင်စားတတ်ကြတယ်။ အမှားအမှန်ကိုဆုံးဖြတ်ဖို့ထက် ပြစ်တင်ရှုံ့ချမှုကို ပိုပြီးလုပ်တတ်ကြ တယ်။

သားတို့သမီးတို့အားလုံးပဲ ဆရာကြီးပြောသွားတဲ့ အကြောင်း အရာတွေအားလုံးကို စဉ်းစားပြီးတော့ ရှေ့ဆက်ကြပါ။ အားလုံးပဲ **လူတော်လူကောင်း**လေးတွေ ဖြစ်နိုင်ကြပါစေကွာ. . . ” တာဝန်ကျ စာသင်ခန်းထဲက ဆရာကိုနှုတ်ဆက်ပြီး ဆရာကြီးထွက်သွားပါတော့တယ်။ ကျွန်တော့်ရင်ထဲမှာတော့ ဆရာကြီးရဲ့စကားသံတွေက ခုထိ ပဲ့တင်ထပ် နေတုန်းပါပဲ။

ဆရာကြီးရဲ့ပါးစပ်ဆိုတဲ့ ပြောင်းဝက ထွက်လာတဲ့ စကားလုံး ဆိုတဲ့ ကျည်ဆန်တစ်တောင့်ဟာ ကျွန်တော်တို့အားလုံးရဲ့ ဦးနှောက်နဲ့ နှလုံးသားကို တစ်ပြိုင်တည်းထိသွားပါပြီ။ ဆေးထိုးပိုက်ထဲက ဆေးရည် တစ်ပုလင်းဟာ လူတစ်ယောက်နဲ့ ရောဂါတစ်ခုကို ပျောက်ကင်းစေပါ လိမ့်မယ်။ အခုတော့ စာသင်ခန်းထဲက ကျောင်းသားကျောင်းသူတွေ အားလုံးရဲ့ ဦးနှောက်နဲ့နှလုံးသားကို ဆရာကြီးက အားဆေး ထိုးပေး လိုက်ပါပြီ။

ကျွန်တော့်ဆရာတွေရဲ့ ဆုံးမစကားတွေကို ဝေမျှပြီး လက်ဆင့် ကမ်းလိုက်တာပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ လက်ဆင့်

ကမ်းအမွေအနှစ်ရဲ့ အကျိုးကျေးဇူးတွေကို သိရှိပြီးဖြစ်မှာပါ။ ဘုရားရဲ့ သားတော် ရဟန်းသံဃာတွေနဲ့ ကိုးကွယ်ယုံကြည်သူတွေရဲ့ ထိန်းသိမ်း စောင့်ရှောက်မှုတွေ၊ သင်္ဂါယနာတင်ပွဲတွေလို ပြန်လည်ကြားနာခြင်း တွေနဲ့ လက်ဆင့်ကမ်းခဲ့လို့ ယနေ့ချိန်ထိ ဗုဒ္ဓဘာသာတည်မြဲနေခြင်းဟာ လက်ဆင့်ကမ်းအမွေအနှစ်ရဲ့ ပြယုဂ်ကောင်းတစ်ခုဖြစ်နိုင်ပါတယ်။ လူတစ်ယောက်ရဲ့ အမှန်တရားတစ်ခုကို တခြားသူတွေအနေနဲ့လည်း ထုတ်ယူသုံးစွဲနိုင်ပါတယ်။ ဒါမှသာ အားလုံးလက်ခံနိုင်တဲ့၊ အစမ်းသပ်ခံ နိုင်တဲ့ အမှန်တရားတစ်ခု ဖြစ်လာမှာပါ။

ကျောင်းသားတိုင်းမှာလည်း ကျောင်းသားဆိုတဲ့ဂုဏ်ရှိပါတယ်။ ဒီဂုဏ်ကိုမပျက်အောင် ထိန်းသိမ်းရမှာက ကျောင်းသားတွေရဲ့ တာဝန် ပါ။ ဒီကျောင်းသားဆိုတဲ့ဂုဏ်ကို လက်ကိုင်တုတ်လုပ်ပြီး တွေ့သမျှ မြင် သမျှ ပတ်ယမ်းနေလို့မရပါဘူး။ သခင်ဇဟိန်းပြောခဲ့တဲ့ **မြင်းခွာတစ်ချက် ပေါက်မီးဟုန်းဟုန်းတောက်** ဆိုတဲ့စကားရှိပါတယ်။ ဒါဟာ ကျူးကျော် လာသူတွေကို တွန်းလှန်ဖို့အတွက် ရဲဝံ့တဲ့စိတ်ဓာတ်ကို ချပြခဲ့တာပါ။ ဒါပေမဲ့ အခုခေတ်ကျောင်းသားတချို့ကတော့ ငါတော် တယ်၊ ငါတတ် တယ်၊ ငါအရေးပါတယ် ဆိုတဲ့သဘောနဲ့ နောက်ပြန်ကန်နေတာတွေ ရှိပါ တယ်။ သူ့စနစ်မကောင်းဘူး၊ သူ့နည်းပညာ မကောင်းဘူးလို့ ယိုးစွပ်နေ မယ့်အစား သူ့အမှားကို သင်ခန်းစာယူပြီး ကိုယ်တိုင် တော်အောင် ကောင်းအောင် ကြိုးစားသင့်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဆရာကန်တော့ပွဲတစ်ခုမှာ ကျွန်တော့် ဆရာပြောခဲ့ဖူးတဲ့ လူတော်လူ ကောင်းဆိုတဲ့ ပုံပြင်လေးတစ်ပုဒ် ပြန်ပြောပြချင်ပါတယ်။

တစ်ခါတုန်းက တောရွာလေးတစ်ခုမှာ ပြေပြေလည်လည် မရှိ လှတဲ့ မိသားစုတစ်ခုရှိတယ်။ ဒီမိသားစုကမွေးဖွားလာတဲ့ ကလေးဟာ မွေး ကင်းစကတည်းက စကားကလည်း မပြောတတ်၊ နားကလည်း မကြား၊ မျက်လုံးတစ်ဖက်ကလည်း ပုံမှန်မဟုတ်ခဲ့ပါဘူး။ အစပိုင်းမှာ သတိမထား မိပေမဲ့ ကလေးတစ်နှစ်၊ နှစ်နှစ်ထိ အရွယ်ရောက်လာ ချိန်မှာတော့ ကလေးက တီတီတာတာလည်း မပြော၊ သားရေခေါ် လည်း မသိသလို နေ၊ ဒါပေမဲ့ မျက်လုံးတစ်ဖက် မကောင်းတာတော့ သိပြီးနေပါပြီ။

ဒီလိုနဲ့ပဲ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ပြေးနိုင်လွှားနိုင်၊ လမ်းလျှောက်နိုင်တဲ့အရွယ်မှာတော့ တခြားကလေးနည်းတူ ဆော့စကား နိုင်တဲ့အတွက် မိဘတွေအနေနဲ့ အနည်းငယ်စိတ်ကျေနပ်ခဲ့ရပါတယ်။ သူအများဆုံးဆော့တာကတော့ သစ်ရွက်လေးတွေခူးပြီး တစ်ယောက် တည်း ဟိုဖြတ် ဒီဖြတ်နဲ့ သူလိုချင်တဲ့ပုံရအောင် လုပ်ယူလေ့ရှိပါတယ်။ သက်တူရွယ်တူကလေးတွေ ကျောင်းတက်တာတွေ့တော့ သူ့ရဲ့ကောင်း နေတဲ့ မျက်လုံးတစ်ဖက်မှာ မျက်ရည်စလေးတွေနဲ့ပေါ့။ "သားလည်း ကျောင်းတက်ချင်လို့" လို့ ပြောချင်တဲ့ ခံစားချက်ရှိပေမဲ့ မပြောပြနိုင်ခဲ့ ပါဘူး။ ဒါပေမဲ့ အထီးကျန်နေတဲ့ သူ့ဘဝထဲကို အဖေနဲ့အမေက ညီမလေး တစ်ယောက် လက်ဆောင်ပေးလို့ ဘဝမှာ ပြီးပြည့်စုံပြီလို့ ခံစားပြီး ပျော်ရွှင် နေခဲ့ပါတယ်။ ဒီလိုနဲ့ ပျော်ပျော်ရွှင်ရွှင်နေရင်းနဲ့ပဲ သူလုပ်နေကျတိုင်း သူငယ်ချင်းတွေဆီက စက္ကူအဟောင်းလေးတွေ တောင်းပြီး ပုံစံမျိုးစုံ ခေါက်၊ တိရစ္ဆာန်ပုံစံလေးတွေခေါက်နဲ့ စိတ်တိုင်းကျ စွဲစွဲမြဲမြဲလုပ်နေခဲ့ ပါတယ်။

နောက်တော့ သူခေါက်ထားတဲ့ စက္ကူပုံစံတွေဟာ သူ့သူငယ် ချင်းတွေကြားမှာ ရေပန်းစားလာပါတယ်။ တဖြည်းဖြည်းနဲ့ ရောင်းတန်းဝင် လာတဲ့အထိ ထူးချွန်စွာ လုပ်ဆောင်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် မိဘ နှစ်ပါးကလည်း သားဖြစ်သူဆီက သင်ယူပြီး တတ်နိုင်သလောက် ဝိုင်းကူ ပေးတဲ့အတွက် မိသားစုအတွက် ဈေးကွက်တစ်ခုဖြစ်လာပါတယ်။ မိသားစု စီးပွားရေးကလည်း ပြေလည်စပြုလာပါပြီ။ ဒါပေမဲ့ ကောင်းနေတဲ့ မျက်လုံး တစ်လုံးကလည်း ချွတ်ယွင်းစပြုလာပါပြီ။ မိဘတွေ အနေနဲ့ စိတ်ဆင်းရဲ ရပေမဲ့ မွေးထားတဲ့သားလေး အတတ်ပညာ မပေးနိုင်ရင်တောင်မှ အသက် ဆက်ရှင်သန်ဖို့အတွက် ရှိသမျှငွေကြေးနဲ့ ကုသခဲ့ပေမဲ့ အရွယ်ရောက် ချိန်မှာတော့ နောက်ထပ် မျက်လုံးတစ်လုံးကို ပေးဆပ်လိုက်ရပါပြီ။ လောကကြီးတစ်ခုလုံး အမှောင်ကျ သွားပါပြီ။

ဘဝတစ်ခုဖြစ်တဲ့ ညီမလေးမျက်နှာ ငိုနေမလား။ အမေ ရှိုက် နေမလား။ သားမမြင်နိုင် မကြားနိုင်တော့ပါဘူး။ သားရင်ထဲက ဘုရား တစ်ဆူဖြစ်တဲ့ အဖေရော၊ သားအတွက် ဘယ်လိုခံစားနေရမလဲ။ မေးချင်ပါ

တယ်။ ဒါပေမဲ့ ခံစားချက်အားလုံးကို ဘယ်လိုပုံစံနဲ့မှ ချပြခွင့် မရခဲ့ဘဲ ရင်ထဲမှာ ဆို့နင့်စွာ ခံစားနေရပါတယ်။

ဒါပေမဲ့ ထမင်းစားဖို့ စက္ကူခေါက်တဲ့အလုပ် လက်ထဲမှာ ရှိနေသေးတယ်။ မျက်မမြင်၊ နားမကြား၊ စကားမပြောတတ်တဲ့ လူတစ်ယောက်ဟာ စက္ကူလေးတွေခေါက်ရင်း တောရွာလေးမှာ မိဘနှစ်ပါးနဲ့အတူ ညီမလေးရဲ့ အရိပ်တစ်ခုအဖြစ် သက်ဆုံးတိုင် နေထိုင်သွားပါတော့တယ်။

ပုံပြင်လေးကတော့ ဒါပါပဲ။ ဒီနေရာမှာ ဆရာပြောချင်တဲ့ စကားလေးကို ဆက်ပြောချင်ပါတယ်။

"သားတို့ သမီးတို့ ဒီပုံပြင်ထဲက လူငယ်လေးကို ဆရာ့အနေနဲ့ **လူတော်လူကောင်း**လေးတစ်ယောက်လို့ သတ်မှတ်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အတန်းပညာတစ်ခုကို မသင်ကြားရပေမဲ့ ကိုယ့်ဘဝကိုယ် စိတ်ဓာတ်ကျမနေဘဲ ရပ်တည်နိုင်ခဲ့တယ်။ သာမန်လူတွေထက် ချွတ်ယွင်းချက်များစွာ ရှိနေပေမဲ့ ကိုယ့်ရဲ့ အလုပ်ကို အောင်မြင်အောင် အာရုံစိုက်နိုင်ခဲ့တယ်။ လူကောင်းလို့ ဘာကြောင့်ပြောရသလဲဆိုရင် သူ့စိတ်ထဲမှာရှိတဲ့ ကောင်းမှု၊ မကောင်းမှုတွေကို လွယ်လွယ်နဲ့ ချမပြနိုင်ခဲ့ဘူး။ ထိန်းချုပ်နိုင်ခဲ့တယ်။ ဒါဟာ မွေးရာပါနူးညံ့နေတဲ့ နှလုံးသားကို ပတ်ဝန်းကျင်က အရောင်မဆိုးနိုင် တာကြောင့်လည်း ဖြစ်တယ်။

သားတို့သမီးတို့တွေလည်း လူတော်လေးတွေ ဖြစ်ချင်ကြတယ်ဆိုရင် ကိုယ်လုပ်တဲ့အလုပ်ကို ပြီးမြောက်အောင် အာရုံစိုက်ပါ။ လူကောင်းလေးတွေဖြစ်ချင်ကြရင်တော့ ခန္ဓာကိုယ်မှာရှိတဲ့ ဒွါရပေါက်တွေကို စေခိုင်းတတ်တဲ့ စိတ်ရဲ့ဆန္ဒကို အလိုမလိုက်ပါနဲ့" တဲ့။

တပည့်တွေအားလုံးလည်း ခံစားရတဲ့ မျက်နှာတွေနဲ့ ဆရာတွေကို ကန်တော့လိုက်ကြပါတယ်။

ကျွန်တော့်ဆောင်းပါးမှာတော့ နောက်ခံတေးဂီတတော့ မပါပါဘူး။ ရင်ထဲမှာတော့ သံစဉ်တစ်ခုက အမြဲတမ်းရှိနေပါတယ်။

♬ အာစရိယဂုဏော . . အနန္တော . . မြတ်သောဆရာ . . မြတ်ဆရာ . . . ♬

သားတို့ကို ချစ်တဲ့ မြတ်ဆရာ. . .၊ သမီးတို့ကို ချစ်တဲ့ မြတ်ဆရာ။

## ညွှန်းဆိုအပ်သော ဆရာ

ဆရာဟူသည်၊ တပည့်ဆီက
မည်သည့်အကျိုး၊ မမျှော်ကိုးပေ။

ကြားကြုံမေးတွေး
စူးရေးလေ့ကျက်၊ ပညာမြတ်တို့
ပေးအပ်လေသူ၊ ဆရာဟူ၏။

တန်ခိုးနတ္ထိ၊ တန်ဖိုးရှိသည်
အမိပမာ၊ မြတ်ဆရာတည်း။

ကျွန်ုပ်သိတတ်၊ ပညာမြတ်လည်း
ထပ်ကြပ်မကွာ၊ ပေးအပ်ရှာသူ
ဆရာဟူ၏။

မြတ်သည့်လူသား၊ ဆရာများအား
အမှားပါနိုး၊ ကျွန်တော်မျိုးက
ရှိခိုးဝန်ချ၊ တောင်းပန်ပါ့မည်
မြတ်သည့်ဆရာ၊ အို ဆရာတို့။ ။

ooo

**ကိုငယ် (သ.မိန်ထော)**



**သစ်ဆင်း**
**စာလုံးပေါင်းပါသော်လည်း ...**

"လူအထင်သေးခံရမှာစိုးလို့
အင်္ဂလိပ် spellingကို အတိအကျ
ဂရုစိုက်သလောက် မြန်မာspellingကိုကျတော့
'အဲလောက် မလိုပါဘူးကွာ' ဆိုပြီး..."

"အိမ်၊ ရုံးတော်တော်များများမှာ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊
မြန်မာအဘိဓာန်သာ မရှိရင်နေမယ်။
English Dictionaryတစ်အုပ်လောက်တော့..."

## စာလုံးပေါင်းပါသော်လည်း ...

စာရေးသူဟာ မြန်မာနိုင်ငံက မြန်မာနိုင်ငံသားဖြစ်ပါတယ်။ မြန်မာစာသင်ကျောင်းမှာပဲ အတန်းပညာတွေကို ဆည်းပူးခဲ့တယ်။ ဒီခေါင်းစဉ်၊ ဒီအကြောင်းလေးကို (မြင်သလောက်) ရေးချင်နေတာ ကြာပါပြီ။ အကြောင်းအရာအသစ်တော့ မဟုတ်ပါဘူး။ ပြောသူ၊ ရေးသူ၊ ကာတွန်းဆွဲသူတွေလည်း အများကြီးရှိဖူးပါတယ်။ ရှိနေဆဲပါ။ တခြား မဟုတ်ပါဘူး။ မြန်မာစာလုံးပေါင်းသတ်ပုံအကြောင်းလေးပါ။

နေ့လ**ည်**။

နိုင်ငံတကာအဆင့်**မှီ**။

အိမ်**ယာ**။

ကြေ**ငြာ**။

ဝတ်**မှုံ**။

. . . . . . ။

. . . . . . ။

အဲလိုစာသားတွေကို စာရှုသူများ တရင်းတနှီးမြင်ဖူးမှာပါ။ ကိုယ်ကိုယ်တိုင်လည်း သုံးဖူးကြမှာပါ။ ဒါပေမဲ့ (Bold လုပ်ထားတဲ့) စာလုံးပေါင်းတွေက မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းအရဆို အတိအကျ မှားနေပါတယ်။ စာရေးသူအနေနဲ့ အဲလိုစာလုံးပေါင်းတွေနဲ့ ဆုံရတိုင်း ဘဝင်မကျဖြစ်မိပါတယ်။

စာသားတွေကိုတော့ အသုံးပြုနေပြီး ကိုယ်သုံးလိုက်တဲ့ စာလုံးပေါင်းကို ဂရုမစိုက်၊ အလေးမထားတဲ့ ပုဂ္ဂိုလ်တချို့ကို စာရေးသူ အံ့ဩမိပါတယ်။ စာလုံးပေါင်းသတ်ပုံကိစ္စက စာရေးအသားဆိုင်ရာ စည်းကမ်းတစ်ခုဖြစ်တယ်ဆိုတာ သူတို့ မသိလို့များလား။ ပြီးတော့ သတ်ပုံမှားရင် အနက်အဓိပ္ပာယ်တွေပါ ကောင်းကောင်းကြီးလွဲချော် သွားနိုင်တယ်ဆိုတာကို သူတို့အနေနဲ့ အသင်မခံခဲ့ရလို့ များလား။

စာရေးသူလိုပဲ စာရှုသူများ ကြုံဖူးပါလိမ့်မယ်။ ဘာလဲဆိုတော့ မြန်မာတစ်ယောက်က မြန်မာစာကို အသိအမှတ်မပြု၊ အထင်မကြီးတာမျိုးပါ။ လူအထင်သေးခံရမှာစိုးလို့ အင်္ဂလိပ် spelling ကို အတိအကျ ဂရုစိုက်သလောက် မြန်မာ spelling ကိုကျတော့ 'အဲလောက်မလိုပါဘူးကွာ' ဆိုပြီး ပြုမူနေကျတာမျိုးပါ။ ကလေးအတွေးသာသာအဲလို ပြုမူ ရေးသားနေတဲ့ ပုဂ္ဂိုလ်တွေကို စာရှုသူများ တွေ့ဖူးကြမှာပါ။

ဘယ် spelling ကိုဖြစ်ဖြစ် (သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းအတိုင်း) သုံးစွဲရမှာ စာအသုံးပြုသူတွေရဲ့ တာဝန်တစ်ခုပဲ မဟုတ်ပါလား။ (စာရေးသူတို့ဟာ ဘာမဟုတ်တဲ့ ဘတ်စကား စီးရင်တောင် စပယ်ယာရဲ့ ပြောစကား (စည်းကမ်း)ကို လိုက်နာရ ပါတယ်။ သူ့ကားစီးပြီးသူ့စကားနားမထောင်ရင် နောက်ကားစီးဆိုပြီး စာရေးသူတို့ကို မောင်းချလိုက်မှာပါ။)

စာအသုံးပြုသူတွေရဲ့ ပေါ့ဆမှုကြောင့် မှားယွင်းနေတဲ့ သတ်ပုံတွေ နေရာအနှံ့မှာ ပုံစံအမျိုးမျိုးနဲ့ မြင်တွေ့နေရပါတယ်။ ဒါဟာ ကောင်းတဲ့ လက္ခဏာတော့ ဟုတ်မယ်မထင်ဘူး။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ကိုယ်ပိုင်စာပေကိစ္စကြီး မဟုတ်ပါလား။ စာရေးသူ တွေးမိတာလေး ပြောပြချင်ပါတယ်။ အဲဒီစာလုံးပေါင်း ဂရုမစိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ မြန်မာစာအဖွဲ့ဦးစီးဌာနလို ဌာနတစ်ခုခုက အရေးယူမယ်ဆိုမှ သူတို့ရဲ့ပေါ့ဆမှုကို ရပ်မယ့်သဘောရှိပါတယ်။ ကိုယ့်အသိစိတ်နဲ့ ကိုယ်ကိုယ့်စာပေကို ကိုယ်လေးစားတန်ဖိုးထားဖို့ ဘာကြောင့်များ ဝန်လေးနေကြပါလိမ့်။

စာရေးသူတို့ မြန်မာနိုင်ငံရဲ့ အိမ်၊ရုံး တော်တော်များများမှာ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာအဘိဓာန်သာ မရှိရင်နေမယ်။

English Dictionary တစ်အုပ်လောက်တော့ အနည်းဆုံး ဆောင်ထားလေ့ရှိတာ တွေ့ရပါလိမ့်မယ်။ Lunch ဆိုတဲ့ အင်္ဂလိပ်စာသားကို ဖြောင့်ဖြောင့် ဖြူးဖြူး စာလုံးပေါင်းတတ်ကြပေမဲ့ မြန်မာစာသား **နေ့လယ်၊ နေ့လယ်စာ**ကို 'နေ့လည်စာ'လို့ ရေးသား သုံးနှုန်းနေကြတာ နှစ်တော်တော်ကြာပါပြီ။(အချို့အချို့သော စားသောက်ဆိုင်တွေ၊ အလှူမင်္ဂလာဖိတ်စာတွေမှာ ပေါပေါများများ တွေ့နေရပါတယ်။ ဘာကြောင့်များပါလဲ) သူများတွေလည်း ဒီလိုပဲ ပေါင်းနေကြတာဆိုပြီး အမှားတစ်ခုကို လက်ဆင့် မကမ်းသင့်ပါဘူး။ အဲလို စာလုံးပေါင်းသတ်ပုံအမှားတွေ စာရေးသူတို့ ဆီမှာ ဘယ်လောက်များနေပြီလဲ။ ဘယ်အခြေအနေထိ ဖြစ်နေပြီလဲ။ မစဉ်းစား သင့်ပေဘူးလား။

ဘယ်မြန်မာစာရေးရေး၊ ဘယ်နှကြောင်းပဲရေးရေး ကိုယ်ရေးထားတဲ့စာကို စာလုံးပေါင်းသတ်ပုံကျမ်းနဲ့ ပြန်တိုက်စစ်ဆေးတဲ့လူ စာရေးသူတို့ဆီမှာ ဘယ်နှဦးများရှိမလဲ။ နိုင်ငံတကာအဆင့်မီ **(ခေတ်မီ)**ဆိုတဲ့ မြင့်မြင့်မားမား၊ ခမ်းခမ်းနားနား စာသားကြီးသာ သုံးချင်တာ၊ ဘာနဲ့ မီရမှန်းမသိတော့ မခက်ပေဘူးလား။

ရှိပါသေးတယ်။ လုံးချင်းတိုက်လေးတွေကို ပုံစံတူ အများကြီးဆောက်ထားတယ်။ လှပဆိတ်ငြိမ်ပြီး အင်မတန်နေလို့ကောင်းတဲ့ လူကုံထံတွေရဲ့ နယ်နိမိတ်ဧရိယာတစ်ခုပါ။ အဲဒီဧရိယာကြီးတစ်ခုလုံး ခမ်းနားပြည့်စုံပါပေမယ်။ ဒါပေမဲ့ မုခ်ဦးအဝင်ဝမှာ'ဘာ **Housing,** ဘာအဆင့်မြင့်အိမ်ယာ' ဆိုပြီး အင်္ဂလိပ်မြန်မာနှစ်ဘာသာနဲ့ ရေးထိုးထားတာ တွေ့လိုက်ရတော့ ဘဝင်မကျ ဖြစ်ရပြန်ပါတယ်။ **Housing** စာလုံးပေါင်းကိုဂရုစိုက်ထားပေမဲ့ အိမ်ရာစာလုံးပေါင်းကို လျစ်လျူရှုထားကြပါတယ်။ **'အိမ်ယာ'**တဲ့။ ဝမ်းနည်း စိတ်ပျက်စရာပါပဲ။

လမ်းခရီးသွားရင်း အဲလိုမုခ်ဦးတွေကို တွေ့ရတိုင်း စာရေးသူအနေနဲ့ ဆိုင်ရာပုဂ္ဂိုလ်တွေကို **'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း'** စာအုပ်လက်ဆောင်ပေးချင်စိတ် ဖြစ်မိပါတယ်။ သူတို့ စာရေးသူရဲ့ လက်ဆောင်ကို လက်ခံကြပါ့မလား။

အခုတစ်ခါ စာရှုသူတို့ မြင်ဖူးတာလေး ပြောချင်ပါတယ်။ သတင်းစာ၊ စာစောင်၊ ကြော်ငြာသင်ပုန်းတွေမှာ တွေ့ရလေ့ရှိတဲ့ စာသားလေးပါ။ ဘာတဲ့၊ 'ကြေငြာချက်' တဲ့။ အရေးကြီးတဲ့ ကြေညာချက်သာ ထုတ်ပြန်ချင်တာ၊ ဘာနဲ့ ညာရမှန်း မသဲကွဲကြပါဘူး။ 'ကြော်ငြာ' ဆိုတဲ့ စာလုံးပေါင်းနဲ့ ရောထွေးနေပုံရပါတယ်။ အဲတော့ သဲကွဲချင်ရင်၊ မရောချင်ရင် မြန်မာစာသတ်ပုံကျမ်းကို ကျက်မှတ်ဖို့ ဆောင်ထားဖို့ လိုပါလိမ့်မယ်။ (စာရေးသူလည်း လိုအပ်သလောက် အလွတ်ကျက် ထားပါတယ်။ ကြေညာ။ ကြော်ငြာ။) မြန်မာတစ်ယောက်က မြန်မာ စာလုံးပေါင်း မတတ်မြောက်တာကို၊ မသိတာကို၊ ဂုဏ်ယူစရာလိုလို ဘာလိုလို သတ်မှတ်ထားရင်တော့လည်း အဲလို ကျက်မှတ်ထားဖို့ လိုမယ် မထင်ပါဘူး။ သူ့ခံယူချက်နဲ့ သူပါပဲ။

စာရေးသူအနေနဲ့ စာစီစာရိုက်ပြုသူတွေ၊ မြန်မာစာလုံးတွေကို အမြဲတစေ၊ ထိတွေ့ကိုင်တွယ်နေသူတွေကို မေတ္တာရပ်ခံချင်ပါတယ်။ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား စသဖြင့် သူတို့ရဲ့ spelling တွေကို ဂရုစိုက်သလို မြန်မာ spelling ကိုလည်း အလေးထားစေ ချင်ပါတယ်။ ဥပမာ- ကိုယ့်နာမည် စာသား၊ ကိုယ်ရထားတဲ့ ဘွဲ့စာသားကို စာလုံးသေချာပေါင်းသလို ကိုယ်သုံးစွဲရမဲ့ မြန်မာ စာသားတိုင်း (စာသားအားလုံး) ကို တန်းတူ အသိအမှတ်ပြုစေချင် ပါတယ်။ Spelling ကိစ္စမှာ မျက်နှာမလိုက်စေချင်ပါဘူး။ ပြီးတော့ ကိုယ့်ရဲ့ပေါ့ဆမှုကြောင့် ဖြစ်ပေါ် လာနိုင်တဲ့ နောက်ဆက်တွဲကိစ္စတွေ ကိုလည်း မျှော်တွေးစေချင်ပါတယ်။

မြန်မာစာအဖွဲ့က ဆရာကြီးတစ်ယောက် ပြောထားတာ ရှိပါတယ်။ မြန်မာစာလုံးပေါင်းသတ်ပုံဟာ မြန်မာစာရဲ့ အခြေအမြစ် ဖြစ်တယ်။ သတ်ပုံမှန်မှ အနက်အဓိပ္ပာယ်အမှန်ကို သိနိုင်မယ်တဲ့။ (မြို့ဝန်ကို မြို့ဝံလို့ မှားရေးလိုက်တာနဲ့ လူအရာရှိကြီးကို ဆိုလိုတာ မဟုတ်တော့ဘဲ တိရစ္ဆာန်ဝက်ဝံကို ဆိုလိုတာ ဖြစ်သွားနိုင်ပါတယ်။)

ပြီးတော့ မြန်မာစာပေသက်တမ်း အနှစ် ၁၀၀၀ ကျော်ကာလအတွင်းမှာ သတ်ပုံကျမ်းတွေ ၁၀၀ ကျော်ရှိခဲ့ပေမဲ့ ရဟန်းရှင်လူတွေ တညီတညွတ်တည်း လက်ခံလိုက်နာနိုင်တဲ့ သတ်ပုံကျမ်း

ဆိုလို့ တစ်စောင်မှ မရှိခဲ့ပါဘူးတဲ့။ ဒါပေမဲ့ ဒီနေ့ကာလအထိ အများပြည်သူလက်ခံတဲ့၊ မှီငြမ်းကိုးကား နေတဲ့ 'မြန်မာစာ သတ်ပုံကျမ်း' ဟာဆိုရင် ၁၉၈၆ ခုနှစ်၊ စက်တင်ဘာ (၃၀)ရက်နေ့မှာ မြန်မာစာအဖွဲ့က ပြုစုလိုက်တဲ့ နိုင်ငံတော်အဆင့် ပြဌာန်းကျမ်းဖြစ်တယ်လို့ ဆရာကြီးက ပြောထားပါ သေးတယ်။ ဒါကြောင့် စာရေးသူ အပါအဝင် စာအသုံးပြုသူများအနေနဲ့ အဲဒီ သတ်ပုံကျမ်းဆိုတာကို လေ့လာသင့်ပါတယ်၊ လေးစားသင့်ပါတယ်၊ လက်စွဲပြုသင့်ပါတယ်။ စံတစ်ခုဆိုတာ လိုအပ်တယ် မဟုတ်ပါလား။

စာရှုသူတို့ မြင်ဖူးတာလေး နောက်တစ်ခုလောက် ပြောပါဦးမယ်။ 'ဝတ်မှုံ' တဲ့။ ဝတ်မှုန်ဝတ်ဆံဆိုတဲ့ စာလုံးပေါင်းအမှန် တရားဝင်ရှိပါလျက်နဲ့ ဝတ်မှုံ၊ ဝတ်မှုံဆိုပြီး စာလုံးပေါင်းနေကြတာ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်။ တကယ်တော့ 'မှုံ' ဟာ သတ်ပုံကျမ်းမှာ မပါသလို မြန်မာအဘိဓာန်မှာလည်း မရှိတဲ့ စကားလုံးပါ။ အဲတော့ ကိုယ့်သဘောနဲ့ကိုယ် တီထွင်သုံးစွဲနေတာများလား။

ဖြစ်နေကြတာကို ပြောရရင် မြန်မာစာတော့ အသုံးပြုမယ်။ စာလုံးပေါင်းသတ်ပုံကိုတော့ အချိန်မပေးနိုင်လို့ တာဝန်မယူနိုင်ပါဘူး။ တစ်ဖက်လူ နားလည်သွားဖို့က လိုရင်းပါပဲ။ မလိုအပ်ဘဲ ပုံကြီးမချဲ့ ချင်ကြပါနဲ့။ မြန်မာစာ၊ မြန်မာစကားအကြောင်းလည်း လာမပြောပါနဲ့။ ကိုယ့်လွတ်လပ်ခွင့်နဲ့ ကိုယ်ပါပဲ စသဖြင့်ပေါ့။ အဲသလို တုံ့ပြန်မှုလေးတွေကို စာရေးသူအနေနဲ့ ကြားဖူးပါတယ်။ မှတ်သားဖူးပါတယ်။

တစ်စပ်တည်း စာရေးသူတွေးမိတာက အဲလိုပုဂ္ဂိုလ်တွေ တစ်စတစ်စများလာရင် အဲဒီနိုင်ငံ၊ အဲဒီလူမျိုးရဲ့စာ၊ ဘာသာစကား ဘယ်အခြေအနေဖြစ်သွားနိုင်ပါသလဲ။ သူတို့အနေနဲ့ ဒီသတ်ပုံကိစ္စက မြန်မာစာအဖွဲ့ ဒါမှမဟုတ် ဆိုင်ရာဆိုင်ရာဌာနမှာပဲ စောင့်ထိန်းဖို့ တာဝန်ရှိပြီး သုံးစွဲသူမှာ လုံးဝ တာဝန်မရှိဘူးလို့ တွေးတောထားပုံ ရပါတယ်။ အဲတော့ကာ . . . . . ။

အဲဒါကြောင့်လည်း ထင်ပါတယ်။ Facebook ပေါ်က စာလုံးပေါင်း တော်တော်များများဟာ ဝမ်းနည်းစရာ ကောင်းလောက်အောင်

မှားယွင်းနေကြပါတယ်။ ကိုယ့်စာလုံးပေါင်း မှားနေမှန်း မသိတာ ဖြစ်နိုင်သလို သိသိကြီးနဲ့ (အချိန်ကြောင့်ဆိုပြီး) ဂရုမစိုက်၊ အလေးမထားတာလည်း ဖြစ်နိုင်ပါတယ်။ အင်္ဂလိပ်စာလုံးပေါင်းဆိုရင်တော့ အဲ့ပုဂ္ဂိုလ်တွေ သေချာဂရုစိုက်ပေါင်းထားတာတွေ့ရပါတယ်။ မြန်မာစာနဲ့များ ရန်ငြိုး ရန်စရှိခဲ့ဖူးလား မသိပါဘူး။ မြန်မာစာကို တစ်နည်းနည်းနဲ့ သတ်နေတယ်လို့ စာရေးသူစွပ်စွဲရင် သူတို့လက်ခံကြပါ့မလား။

အများပြည်သူဆီကို ဖြန့်ချိနေတဲ့ စာအုပ်၊ စာစောင်တွေ၊ TV မှာ မြင်နေရတဲ့ စာတန်းထိုးတွေ၊ လမ်းဘေးဆိုင်းဘုတ်အကြီးအသေးမျိုးစုံတွေမှာ မှားယွင်းနေတဲ့ စာလုံးပေါင်းသတ်ပုံတွေ ခံ့ခံ့ထည်ထည် နေရာယူထားကြတာ စာရှုသူတို့ မြင်ဖူးပါလိမ့်မယ်။ 'အဲလိုအမှားတွေ ဆက်တိုက်ဖြစ်၊ နှစ်တွေ ကြာညောင်းသွားပြီဆိုရင်တော့ အမှန်ကို ပြန်ရောက်ဖို့ဆိုတာ အတော်ခက်ခဲတယ်' လို့ မြန်မာစာဆရာတစ်ယောက်က သုံးသပ်ပါတယ်။ အဲဒီဆရာရဲ့ မြန်မာစာအပေါ် စိုးရိမ်ပေးမှုကို အသိအမှတ်ပြုသင့်တယ် မဟုတ်ပါလား။

နောင်ကြီးပြင်းလာကြမယ့် ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူတွေကို ခုလို ငယ်ငယ်ကတည်းက ကိုယ့်လူမျိုး၊ ကိုယ့်စာပေကို အလေးထားတတ်တဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းနေအောင် လူကြီးမိဘအားလုံးက ထိန်းကျောင်းလမ်းညွှန်ပေးဖို့ အထူးလိုအပ်နေတယ်လို့လည်း အဲဒီ မြန်မာစာဆရာက အကြံပြုပါတယ်။ စာရေးသူတို့ မြန်မာလူမျိုးတွေ သတိပြုဆင်ခြင်ရမယ့် အကြံပြုတိုက်တွန်းချက်များပဲ ဖြစ်ပါတယ်။ သတိပြု ဆင်ခြင်နိုင်စွမ်း မရှိကြဘူးဆိုရင်တော့ . . .။

ကွန်ပျူတာအသုံးပြုပြီး မြန်မာစာလုံးတွေကို ကိုင်တွယ် ထုတ်လုပ်နေသူတွေအနေနဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို မဖြစ်မနေ ဆောင်ထားသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကာ အသုံးများတဲ့ မြန်မာဝေါဟာရကာ တစ်သောင်းရှစ်ထောင်ကျော်ရှိတယ် ဆိုကြပါစို့။ အဲဒီ ကွန်ပျူတာသမားတွေကပဲ (စာလုံး)အများဆုံး ရိုက်နှိပ်အသုံးပြုနေကြတာဖြစ်ပါတယ်။ (လက်နှိပ်စက်သမား၊ ပန်းချီသမား၊ ဆိုင်းဘုတ်သမား၊ ကာတွန်းသမား စသဖြင့်သူတို့တွေက စာလုံးတွေကိုင်တွယ်

အသုံးပြုကြတယ်ဆိုပေမဲ့ ကွန်ပျူတာသမားတွေလောက် မကိုင်တွယ်ရပါဘူး)

မြန်မာစာလုံးပေါင်းသတ်ပုံနဲ့ပတ်သက်ပြီး စာရေးသူ တွေးမိပါသေးတယ်။ Software တွေမှာ၊ ဥပမာ(Indesign) မှာ အင်္ဂလိပ်စာကို Check Spelling လုပ်လို့ရသလို မြန်မာစာကိုလည်း အဲလို check လုပ်လို့ရရင် တော်တော်လေးကို အဆင်ပြေမှာပါ။ စာလုံးပေါင်းသတ်ပုံကျမ်း မဆောင်ချင်သူ ကွန်ပျူတာသမားတွေလည်း အကြိုက်တွေ့နိုင်ပြီး သူတို့ဆီကထွက်လာမယ့် သတ်ပုံအမှားတွေကို တစ်နည်းတစ်ဖုံ ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။

စာရေးသူတို့ရဲ့ မြန်မာစာအပေါ်၊ မြန်မာစာလုံးပေါင်းအပေါ် ပေါ့ဆနေသူတွေ တစ်စတစ်စ လျော့နည်းသွားရင် သတ်ပုံအမှန်တွေလည်း သူ့နေရာသူပြန်ရောက်မှာဖြစ်ပါတယ်။ ဒါဟာ မြန်မာစာအတွက် ကောင်းတဲ့ လက္ခဏာပဲ မဟုတ်ပါလား။

စာရေးသူအနေနဲ့က ဒီလိုလေး မြင်ယောင်မိပါတော့တယ်။

**နေ့လယ်။**

**နိုင်ငံတကာ အဆင့်မီ။**

**အိမ်ရာ။**

**ကြေညာ။**

**ဝတ်မှုန်။**

. . . . . | . . . . . . ||

(ဤရသရောင်စဉ်စာအုပ်တွင်လည်း သတ်ပုံများကိုအတတ်နိုင်ဆုံးဂရုစိုက်ထားပါသည်)

ooo

သစ်ဆင်း



ကြင်လှိုင်မြင့်
ငါးမြွေထိုးမ

“ကလေး… ပြောတတ်တယ်မဟုတ်လား။
ဆုံးသွားတာ ဦးကျင်ဝမ်းနော်။ မှတ်ထားဦး’
အသုဘလာဖိတ်သူ စက်ဘီးစီးပြီး ပြန်ထွက်သွားသည်။
စက်ဘီးတစ်ပတ်၊ နှစ်ပတ်လောက်ပဲ လှိမ့်ရသည်ရှိသေး။ ‘
ငါးမြွေထိုးမ’ ထိုစက်ဘီးနောက်သို့
အပြေးလေး လိုက်သွားခဲ့သည်။
‘ဦးလေး.. ဦးလေး.. နောက်နေ့တွေလည်း
ဒီလိုဖယောင်းတိုင်လေးတွေ ခဏခဏ လာပေးဦးနော်’
စက်ဘီးနှင့်လူ ခေါင်းကုတ်ပြီး…”

# ငါးမြွေထိုးမ

နာမည်ကိုက 'ငါးမြွေထိုးမ'။ ဆိုသည့်အတိုင်း မွေချက်သည် နံပါတ်တစ်။ 'အမွှေစိန်'၊ 'အကြောရှည်' စသည့် နေ့သင့်နံသင့် နာမည်လေးတွေလည်း ရှိသေးသည်။ 'မေဖူးပွင့်' ဆိုသော နာမည်ရင်းသည်လည်း ပျောက်သလောက်ကို ဖြစ်နေပြီ။ ကျောင်းတွင်လည်း မည်သူက ချွန်ထားသည်မသိ။ 'ငါးမြွေထိုးမ'၊ 'အမွှေစိန်မ'၊ 'အကြော ရှည်မ' ဆိုပြီး မကြားတကြားလေး ခိုးခေါ်ကြသူတွေသည်လည်း ဒုနဲ့ဒေး။ ထိုကဲ့သို့ ခိုးခေါ်ကြပြီးလျှင် ရုပ်တည်ကြီးများနှင့် နေကြသည်မို့ မည်သူခေါ် လိုက်သည်ဆိုသည်ကို တိတိကျကျသိဖို့ရန် မလွယ်။ မသိလျှင်တော့လွတ်. . .။ သိလို့ကတော့လား. . . ဟင်း 'ငါးမြွေထိုးမ' တဲ့။ ဘယ်အလွတ်ပေးလိမ့်ပါ့မလဲ။ ထိုကဲ့သို့ ခိုးခေါ် လိုက်သောသူ၊ ညနေ အတန်းဆင်းလျှင် ခြေဗလာနှင့် ပြန်လျှင်ပြန်။ မပြန်လျှင် ထမင်းဘူးထဲတွင် ဆီးထုပ်အခွံ၊ စက္ကူဖြစ်၊ အမှိုက်အပြည့်နှင့် အိမ်ပြန်စေရမည်။

ဤသို့မှမလုပ်ရလျှင် ကျောင်းဆင်းချိန်ရောက်တော့မှ ဘာပျောက် ပါသည်၊ ညာပျောက်ပါသည်ဆိုပြီး ဆရာမကို သွားတိုင်လိုက်သည်။ ကျောင်းဆင်းချိန်ဆိုတော့လည်း သိကြသည့်အတိုင်း။ အိမ်ပြန်ချင်ကြ၍ ရှိုးတိုးရှူတဖြစ်နေကြပြီ။ လွယ်အိတ်တစ်ခုချင်းစီကို အေးအေးဆေးဆေး ဟန်မပျက်လေး လိုက်ရှာပြီးမှ 'အခုမှ သတိရတယ်။ မနက်ကတည်းက

မပါလာဘူး။ အိမ်မှာကျန်ခဲ့တယ်' ဆိုပြီး သူ၏ နာမည်ပြောင်ကို ခိုး ခေါ်သူ အပါအဝင် ကျန်လူတွေပါ အိမ်အပြန်နောက်ကျအောင် အမြဲ လုပ်တတ်၊ မွေတတ်သော 'ငါးမြွေထိုးမ'။

အသားလေးသည် ညို၍ အမည်းဘက်သို့ နည်းနည်းလေး လုနေသည်။ အရပ်သည်လည်း 'အပုမများ' အသင်းတွင် အထွေထွေ အတွင်းရေးမှူး။ ထူထူတန်းတန်း မျက်ခုံးမွေး၊ နက်ကော့ကော့ မျက် တောင်၊ ပိုးစားထားသော ညိုကျဲကျဲသွားများနှင့် ခပ်တိုတို၊ ခပ်ဝပ်ဝပ် နှာတံလေးတို့သည် ဝိုင်းဝိုင်းဝန်းဝန်း အစ်အစ်ရစ်ရစ် မျက်နှာလေးပေါ် တွင် သူ့နေရာနှင့်သူ အစပ်အဟပ်တည့်နေကြသည်။ သူ့ကိုကြည့်လိုက် လျှင်လည်း အမြဲတမ်း ပြုံးနေတတ်သည်။

ပြုံးသည့်အခါသာ ပြုံးနေသည်။ ငိုလျှင် မပြီးတော့။ သူ ၂ နှစ် သမီးလောက်တုန်းကဆိုလျှင် ငိုကြောရှည်ချက်။ မနက် (၇)နာရီလောက် ကတည်းမှ စ၍ငိုသည်။ နေ့ခင်း (၃)နာရီထိုးသည့်တိုင် အငိုတိတ် ရန်အတွက် အစီအစဉ်မချရသေး။ ငိုရသည့်အကြောင်းအရင်းကိုလည်း ကြည့်ပါဦး။ အိမ်ကို ဂျပန်ဧည့်သည် ၃ ယောက်လာသည်။ ဧည့်သည်များ နေရာမယူခင် သူ ဆိုဖာခုံပေါ်တွင် ဦးအောင် နေရာအရင်ယူလိုက်သည်။ လူကြီးများ စကားပြောနေကြသည်ကို မျက်တောင်မခတ် သေသေချာချာ လိုက်ကြည့်နေသည်။ လိုက်နားထောင်နေသည်။

'မေမေ. . . အဲဒီဂျပန်တွေက လူလိုမပြောဘဲ ဘာဖြစ်လို့ ဂျပန် လိုချည်းပဲ ပြောနေကြတာလဲဟင်'

ဧည့်သည်ဂျပန်များ ဗမာစကားနားလည်သည်ကို သိထား သဖြင့် မိဘများ အားနာသွားသည်။ ထို့ကြောင့် သူ့ကို ဧည့်ခန်းထဲမှ အပြင်သို့ ဆွဲထုတ်လိုက်ရသည်။ အပြာရောင်အသံလေးနှင့် အော်ငို သည်။ ဘွားအေဖြစ်သူ လာချော့သည်။

'တိတ်. . . တိတ်. . . မြေးလေးတိတ်။ လိမ္မာတယ်'

ဘွားအေဖြစ်သူသည် ပြောလည်းပြော မျက်ရည်လည်း သုတ် ပေးလိုက်သည်။

'အီး. . . ဟီး. . . ဟီး. . . မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီ။ မျက်စိထဲကို အဲဒီမျက်ရည်တွေ ပြန်ထည့်ပေး။ အီး. . . ဟီး. . . ဟီး. . .'

'ဟဲ့. . . မျက်ရည်က ဘယ်လိုလုပ်ပြီး ပြန်ထည့်ပေးလို့ ရမှာ လဲ'

'ရအောင် ပြန်ထည့်ပေး။ အီး. . . ဟီး. . . ဟီး. . .'

ဘွားအေတော့ တရားခံဖြစ်ပြီ။ မနက် (၇)နာရီလောက် ကတည်းက စလိုက်သော ဇာတ်လမ်း။ နေ့ခင်း (၃)နာရီထိုးပြီ။ သတိရ လိုက် ထငိုလိုက်နဲ့။ မပြီးနိုင် မစီးနိုင်။ အကြောရှည်ချက်က အဲဒီလို။

လည်သည်မှာလည်း အခုမှမဟုတ်။ မွေးကတည်းက။ သူ ၃နှစ်သမီးလောက်တုန်းက သူ့ကို ထိန်းသော မဖြူ သူ့ကို ထမင်းလိုက် ခွံ့သည်။ သူက ရှေ့ကပြေး မဖြူက နောက်ကလိုက်။ ထမင်းလေး တစ် လုပ် သူ့ပါးစပ်ထဲ ဝင်ရောက်ရန် အိမ်ကို ၁၀ ပတ်လောက် ပတ်ပြေး သည်။

'ဖူးဖူးလေး. . . ရော့။ ဒီတစ်လုပ်စားပြီးရင် တော်ပြီ။ လိမ္မာတယ် ကလေးက'

'မမဖြူ. . . ဒီတစ်လုပ်စားပြီးရင် တော်ပြီဆိုတာ ကျိန်းသေ လား'

'အေး. . . ကျိန်းသေတယ်'

ပြောပြောဆိုဆို သူ့အဖေ၏ စာရေးသော စားပွဲပေါ် သို့ ကုလား ထိုင်မှ တစ်ဆင့် ခွတက်သွားသည်။ လျှောက်လွှာစာရွက်တစ်ရွက်နှင့် ဘောပင်တစ်ချောင်းကို ယူလိုက်သည်။

'မမဖြူ. . . ဒီတစ်လုပ်ပြီးရင် တော်ပြီဆိုတာ ဒီစာရွက်ပေါ် မှာ လက်မှတ်ထိုးပါ'

'ငါးမြွေထိုးမ' သည် ငယ်ငယ်လေးကတည်းက အဲဒီလိုမျိုး။

တစ်ရက်တွင်လည်း အိမ်တွင် အလှူလုပ်၍ သူ၏အဖေ ကုမ္ပဏီ မှ ဝန်ထမ်းများ လာကြသည်။ အလှူလာရမည်ဆိုသဖြင့် သပ်သပ်ရပ် ရပ် လှလှပပလေး ဝတ်လာကြသည်။ ဧည့်သည်များ ကားပေါ် မှ ဆင်း လာကြသည်ကို မြင်သောအခါ 'ငါးမြွေထိုးမ' တစ်ယောက် ခြံတံခါးကို ပြေးဖွင့်လိုက်သည်။

'ဟား. . . အန်တီတို့. . . ခြေသလုံးကြီးတွေက အယ်ထနေတာပဲ။ ဟိုအမည်းစက်လေးတွေက အမာရွတ်တွေလား'

'ဟယ်. . . အန်တီတို့ အလှပြင်လာတာတွေတော့ အလကားဖြစ်ကုန်ပြီ. . . ဟီး. . . ဟီး. . .'

ဧည့်သည်များအား သူ၏ ခရီးဦးကြိုဆိုပုံသည် ဤသို့ဤပုံ။

တစ်ရက်တွင် စက်ဘီးတစ်စီးနှင့် လူတစ်ယောက် ခြံစည်းရိုးအပြင်ဘက်၌ လာရပ်နေသည်။ စက်ဘီးဘဲ(လ်)ကို တီးလိုက်သည်။ 'ငါးမြွေထိုးမ' ပြေးထွက်သွားသည်။

'ဦးလေး. . . ဘာကိစ္စရှိလို့လဲ။ လူကြီးတွေ မရှိဘူး'

'သြော်. . . အေး. . . အေး. . . ဦးကျင်ဝမ်း ဆုံးသွားလို့ အသုဘ လာဖိတ်တာ။ ရော့. . . လူကြီးတွေပြန်လာရင် ဒီဖယောင်းတိုင် ၂ တိုင် ပေးပေးပါ။ ညကျရင် ဖယောင်းတိုင်ထွန်းပြီး ဆုတောင်းပေးပါလို့။ နော်. . . ကလေး. . . ပြောတတ်တယ် မဟုတ်လား။ ဆုံးသွားတာ ဦးကျင်ဝမ်းနော်။ မှတ်ထားဦး'

အသုဘလာဖိတ်သူ စက်ဘီးစီးပြီး ပြန်ထွက်သွားသည်။ စက်ဘီးတစ်ပတ်၊ နှစ်ပတ်လောက်ပဲ လှိမ့်ရသည်ရှိသေး။ 'ငါးမြွေထိုးမ' ထိုစက်ဘီးနောက်သို့ အပြေးလေးလိုက်သွားခဲ့သည်။

'ဦးလေး. . . ဦးလေး. . . နောက်နေ့တွေလည်း ဒီလို ဖယောင်းတိုင်လေးတွေ ခဏ ခဏ လာပေးဦးနော်'

စက်ဘီးနှင့်လူ ခေါင်းကုတ်ပြီး စက်ဘီးနင်းထွက်သွားသည်။ ရထားသော ဖယောင်းတိုင်အနီလေး နှစ်တိုင်ကို ဘယ်တစ်တိုင် ညာတစ်တိုင် ကိုင်ပြီး အိမ်ထဲသို့ ကဆုန်ပေါက်လေး ပြေးဝင်လာသည်။

'ဟေ့. . . ဟေ့. . . ဖယောင်းတိုင်နှစ်တိုင်တောင် ရတယ်'

ဘွားအေဖြစ်သူ အိပ်ခန်းထဲမှ ထွက်လာပြီး. . .

'ဟဲ့. . . အမွေစိန်. . . ဘာဖြစ်လို့ ဒီလောက်တောင် အူမြူးနေရတာလဲ'

'ဘွားဘွား. . . လူကြီးတစ်ယောက် ဖယောင်းတိုင် နှစ်တိုင် လာပေးသွားတယ်။ ဟီး. . . ဟီး. . . ထောတာပဲ။ သမီးကို လာပေးသွားတာနော်။ ဘွားဘွားတို့နဲ့ မဆိုင်ဘူး'

'ဟဲ့. . . ဘယ်ကလူကြီး လာပေးသွားတာလဲ'

'ဦးကျင်ဝမ်းအိမ်ကတဲ့ ဘွားဘွား'

'ဟဲ့. . . အဲဒါ ဦးကျင်ဝမ်းဆုံးသွားလို့ အသုဘလာဖိတ်တာ။ အဲဒီဖယောင်းတိုင်က အိမ်ထဲ မယူကောင်းဘူး။ ညကျမှ ခြံစည်းရိုးမှာ ထွန်းပြီး သေတဲ့လူအတွက်ကို ဆုတောင်းပေးရတာဟဲ့ အမွှေမရဲ့။ သွား. . . အခုချက်ချင်းယူပြီး အုတ်စည်းရိုးပေါ်မှာ သွားတင်ထားလိုက်။ ညကျမှ မီးထွန်းဆုတောင်းရမယ်'

'ဟင့်အင်း. . . မထားဘူး။ ဘွားဘွားကို ပေးတာမဟုတ်ဘူး။ သမီးအတွက်ဆိုပြီး သေသေချာချာပြောပြီး ပေးသွားတာ။ ဘွားဘွားက အချောင်လိုချင်နေသေးတယ်။ မပေးဘူး'

ပြောပြောဆိုဆို ဘွားအေဖြစ်သူ ဝင်လုပြီး အုတ်စည်းရိုးပေါ် သူမမီသောနေရာတွင် တင်ထားလိုက်ရသည်။ ထိုနေ့တုန်းကလည်း ထိုဖယောင်းတိုင် ၂ တိုင်ကို ပြန်မရသဖြင့် အော်ငိုလိုက်သည်မှာ ထုံးစံအတိုင်း တစ်နေကုန်ရော။

ဩော်. . . ဘာလိုလိုနှင့် 'ငါးမြွေထိုးမလေး'တောင် ၅ နှစ် ပြည့်လို့ ကျောင်းတက်နေရပြီဖြစ်သည်။ကျောင်းနှင့်အိမ်သည် ၁၀ မိနစ်လောက် လမ်းလျှောက်လျှင် ရောက်သည်။ သို့ပေမဲ့လည်း အိမ်မှ ကျောင်းသို့ နေ့စဉ် ကားနှင့် လိုက်ပို့ပေးသည်။

အဘိုးအဘွားများသည် တရုတ်စပ်သဖြင့် ဖေဖော်ဝါရီလထဲတွင် နှစ်ကူးရှိသည်ဆိုသည်ကို 'ငါးမြွေထိုးမ' ကောင်းကောင်းကြီး သိထားသည်။ တရုတ်နှစ်ကူးမရောက်ခင် တစ်ရက်အလိုတွင် ကျောင်း၌ အတန်းပိုင်ဆရာမကို လက်ကလေးပိုက်၊ ခါးလေးကုန်းပြီး ရှိရှိသေသေလေး ပြောလိုက်သည်။

'ဆရာမ. . . ဘွားဘွားက မှာလိုက်တယ်၊ မနက်ဖြန် သမီးတို့အိမ်မှာ တရုတ်နှစ်ကူးလုပ်မှာမို့လို့ တစ်ကျောင်းလုံးက ဆရာ၊ ဆရာမ

တွေကို ခေါက်ဆွဲကြော်ကျွေးမယ်။ ထမင်းချိုင့်ထည့်မလာကြပါနဲ့လို့ မှာလိုက်တယ်'

အတန်းပိုင်ဆရာမသည်လည်း အပျော်ကြီးပျော်ပြီး တစ်ကျောင်းလုံးကို လိုက်အော်ပြောလိုက်သည်။

'ကဲ. . . ကဲ. . . ဆရာ ဆရာမတွေအားလုံး မနက်ဖြန် မေဖူးပွင့်တို့ တရုတ်နှစ်ကူးရှိတယ်။ ခေါက်ဆွဲကြော်ကျွေးမှာမို့လို့ ထမင်းချိုင့်ထည့်မလာကြပါနဲ့။ သူ့အဘွားက သေသေချာချာမှာလိုက်တာပါ။ ကြက်သား၊ ဝက်သား မစားတဲ့လူရှိရင် တစ်ခါတည်း စာရင်း လာပေးကြ။ ပြီးတော့မှ ဟိုဟာမစားဘူး၊ ဒီဟာမစားဘူး မလုပ်ကြနဲ့။ စာရင်းနဲ့ အင်းနဲ့ဆိုတော့ သူတို့လည်း တိတိကျကျလုပ်လာလို့ ရတာပေါ့။ ပြီးရင် ကိုယ်ဘာသားနဲ့စားမယ်ဆိုတာ စာရင်းလာပေးကြဦးနော်။ မေ့မနေကြနဲ့ဦး။ မေ့သွားရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ'

ပြောပြောဆိုဆို အတန်းပိုင်ဆရာမသည်လည်း စာရွက်တစ်ရွက် ဘောပင်တစ်ချောင်းနှင့် စာရင်းလိုက်ကောက်နေလေတော့သည်။

နောက်တစ်နေ့ တရုတ်နှစ်သစ်ကူးနေ့သို့ ရောက်ရှိလို့ လာခဲ့ပါပြီ။ မနက်ပိုင်းတွင် စာသင်သည်။ နေ့ခင်း ထမင်းစား အလွှတ်တွင် 'အမွှေစိန်' တစ်ယောက် ပါလာသော ထမင်းချိုင့်ကို ဖြေစားပြီး မုန့်ဈေးတန်းဘက်သို့ မုန့်ဝယ်ရန် ထွက်သွားသည်။ တော်တော်နှင့် ပြန်ပေါ် မလာ။ ကျောင်းပြန်တက်ရန် ၅ မိနစ်သာ လိုပါတော့သည်။ ဆရာ၊ ဆရာမများ ဗိုက်ဆာပြီး မျက်စိပျက်၊ မျက်နှာပျက်တွေ ဖြစ်ကုန်ကြပြီ။

'ဟဲ့. . . မေဖူးပွင့်တို့အိမ်က ခေါက်ဆွဲကြော်လာပို့မယ်ဆိုတာ ကြာလိုက်တာ။ ဗိုက်တွေလည်း ဆာနေပြီ။ ကျောင်းလည်း ပြန်တက်တော့မယ်။ သေသေချာချာလည်း မေးကြည့်ကြပါဦးဟယ်။ ဒုက္ခတော့ ရောက်ကုန်ပြီထင်တယ်။ အဲဒီကလေးမက ဇနဲ့ဆိုတာ နင်တို့လည်း သိရဲ့သားနဲ့။ သူ အခုဘယ်မှာလဲ'

အတန်းပိုင်ဆရာမ အလုပ်ရှုပ်ပါပြီ။ 'မေဖူးပွင့် ခေါ် ငါးမြွေထိုးမ' ရှာပုံတော်ဖွင့်ရပါပြီ။

'ကလေးတွေ. . . မေဖူးပွင့်ဘယ်သွားလဲ။ တွေ့မိကြသေးလား'

'မုန့်ဈေးတန်းသွားပါတယ် ဆရာမ'

ဆရာမ ဒေါ်ခင်မြရီ ဗိုက်ဆာနေရသည့်အထဲ မုန့်ဈေးတန်းဘက်သို့ သုတ်ခြေတင်ရပြန်ပါပြီ။

'ဟဲ့. . . မေဖူးပွင့်. . .။ အောင်မယ်လေး. . . နင်က ဒီမှာ မုန့်နဲ့လာငြိမ့်နေတယ်ပေါ့ ဟုတ်လား။ ဆရာ၊ ဆရာမတွေအကုန်လုံး ဗိုက်ဆာနေကြပြီ။ နင့်အိမ်က ခေါက်ဆွဲကြော် ခုထိ လာမပို့သေးဘူး'

'ငါးမြွေထိုးမ' တစ်ယောက် အံ့ဩထိတ်လန့်သော မျက်လုံးအဝိုင်းသားလေးနှင့် ဆရာမကို မော့ကြည့်လိုက်သည်။ ပြီးတော့ ဘာမပြော ညာမပြောနှင့် ဆရာမရှေ့မှ တိုးပြီး ထွက်ပြေးသွားသည်။ နေ့ခင်း (၁၂)နာရီ နေပူရှိန်ညီးညီးအောက်တွင် အိမ်သို့ ပြန်ပြေးနေရ ပါပြီ။ ၁၀ မိနစ်လောက် မနားတမ်း ပြေးလိုက်ရသဖြင့် အိမ်လည်း ရောက်ရော ဟပ်ဟပ်ထိုးမောနေပြီဖြစ်သည်။

'ဘွားဘွား. . . ဘွားဘွား. . .'

'ဟဲ့. . . ဟဲ့. . . မြေးလေး. . . ဘာဖြစ်လာလို့လဲ။ ဘွားဘွားကို ပြောစမ်း။ လန့်လိုက်တာဟယ်။ ဟဲ့. . . မိနန်း သောက်ရေတစ်ခွက် မြန်မြန်လေးယူလာခဲ့စမ်း'

'ဘွားဘွား. . . ဘွားဘွား. . .'

'စကားနောက်မှပြော။ ရေအရင်သောက်လိုက်ဦး'

'သ. . . မီး. . . ဒီ. . . နေ့. . . တရုတ်နှစ်ကူး. . . ရှိလို့. . .'

'ဖြည်းဖြည်းပြော။ ဖြည်းဖြည်းပြော'

'ဒီနေ့ တရုတ်နှစ်ကူးရှိလို့ တစ်ကျောင်းလုံးက ဆရာ၊ ဆရာမတွေကို ဘွားဘွားက ခေါက်ဆွဲကြော်ကျွေးမှာမို့လို့ ထမင်းချိုင့်ထည့်မလာနဲ့လို့ ဆရာမကို သမီး မနေ့က ပြောလိုက်မိတယ်။ အခု ဆရာ၊ ဆရာမတွေ ဗိုက်ဆာပြီး ခေါက်ဆွဲကြော်စားဖို့ စောင့်နေကြတယ်'

'မွေ့ပြန်ပြီ ငါးမြွေထိုးမရယ်. . .။ နင်လေ ဒုက္ခတော်တော်ပေးတယ်။ ဟဲ့. . . မိနန်း. . . ငါ့ကို ဖုန်းပေးစမ်း။ သူ့ဆရာမတွေဆီ ဆက်ကြည့်ဦးမယ်'

'ဘွားဘွား. . . ခေါက်ဆွဲကြော်ပေးပါနော်။ သမီး အရိုက်ခံရမှာ ကြောက်တယ်'

'ဟဲလို. . . ဆရာမပါလား။ ခေါက်ဆွဲကြော် ကြော်နေတုန်းမို့လို့ ခဏလေးစောင့်ပေးပါနော် ဆရာမ။ ဒီနေ့ ကုမ္ပဏီမှာ အလုပ်လေး နည်းနည်းရှုပ်သွားလို့ပါ။ ခဏလေးပါနော် ဆရာမ'

'ဟုတ်ကဲ့။ ရပါတယ် အန်တီ'

'ဟဲ့. . . မိနန်းနဲ့ အဝင်းက ဈေးပြေး၊ ကြက်သာတစ်ပိဿာ၊ ခေါက်ဆွဲ ၃ ပိဿာ ဝယ်လာခဲ့။ **သူရ**ရေ သူတို့နှစ်ယောက်ကို ဈေးကို မြန်မြန်လေးမောင်းပို့လိုက်။ ဟဲ့. . . နင်တို့နှစ်ယောက် ဝယ်ပြီးတာနဲ့ မြန်မြန်လေးပြန်ခဲ့ကြဦးနော်။ သဝေထိုးမနေကြနဲ့ဦး။ ဟဲ့. . . မိဇာနဲ့ အငယ်မ။ မနေ့က ခေါက်ဆွဲကြော်ထဲ ထည့်တဲ့ တရုတ်နံနံတို့ ဂေါ်ဖီတို့ ပိုနေသေးတယ်မဟုတ်လား။ ရေမြန်မြန်ဆေးပြီး မြန်မြန်လေးလှီးလိုက်။ လုပ်လက်စတွေ ခဏချထားလိုက်။ ဒီမှာ အရေးကြီးနေတဲ့ဟာကို။ နင်တို့က တစ်မျိုး။ ကဲ. . . ကဲ. . . အမွှေမ. . . ကျောင်းပြန်ပြီး ဆရာမ တွေကို ပြောလိုက်။ ခေါက်ဆွဲကြော် လာနေပါပြီလို့။ ဈေးသွားမယ့် ကားကြုံနဲ့ တစ်ခါတည်းလိုက်သွား။ ငါ့နှယ်. . . သေချင်လိုက်တာနော်။ ဘယ်လိုကလေးတွေနဲ့ လာဆုံစည်းရတယ်မသိဘူး။ မောတယ် . . . မောတယ်။ သူ့အဖေတွေ အမေတွေက ကုမ္ပဏီ၊ ကုမ္ပဏီနဲ့ နောက်ကို ဘာမှ လှည့်ကြည့်ကြတာမဟုတ်ဘူး။ ငါ့မှာသာ ဒီကလေး နှစ်ကောင်နဲ့ နားကို မနေရဘူး'

ခေါက်ဆွဲကြော်ခြင်းလုပ်ငန်းစဉ် တစ်နာရီအတွင်း အောင်မြင်စွာ ပြီးဆုံးသွားလေသတည်း။ ခေါက်ဆွဲကြော်အိုးများ ကားပေါ်သို့ တင်ပြီး အမွှေမတို့ကျောင်းတော်ကြီးဆီသို့ ဒုန်းစိုင်းဝုန်းဒိုင်း မောင်းပြေး နေပါပြီ။ ဘွားဘွားသည်လည်း ကားခေါင်းခန်းထဲတွင် ထိုင်လိုက်ရင်း ရင်မောဖြေရသည်။

'အားနာလိုက်တာ ဆရာမတို့ရယ်။ ဒီနေ့ကျမှ ကုမ္ပဏီမှာ ရှုပ် လိုက်တဲ့အလုပ်။ ဆရာမတို့ ဆာနေလောက်ရောပေါ့။ ဖြည်းဖြည်း သုံးဆောင်ကြပါ။ အိုးတွေထားခဲ့မယ်။ ညနေ ကလေးလာကြိုတော့မှ

တစ်ခါတည်း ပြန်သယ်သွားလိုက်မယ်။ အိုးတွေ ဆေးမထားနဲ့နော် ဆရာမ။ အိမ်ရောက်မှ ကလေးမလေးတွေ ဆေးလိုက်မယ်'

ဘွားဘွားလည်း ဆရာမများ၏ အကြည့်ကို ရင်မဆိုင်ရဲသဖြင့် ခေါက်ဆွဲကြော်အိုးများ ထားခဲ့ပြီး ကားခေါင်းခန်းထဲဆီသို့ သွက်သွက် လက်လက်လေး ပြေးတက်သွားလိုက်သည်။ တစ်မွှေတော့ ရှင်းသွား ပြန်ပါပြီ။

တစ်ခုသောညနေခင်းတွင် 'ငါးမြွေထိုးမ' နှင့် သူ၏ မြန်မာစာ ဆရာမတို့ အလုပ်ကိုယ်စီ ရှုပ်နေကြသည်။ သူသည် လေးကြောင်းမျဉ်း စာရွက်ပေါ်တွင် စာရေးနေသည်။ သူ၏ မြန်မာစာဆရာမသည်သူ ရေးနေသမျှကို မျက်ခြေမပျက် လိုက်ကြည့်နေသည်။ ပါးစပ်က လည်း. . .

'ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဖြည်းဖြည်း. . . ဖြည်းဖြည်း. . . လှလိုက်တာ။ ဝိုင်းနေတာပဲ။ ကလေးက တော်တယ်။ ဒီလက်ရေးနဲ့ဆို ပထမဆုရမှာ ကျိန်းသေတယ်'

သူ၏အစ်ကိုအား စာလာသင်သော ဆရာ အိမ်ထဲသို့ ဝင်လာ ရင်း ဆရာမကို နှုတ်ဆက်လိုက်သည်။

'ဆရာမတို့ ဆရာတပည့်နှစ်ယောက် ဘာတွေ ရေးနေကြ တာလဲ'

'ဩော်. . . ဆရာရေ. . . သူတို့ကျောင်းမှာ လက်ရေးလှပြိုင်ပွဲ ရှိတယ်။ မနက်ဖြန်ပြိုင်ရမှာ။ အဲဒါ သူ့ကို လက်ရေးလှ ကျင့်ပေးနေ တာ။ သူက လက်ရေးသိပ်လှတာ ဆရာရဲ့။ ဒီမှာကြည့်ပါဦး။ လက်ရေးလေး တွေကို ဝိုင်းနေတာပဲ။ ဒီလက်ရေးမျိုးနဲ့ဆို သူ ပထမရမှာ ကျိန်းသေ တယ်'

'ဟာ. . . ဟုတ်ပါ့။ လှလိုက်တဲ့ လက်ရေးလေးတွေ။ ကြိုးစား နော် သမီးလေး'

'ဟုတ်'

ငါးမြွေထိုးမတစ်ယောက် ပြောပြောဆိုဆို ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။ လက်ကို ပိုက်လိုက်သည်။ ခါးလေးကွေး၊ ဒူးလေးညွတ်ပြီး. . .

'မနက်ဖြန် လက်ရေးလှပြိုင်ပွဲမှာ ပထမဆု ရ ရပါစေမယ်လို့ ဆရာ့ကို သမီး ကတိပေးပါတယ်ရှင့်'

'လိမ္မာလိုက်တဲ့ သမီးလေး။ မနက်ဖြန် လက်ရေးလှပြိုင်ပွဲမှာ ပထမဆု ရပါစေ'

'သမီး ပထမဆု ရ ရပါစေမယ်လို့ ဆရာ့ကို ထပ်ပြီး ကတိပေးပါတယ်ရှင့်'

အဲဒီလို. . . တစ်ခါတည်းနှင့်မပြီး။ ထပ်တလဲလဲ လုပ်ပြသဖြင့် အရွဲ့တိုက်သကဲ့သို့ဖြစ်နေသည်။ သူ၏စကားကို ယုံရသည် မှာလည်း ခပ်လန့်လန့် ခပ်ထိတ်ထိတ်။

လက်ရေးလှပြိုင်ပွဲအပြီး တစ်ပတ်အကြာတွင်. . .

'ဘွားဘွားရေ. . . ဘွားဘွား. . .'

'ဟဲ့. . . မြေးလေး။ ဘာဖြစ်လာပြန်ပြီတုန်း။ လန့်လိုက်တာ'

'ဘာမှမဖြစ်ပါဘူး ဘွားဘွားရဲ့။ ကျောင်းမှာ ဒီနေ့ လက်ရေးလှပြိုင်ပွဲ ဆုကြေညာတယ်'

'ဟေ. . . ဟုတ်လား. . . မြေးလေး ဘာဆုရလဲ။ မြန်မြန် ပြောစမ်းပါ။ ဘွားဘွား ရင်တွေတုန်လိုက်တာ'

'သမီး ပထမဆုရတယ်။ တနင်္ဂနွေနေ့ ဆုပေးပွဲမှာ ဆုတက်ယူရမယ်'

ပါးစပ်က စုတ်သပ်၊ မျက်ခုံးကို ပင့်၊ ခေါင်းလေးကို ခါပြီး ခပ်ပြုံးပြုံးလေး ပြန်ဖြေလိုက်သည်။

'ဟေး. . . ဒါမှ ဘွားဘွားမြေးလေး။ လာပါဦး။ ဘွားဘွား နမ်းဦးမယ်။ ဟဲ့. . . ဖုန်းပေးစမ်း။ သူ့အဖေနဲ့ သူ့အမေ စင်ကာပူကို အလုပ်ကိစ္စနဲ့သွားတာ တစ်ပတ်ကြာမယ်။ တစ်ပတ်ကြာအောင်တောင် ငါ မစောင့်နိုင်ဘူး။ ဖုန်းချက်ချင်းဆက်ပြီး ကြွားရမယ်။ ဖုန်းခ ကုန်ချင်ကုန်ပလေ့စေ. . ဟော့။ ဒါ ဖြုန်းတာမဟုတ်ဘူး။ သုံးတာ။ သုံးတာ. . .'

'ဟဲလို. . . သမီး။ ကြားလား သမီး. . .'

'ဟုတ်ကဲ့။ ကြားပါတယ် မေမေ'

'အေး. . . သမီးတို့ကို ကြွားစရာရှိလို့။ သမီးတို့ပြန်လာတဲ့ အထိတောင် မစောင့်နိုင်တော့လို့ ဖုန်းလှမ်းဆက်လိုက်တာ'

'ဟုတ်လား မေမေ။ ဘာကြွားစရာရှိလို့လဲ'

'အမွှေမ. . . အမွှေမ. . . ဒီတစ်ခါတော့ အပီအပြင်ကို လုပ်ချလာတာ။ ပြီးခဲ့တဲ့အပတ်က ကျောင်းမှာ လက်ရေးလှပြိုင်တာ ပထမရတယ်။ အဲဒါ လာမယ့်တနင်္ဂနွေနေ့ ဆုတက်ယူရမှာ။ သမီးတို့ မမီတော့ဘူး မဟုတ်လား။ မေမေပဲ လိုက်သွားလိုက်မယ်လေ'

'ဟုတ်ကဲ့ မေမေ။ မမီလောက်တော့ဘူး။ မေမေပဲ လိုက်သွားလိုက်တော့။ ခဏလေးနော် မေမေ။ သူ့အဖေကို ပြောလိုက်ဦးမယ်'

'ယောကျ်ားရေ. . . သမီး လက်ရေးလှပြိုင်ပွဲမှာ ပထမရတယ်။ အဲဒါ တနင်္ဂနွေနေ့ ဆုတက်ယူရမယ်'

'ဟေ. . . ဟုတ်လား။ တို့သမီးလေးက တော်လိုက်တာ'

'ဟဲ့. . . သမီးတော်တာ အပြင်ကို ဘွားအေက အထိန်းအကျောင်းကောင်းတာလေးလည်း ထည့်ပြောကြဦးလေ။ နင်တို့မရှိလည်း ငါက ငါ့မြေးလေးတွေကို ဂရုစိုက်ပြီးသား'

'ဟုတ်ကဲ့ပါ မေမေ။ ကျွန်တော် သမီးလေးနဲ့ စကားပြောချင်ပါသေးတယ်'

'ဟဲ့. . . ရော့. . . ရော့. . . ဒီမှာ နင့်အဖေ။ ပြောချင်လို့တဲ့'

'ဟဲလို. . . ဖေဖေလား'

'ဟုတ်တယ်။ ဖေဖေ့သမီးလေးက တော်လိုက်တာ။ လက်ရေးလှပြိုင်ပွဲမှာ ပထမရတယ်ဆို'

'ဟုတ်'

'သမီးဘာလိုချင်လဲ။ ဖေဖေတို့ ဘာဝယ်ခဲ့ရမလဲ'

'ကင်မရာ'

'ဟာ. . . သမီးကလည်း ကင်မရာဘာလုပ်ဖို့လဲ။ ကိုယ့်အိမ်မှာလည်း ရှိပြီးသားဟာကို။ ဒီလိုလုပ်။ ဘာမှ မယူနဲ့တော့၊ သမီးတို့ နွေသုံးလ ကျောင်းပိတ်ရင် ဖေဖေတို့ မိသားစုလိုက် စင်ကာပူကို လာလည်ကြမယ်။ ဘယ်လိုလဲ။ သမီး သဘောကျရဲ့လား'

'ဟုတ်ကဲ့။ ကျပါတယ် ဖေဖေ။ ဖေဖေ. . . သမီး နောက်လည်း ပထမရအောင် အမြဲကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ် ဖေဖေ'

'အေး. . . အေး. . . တော်လိုက်တာ။ ဖေဖေ့သမီးလေးက'

'ဟဲ့. . . တော်ကြတော့။ တော်ကြတော့။ သူတို့ သားအဖတွေ အလွမ်းသယ်နေကြတာနဲ့ပဲ ဖုန်းခတွေတက်ကုန်ပြီ။ ပေးပါဦး။ ဘွားဘွား လည်း ပြောဦးမယ်'

'အေး. . . အေး. . . ဒါဆို တနင်္ဂနွေနေ့ကျရင် ကားဆရာကို စောစောခေါ်ထားပြီး ငါတို့ဘာသာ ငါတို့ပဲ သွားလိုက်တော့မယ်နော်'

'ငါးမြွေထိုးမ' က တော်တော်ရယ်။ သူ့ဘွားအေ ဒေါ်စိန်မြက သာသာထိုးထိုး လှုပ်လှုပ်ရွရွ။

တနင်္ဂနွေနေ့ ဆုပေးပွဲသွားရန် စနေနေ့ မနက်ကတည်းက တက်ကြွနေကြပါပြီ။ 'သရဖူ' အလှပြင်ဆိုင်ကို တနင်္ဂနွေနေ့ မနက် (၆)နာရီမှာ အလှလာပြင်မှ ဆုပေးပွဲအခမ်းအနား (၉)နာရီ မီနိုင်မယ်။ 'ပိုပို' သဇင် ခြံကိုလည်း အကြီးဆုံးဆိုတဲ့ သဇင်ခက် ၇ ခက် ဒီနေ့ နေ့ခင်း (၁)နာရီ လောက် လာယူမယ်။ ကားဆရာ ကိုသူရကိုလည်း မနက်ဖြန်နံနက် (၅) နာရီမှာ အရောက်လာရမယ်။ ကလေးအတွက် အဝတ်အစားတွေကို လည်း ရန်ကုန်မှာ အသစ်ဖွင့်ထားတဲ့ ဈေးဝယ် ဌာနကြီးမှာ သွားဝယ်မယ် စသဖြင့် တစ်ယောက်တည်း အကွက်ကျကျ ချက်ကျကျ စီမံခန့်ခွဲနေ လေသည်။

တနင်္ဂနွေနေ့မနက်သို့ ရောက်ရှိလို့လာခဲ့ပါပြီ။ မြေးအဘွား နှစ်ယောက် အလန်းစားလေးများ ဝတ်ပြီး ဆုပေးပွဲသို့ အချိန်မီရောက် လာပါပြီ။ ဘွားအေဖြစ်သူသည် အသည်းကွဲရောင် ကြိုးကြီး ချိတ်ထဘီ နှင့်။ ရင်ဖုံးအင်္ကျီလက်ရှည်၊ နှုတ်ခမ်းနီ၊ ခြံပုဝါ၊ ဒေါက်မြင့် ဖိနပ်နှင့် လက်ကိုင်အိတ်လေးများသည်လည်း အသည်းကွဲရောင်။ တစ်ကိုယ်လုံး အသည်းကွဲရောင်။ ထိုအသည်းကွဲရောင်များသည် သူ၏ အသည်းအား အမှန်တကယ် ဟက်တက်ကွဲစေမည့် အတိတ်နိမိတ် ဆိုသည်ကို ဒေါ်စိန်မြ တစ်ယောက် ကောင်းကောင်းကြီး နားမလည်ရှာခဲ့။ မသိရှာခဲ့။

'ငါးမြွေထိုးမလေး' သည်လည်း ဘွားအေ၏ အနုပညာလက်ရာ ပြောင်မြောက်မှုကြောင့် မျက်နှာတွင် အရောင်အသွေးများသည် စိုစိုလင်လင် လှလှပပ။ မျက်ခုံးမွေး ဆွဲထားသည်မှာလည်း တန်းလို့ နက်လို့။ ဇာဂါဝန်အဖြူလေးနှင့် ရွှေအိုရောင်လေဒီရှူးလေးသည် 'ငါးမြွေထိုးမလေး'၏ ချစ်စရာ့ အသွင်သဏ္ဍာန်လေးကို ပိုကြွစေ၊ ပိုလှစေသည်။ ရောက်လာပါပြီ မြေးအဘွားနှစ်ယောက်။ ကျောင်းပေါက်ဝလည်းရောက် ရာ ကျောင်းအုပ်ဆရာကြီးနှင့် မျက်နှာချင်းဆိုင်တွေ့ကြလေသည်။

'အလို့. . . ဒီမြေးအဘွားနှစ်ယောက် ဝတ်လို့စားလို့ ဘယ်သွားကြမလို့လဲ'

'ဆုပေးပွဲလာတာလေ ဆရာကြီးရဲ့။ ကျွန်မမြေးလေး ဆုယူ ရမှာ'

'ဘာဆုယူရမှာလဲ အဒေါ်'

'လက်ရေးလှ ပထမဆု။ လက်ရေးလှ ပထမဆု'

'ဟုတ်လို့လား။ သူ ဆုမရဘူးနဲ့ တူတယ်နော်။ ကျွန်တော်လည်း မသေချာဘူး။ သူ့ဆရာမကို မေးပေးပါ့မယ်'

'ဩော်. . . ဆရာကြီးနှယ်။ ခက်တော့တာပဲ။ ကျောင်းအုပ်လုပ်နေပြီး ကိုယ့်ကျောင်းကလူ ဘယ်သူဆုရတယ် ဆုမရဘူး ဆိုတာလေးကိုတောင် မသိဘူးဆိုတော့ ကျောင်းအုပ် လုပ်မနေနဲ့တော့ ဆရာကြီးရေ. . .'

ဘွားအေဖြစ်သူ ဒေါ်စိန်မြ ငေါ်ငေါ်တူးတူးအသံလေးနှင့် ခပ်ထေ့ထေ့လေး အော်ပြောလိုက်သည်။

'ဆရာမ ဒေါ်ခင်မြရီ။ 'အမွှေစိန်' အဲလေ. . . မှားလို့။ 'ငါးမြွေထိုးမ' ဟာ. . . ဒုက္ခပါပဲ။ သူ့နာမည် ဘယ်သူ. . .'

'မေဖူးပွင့်' ပါ ဆရာကြီး'

'ဟုတ်ပြီ. . . ဟုတ်ပြီ. . . မေဖူးပွင့်. . . ဒီကနေ့ ဆုပေးပွဲမှာ ဆုရတယ်ဆိုတာ ဟုတ်ရဲ့လား။ ကျွန်တော်ပဲ မျက်စိမှောက်နေတာလား မပြောတတ်ဘူး။ ဆုရစာရင်းထဲမှာ သူ့နာမည် မတွေ့မိသလိုပဲ။ သေသေချာချာလေး ပြန်ကြည့်ပေးပါဦး ဆရာမ'

'သူ ဘာဆုမှ မရပါဘူး။ လက်ရေးလှ ပထမဆုက မြင့်မြင့်ထွေး ဆိုတဲ့ ကလေးမလေး။ ဒုတိယဆုက မိဝင်းလေး။ တတိယဆုက ရီလေး ဝင်း။ သူ ဘာဆုမှ မရဘူး ဆရာကြီး'

ဘွားအေဖြစ်သူ ဒေါ်စိန်မြ ညိုပုပ်ပုပ်မျက်နှာကြီးနှင့် 'ငါးမြွေ ထိုးမ' ခေါ် 'အမွှေစိန်' ဘက်ဆီသို့ ဗိုးခနဲ မြည်အောင် ချက်ချင်းလှည့် လိုက်သည်။

'ဟဲ့. . .'ငါးမြွေထိုးမ'။ နင်ပြောတော့ လက်ရေးလှ ပထမဆု ရတယ်ဆို။ ဘာလဲ နင်က လူကြီးတွေကို အရှက်ခွဲတာလား။ ဟင် . . . ငါ့မျက်နှာ ဘယ်နားသွားထားရမလဲ။ သေသာ သေလိုက်ချင် တော့တယ် 'ငါးမြွေထိုးမ' ရယ်။ ငါနော် ငါ. . . အသည်းတွေ ယားလာ ပြီ။ နင့်ကို အရေခွံတောင် ဆုတ်ပစ်လိုက်ချင်တယ် သိလား။ တကတဲ။ ပြောရင်းနဲ့ ဒေါသဖြစ်လာပြီ။ ကဲဟယ်. . . ကဲဟယ်. . . လူကြီးတွေကို အရှက်ခွဲဦး'

'အီး. . . ဟီး. . . ဟီး. . . ဘွားဘွားတို့ပဲ ပထမဆု လိုချင် တယ် ဆိုလို့ ပထမဆုရတယ်လို့လည်း ပြောပေးရသေးတယ်။ အီး. . ဟီး . . . ဟီး. . .'

ဘွားဘွားဒေါ်စိန်မြတစ်ယောက် ကျောင်းအုပ်ဆရာကြီးနှင့် အတန်းပိုင်ဆရာမကိုတောင် နှုတ်မဆက်နိုင်တော့ဘဲ ကားပေါ်သို့ အတင်းပြေးတက်သွားသည်။ ဒေါက်ဖိနပ်မှထွက်လာသော 'ဂွက်. . . ဂွက်. . . ဂွက်. . .' အသံလေးများသည်လည်း နောက်ဘက်တွင် ဝေ့ဝေ့ဝဲဝဲ ကျန်ရစ်ခဲ့ကြပါပြီ။ 'ငါးမြွေထိုးမလေး'သည်လည်း ဖိနပ် အသစ် လေးစီးထားပြီး ကျပ်နေ၊ နာနေသဖြင့် ခရီးသည် ထင်သလောက်မပေါက်။ ကွတကွတနှင့် ကားဆီသို့ ငိုပြီး လာနေသည်။

သူတို့မြေးအဘွားနှစ်ယောက်၏ အဖြစ်သနစ်မျိုးစုံကို ကြည့်ပြီး မရဲတရဲလေး ပြုံးဖြီးဖြီးလုပ်နေသူမှာ ကားဆရာ ကိုသူရ။

၀၀၀

ကြင်လှိုင်မြင့်

[illegible]

[illegible]

[illegible]

[illegible]

[illegible]



**ရွှေမိုးတား ဝင်းကြည်ရွှေ (စိတ်ပညာ)**
**ရွှေလီရေနောက်ကျိုကျို သောက်မိကမပြန်နိုင်**

"ဒီတောဒီတောင်တွေနဲ့ ဗိုက်ကြီးသည်တွေနဲ့
ရိုးသားတဲ့ ရွှေလီမြစ်ရိုးရွာစဉ်က ကျေးရွာသားတွေနဲ့
ထားပစ်ခဲ့ပြီး ကျွန်မ မသွားနိုင်ပါဘူး။
သူပုန်သတ်ချင်သတ်၊
ကြည့်လုပ် ကြည့်ပြော ကြည့်ပေါင်းရမှာပဲ။
ရွှေလီရေ နောက်ချင်နောက် သောက်နေမှာပဲ။
'ရေတစ်ပိသာ ပြည့်အောင်သောက် ရောဂါပျောက်သတဲ့'
ရွာထဲမှာ..."

## ရွှေလီရေနောက်ကျိကျိ   သောက်မိကမပြန်နိုင်

(၁)

၁၉၆၉ ခုနှစ်။ အနက်ရောင်နယ်မြေ။

'အစိုးရသားဖွားဆရာမ' ဆိုင်းဘုတ်ကို ဓာတ်မီး လက်ခနဲ လက်ခနဲ ထိုးနေတယ်။

'ဟေ့. . . ဆရာမ၊ သူပုန်. . . သူပုန်'

တိုးတိုးကလေး ကပ်ပြောတဲ့ ကျေးရွာအုပ်စုခေါင်းဆောင် ဦးမိုးကြီး၏အသံ။

'ရှင်. . . ရှင်. . . ဘာလဲ. . . ဘာလဲ'

'အဲဒါ. . . အဲဒါ. . . သူပုန်ခေါင်းဆောင်. . . ဗိုလ်မှတ်ဆိတ် (ခေါ်) ဗိုလ်မိုးကြိုး ခေါ် ဗိုလ်စိုးမြင့်'

ကျွန်မ ဒီရွာရောက်စဉ်ကတည်းက တစ်ခါတစ်ရံ သူပုန်လာတတ်တယ်တဲ့၊ သိပြီးသား၊ ကြားပြီးသား။

ကျွန်မ လက်က နာရီလေးကို ငုံ့ကြည့်မိလိုက်တယ်။ ည (၇)နာရီ ထိုးခါနီးနေပြီ။

'အောင်မလေး. . . အောင်မလေး. . . ဘုရား. . . ဘုရား . . . ဒုက္ခပါပဲ ငါဘာလုပ်ရပါ့'

'ဒေါက်. . . ဒေါက်. . . ဒေါက်'

စစ်ဖိနပ်သံ။

ဆေးခန်းလှေကားက ၇ ထစ်ရှိတယ်။ ဗိုလ်မှုတ်ဆိတ် နောက်မှာ နောက်လိုက် ၅ ယောက် ပါလာတယ်။ ဆေးခန်းရှေ့မှာလည်း သေနတ်တွေ ထမ်းလို့။ ပိုးတိုးဝါးတား၊ နှစ်ယောက်ရပ်နေတာ တွေ့တယ်။

'အော. . . ဗိုလ်မှူးကြီးတို့၊ ကြွပါ. . . ကြွပါ'

ကျွန်မဆီရှိတာက ကုလားထိုင်လေး နှစ်လုံးနဲ့ အလယ်မှာ စားပွဲလေး တစ်ခု။ ရွာဦးကျောင်းဆရာတော်က ဧည့်လာရင် ထိုင်ရအောင် ဆရာမ ဆေးခန်းကို လာပို့ခိုင်းခဲ့တာ။ စွန့်ကြဲတဲ့ သဘောပါ။

'ထိုင်ပါရှင်. . .'

'မထိုင်တော့ပါဘူး'

အားလုံးလည်း ဖိနပ်တွေ မချွတ်ကြဘူး။ တောဆိုတာ (၇) နာရီမှာ မိုးအတော်ချုပ်နေပြီ။ ဗိုလ်မုတ်ဆိတ်က ဓာတ်မီးတလက်လက်နဲ့ ဆေးခန်းလေးကို ဟိုထိုးကြည့် ဒီထိုးကြည့်လုပ်တယ်။

'ဗိုလ်မှူး. . . ဘာဆေးများ လိုပါသေးသလဲ။ ကြိုက်တာယူပါ။ ကျွန်မမှာ ဒါပဲ ရှိပါတယ်. . .'

အဲဒီခေတ်က ၁၉၆၉ ခုနှစ်ဆိုတော့ အောဘီစီ၊ ဘားဘလက်၊ ထရစ်ဆင်ဘီ၊ ဖြူရာမင်းဘီစီ စတာတွေ နိုင်ငံတော်က ချပေးထားတဲ့ ဆေးလေးတွေကို လောကွက်ပျူဌာ ကျွန်မ လုပ်ရတာ ရင်တွေ မောလို့။ တစ်ရွာလုံး 'ပ. ပ. က' ခေတ်ဆိုတော့ သမဝါယမဆိုင်က ဆန်အိတ် တွေ၊ ဆားအိတ်တွေ၊ သကြားအိတ်တွေကို ရွာထဲက 'ပေါ်တာ' တွေကို ခေါ်ပြီး လိုက်ပို့ကြရမှာ။

'ဒီမှာ ဆရာမလေး ရောက်နေပြီဆိုလို့ တမင်ဝင်လာခဲ့တာ. . .' ဗိုလ်မုတ်ဆိတ်အသံ။

'မွေးလူနာ လာခေါ်ရင်လည်း လိုက်ခဲ့ရမယ်. . .'

'ဟုတ်. . . ဟုတ်ကဲ့ရှင့်. . .'

'ဘာမှ မပူနဲ့. . . လိုတာရှိရင် ဆရာမလေးရဲ့ ဆေးခန်းရှေ့က ကိုကျော်မောင်တို့ ညီအစ်ကိုကို ပြောလိုက်၊ ချက်ချင်းလုပ်ပေးလိမ့်မယ်'

'ဟုတ်ကဲ့ရှင့်'

တစ်ရွာလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရတဲ့ ညီအစ်ကို။ အစ်ကိုကြီးကို ကိုကြီး၊ အငယ်ကို ကိုလေးလို့ အလိုက်တသိ တံတွေး မြိုချ ခေါ်ကြရတယ်။ ကျွန်မလည်း ကိုကြီးကို ကျွန်မ ဒီနေ့ ဘယ်သွား မယ် ပြောသွားရတယ်။ ကျွန်မကို 'ဟဲ့. . . ကျောင်းသူမလေးတဲ့' ခေါ်တာ။ သူတို့မှာ အမေကြီးတစ်ယောက်ရှိတယ်။ အဘွားကြီးဖြစ်နေပြီ။ ကိုကြီးဆိုသူ အကြောင်းကတော့ ကျွန်မ တစ်ခါမှ မကြားဖူးပါဘူး။

ကိုကြီး မင်္ဂလာဆောင်တယ်။ ရွာသူ အပျိုစင်တစ်ယောက် ကိုယ်ဝန်ကြီးနဲ့ မွေးခါနီးဖြစ်နေပြီ။ လူသိရှင်ကြား မယူဘူး။ ခြေတော်တင်တာပေါ့။ သူ မင်္ဂလာဆောင်တဲ့သူက မြို့က မြို့သူတစ်ယောက်. . . ညွန့်ညွန့်ရွှေတဲ့။ မင်္ဂလာဆောင်ပြီးတော့ တောထုံးစံအတိုင်း လူကြီး မိဘကို ကန်တော့ကြရတယ်။ အဲဒီမှာ ပြဿနာတက်ကြတာပဲ။ မဖွားမေ ခမျာ မခံချင်လို့ မျက်ရည်စက်လက်။ ကျွန်မကလည်း ဆတ်ဆတ်ကြ သားဖွားဆရာမလေးပဲ။

'ကိုကိုကြီးရယ်. . သနားပါတယ်။ သူလည်း မင်္ဂလာဆောင်ချင် မှာပေါ့။ လုပ်ပါ. . . ကိုကိုကြီးရယ်. . .'

'အဘွား. . . အဘွားသားလည်း ကြည့်ပြောပါဦး'

ကြည့်မနေနိုင်ဘဲ ကျွန်မက ပြောတော့

'ကဲ. . . သွားခေါ်. . . ညည်း ကောင်းကောင်းမွေး ပေးရမှာ နော်' တဲ့။

'အာ. . . စိတ်ချ. . . စိတ်ချ. . .'

'ဖွားမေ. . . နင် ဒီဘက်လာ. . .'

'ညွန့်ညွန့်ရွှေ နင်. . . ဒီဘက်လာ. . .'

လက်ဝဲ၊ လက်ယာ နှစ်ယောက်ထားပြီး ကန်တော့ကြတာလေ။

လူထူးဆန်းပဲ။ ဘုရင်ကြီးကျနေတာပဲ။ သူပုန်ရဲ့ ညာလက်ရုံး အစစ်။

## (၂)

'မောနော. . . မောနော်. . . ဒန်××ဒန်××။ မောနော . . . မောနော်. . . ဒန်××ဒန်××'

'မြန်စာစံတော်ချိန် ၇ နာရီထိုးပါပြီရှင်. . .'

ချိုချိုအေးအေး တင်တင်မြ၏ အသံသာသာက ထွက်ပေါ်လာတယ်။

'အောင်မလေး ဘုရား. . . ဘုရား. . .'

ကျွန်မရဲ့ ကုတင်အောက်က အဝတ်ထဘီ အနွမ်းတစ်ခုနဲ့ အုပ်ထားခဲ့တဲ့ဆီက. . . အော်ခဲ့တာပဲ။

'ဆရာမလေး. . .'

'ရှင်. . . ရှင်. . .'

'ဘာလို့ ဒီလောက်ကြောက်တာလဲ. . .'

ကျွန်မ တအားရှက်နေပြီ။

'ဒီလောက် မကြောက်ပါနဲ့. . . ရေဒီယိုလေး ပိတ်ပါဦး. . .။ ကျုပ်တို့ ယူမသွားပါဘူး. . .'

ကျွန်မ၊ သူပုန်ဗိုလ် တက်လာကတည်းက ရေဒီယိုလေး ပိတ်လိုက်ပြီး ကုတင်အောက်ပြေးပြီး လုံချည်ဟောင်းတစ်ထည်နဲ့ အုပ်ထားတာ။ ပိတ်ထားတယ်ထင်တဲ့ ရေဒီယိုက အခုမှထပြီး အော်တော့တာပဲ။ အောင်မလေး အရှက်ကွဲတော့တာပါပဲ။ ဗိုလ်မုတ်ဆိတ်နဲ့အဖွဲ့က ပြုံးစိစိလုပ်နေကြတယ်။ ကျွန်မပုံကလည်း အိပ်ခါနီး ရေချိုးပြီး ကျစ်ဆံမြီးနှစ်ဖက်နဲ့ ပါးကွက်နှစ်ခုနဲ့ နှာရောင်ကြား ဆွဲထားတဲ့ တောပုံပေါက်နေတဲ့ ၁၈ နှစ် ကျော်ကျော်။ 'အစိုးရသားဖွားဆရာမ' ရဲ့ ပုံလေ။

'ဘယ်နှတန်းအောင်ခဲ့သလဲ. . .'

'ရန်ကုန်က ဒပ်ဖရင်ကျောင်း ဆင်းခဲ့ပါတယ်ရှင့်. . .'

'ဩ. . . ဩ. . . ဘာမှ မစိုးရိမ်နဲ့. . . ဗိုလ်ကြီးပိုင်တဲ့ နယ်မြေမှာနေတာနော်. . . သိလား. . .'

'ဟုတ်ကဲ့. . . ဟုတ်ကဲ့. . .'

'ကဲ. . . သွားကြမယ်။ ဥက္ကဋ္ဌ ခင်ဗျားရွာသားတွေ အဆင်သင့်ဖြစ်ပြီလား. . .'

'ထွက်ရုံပါပဲ ဗိုလ်မှူးကြီး. . .'

ဒေါက် ဒေါက် ဒေါက်နဲ့ ပြန်ဆင်းသွားကြပြီ။

## (၃)
## မိုးတားရွာ

'ကိုအုန်းရွှေ. . . တော့်သမီးနေတဲ့ရွာကို သူပုန်ဝင်လို့တဲ့. . .။ ကျုပ် ဒီနေ့ သဘော်အဆန်နဲ့ သတင်းပါခဲ့တာ ကြားခဲ့ပြီ. . .။

'ဘာလဲ. . . ဘာလဲ. . . သူပုန် ခေါ်သွားပြီတဲ့လား. . .'

'မသိဘူးတော်. . . ကဲ. . . တော်နဲ့ ကျုပ်နဲ့ ဒီနေ့ သဘော်အစုန်နဲ့ လိုက်မှဖြစ်မှာ'

အမေနဲ့အဘက ကသာကနေ ပုလွေရွှေရွာကူးပြီး လှည်းငှား။ ရွှေလီမြစ်ကမ်းဘက် အရောက်လာခဲ့ကြတာ။

'ကဲ. . . ကဲ. . . အပြောင်းလျှောက်လွှာတင်. . .။ မတင်ရင် အလုပ်ထွက်။ အဘတို့ဆီမှာ လုပ်စားလည်း ရတာပဲ သမီးရယ်. . .'

သမီးလေးယောက်မှာ အငယ်ဆုံး။ ငယ်ကတည်းက အကဲဆုံး။

'မထွက်ချင်ပါဘူး. . . အဘကလည်း။ အင်းရွာက စစ်ကြောင်းတွေ မကြာမကြာ လာမယ်တဲ့. . .။ မစိုးရိမ်ပါနဲ့။ သမီး ကြည့်ရှင်းတတ်ပါတယ်'

'ကောင်းပါ့. . . ကိုအုန်းရွှေရေ. . .'

အမေ၊ အဘတို့လာပြီး ၂ လ၊ ၃ လနေပြီး ရွာပြန်သွားကြပြီ။ ကျွန်မ မပြန်နိုင်ပါဘူး။ သူပုန်သတ်လို့ သေလည်းသေ၊ အာဇာနည်မပဲ ဟော့လို့ ကိုယ့်ကိုယ့်ကိုယ် အားတင်းရတယ်။

'စနေမ ဟေ့. . .'

'ခွပ်. . . ခွပ်. . . ခွပ်. . .'

မြင်းတစ်ကောင်နဲ့ ကျွန်မ စိုင်းပါတော့တယ်။ ဘယ်ရွာကလာခေါ်မလဲ မြင်းနဲ့ပဲ။ စက်ဘီးလည်း မရဘူး။ ရွှံ့ဗွက်တွေနဲ့ စက်ဘီးက ကိုယ့်ကို ပြန်စီးတယ်။ လှည်းနဲ့လည်း မဖြစ်ဘူး။ ရွှံ့ ဘီးထဲ ဝင်တယ်။ ဆရာမလည်း မြင်းတစ်ကောင်ဝယ် အစီးသင်ပြီး မြင်းနဲ့ နယ်လှည့်ပါတော့တယ်။

'အာဂ ဆရာမလေးဟေ့. . .'

ရွှေလီမြစ်ရိုးက ရွာသူ ရွာသားတွေရဲ့ အသံ။ နေကာ မျက်မှန်တပ်၊ ဘောင်းဘီရှည်ဝတ်၊ လျှာထိုးဦးထုပ်ဆောင်းပြီး ကျောပိုးအိတ်ထဲမှာ မွေးကိရိယာလက်နက်တွေ အစုံနဲ့ ခါးရှည်တစ်ချောင်းနဲ့ နယ်လှည့်ခဲ့ပါတယ်။ လယ်ရိတ်နေတဲ့လူတွေက တံစဉ်းကိုင်မြှောက်ပြီး

'စနေမ လာပြီဟေ့. . .' နဲ့ အော်ကြပါတယ်။

'ငါတို့ ဆရာမ. . . အာဇာနည်မ ပဲဟေ့'

ရိတ်ကြ၊ ရိတ်ကြ ပျော်လိုက်တာ၊ တောလမ်းကို မြင်းနဲ့ ခွပ်. . ခွပ်။ ဖလူး. . . ဖလူး. . . ဖလူး။ အိုးဝေ. . အိုးဝေ. . နဲ့၊ ဒေါင်းတစ်အုပ်က ကျွန်းပင်အမြင့်ကြီးပေါ် ပျံတက်သွားကြတယ်။ မျောက်တွေလည်းပေါ။ ကြီးခွေ. . . ကြီးခွေ. . . နဲ့။ ကွိ. . . ကွိ. . . မျောက်သားပေါက်အသံ။ သစ်ပင်ကြီးတွေ၊ အို စုံနေတာပဲ။ ပေါမှ ပေါတဲ့တော။

ဒီတော ဒီတောင်တွေနဲ့ ဗိုက်ကြီးသည်တွေနဲ့ ရီးသားတဲ့ ရွှေလီမြစ်ရိုးရွာစဉ်က ကျေးရွာသားတွေနဲ့ ထားပစ်ခဲ့ပြီး ကျွန်မ မသွားနိုင်ပါဘူး။ သူပုန် သတ်ချင်သတ်၊ ကြည့်လုပ်၊ ကြည့်ပြော၊ ကြည့်ပေါင်းရမှာပဲ။ ရွှေလီရေ နောက်ချင်နောက် သောက်နေမှာပဲ။

'ရေတစ်ပိဿာပြည့်အောင်သောက် ရောဂါပျောက်သတဲ့' ရွာထဲမှာ စကားပုံရှိတယ်။

## (၄)
## ၁၉၇၀ ခုနှစ်

'ဒိုင်း. . . ဒိုင်း. . . ရှီး. . . ရှီး. . .'

ပြတင်းပေါက်မှ ကျည်ဆန်ဝင်လာတဲ့ အသံ။ သူကြီးဦးချိရဲ့ အိမ်မှာ ရွာလူကြီးများအချို့နဲ့ ဝိဇ္ဇာဆရာကြီးမကျန် လူကြီး၊ လူငယ်

စုံနေပါတယ်. . .။ အစည်းအဝေးတစ်ခုပါ။ အင်းရွာမြို့နယ်က မြို့ပိုင်မင်းရောက်နေတယ်။ စည်းဝေးပွဲ စတင်ကျင်းပနေစဉ် အင်းသူကြီး တစ်ယောက်မှ ဆေးကုသခအဖြစ် လက်ဆောင်ပေးခဲ့သော ငါးပတ်တွဲကြီး (တစ်ကောင်ကို တစ်ပိဿာကျော်)ကို တိုင်မှာ ချိတ်ထားပြီး နားသောတ ဆင်နေတဲ့ ဗိန္ဒောဆရာကြီး အဘိုးဝေ၊ ရင်ဘတ်ကို သေနတ် မှန်သွားပြီ။

'ပြေးကြ. . . ပြေးကြ. . .'

အချို့လည်း အိမ်နောက်ဖေးက ခုန်ချ။ လှေကားက မဆင်းနိုင် ကြတော့ဘူး။

'သွား. . . သွား. . . ဆရာမလေး ပြေးခေါ်ကြ. . .'

'ဆရာမရေ. . . ဆရာမရေ. . . ကွပေးပါဦး. . .။ အဘိုးဝေ . . . သေနတ်မှန်လို့. . . သေပြီထင်တယ်. . .။ သွေးတွေလည်း တစ်ပုံကြီးပဲ. . .'

ကျွန်မ သားဖွားရုံတင်မကဘူး။ ကွဲခတ်၊ အူပေါက်၊ ဓားခုတ်၊ ခြေကျိုးပါမကျန် အကုန်လုံး တတ်သလောက် မှတ်သလောက် ကုသရပါတယ်။ ကျွန်မ သူကြီးအိမ်ပေါ်ရောက်တော့ ဘဘိုးဝေက သေဆုံးနေပါပြီ။

သူပုန်ကို အားပေးတဲ့ရွာတဲ့။ သူပုန်နဲ့ပတ်သက်သူ အားလုံး ဖမ်းဆီးပြီး ကသာထောင်ထဲ ထည့်လိုက်ပြီ။ သူပုန်ပစ်တာက မြို့ပိုင်ကို။ မှန်သွားတာက ရွာထဲက အားအထားရဆုံး၊ တစ်ပိုင်လုံး အားအထား ရဆုံး မြန်မာဗိန္ဒောဆရာကြီး။

## (၅)
## ၁၉၇၁ ခုနှစ်၊မတ်လ(၂၇)ရက်

အနောက်မြောက်တိုင်းမှူး ဗိုလ်မှူးကြီးစိန်မြ လက်ထက်. . .။

'ရွှေလီမြစ်ကမ်း တစ်ရိုးက ရွာသိမ်ရွာငယ်၊ အိမ်မှူး၊ အိမ်ကပ်၊ မောင်းတဲမကျန် ဒူးလေး၊ လက်နက်၊ ဝါးချွန်တွေနဲ့ ထွက်ပြီး အိမ်ရှိ လူကုန်လာကြရမယ်. . .'

(သောင်းကျန်းသူ ရှို့ချရေး. . . ဒို့အရေး. . . ဒို့အရေး. . .)၂

အသံတွေ မိုးထက်လျှံတက်ခဲ့ပါတယ်။ လယ်ကွင်းတွေကို ဘူဒိုဇာနဲ့ထိုးပြီး 'ဟယ်လီကော်ပတာ' နဲ့ ဗိုလ်မှူးကြီးစိန်မြနှင့်အဖွဲ့ ဆင်းပါတယ်။ ကျန်းမာရေးမှူး၊ သားဖွားဆရာမတွေ အကုန်လုံး ရွှေလီ မြစ်ရိုးမှာ ဆေးခန်းကြီး အကြီးအကျယ်ဖွင့်ပြီး လာလာသမျှ ပရိသတ် သိန်းချီတာကို ဆေးကုကြပါတယ်။ တစိမ့်စိမ့်တွေးပြီးမှ အောက်ပါ ကဗျာလေးကို ရေးမိတော့တယ်။

ရွှေဘုတ်အိုးအိ
မြစ်ရွှေလီ
ရေကြည်ချမ်းမြအေးသပ။
ရွှံ့ရေနှောက်သည်
ကမ်းယံဆီ
ပတ်ချီဖြာလို့ ဝိုင်းသပ။
ဆီးနှင်းဖြူဖြူ မီးခိုးအူ
ရင်ပူဆာလို့ ဆွေးသမျှ။
သားဖွားပညာ ပေါ်ထွန်းလာ
ကမ်းသာ ရွှေလီပေါင်းကာမှ။
ဆ ဆရာမ၊ ဒီဘဝ
ခေါင်းချသည်အထိ ပျော်မည်ပ. . .။
ရွှေလီရေနောက်ကျိကျိ သောက်မိက မပြန်နိုင်ပြီ. . .။
သောင်းကျန်းသူ ရှုံ့ချပွဲလည်းပြီးပြီ။

Radioမှလည်း တင်တင်မြရဲ့ ချိုအေးတဲ့ အသံလေးနဲ့ ည ၇ နာရီ ထိုးပါပြီရှင်တဲ့။

ဝဝဝ

**ရွှေမိုးတားဝင်းကြည်ရွှေ (စိတ်ပညာ)**



ဂမုန်းအင်
ဆုတောင်းမှားခဲ့မိပါသည်

"အဖေကြီးအိပ်ရာထဲလဲ၍ ဆီးဝမ်းစွန့်လျှင်လည်း
တစ်ခါမှအဖေကြီးကို သန့်ရှင်းရေး မလုပ်ပေးခဲ့ပေ။
အငယ်မက ရွံတတ်သည်။ အတူနေသားသမီးများသည်
သက်ရှိထင်ရှားရှိနေသော မိဘများ၏ တန်ဖိုးကို အသိအမှတ်
မပြုတတ်ကြပေ။ သားသမီးတိုင်းကို မဆိုလိုပါ။ အများအားဖြင့်မူ
သေမှသာ မိဘတန်ဖိုးကို
သိသူများလှသည်။ မသိသူများလည်း ..."

## ဆုတောင်းမှားခဲ့မိပါသည်

၂၀၁၄၊ ဩဂုတ်လ (၂၇)ရက်တွင် ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့ပါသည်။ အဖေကြီးသည် အသက် ၉၀ အရွယ်တွင် ကွယ်လွန်ခြင်းဖြစ်သည်။ ယခုဆိုလျှင် ၂ နှစ်ပင် မပြည့်သေးပါ။

ချစ်လှစွာသော အဖေကြီးနှင့် ပတ်သက်၍ ကျွန်မ ဆုတောင်းခဲ့ဖူးပါသည်။ ကြီးကိုးကြီးအဓိဋ္ဌာန် ၉ ကြိမ်တိတိဝင်ပြီး ထိုဆုတစ်ခု တည်းကိုသာ တောင်းခဲ့ခြင်းဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ခဲ့စဉ်က အမှတ်တရအဖြစ်လေးတစ်ခုကို သတိရနေမိသည်။ ထိုနေ့က ကြေးသွန်းဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်အပြီး ဦးချရှိခိုးကာ ကျွန်မလိုချင်တောင့်တသော ဆုကို တောင်းလိုက်သည်။ ဘာကြောင့်ရယ်မသိ။ ကျွန်မမျက်လုံးအိမ်မှ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာကာ ရှိုက်ငင်ငိုကြွေးမိသည်။ ကျွန်မလိုချင်သောဆုပြည့်ဝချင်လွန်းလှသော ဆန္ဒကြောင့် ဖြစ်မည်။

ကျွန်မ အတောင့်တဆုံး အလိုချင်ဆုံးဆုမှာ 'အဖေကြီးကို မသေခင် လုပ်ကျွေးပြုစုခွင့်ရရှိပါစေ' ဆိုသော ဆုပင်ဖြစ်သည်။

အမှန်တကယ်လည်း ကျွန်မ ဆုတောင်းပြည့်ခဲ့ပါသည်။ သို့ရာတွင် ကျွန်မ ဝမ်းမသာနိုင်ခဲ့ပါ။ တွေးမိလေတိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီး နောင်တရနေမိသည်။

တကယ်တမ်း ကျွန်မ တောင်းရမည့်ဆုမှာ. . .။

၁၉၈၅ တွင် အမေသည် အသက် ၅၀ အရွယ်ကောင်းတွင် ရင်သားကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရှာပါသည်။ အမေသည် အဖေကြီးနှင့် ကျွန်မတို့ညီအစ်မ ၅ ယောက်ကို စိတ်မချစွာ ထားခဲ့ပြီး လူ့လောကမှ ထွက်ခွာသွားခဲ့ပါသည်။

အဖေကြီးသည် သမီးအပျိုကြီးနှစ်ယောက်ဖြစ်သော အလတ်မနှင့် အငယ်မတို့နှင့် နေပါသည်။ ကျွန်မအောက်မှ ဒုတိယညီမမှာ အဖေကြီးနေသော တိုက်၏ (၄)လွှာတွင် နေပါသည်။ နို့ညှာမမှာ နယ်ဆေးရုံတွင် ကလေးအထူးကုအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာဝန်မဖြစ်သည်။ မုဆိုးမကျွန်မမှာ သားနှစ်ဦးနှင့်အတူ အိမ်ခွဲနေ ပါသည်။ သားနှစ်ဦးလုံးမှာ အသီးသီးအိမ်ထောင်ကျသွားပြီဖြစ်၍ ကျွန်မအတွက် နောက်ကြောင်း အေးပါသည်။ ထို့ကြောင့် အဖေကြီးကို အနီးကပ်ပြုစုချင်ပါသည်။ သို့ရာတွင် အတူနေညီမများက လက်မခံ ကြပါ။ ကွယ်လွန်သွားပြီဖြစ်သော ကျွန်မခင်ပွန်းအပေါ် စိတ်မကြည် ဖြူတာလည်း ပါသည်။ ခင်ပွန်းဖြစ်သူက ဆင်းရဲသောကြောင့်ဖြစ် သည်။

အဖေကြီးဆီ ကျွန်မဝင်ထွက်တိုင်း မကျေမနပ်ဖြင့် ပြုစုနေ သော အလတ်မနှင့် အငယ်မမျက်နှာကိုသာ တွေ့ရသည်။ ကျွန်မ အောက်ညီမကသာ ကျွန်မကို ခေါ် ပြောပါသည်။ ကျန်ညီအစ်မ သုံးယောက်က ကျွန်မကို မခေါ် ပါ။ နောက်ပိုင်းတွင် အငယ်မက ပြန်ခေါ် ပါသည်။

'အဖေကြီးရှိလို့ အလာခံတာ' ဟု ပြောသော ညီမများကို ခွင့်လွှတ်ပြီး ဥပေက္ခာပြုကာ အဖေကြီးကြိုက်တတ်သော စားစရာလေးများကို ဝယ်ခြမ်းပြီး ကျွန်မ သွားမြဲသွား၊ လာမြဲလာပါသည်။

အသက် ၉၀ အရွယ်ရောက်လာပြီဖြစ်သော အဖေကြီးကို ချော်လဲမှာ ကျွန်မ စိုးရိမ်ပါသည်။ ဟိုးယခင်ကလည်း ရေချိုးခန်းထဲတွင် တစ်ယောက်တည်း ချော်လဲခဲ့ဖူးသည်။ ဘာမှမဖြစ်၍ တော်သေးသည်။ အဖေကြီးဆောက်ထားသော တိုက်သည် ပေါင်ကောင်တိုက် ဖြစ်သည်။ ၂ လွှာကို တစ်ခန်းဟု သတ်မှတ်ထားသည်။ အပြင်လှေကား ရှိသလို အိမ်ထဲတွင်လည်း လှေကားရှိသည်။ အောက်ထပ်မြေညီထပ်တွင် ချက်ပြုတ်သည်။ အဖေကြီးသည် ပထမထပ်တွင် နေသည်။ အဖေကြီးအခန်း

တွင် ဘုရားစင်မှလွဲ၍ ဘာမှမရှိပါ။ အပျိုနှစ်ယောက်မှာ အပေါ်ထပ် အလွှာများတွင် နေကြသည်။

အဖေကြီးခမျာ မီးဖိုခန်းတွင် အိပ်ရသည်။ ဆီးဝမ်းမထိန်းနိုင်သည်ကို အကြောင်းပြု၍ ထားခြင်းဖြစ်သည်။ အဖေကြီးအိပ်သော တစ်ယောက်အိပ်ကုတင်နှင့် မျက်နှာချင်းဆိုင်တွင် တံခါး တစ်ပေါက်တည်းသာရှိသော ရေချိုးခန်း အိမ်သာ တွဲထားသော အခန်းရှိသည်။ မီးဖိုကြမ်းခင်းကို ကြွေပြားခင်းထား၍ ချော်လဲမည်ကို စိုးပါသည်။

ကျွန်မ တစ်ခါတစ်ရံ အဖေကြီးဆီရောက်စဉ် အဖေကြီး ရေချိုးသည့်နေ့နှင့် ကြုံတတ်ပါသည်။ အသက်ကြီးပြီမို့ နေ့တိုင်း ရေမချိုးနိုင်ပါ။ အဖေကြီးကို ကျွန်မ ရေချိုးပေးပြီးလျှင် ရေချိုးခန်းမှ ရေစက်လက်ဖြင့် ထွက်လာသော အဖေကြီးကို ချော်လဲမည်စိုး၍ တွဲပြီး ကုတင်ဆီသို့ ပို့ပါသည်။

ကုတင်ပေါ်တွင် အဖေကြီးကို ထိုင်ခိုင်းကာ ရေခြောက်အောင် သုတ်ပေးပြီး ခန္ဓာကိုယ်အနှံ့ကို ပေါင်ဒါလိမ်းပေးပါသည်။ နောက် အဝတ်အစားလဲသည်။ ဦးဆုံး စွပ်ကျယ်၊နောက် ရှပ်အင်္ကျီလက်ရှည်၊ နောက် အပေါ်က ဖလန်ထည်ရှပ်အင်္ကျီလက်ရှည်ကို ထပ်ဝတ်ပေးပြီးလျှင် ပုဆိုးလဲပေးပြီး အိမ်ရှေ့ဝရန်တာသို့ ထွက်သော တံခါးပေါက်နားတွင် ချထားသော အဖေကြီး အမြဲထိုင်နေကျ ဒရင်းဘက်ဆီသို့ တွဲခေါ်လာပါသည်။ အဖေကြီးကို နေသားတကျထိုင်စေခဲ့ပြီး မီးဖိုခန်းထဲ ပြန်လာပါသည်။

အဖေကြီးကုတင်အောက် ကြွေပြားခင်းထားသော ကြမ်းပြင်ပေါ်မှ ရေများကို ပြောင်အောင် အဝတ်ခြောက်ဖြင့် အထပ်ထပ် တိုက်ပါသည်။ ထို့နောက် ရေချိုးခန်းထဲ ဝင်ပြီး တစ်ခန်းလုံးကို ရေခြောက်အောင် အဝတ်ဖတ်ဖြင့် ပွတ်တိုက်သည်။ အဖေကြီး ရေအိမ်တက်လျှင် ချော်လဲမည်စိုးရိမ်၍ ဖြစ်ပါသည်။

အပြင်ခန်းကို လျှာထိုးကြမ်းပြင်ခင်းထားသည်။ အပြင်ဘက် မီးဖိုတံခါးဝတွင် အဖေကြီးကုတင်ကို ထားစေချင်သည်။ အိမ်သာ ရေချိုးခန်းနှင့်လည်း ဘယ်လောက်မှ မဝေးပါ။

သို့သော် ကျွန်မမှာ ပြောခွင့် လုပ်ခွင့်မရှိပေ။

၀

အဖေကြီးမကွယ်လွန်မီ ၄ လအလိုတွင် သကြ္ကန်ကျပါသည်။ ထိုနှစ်သကြ္ကန်က အမေ့ရွာသို့ အဖေကြီးကို အသိပေးပြီး ကျွန်မ ဥပုသ်စောင့်သွားခဲ့ပါသည်။ အမေ့ရွာမှာ မအူပင်မြို့နယ် ဝဲဒေါင့်ကျေးရွာဖြစ်ပါသည်။ သကြ္ကန်ရောက်တိုင်း ကျွန်မ ဥပုသ်သွားစောင့် မြဲပါ။

ညီမဝမ်းကွဲ နုနုကို တစ်လ ၅ သောင်းဖြင့် အဖေကြီးကို ပြုစုရန်ခေါ်ထားခဲ့သည့်အတွက် ကျွန်မ စိတ်ချပါသည်။

နှစ်ဆန်း (၂)ရက်နေ့ ကျွန်မ ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်း နုနုဆီ ဖုန်းဆက်မေး၍ အဖေကြီးချော်လဲကြောင်း သိရပါသည်။

ကျွန်မ စိုးရိမ်သည့်အတိုင်း ဖြစ်ခဲ့ပြီ။ ကြားကြားချင်း ကျွန်မ အရောက်သွားခဲ့သည်။ အဖေကြီးကို အိပ်ရာထက်တွင် ပက်လက်ကလေးတွေ့ရသည်။

ကျွန်မကိုတွေ့လျှင် အဖေကြီးက ပြောသည်။

'အဖေကြီးချော်လဲသွားတာ ခေါင်းထိပြီး ခွပ်ခနဲတောင် မြည်သွားတယ်။ ခေါင်းမှာ နည်းနည်းပွန်းသွားတယ်။ ဒါပေမဲ့ ခြေထောက်တစ်ဖက်က ထောက်လို့မရဘူး။ ပေါင်ထဲကလည်း နာနေတယ်'

'ဘယ်လိုဖြစ်တာလဲ'

အနားမှ ညီမနုနုကို မေးကြည့်သည်။

'အဲဒီတုန်းက ကျွန်မက အပြင်က ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးနေတာ။ အဖေကြီးက ဆီးသွားချင်လို့ အိပ်ရာကထပြီး ကုတင်အောက်ကိုဆင်းတော့ ဆီးကထွက်သွားတယ်တဲ့၊ ထွက်လည်း ထွက်သွားရော အိမ်သာဆီအသွား၊ သူ့ဆီးကို သူနင်းမိပြီး ချော်လဲတာပဲ'

ညီမနုနုစကားကို နားထောင်ပြီး အဖေ့နားတွင် မနေသော သူ့ကို အပြစ်မတင်မိပါ။ အလတ်မနှင့် အငယ်မကိုသာ အပြစ်တင် ချင်သည်။ အဖေကြီး ချော်လဲစဉ်က သူတို့အနားတွင် မရှိသည့် အကြောင်းရင်းမှာ (၄)လှာတွင်နေသော ညီမက မုန့်ဟင်းခါးချက်သည် ဆို၍ သွားစားနေကြ

ခြင်းပင်။ ညီမ ၂ ယောက်စလုံးကတော့ အဖေကြီးအတွက် မုန့်ဟင်းခါး သွားယူသည်ဟု ပြောကြသည်။

ချော်လဲပြီးနောက်ပိုင်း အဖေကြီးလမ်းမလျှောက်နိုင်တော့ပါ။ ဝီးချဲလ်ဖြင့် နောက်မှတွန်းပေးမှသာ သွားလာနိုင်တော့သည်။ အဖေကြီး သွားနိုင်လာနိုင်စဉ်က အိမ်ရှေ့နှင့် အိမ်နောက်ကို တလှုပ်လှုပ်ဖြင့် သွားလာခဲ့သည်။ မနက် (၄)နာရီတွင် ပုံမှန်နိုးပြီး ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုး၊ ကြေးစည်ထု၊ အမျှဝေ၊ ဂရန်တာထွက်၊ ကျန်းမာရေးဖိနပ် ဘယ်ညာနင်းပြီး လမ်းထဲမှ ကွယ်လွန်သွားပြီဖြစ်သော မိတ်ဆွေများကို တစ်ဦးချင်းနာမည်ခေါ် အမျှဝေသည်။ လေ့ကျင့်ခန်းလုပ်၊ အမျှဝေပြီးလျှင် အိမ်ရှေ့နှင့် အိမ်နောက်ကို လမ်းလျှောက်သည်။ တစ်ခါတစ်ရံ နောက်ပြန်လျှောက်သေးသည်။

ညနေ (၄)နာရီတွင်လည်း ဤကဲ့သို့ပင် ဘုရားရှိခိုး မေတ္တာပို့ ကျန်းမာရေးလေ့ကျင့်၊ ညနေ (၆)နာရီတွင် မေတ္တာခံယူသေးသည်။ ပါးစပ်မှ တလှုပ်လှုပ်ဖြင့် အသံတော့ မထွက်ပေ။

ရေချိုးခန်းဝင် အိမ်သာတက်လျှင်လည်း ကိုယ်တိုင်လုပ်ရမှ၊ ချော်လဲမည်စိုး၍ ဝင်ကြည့်လျှင် အတင်းမောင်းထုတ်တတ်သည်။ နောက်ပိုင်းမှသာ ရေချိုးပေးသည်ကို လက်ခံသည်။

သည်တော့ ညီမများကလည်း အဖေကြီးကိုယ်တိုင် လုပ်ကိုင်နိုင်သည်ဆိုပြီး မစိုးရိမ်ကြတော့ဟန်တူသည်။

အသက် ၈၀ ကျော်အထိ မနက်တိုင်း လမ်းသစ်ရိပ်သာထိပ်တွင် ထွက်သော မုန့်ဟင်းခါးဆိုင်တွင် မုန့်သွားဝယ်စားသည်။ အငယ်မအတွက်လည်း မုန့်ဝယ်လာသည်။ အငယ်မက အပြင်ထွက်ပြီး မုန့်မဝယ်စားပါ။ မနက်တိုင်း အိုကြီးအိုမနှင့် အဖေကြီးဝယ်လာတတ်သော မုန့်ကိုသာ စားခဲ့သည်။

သူဝယ်ပေးမည်ဟု စိတ်ကူးပင် ရှိဟန်မတူပါ။ ထို့ပြင် အဖေကြီး အိပ်ရာထဲလဲ၍ ဆီးဝမ်းစွန့်လျှင်လည်း တစ်ခါမှ အဖေကြီးကို သန့်ရှင်းရေး မလုပ်ပေးခဲ့ပေ။ အငယ်မက ရွံတတ်သည်။

အတူနေသားသမီးများသည် သက်ရှိထင်ရှားရှိနေသော မိဘများ၏ တန်ဖိုးကို အသိအမှတ်မပြုတတ်ကြပေ။ သားသမီးတိုင်းကို မဆို

လိုပါ။ အများအားဖြင့်မူ သေမှသာ မိဘတန်ဖိုးကို သိသူများလှသည်။ မသိသူများလည်း ရှိသေးသည်။

ဝ

အဖေကြီး ထူထူထောင်ထောင်ရှိစဉ်က အနီးကပ်ပြုစုချင် သော်လည်း ကျွန်မမှာ ပြုစုခွင့်မရခဲ့ပါ။ ယခုမူ အဖေကြီး အိပ်ရာထဲ လဲ၍ ညစဉ်ရက်ဆက် အိပ်ရေးပျက်လာသောအခါကျမှ အငယ်မက ကျွန်မကို ဖုန်းဆက်ခေါ်ပါသည်။

အဖေကြီးကို နှစ်ရက်ခြားတစ်ခါ သုံးရက်ခြားတစ်ခါ သွားရောက်၍ ညအိပ်ပြုစုခွင့်ရပါသည်။ အဖေကြီးကို ပြုစုခွင့်ရ၍ ဝမ်းသာမိသော်လည်း ပိုက်ဆံရှိညီမများ မောက်မာစွာ ပြောဆိုဆက်ဆံခြင်းကို ခံရသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

ကျွန်မ သည်းခံခဲ့ပါသည်။ အဖေကြီးကိုပြုစုချင်သည့် ကျွန်မ၏ မျှော်လင့်တောင့်တခဲ့သည့်ဆန္ဒ ပြည့်ဝခဲ့၍ ကျွန်မ အစွမ်းကုန် သည်းခံခဲ့ပါသည်။

သည်ဘဝတွင် ကျွန်မသည် အဖေကြီး၏ ကျွေးကျေးဇူးကို ကျေအောင် မဆပ်နိုင်သေးပေ။ မည်သို့ပင် ဆပ်ဆပ် ကျေမည် မထင်ပါ။

အဖေကြီးကို ပြုစုရသော ညများတွင် ကျွန်မ အိပ်ရေးပျက်ခဲ့ပါသည်။ သုံးလေးညဆက်တိုက်အိပ်ရေးပျက်ခဲ့သော်လည်း ကျွန်မ မညည်းညူခဲ့ပါ။ စိတ်မပျက်ခဲ့ပါ။ ကျေနပ်ပျော်ရွှင်ခဲ့ပါသည်။

ဝ

ထိုနေ့နံနက်က လမ်းမီးများပင် ပိတ်ကုန်ပြီဖြစ်၍ မိုးလင်းလာချိန်ဖြစ်သည်။ နိုးထလာသော ကျေးငှက်သံများလည်း ကြားရသည်။ အဖေကြီးလည်း နိုးလာသည်။

'ငါထချင်ပြီ ဘယ်နှနာရီရှိပြီလဲ'

ကျန်ညီမနှစ်ယောက်လုံး အိပ်ရာမှ မထသေး။

'ဟို မိုးမလင်းသေးဘူး အဖေကြီးရဲ့ အိပ်ဦးနော်'

အဖေကြီးကို ညာပြောလိုက်ရ၍ ကျွန်မ စိတ်မကောင်းပါ။

အဖေကြီးကို လာရောက်ပြုစုသည့် ညများတွင် သူတို့ကိုကျွန်မ မနှိုးပါ။ ကျွန်မ စောင့်မအိပ်နိုင်သည့် ညများတွင် သူတို့တွေ အိပ်ရေး ပျက်ကြမှာပဲဟူသော ကိုယ်ချင်းစာစိတ်ဖြင့် ကျွန်မ မနှိုးခဲ့ပါ။ အဖေကြီး ကို ကျွန်မ တစ်ဦးတည်း တစ်ညလုံး ပြုစုပါသည်။

ညဦးပိုင်းတွင် ဆေးလိမ်းနှိပ်နယ်ပေး၍ အဖေကြီးအိပ်ပျော် ပါသည်။ နောက်ပိုင်းတွင် ချော်လဲထားသော ပေါင်က ကိုက်နေ၍ အဖေ ကြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်ပါ။ ခဏ ခဏနိုးပါသည်။ နိုးလာတိုင်း လည်း နာရီမေးသည့်အတွက် ကျွန်မလည်း အိပ်မရပါ။

'ဘယ်နှနာရီရှိပြီလဲ'

မေးပြန်ပါပြီ။ ယခင်က မနက် (၄)နာရီ ပုံမှန်ထနေကျ အဖေကြီး မှာ ယခု (၆)နာရီရှိပြီမို့ ထချင်နေပါပြီ။ အဖေကြီးကို ကျွန်မ တစ်ယောက် တည်း မထူနိုင်ပါ။

'မိုးမလင်းသေးဘူးလား၊ ဘယ်နှနာရီရှိပြီလဲ'

ထပ်မံကြားရပြန်တော့ ကျွန်မ မနေနိုင်တော့ပါ။

'ဟဲ့ . . . ဒီမှာ အဖေကြီး ထချင်နေပြီ'

မတတ်သာသည့်အဆုံး ကျွန်မ ခပ်ကျယ်ကျယ်လေး အော်ပြော လိုက်မှ နိုးလာကြပါသည်။ အလတ်မက မျက်နှာရှစ်ခေါက်ချိုးနှင့်ခြင် ထောင်ကြိုးကို ဆွဲဖြုတ်နေသည်။ နှုတ်မှလည်း 'နင်က စကား သွားပြော နေတာကို'

'ဘုရားရေ'

ကျွန်မ အံ့သြသွားသည်။ ကျွန်မ မရှိသောအချိန်များတွင် အဖေ ကြီးတစ်ညလုံး ဘာမေးမေး ဘာပြောပြော ကိုယ့်ခြင်ထောင်ထဲမှာပဲ ငြိမ် ကုန်နေကြတယ်နဲ့တူတယ်ဆိုသော အတွေးကို ကျွန်မ သံသယမရှိတော့ ပါ။ အဖေကြီးအတွက် စိတ်မကောင်းဖြစ်မိသည်။ ဝင်္ဂလည်မှာ မကြောက် ဘူးလားဟု စိတ်ထဲမှပဲ ပြောမိသည်။ သူများကို အားကိုးနေရသော ဘဝ ကိုလည်း အလွန်ကြောက်ရွံ့လာမိသည်။

'ဒေါက် ဒေါက်'

တံခါးဖွင့်လိုက်သည်။ (၄) လွှာတွင်နေသော ကျွန်မညီမ ယောက်ျားဖြစ်သည်။ သူ့လက်ထဲတွင် အဖေကြီးအတွက် မုန့်တစ်ထုပ်ပါလာသည်။ သူက အဖေကြီးစားရန် မနက်စာကို နေ့စဉ် တာဝန်ယူဝယ်ပေးသည်။ အဖေကြီးက သူ့ကို တစ်ထောင်တန်တစ်ရွက် ပြန်ပေးသည်။

တစ်ခါက မျက်လုံးနှစ်ဖက်လုံး တိမ်ရှိ၍ အမြင်အာရုံမှုန်ဝါးနေသော အဖေကြီးသည် သူ့ကို တစ်ရာတန်တစ်ရွက် ထုတ်ပေးသည်။

အောင့်သည်းအောင့်သက်ဖြင့် ယူလိုက်သော သူ့ကိုကြည့်ပြီး ကျွန်မ ရယ်မိသည်။ ကျွန်မအောက်က ညီမ သူ့မိန်းမဖြစ်သူက အဖေကြီးဆီသို့ တစ်ညလေးတောင် ဆင်းမလာပါ။

မိခင်နှင့်ကလေးများကို စောင့်ရှောက်ရသော အရေးနှင့် အမျိုးသမီးများ၏အရေးအရာက ပို၍ အရေးကြီးနေပါသည်။ ထိုအရေးများကို ဦးစားပေးဆောင်ရွက်နေရ၍ ပင်ပန်းရှာသည်။ အဖေကြီးကို တစ်နေ့တစ်ခါပင် လာမတွေ့နိုင်ပါ။

မတ်ဖြစ်သူ၏ အကူအညီနှင့် အဖေကြီးကိုထူမပြီး ဝီးချဲလ်ပေါ်တင်သည်။ မျက်နှာသစ် သွားတိုက်ပြီးလျှင် အဖေကြီးကို ဘုရားစင် ရှေ့သို့ ဝှီးချဲလ်တွန်းပြီးခေါ်သွားသည်။ အဖေကြီး ဘုရားရှိခိုးပြီး ကြေးစည်ထုအမျှအတန်းဝေပါသည်။ ကြေးစည်ကိုပင် မ မနိုင်တော့သဖြင့် ကျွန်မက ကြေးစည်ကြိုးကို ကိုင်ပေးထားရသည်။ လက်ခတ် ဖြင့်တော့ ထုနိုင်ပါသေးသည်။

အဖေကြီးကို မနက်စာကျွေးနေချိန်တွင် ကျွန်မ ခဏပြန်အိပ်ပါသည်။ နာရီဝက် သို့မဟုတ် တစ်နာရီခန့်အိပ်လိုက်ရလျှင် ကျွန်မအိပ်ရေးဝပါသည်။ နေ့ခင်းတွင် ကျွန်မ မအိပ်တတ်ပါ။ အကျင့်လည်းမလုပ်ပါ။ နေ့ခင်းအိပ်မည့်အစား စာ တစ်အုပ်ဖတ်ရသည်ကိုသာ ကျွန်မနှစ်သက်ပါသည်။

ကျွန်မနိုးလာလျှင် အိမ်ခဏပြန်သွားသည့် နုနု ရောက်လာသည်။ အစ်မကြီးကို မတွေ့သဖြင့် အငယ်မကိုမေးတော့ မေးထိုးပြပြီး

'ဟိုမှာ သွားသေနေတယ်တဲ့'

နုနုကရယ်ပြီး ပြောသည်။ ကျွန်မကတော့ စိတ်မကောင်းပါ။ မတတ်သာလို့သာ ကျွန်မကို ခေါ်ထားသော်လည်း မကြည်ဖြူသော ညီမများ၏ သဘောထားကို နားလည်မိသည်။

သူတို့စာနာစိတ်ရှိက သိနိုင်ပါသည်။ အသက် ၉၀ အရွယ် ဖခင်ကြီးကို ပြုစုရသော အစ်မကြီးမှာ အသက် ၆၀ ကျော်နေပါပြီ။ သွေးတိုး၊ နှလုံး၊ ဆီးချိုစသော ရောဂါကြီးကြီးမားမားမရှိဘဲ ကျန်းမာနေ၍သာ တော်သေးသည်။

'အင်း မျက်စိလေး နည်းနည်း အားနည်းတာကလွဲလို့ပေါ့လေ'

၁

တစ်နေ့။

အဖေကြီးစကားကို နားမထောင်သလိုဖြစ်မိရသော ထိုနေ့ကို တွေးမိတိုင်း နောင်တရပြီး စိတ်မကောင်းဖြစ်ရသည်။

ထိုနေ့က အဖေကြီးကို အငယ်မက ဆေးတိုက်နေသည်။ ကျွန်မ စာဖတ်နေသည်။ မှတ်မှတ်ရရ ကျိုက္ကလော့စာပေပြိုင်ပွဲတွင် ဆုရသော စာမူများပါဝင်သည့် စာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေခြင်းပင်။

အဖေကြီးကို ဘယ်အချိန် ဘာဆေးတိုက်ရမည်ကို အငယ်မသာ သိသည်။ ဘယ်မျက်စဉ်း ဘယ်အချိန်ခတ်ရမည်ကိုလည်း အငယ်မသာ သိသည်။ ဆီးချိုရှိသော အဖေကြီးကို သွေးဖောက် ဆီးချိုတိုင်းတာခြင်းကိုလည်း သူပင် လုပ်သည်။ ယခင်ကတည်းက သူ လုပ်နေကျ အလုပ်များမို့ ဝင်စွက်ဖက်ခွင့်မရှိပါ။

'မကြီး အဖေကြီးကို ငါဆေးတိုက်နေတာ၊ နင် ရေလေး ဘာလေး လာတိုက်ပါလား'

အငယ်မက လေသံမာမာဖြင့် ပြောသည်။ ကျွန်မ စာဖတ်နေသည်ကို မြင်ချင်ဟန်မတူ။

ကျွန်မ စာအုပ်ချပြီး အနားသွားသည်။ စိတ်ထဲ နည်းနည်း အောင့်သွားသည်။ တကယ်ဆို ထိုစကားကို ပြေပြေလည်လည် ပြော လည်း ရသည်ပင်။ သူ့နားမှ ရေပုလင်းကိုယူကာ ပုလင်းထဲမှ ပိုက်ကို အဖေကြီးပါးစပ်နား တေ့ပေးလိုက်သည်။ နောက် အငယ်မကို မကျေမနပ် ပြောမိသည်။

'နင်လုပ်နေတဲ့ အလုပ်ကို ငါဝင်လုပ်ရင် အပြောခံရဦးမယ်၊ နင် တို့က ငါ့အပေါ် ဆို အပြစ်ပဲ မြင်နေတော့လေ၊ လက်လှုပ်လည်း အပြစ်၊ ခြေလှုပ်လည်း အပြစ်မြင်နေတော့ ငါမလုပ်ရဲဘူးပေါ့'

'ငါဆေးတိုက်နေတာ နင်မမြင်ဘူးလား'

'မြင်တယ်လေ၊ ငါ့ကိုလုပ်စေချင်ရင် နင်ခိုင်းလေ၊ အဖေကြီးကို ရေလာတိုက်ပေးပါလို့၊ နင်ခိုင်းလို့ ငါမလုပ်ရင်တော့ အပြစ်ပြောပေါ့၊ လုပ်ရင် ပြောမှာစိုးလို့၊ မလုပ်ရဲလို့ မလုပ်တာကို အပြစ်မပြောနဲ့'

ကျွန်မ သည်းခံစိတ်ကုန်သွားပါပြီ။

'ဟင်း . . .'

အဖေကြီးဆီမှ စိတ်မချမ်းသာစွာဖြင့် ညည်းညူသံတစ်ချက်ကို ကြားလိုက်ရသည်။ နှစ်ယောက်လုံး ပါးစပ်ပိတ်သွားသည်။ အဖေကြီး ကြားသွားပြီဟု သိလိုက်သည်။ အဖေကြီးကို မေ့သွားမိသည်ကိုလည်း စိတ်မကောင်းဖြစ်မိသည်။

ထိုနေ့က အငယ်မက 'ဘယ်သူမှ မလာကြနဲ့၊ တစ်ယောက်မှ လည်း လာမပြုစုကြနဲ့၊ ပိုက်ဆံပေးပြီးခေါ်မယ်' ဟု ခပ်စွာစွာ ပြော သည်။

ခေါ်လေ၊ ခေါ်ပေါ့။ ခေါ်ခဲ့ပေါင်းလည်း များပါပြီ။ နေ့ တစ်ယောက် ခေါ်သည်။ အဆင်မပြေ ပြန်လွှတ်။ ညတစ်ယောက် ခေါ်သည် စိတ် တိုင်းမကျပြန်လွှတ်နှင့်။ ပိုက်ဆံစကားပြောနေတုန်းပင်။

အဖေကြီးကို ချေး သေးကအစ မရွံမရှာပြုစုသော နုနုကိုပင် သူ့အဝတ်အစား မလျှော်ရကောင်းလားဟု အပြစ်ရှာပြီး နှင်ခဲ့သည်။

ထိုနေ့က ကျွန်မ မပြန်သေးပါ။ နောက်နေ့တွင် ကျွန်မ ပြန်ခဲ့သည်။ အဖေကြီးကို သမီး အိမ်ပြန်ဦးမည်ဟု ခွင့်တောင်းစဉ်က အဖေကြီး ဘာမှ

မပြောပါ။ အရင်ကဆိုလျှင် 'အေး. . . အေး. . . ပြန် ပြန်' ဟု ပြော သေးသည်။

အငယ်မကို စိတ်ကုန်နေပြီမို့ ကျွန်မ ပြန်ခဲ့သော်လည်း စိတ်ထဲက မကောင်းပါ။ ထိုနေ့သည် အဖေကြီးကို နောက်ဆုံး အသက်ထင်ရှားရှိစဉ် တွေ့လိုက်ရသောနေ့ဟု ကျွန်မ မသိခဲ့ပါချေ။

တစ်ပတ်ကြာသွားသည်။

'ကြီးကြီးစိမ်း၊ ဘိုးဘိုးကြီးဆုံးသွားပြီ'

(၄)လွှာတွင်နေသော တူမ၏ သူငယ်ချင်းမလေးထံမှ ဖုန်းဝင်လာသည်။

ကျွန်မ ဘာပြောရမှန်းမသိ၊ မျှော်လင့်ထားသော်လည်း သည်လောက်မြန်ဆန်မည် မထင်ပါ။

'ဘယ်တုန်းက ဆုံးတာလဲ'

'အခု မနက် ၇ နာရီခွဲက'

'အေး အေး၊ အခုပဲ လာခဲ့မယ်'

မနေ့ကသွားမည်ဟု ကျွန်မ တွေးမိခဲ့ပါသေးသည်။ မသွားဖြစ်ခဲ့ပါ။ ဒီနေ့မှ သွားမည်ဟု စဉ်းစားထားပါသည်။ အခုတော့ အဖေကြီး မရှိတော့ပြီ။

ကျွန်မရင်ထဲတွင် ဆို့နေသည်။ ငို၍မရပါ။ ကျေနပ်အောင် မပြုစုလိုက်ရ၍ ဝမ်းနည်းမိသည်။ အဖေကြီး၏နောက်ဆုံးအချိန်တွင် အဖေကြီးအနားမှာ ကျွန်မ မရှိ၍ ယူကျုံးမရဖြစ်မိသည်။ နောင်တ လည်း ရမိသည်။

အငယ်မနှင့်သာ ပြဿနာမဖြစ်လျှင် ကျွန်မ ဆက်နေမိမည်။ အဖေကြီး၏နောက်ဆုံးထွက်သက်ကိုလည်း ကျွန်မ မီမည်။

ကြည့်စမ်း။ ဟုတ်ပါရဲ့။ ကျွန်မဖျက်ခနဲ သတိရသွားသည်။ ကျွန်မတောင်းခဲ့သောဆု ပြည့်နေပါလားဟု တွေးလိုက်သည်။

ဟုတ်ပါသည်။ 'အဖေကြီးကို မသေခင်မှာ လုပ်ကျွေးပြုစုခွင့် ရပါစေ' ဆိုသော ဆုကို အကြိမ်ကြိမ်အခါခါ ဆုတောင်းခဲ့ဖူးပါသည်။

အဖေကြီးကို မသေခင်မှာ တကယ်ပဲ ကျွန်မ ပြုစုလိုက်ရပါသည်။ သို့သော် ကျွန်မ ဝမ်းမသာမိပါ။ ကျွန်မတောင်းသောဆုမှာ မှားသွားပြီကို သိလိုက်ရ၍ နောင်တ တရားနှင့်အတူ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင်ဖြစ်မိသည်။

တကယ်တမ်း ကျွန်မ တောင်းရမည့်ဆုမှာ 'အဖေကြီးရဲ့ နောက်ဆုံးထွက်သက်အချိန်အထိ ပြုစုလုပ်ကျွေးခွင့်ရပါစေ' ဟူသော ဆုသာ. . .

၀၀၀

**ဂမုန်းအင်**



**ကောင်းထွန်းဝင်း (နေမြို့)**
**မျက်နှာချင်း လမင်းမှာဆုံစို့ကွယ်**

"ဒကာကြီး၊ လောကမှာ မသိငါးမျိုးရှိတယ်။
အသက်၊ နေ့ရက်၊ ချိန်ခါ၊ နေရာ၊ လားရာဂတိ၊ မှန်းမသိတဲ့။
ဇာတိဖြစ်လာတဲ့နောက်တော့ ဇရာ၊ ဗျာဓိ၊ မရဏ
အလိုလိုလိုက်ပါပြီးသားပဲ ဒကာကြီးရေ။
လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်သွားတော့လည်း
တစ်ယောက်တည်း။ မခေါ်ဘဲနဲ့ သူလာတယ်။
မနှင်ပါဘဲနဲ့ သူပြန်တယ်။ လက်တွဲခေါ်ကာ ဖော်မပါ
ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်းပဲ။ လာသူလာလည်း ..."

# မျက်နှာချင်း လမင်းမှာဆုံစို့ကွယ်

## အခန်း(၁)

**ဟိုတောင်ဆီက မိုးတွေညို့ရင်**

ပန်းထိမ်ဆရာကြီး ဦးသီးက အသက် ခုနစ်ဆယ်၊ ဇနီး ဒေါ်လေးက ငါးဆယ်အရွယ်၊ သားသမီးမရှိ တပည့်များ ရှိသည်။ ဆရာကြီး ဦးသီးက မကြာခဏ ဆုံးမသွန်သင်သည်။

'မင်းတို့ ထမင်းကျွေးတဲ့အလုပ်ကို ရိုသေကွ၊ ထမင်းရှင်၊ ကျေးဇူးရှင်တွေကိုလည်း ရိုသေကွ၊ တတ်အားသလောက် ကျေးဇူးတုံ့ပြန်'

တပည့်ကြီး ခင်အေး၊ အလတ် ခင်ရှိန်နှင့် ဝင်းရှိန်၊ အငယ် တင်ထွန်း၊ ရွှေသန်းတို့ဖြစ်သည်။ ဆရာကြီးထံမှ ပညာကို ကြိုးစား ဆည်းပူးသင်ယူသည်။ ဦးသီး စိန်ရွှေရတနာအလုပ်ရုံက ပုသိမ်ဈေး ရုံတော်တွင် ဖွင့်သည်။ အပ်သူ၊ ပစ္စည်းရွေး၊ အထည်လဲ၊ ပစ္စည်းဝယ်၊ စသဖြင့် အရောင်းစည်သည်။ ဒေါ်လေးက စိတ်ကောင်းရှိကာ အပြောချိုသာ၍ ချစ်ခင်သူများသည်။

'စိန်ထည်ရွှေထည်ဆိုတာ ရတနာကွ၊ ရတနာကို ကိုင်တဲ့ သူ ဟာ သစ္စာရှိရတယ်၊ ကတိတည်ရတယ်၊ မှန်ရတယ်၊ စိတ်ထားဖြူစင်ရိုးသားဖြောင့်မတ်ရတယ်၊ ပစ္စည်းမရှိသေရင် အလုပ်မဖြဲဘူး၊ မှတ်ထားနော်'

သည်လိုလည်း သတိပေးသည်။ ဈေးအတွင်းက ရွှေဆိုင်ပိုင်ရှင် ဒေါ်မိစိန် လည်ဆွဲသွင်းရန် စိန်ပွင့်များလာပေးသည်။

'မမိ မပြန်နဲ့ဦး၊ စိန်တွေလက်ထဲထား၊ ကျုပ် မမှားရအောင် ဖိုမှာတင်ပြီး အကြီးအသေး စီထည့်ပေးမယ်။ တအောင့်ကြာမယ်၊ ပစ္စည်း အရောင်တင်ပြီး သေသေချာချာစစ်ဆေးပြီး ယူပါ'

ဦးသီးကပြောပြီး ကျနစွာ ထည့်သည်။ လည်ဆွဲပိုင်ရှင် ဒေါ်မိက 'ဆရာကြီး၊ ကျွန်မ ဒီအပ်ထည်ဖိုး မရှင်းသေးဘူး' ဟု ဆိုလျှင် ဦးသီးက 'နောက်မှရှင်းပါ၊ ပစ္စည်းအတူတူ လုပ်ကိုင်သူချင်းပဲ၊ ဆုံးမှာ မှတ်လို့' ဟု တိုတိုပြတ်ပြတ်ပြောသည်။ အရောင်းအဝယ် အတိုင် အဖောက်ညီသည်။ 'ကျွန်မ ခုချက်ချင်းလာပြီး ရှင်းမယ်' ဟု ပစ္စည်း လက်ခံ၍ ပြန်သွားသည်။ ခဏအကြာ 'ဆရာကြီးကို ကျတဲ့ လက်ခအဖိုးစားနား လာရှင်းတာပါ' ဟု ပြောဆိုပြီး ရှင်းလင်းသည်။

'ဆရာတပည့်တွေက ပစ္စည်းလည်းရှိသေ၊ အလုပ်လည်းရှိသေ၊ ငွေကြေးလည်း ဖြောင့်မတ်မှန်ကန်ဆိုသလိုပဲ သစ္စာရှိလိုက်ကြတာ'

ခင်ပွန်းဖြစ်သူနှင့် ဝယ်သူနှစ်ဦးစလုံးကို ဒေါ်လေးက ချီးမွမ်း ခန်းဖွင့်သည်။

၀

ထွဋ်ကလေး၊ မမေသန့်သားအမိက ဟသ်ာတ၊ တာသစ်ဈေး တွင် ကုန်မျိုးစုံရောင်းသည်။ ရိုးရိုးကုန်ထုတ်အလုပ်နှင့် လက်မပြတ်၊ စီးပွားရှာသည်။ ပညာသင်ကြားသည်။ ကိုခင်အေး၊ ကြည်ကြည်၊ သမီး သန်းသန်းဦးမိသားစု ဈေးဆိုင်သို့ပေါက်ချလာပြီး ဆိုင်းမဆင့် ဗုံမဆင့် ကြည်ကြည်က ပြောသည်။

'ရွှေဆိုင်နဲ့ ပန်းထိမ်ဖိုတွဲဖွင့်ချင်လို့ ပစ္စည်းနည်းနည်း ပေးပါ မမ။ ဆရာကြီးဆီက သုံးနှစ်ကျော် ပညာဆည်းပူးလေ့လာပြီးလို့ ဆရာ ကြီးက ခွင့်ပြုပါတယ်၊ ရေကြည်ကွက်သစ်မှာ ဖိုတည်မယ်၊ ရွှေဆိုင်ဖွင့်မယ်၊ အဲဒါ မမဆီက အကူအညီလာတောင်းတာပါ'

ဒေါ်လေးက အားပေး၏။

'ရတနာပစ္စည်း အရောင်းအဝယ်က အဖိုးတန်တယ်၊ ကြီးပွား တယ်၊ မမ ကြည်ကြည်တို့ကို တတ်အားသလောက် ကူရမယ်။ ဆွေမျိုးထဲ မှာ ရတနာအလုပ်က မရှိသလောက် ရှားတယ်'

ပြောပြီး လက်ဝတ်လက်စားရတနာအချို့ကို သေချာစွာ ရွေးချယ်၍ လွှဲအပ်ပေးသည်။ ကြည်ကြည်က

'ကိုခင် ဘယ့်နှယ်လဲ၊ မမက မိဘကလွဲ မိဘပဲ၊ နှစ်ခွန်း မပြော ရဘူး။ ကြည်တို့မိသားစုကို ယုံကြည်စိတ်ချတယ်ဆိုတာ တွေ့ပြီ မဟုတ် လား'

'အေးပါ ကြည်ရဲ၊ မမတို့သားအမိက ကျေးဇူးရှင်တွေပဲ၊ ကျေးဇူး တရားကို ဘယ်မေ့လို့ဖြစ်ပါ့မလဲ ကြည်ရယ်'

နှစ်ယောက်သားထိုင်ကန်တော့ပြီး ထပြန်ကြသည်။ ကိုခင်အေး၊ မကြည်ကြည် ရွှေဆိုင်ပန်းထိမ်က လုပ်ငန်းစပြီး အခြေခံကျသည်။ အဖွဲ့ သားအားလုံးက ဆရာ့စကားမြေဝယ်မကျနားစိုက်၍ ကြိုးစား အလုပ် လုပ်ကိုင်သည်။ တပည့်တွေက ဆရာကိုရိုသေ၊ အလုပ်ကို ရိုသေ၊ အချင်းချင်း ချစ်ခင်လေးစားသည်။ အလုပ်အကိုင် ကောင်း၍ စီးပွားရေးကောင်းသည်။ ရွှေမိုး၊ ငွေမိုး၊ ရတနာမိုးရွာသည်။ ကိုခင် အေးနှင့် ကြည်ကြည်တို့တွင် သမီး သန်းသန်းဦးအပြင် သားယောကျာ်း လေး ကျော်ဖြိုးကို နောက်ထပ်မွေးသည်။ သားရတနာ ထွန်းကား၍ ရှင်တစ်ပါးပေါ်ပေါက်သည်။ ဆရာနှင့် ဆရာကတော်တို့က အရွယ် ရောက်သည့် သားတပည့် ခင်ရှိန်နှင့် ဝင်းရှိန်တို့ကိုလည်း ကောင်းမွန် စွာ အိမ်ထောင်ချပေးသည်။ အိမ်ထောင်ရေး သာယာဖြောင့်ဖြူး သည်။

သူတို့ရပ်ကွက်ထဲတွင် အစ်မကြီးအေးအေး၊ အောက်က လတ် လတ်၊ အငယ်ထွေးထွေးဟု အပျိုညီအစ်မသုံးယောက်ရှိသည်။ အရွယ် ကောင်း၊ သဘောကောင်း၊ အပြောကောင်းသည်၊ တာသစ်ဈေးတွင် အလှ ကုန်ဆိုင်ဖွင့်သည်။ အရောင်းအဝယ်ကောင်း၍ ဝင်ငွေဖြောင့်သည်။ အေးအေးက ၃၅ နှစ်နှင့် အငယ်ထွေးထွေးက တင်ထွန်းနှင့် သက်တူ ရွယ်တူ အသက်အစိတ်၊ ပျိုမြစ် နုနယ်ချစ်စဖွယ်ကောင်းကြသည်။ တင် ထွန်းနှင့် ထွေးထွေးတို့ လူငယ်အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်ကြ

သည်။ တင်ထွန်းက ဆရာဖြစ်သူကို မိမိတို့ လူငယ်ကိစ္စအား ဖွင့်ဟ တိုင် ပင်သည်။

'အေး ကောင်းပါတယ်ကွာ၊ ကြည်ကြည်လည်း သဘောကျ လိမ့်မယ်၊ အေး မင်းတို့နှစ်ယောက် စိတ်တူကိုယ်တူ ကြည်ဖြူရင် ပြီးတာ ပါပဲ၊ ငါပြောချင်တာက အိမ်ထောင်ရေးမှာ စီးပွားရေး အရေးပါတယ်၊ မေတ္တာရှိရုံနဲ့ မပြီးဘူး၊ မင်းအလုပ်ကြိုးစားလုပ်၊ ငွေစု၊ ရွှေစု၊ အဆင်ပြေ ရင် ငါ မင်းတို့ကို ဆိုင်ခွဲဖွင့်ပေးမယ်၊ ဒီနှစ်တော့ သည်းခံစောင့်လိုက်ပါ ဦး၊ သီတင်းကျွတ်ရင် မင်းတို့နှစ်ယောက်ကို ကျကျနန လက်ထပ်ပေး မယ်'

လူငယ်ချစ်သူနှစ်ဦးတို့ ရွှင်မြူးကြည်နူး ဝမ်းသာ မဆုံးကြ။

'တင်ထွန်းရေ၊ သွားသတိ၊ နေသတိ၊ စားသတိရှိရမယ်၊ အစား မတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်း၊ အနေမတော်ရင် ဆဲတာ နဲ့တူတဲ့ သတိတော့ရှိပါစေနော်'

အမှာဆင့်သည်။ လာမည့်အရေး ကြိုတင်ကာကွယ်ပေးသည်။

'ရှင်ကလည်း အစိုးရိမ်လွန်လိုက်တာ၊ ရှင့်တပည့်က နားမ ထောင်တဲ့အစားထဲက မှတ်လို့၊ စိတ်ချပါ၊ ရှင့်စကားဆို တစ်သွေမတိမ်း နာခံတဲ့ ကလေးပဲ'

ကြည်ကြည်က ထောက်ခံချက်ပေးသည်။ သဘာဝအဖြစ် အပျက်က ဆန်းကြယ်သည်။ အလှည့်အပြောင်းများက မြန်ဆန်လွန်း သည်။

တစ်မနက်၊ မိုးလင်းခါစတွင် ထွေးလေး အသံကြားရသည်။

'မမကြည်၊ ထစမ်းပါဦး၊ ဆရာ့ကို အကြောင်းကြားရအောင်။ ထွေးပြေးလာရတာ၊ ညက အစ်ကိုတင်ထွန်းအိမ်လာလည်တယ် သိရ တယ်၊ ထွေးကိစ္စရှိတာနဲ့ ရှာပြန်တယ်၊ လတ်လတ် အိမ်မှာမရှိဘူး၊ စကား ပြောရင်း ညဉ့်နက်တော့ မမအေးက မမ မင်းကို စိတ်မချဘူး၊ မပြန်နဲ့ တော့။ အိမ်မှာပဲ အိပ်ခိုင်းတယ်ဆိုတာ သိရတယ်။ မိုးလင်းတော့ အစ်ကို တင်ထွန်းနဲ့ မမအေးတို့နှစ်ယောက်သားအိမ်ကပျောက်သွားတယ်၊ သူ တို့ မရှိကြတော့ဘူး၊ တွေ့အောင် ရှာပေးဖို့ ဆရာ့ကို ပြောပေးပါ၊

ဒီကိစ္စပြောရအောင် ထွေးပြေးလာခဲ့တာပါ မမကြည်၊ ထွေးတို့လူငယ် တွေအတွက် ဆရာတို့ကို အနှောက်အယှက် မပေးချင်ပါဘူးရှင်'

အမောတကြီး ပြောပြီးပြန်သွားသည်။

'ကြည်ကြည်၊ ငါ တင်ထွန်းကို တွေ့ချင်တယ်။ တွေ့ရင် ပြန်ခေါ်မယ်၊ ဒီကောင်မနဲ့ မနီးစေရဘူး၊ မရ ရအောင် ဖျက်မယ်၊ သူ့ကို ထွေးထွေးနဲ့ နေရာချပေးရမယ်'

စိတ်လိုက်မာန်ပါ ပြောသည်။ ကြည်ကြည်က ခင်ပွန်းသည်၏ စိတ်ဓာတ်ကို နားလည်သည်။

'ကိုခင်ရယ်ခက်လိုက်ပါဘိနော်၊ ရှင်မတွေ့ တွေ့အောင် လိုက်ရှာမယ်ဆိုတာ မသိဘဲနေပါ့မလား၊ အတွေ့ကောခံပါ့မလား၊ မိန်းမကိုက ကြီးမှုမိုက်တဲ့ ကြီးမိုက်။ ညီမမျက်နှာ၊ မိသားစုမျက်နှာ မထောက်ဘဲ ပြောင်နှိုက်တာ၊ သူပဲ မရှက်၊ မရှက်တယ်'

ကြည်ကြည်စကားဆုံးလျှင် ကိုခင်အေး အားပျော့နုံးခွေသွားသည်။

'ဩော် အမှောင်တကာ့အမှောင်မှာ၊ ဒီအမှောင် အမိုက်ဆုံးပဲ။ သူဝင်ရင် ဘာမှမမြင်တော့ဘူး။ စုံလုံးကန်းတယ်။ ကံအကျိုးပေးက ဘယ်နေမလဲ၊ သူများ မျက်ရည်ပေါက်ကျ၊ စိတ်ဆင်းရဲရရင် ကိုယ့်အလှည့် ရောက်လာမယ်၊ ကြည့်သာနေ၊ ကြည်ကြည်'

'ရှေ့က ဝိပါက် ခုနစ်ရက်၊ ယခုဝိပါက် ဒခေါက်ကြောတက်' တဲ့။ ဆရာ နှုတ်ကမြွက်သည်။

ဝ

## အခန်း(၂)

**တစ်မိုးလုံးမှောင်မှောင်ဝေ**

တင်ထွန်း အပျိုကြီး အေးအေးနှင့် အိမ်ထောင်ကျသည်။ တစ်လပြည့်သည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာက ခက်သည်။ စားဝတ်နေရေး၊ လူမှုရေးအထွေထွေက တာဝန်ကြီးလှသည်။ တင်ထွန်း အလုပ် ပြန်ဆင်းရန် သူ့ဆရာရွှေဆိုင်ဘက် ခြေဦးလှည့်သည်။ ခါတိုင်းကဲ့သို့ မသွက်လက်၊ ကိုယ်ရောစိတ်ပါ လေးလံထိုင်းမှိုင်းသည်။ စိတ်မှာလည်း

'ငါ့ဆရာ၊ ငါ့ကျေးဇူးရှင်မျက်နှာ ငါ ဘယ်လိုပြန်ကြည့်ရပါ့မလဲ၊ ငါ့ကို ခွင့်လွှတ်ပါ့မလား၊ လက်မခံလို့ နှင်ချလည်း၊ ငါ့ကျေးဇူးရှင် ငါ ကန်တော့ပြီး ပြန်ရုံပဲ။ ငါ့ထိုက်ငါ့ကံ၊ ငါပဲခံရုံပေါ့'

တင်ထွန်း၊ တွေးရင်း ရီဝေစွာ လှမ်းနေသည်။

'တင်ထွန်း လာ လာ'

သူ့ဆရာကတော် ခေါ်သံကြားရသဖြင့် အားတက်သွားသည်။

'တင်ထွန်း လာ လာ၊ အလုပ်ပြန်ဝင်၊ ပြန်အလုပ် လုပ်၊ ကောင်း ကောင်းလုပ်၊ လူဆိုတာ အမှားမကင်းဘူး၊ မမှားတဲ့ ရှေ့နေ၊ မသေတဲ့ ဆေးဆရာ မရှိဘူးတဲ့။ ကိုယ့်အမှားကိုယ်သိပြီး ပြင်နိုင်ဖို့ပဲ အရေးကြီး တယ်။ လိမ်လိမ်မာမာနေ ငါ့မောင်ရေ'

တင်ထွန်း အားတက်သွားသည်။ သူ့ဆရာမျက်နှာကိုတော့ မကြည့်ဝံ့။ 'ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့တဲ့ ငါပါလား' ဟု တွေးမိ သည်။ ရွှေသန်းက ဖိုထဲမှထွက်၍ တင်ထွန်းကိုလက်တွဲခေါ်သည်။

'တစ်ဖိုလုံးက အစ်ကို့အလာကို ကြိုနေကြတယ်။ စိတ်လည်း မကောင်းဘူး။ ဆရာက ပိုဆိုးတယ်၊ ကြားတဲ့အချိန်ကစပြီး ထမင်းကောင်း ကောင်းမစားနိုင်ဘူး၊ တော်တော်စိတ်ဆင်းရဲနေတယ် အစ်ကို'

ရွှေသန်းက အရင်းတိုင်းဖောက်သည်ချသည်။ တင်ထွန်း ဖို အလယ် ဆရာ့နောက်ကျောမှ ယို့ယို့ဝင်၍ ထိုင်သည်။ ဆရာ၏ တည် ကြည်ပြတ်သားသော စကားသံက ထွက်လာသည်။

'တင်ထွန်းကို သူ့အတွက်ချန်ထားတဲ့ လုပ်ငန်းတွေ ချပေးလိုက်၊ အလုပ်လုပ်ပေ့စေ၊ ပါးစပ်ပေါက် တိုးလာလို့ ကြိုးစားပစေ'

ဆရာ့စကားကြားလိုက်ရသည်က တင်ထွန်းအတွက် အားဆေး တစ်ခွက်။ အလုပ်ရုံတစ်ခုလုံး ပြန်လည်လှုပ်ရှား အသက်ဝင်သည်။ ဆရာ ဖန်းမောင်နှံက သီရိဂေဟာအဖြစ် ဖန်တီးနိုင်ကြသည်။ အလုပ်သိမ်း ချိန် ဆရာတပည့်နှစ်ဦးသာ ကျန်သည်။ ဆရာက စကားမပြောဘဲ လက် သီး ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ လက်တစ်ဖက်က လေထဲ သို့ မြှောက်၍ တင်ထွန်း မေးပေါ် ကျသည်။ ခွပ်ကနဲ အသံနှင့်အတူ တင်ထွန်း ထိုင်လျက်မှ ပက်လက်လဲကျသည်။

'မွဲချင်တဲ့ခွေး ပြာပုံတိုးတယ်။ မင်းတစ်သက်လုံးကြိုးစားခဲ့သမျှ အရှုံးကြီးရှုံးပြီ၊ မင်းအခု စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အကြီးအကျယ် ခံနောင်တရ ပြီမဟုတ်လား ခွေးကောင်'

ပြောပြောဆိုဆို ချာကနဲလှည့်ထွက်သွားသည်။ ဆရာ့စေတနာ ဒေါသကို တင်ထွန်း နားလည်ပါသည်။

ရွှေသန်းက ရွှေဆိုင်တစ်ဆိုင်လုံး၏ အသည်းစွဲ၊ အငယ်ဆုံးမို့ အချစ်ကပိုသည်။ အလုပ်ရှင်ဇနီးမောင်နှံက သားအရင်းကဲ့သို့ သဘောထားသည်။ ရွှေသန်းက နှစ်ဆယ်အရွယ်ငယ်သူမို့ ချစ်ခင်တွယ်တာ မြတ်နိုးရှာသည်။ တစ်ဆိုင်လုံး သူ့ခြေသူ့လက် သူမပါလျှင် မပြီး။ တကယ် ပဲခူးဆားအစစ်။ 'ရွှေသန်းရေ လက်ဖက်ရည်နဲ့ မုန့်မှာကွာ'ဟု ဆရာက အမှာဆင့်လျှင် နေ့လယ်လက်ဖက်ရည်၊ ဆရာ့အကြိုက် ပေါင်မုန့် နံပြားထောပတ်သုတ်၊ ရေနွေးကြမ်းကျကျ ပါစမြဲ။ အလုပ် အရေးကြီး၍ ညပိုင်းဆင်းလျှင် ညဉ့်နက်ပိုင်းတွင် 'ရွှေသန်းရေ၊ အကြော်နဲ့ လက်ဖက်ရည်မှာကွာ' ဟု ဆရာက အမိန့်ရှိလျှင် ခေါက်ဆွဲ ကြော်၊ ဆရာကြိုက်သည့် ထမင်းကြော်ခြောက်ခြောက်၊ လက်ဖက် ရည်ကျကျ အသင့်ပြင်ပြီးနှင့်ပြီ။ အလုပ်သိမ်းသည်နှင့် ပျော်ပျော်ပါးပါး စားကြသည်။ 'မဝသေးထပ်မှာ၊ အလုပ်ကများလို့ ပင်ပန်းတာ သက်သာအောင် ကြိုက်သလောက်စားကြကွာ'ဟု ဆရာသမားက စေတနာပြည့်ဝစွာ ကျွေးမွေးသည်။ တပည့်များက သူတို့ဆရာကို ချစ်ခင်မြတ်နိုးတွယ်တာသည်။ စားသောက်ရင်းလည်း ဆုံးမ စကားပြောသေးသည်။

'အလုပ်လည်းကြိုးစား၊ စားလည်းစား၊ စုလည်းစု၊ ရတာကို စားချည်းနေရင် ရှာလို့ ဘယ်လောက်တော့မလဲ။ တစ်ရာရ တစ်ရာ မသုံးနဲ့၊ သောက်စား လောင်းကစားမလုပ်နဲ့။ လောင်းကစားမှုကျိုးမပြုတဲ့၊ မြဲမြဲမှတ်ထား'

အထပ်ထပ်အခါခါ သတိပေးတားမြစ်သည်။

'လူကိုဖျက်တဲ့ အရက်ကြောင့် ပျက်စီးဆုံးရှုံးမှုက အများကြီးပဲ' သည်လိုလည်း အကြိမ်ကြိမ်မှာသည်။

သီတင်းကျွတ်ပြီ၊ အလုပ်က တွင်သည်။ ဆရာတပည့်နေ့ညဥ့် မဟူ ကြိုးစားအလုပ်လုပ်သည်။ ဝါကျွတ်ပွဲတော် လူကြီးမိဘကန်တော့ပွဲ ရှိသည်။ ဆရာက ကြိုးစားစုအောင် ဖန်တီးပေးသည်။ ငွေကိုပိုက်၍ ရွှေသန်း တောင်ရိုး ပြန်ရန်ပြင်သည်။

'ဆရာခင်ဗျား၊ သီတင်းကျွတ်ပိတ်ရက် ရိုးဘက်ပြန်ပြီး အဖေ အမေ ကန်တော့ချင်လို့ ငါးရက်ခွင့်ပေးပါ။ အဖေအမေကို ကန်တော့ပြီး ပြန်ခဲ့ပါ့မယ်'

'အေး ကောင်းတယ်ကွာ၊ မိဘကျေးဇူးဆပ်ဖူးတာပေါ့၊ ကျေးဇူး သိတတ်ပြီး ကျေးဇူးဆပ်မှ လူပီသတယ်၊ လူသူဌေး၊ လူပဂေးဖြစ်မယ်။ မိဘကို စိတ်ချမ်းသာအောင်ထား၊ ကိုယ့်ဘဝတစ်သက်လုံး ချမ်းသာတယ်၊ ခရီး လှမ်းတော့ ခွင့်တစ်ပတ်ယူပြီး၊ ပြန်ခဲ့ပေါ့ကွာ'

ရွှေသန်းက ဆရာနှင့် ဆရာကတော်နှစ်ဦးကို ဦးချကန်တော့ သည်။

ရွှေသန်း ရိုးပြန်ရောက်သည်။ လူရိုးလူအေး ရွှေသန်းအား အပေါင်းအသင်းသူငယ်ချင်းများက ဝမ်းသာအားရ တောထဲခေါ်လာ သည်။ မိဘနှစ်ပါးက စိတ်ချစွာထည့်လိုက်သည်။ ထန်းရေတဲ ရောက် ကြသည်။

'ရွှေသန်းရေ ရောက်တုန်းရောက်ခိုက် တို့တောစာ မြည်းကြည့် ကွာ၊ တို့အားလုံးက မင်းအလာကို မျှော်လင့်နေကြတယ်။ အောက်မေ့ ပြေပေါ့ကွာ'

ရွှေသန်း ငြင်းကြည့်သည်။ ငယ်ပေါင်းများက ဇွတ်တိုက်သဖြင့် တစ်ကျိုက်ပြီး တစ်ကျိုက် သောက်ဖြစ်သည်။ အားလုံး မူးကြသည်။ ရွာသားများက ထန်းရည်ဝါရင့်သည်။ စကားပြောမပျက်၊ ခြေလှမ်းမပျက်။ ရွှေသန်းကို အိမ်အရောက်တွဲပို့ရသည်။ မိဘ၊ မောင်နှမများက 'သေရည် ဆို အသေကြိုက်တဲ့ မသာတွေ၊ သေကိုမသေနိုင်ဘူး၊ သေပါစေတော်' ဟု ဆဲဆိုသံက မနည်း။ နောက်နေ့တွင်လည်း ရွှေသန်း မိတ်ကောင်း ဆွေ ကောင်းတွေက တောထဲလာခေါ်ပြန်သည်။

'ထန်းရည်သောက်ဖို့တော့ မထည့်ဘူး။ အိမ်မှာပဲနေ။ မင်းတို့ အားလုံးကို စားချင်တာ ချက်ကျွေးမယ်'

အစ်ကိုအစ်မတွေက ပြောသည်။ သူငယ်ချင်းများက လက် မခံ။

'ထန်းရည်ဆို လက်နဲ့ ထိတောင်မထိဘူး၊ သောက်ဖို့ဆို ဝေလာ ဝေး။ သောက်ရင် ပါးသာချ'

ထိုသို့ဝန်ခံကြသဖြင့် စိတ်ချစွာထည့်ပြန်သည်။ ကြက်ဝိုင်းလည်း ကောင်းသည်။ 'ပွဲတိုင်းကျော်နဲ့ အရှေ့ဘက်ရွာ ဘာမထီနဲ့ တို့ရွာဂုဏ်ကို ထိန်းသိမ်း လိုက်ပါဦး။ မြို့ကြီးသား ရွှေသန်းရေ'ဟု မြှောက်ပင့်လျှင် ရွှေသန်း ဘယ်ခါမဆိုင်းဝိုင်းဝင်သည်။ အစပိုင်းတော့ ပျော်ကြရွှင်ကြ သည်။ နောက်ဆုံး အရှုံးပေါ်သည်။ရွှေသန်း မိဘကန်တော့ရန် ငွေထဲမှ ထက်ဝက်ကျော် လောင်းကစားဒဏ် ထိသည်။ ရွှေသန်း ဟန်သာထုတ် ရသည်။ အပူရုပ်က ဘွင်းဘွင်းပေါ်သည်။ ရွှေသန်းပြန်ရက်လည်း ပြည့် တော့မည်။

'အဖေအမေနဲ့ အိမ်မှာနေ၊ ဘယ်မှမသွားနဲ့၊ မလည်နဲ့။ ပြန်ရ တော့မယ် မဟုတ်လား'

ပြောလျှင်တော့ မိဘစကား နားထောင်သည်။

'ပါတဲ့ငွေနဲ့ အဖေအမေတို့ကို သားကန်တော့ပါတယ်'

ဦးသုံးကြိမ်ချကန်တော့သည်။ မိဘနှစ်ပါးက ကြည်နူးအားရ၊ မျက်ရည်ကျသည်။ 'သားလေး၊ သွားလေရာ ဘေးမသီရန်မခ၊ အေးမြ ချမ်းသာပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့' ဟု မေတ္တာပို့သည်။ အစ်ကို အစ်မတွေအား တစ်ဦးပြီးတစ်ဦး မိမိရှာဖွေ စုဆောင်းသည့်ငွေဖြင့် ကန်တော့၍ ဝမ်းသာကြသည်။ညနေခင်းတွင် သူငယ်ချင်းများကို နှုတ် ဆက်ရန် လမ်းလျှောက်ထွက်သည်။ ရွှေသန်း မနက်၊ ဟသာ်တ ပြန်ရ မည်။ သို့သော် မမျှော်လင့်သော အဖြစ်ဆိုးကြုံရသည်။ ထိုညတွင် ငယ် သူငယ်ချင်းများက 'ရွှေသန်းရေ ဒီညတော့၊ တို့နဲ့ ပျော်ပျော်ပါးပါး ကစား သွားပါဦးလားကွာ၊ သူငယ်ချင်းတွေမခွဲခင် ကြုံတုန်းကြုံခိုက် ပျော်လိုက် ကြအောင်' ဟုခေါ်သည်။ ရွှေသန်း အမျိုးမျိုး တောင်းပန်သည်။ စိတ်က ခါတိုင်းနှင့်မတူ။ လေးလံထိုင်းမှိုင်း၍ ဝိုင်းမထိုင်ချင်၊ သူငယ်ချင်းများက

တစ်လက်ပါကွာဟု အတင်းဆွဲသည်။ သူက 'တော်ပြီကွာ၊ အိမ်က အဖေ အမေ မျှော်နေမယ်၊ ပြန်ဖို့ရှိလို့ သွားမယ်ကွာ' ဟု ရုန်းသည်။ ရုန်း၍မရ။ သက်ကြီး ခေါင်းချချိန်ရောက်သည်။ ဖဲဝိုင်းက ရန်ဖြစ်၍ ဆူဆူညံညံ ပွက်ပွက်ညံသည်။ အသံနက်က ဟိန်းထွက်သည်။

'ရွှေသန်း၊ ရွှေသန်း၊ ဖဲဝိုင်းမှာ လူမှားပြီး ဓားထိုးခံရတယ်၊ ရွှေသန်း ဓားထိုးခံရလို့'

ကြောက်စရာ အမင်္ဂလာသတင်းက ညအမှောင်ထုကို ထိုးဖောက်လာသည်။ ထိုညမှာပင် ရွှေသန်းသည် သူချစ်သောရွာနှင့် သူ့မိသားစုကို နှုတ်မဆက်နိုင်ဘဲ အပြီးတိုင် ရုတ်တရက်ကျောခိုင်း ထွက်ခွာသွားခဲ့သည်။

ဝ

## အခန်း(၃)

### ဟောဝန်မြိုင်စွန်းက လွမ်းအောင်ဖန်

တပည့်လိမ္မာ ရွှေသန်းနာရေးအတွက် ယနေ့ ဆိုင်ပိတ်သည်။ ရေကြည်တိုက်ဆရာတော်နှင့် သံဃာငါးပါးပင့်၍ ဆွမ်းသွတ်တရားနာ၊ အနုမောဒနာပြုသည်။ အားလုံး သောကဝေဒနာ ခံစားနေရသည်။ ကိုခင်အေးက

'တပည့်တော်ဖြေဖို့ ကြိုးစားပါတယ်၊ ဖြေလို့မရဘူး၊ သားရင်းလို ပြောကောင်းဆိုကောင်း၊ လူကြီးမိဘကို ရိုသေ လေးစားသိနားလည်တဲ့ ကလေးအရွယ်ကောင်းကိုမှ ရွေးပြီး သေမင်းက ရင်ခွင်ထဲက အတင်းဆွဲထုတ်ခေါ်ယူသွားသလို ခံစားရပါတယ် ဘုရား'

ကြေကွဲစွာဖြင့် ရင်တွင်းခံစားချက် ဖွင့်ဟလျှောက်သည်။

'ဒကာကြီး၊ လောကမှာ မသိငါးမျိုးရှိတယ်။ အသက်၊ နေ့ရက်၊ ချိန်ခါ၊ နေရာ၊ လားရာဂတိ၊ မှန်းမသိတဲ့။ ဇာတိဖြစ်လာတဲ့နောက်တော့ ဇရာ၊ ဗျာဓိ၊ မရဏ အလိုလိုလိုက်ပါပြီးသားပဲ ဒကာကြီးရဲ့။ လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်သွားတော့လည်း တစ်ယောက်တည်း၊ မခေါ်ဘဲနဲ့ သူလာတယ်။ မနှင်ပါဘဲနဲ့ သူပြန်တယ်။ လက်တွဲ ခေါ်ကာ ဖော်မပါ ဥစ္စာချည်နှီး၊ ကိုယ်ထီးတည်းပဲ၊ လာသူလာလည်း လာစမ်းပါစေ၊

မဆီးလေနဲ့ ပြန်သူမြန်လည်း ပြန်စမ်းပါစေ၊ မဆီး လေနဲ့ တို့တစ်တွေ လျှင် အမိရင်ဝယ်ခိုဝင်ကာနား ခရီးသွား၊ အားလုံး ဧည့်သည်ပါတကားတဲ့ ဒကာကြီး။ ဓမ္မတာလမ်းစဉ်က သူ့လမ်းစဉ် အတိုင်း သွားရမှာပါပဲ'

ရွှေသန်းအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

o

ဆရာဇနီးမောင်နှံက အခါအားလျော်စွာ သွန်သင်သည်။

'လူမှာ မွေးကတည်းက မားတစ်ချောင်းပါတယ်။ အဲ့ဒါ လျှာပဲကွ၊ ချစ်စေချင်လည်း ဒီလျှာပဲ တစ်ခွန်းပဲ။ မုန်းစေချင်လည်း ဒီလျှာပဲ။ မကြိုက်တာကို မစနဲ့ မပြောနဲ့ မပြောင်နဲ့ ချစ်တုန်းတော့ ပျားသကာ၊ မုန်းတော့ ခါးတမာတဲ့ကွယ်။ စိတ်ညီရင် သင်ဖျူး၊ စိတ်မညီရင် ရှားစောင်းဆူးတဲ့၊ အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုသလို သိပ်ပြီး ကြောက်စရာကောင်းတယ်ကွယ်၊ ကြပ်ကြပ် သတိထားကြ'

ကိုခင်အေးတို့ ဇနီးမောင်နှံက တပည့်များကို အလေးအနက် သွန်သင်သည်။

တစ်ညနေတွင် အစ်ကိုအရင်းသဖွယ်ချစ်သည့် ကိုခင်ရှိန်က တင်ထွန်းကို စသည်။

'အပျိုကြီးယောကျ်ား တော်တော်ပျော်ရဲ့လား။ ကြိုးစားလှချည်လား'

စကားခွန်းသွယ်သည်။ ကိုဝင်းရှိန်က လာပြန်သည်။

'အမျိုးသမီးကြီးယောကျ်ား နေကောင်းလား၊ စားလို့သောက်လို့ကောင်းလား'

ခွန်းဆက်သည်။

'တင်ထွန်းက ကောင်းတယ်အစ်ကို၊ ဒါပေမဲ့ အရင်လို မလွတ်လပ်လို့ မလန်းဘူး အစ်ကို၊ သိပ်တော့ ဘယ်ပျော်မလဲ၊ ကိုယ့်ဘဝနဲ့ ကိုယ်ဆိုတော့ ပျော်ပျော် မပျော်ပျော် တော်သလိုနေရတော့ တာပေါ့ အစ်ကို'

ကျေနပ်စွာ ခွန်းတုံ့ပြန်သည်။ အမှန်ဖွင့်ဟသည်။ အလုပ်ထဲ စကား အပြင်ပေါက်ကြားသည်။ ကိုဝင်းရှိန်ပြောစကားက ကြီးကျယ်

သော စကားမဟုတ်၊ အပေါက်အလမ်းမတည့်သည် စကားလည်း မဟုတ်။

'ဟော့ အမေကြီးယောက်ျား ညီလေး၊ အိမ်ထောင်ရေး အဆင်ပြေလား၊ သက်သာချောင်ချိလား'

သည်စကားမှာ မခံချင်လောက်သော စကားမျိုး မဟုတ်။ သို့သော် တင်ထွန်းဇနီးအေးအေးက ဆယ်နှစ်ကြီး၍ စကားအကျအနကောက်သည်။ မခံချိမခံသာဖြစ်သည်။ ဆရာ့ဇနီး ကြည်ကြည်က မိန်းမချင်း နားလည်သည်။

'တင်ထွန်းက မင်းတို့အပေါ် အထအန မကောက်ဘူး၊ စိတ်လည်း မပြောင်းဘူး၊ အမျိုးသမီးက မင်းတို့အပေါ် ကျေနပ်ပုံမရဘူး၊ ကြည့်နေ၊ ကြည့်စား၊ စကားဆင်ခြင်ပြော'

ကြည်ကြည်က လိမ္မာရေးခြားရှိသူပီပီ သတိပေးဆုံးမလေသည်။ တစ်ညနေ အလုပ်သိမ်း၍ ပြန်ကုန်ပြီ။ ခင်ရှိန်နှင့် ဝင်းရှိန်တို့လည်း ပြောလက်စ စကားသိမ်း၍ ပြန်ရန်ဟန်ပြင်သည်။ တင်ထွန်းဇနီးအေးအေး သုတ်သုတ်ပျာပျာ ပေါက်ချလာသည်။ မျက်နှာကြော တင်းသည်။ အေးအေးက အသံထွက် ဆဲသည်။

'ဟဲ့ ဝင်းရှိန် ခွေးကောင်၊ ကိုယ့်ဘာသာကိုယ် အေးအေး ဆေးဆေး မနေနိုင်တဲ့ကောင်၊ ငါ့ကိုများ အမေကြီး၊ အဖွားကြီးလို့ ဘာဖြစ်လို့ လျှောင် ရတာလဲ။ သူများ ဘာဖြစ်ဖြစ်၊ ကိုယ်နဲ့ မဆိုင်တာ ဝင်စွက်ရလဲ၊ ပါရတာလဲ'

ပြောပြောဆိုဆို လက်ထဲပါလာသည့် ပန်းတိမ်သုံး သုံးမြှောင့်တံစည်းဖြင့် လမ်းပေါ်မှ လှမ်းပေါက်သည်။ သုံးမြှောင့်တံစည်းက ဝင်းရှိန် ရင်ဘတ်တည့်တည့် စိုက်ဝင်သည်။ ဝင်းရှိန် နေရာမှာပင် အရုပ်ကြိုးပြတ် ပက်လက်လန်ကျသည်။ ပြန်ထမရ၊ သွေးပွက်ပွက် အိုင်ထွန်းသည်။

'လာကြပါဗျာ၊ ကယ်ကြပါဗျာ၊ အေးအေး တံစည်းနဲ့ လှမ်းပေါက်လို့ ဝင်းရှိန် သတိမရတော့ဘူး'

ကိုခင်ရှိန် အော်သံအဆုံး အနီးအနားၥှိ နေသူများ ကိုခင်အေး တို့ဆိုင်ထဲ တိုးဝင်လာကြသည်။

'ဝင်းရှိန်၊ ဟေ့ ဝင်းရှိန်၊ ငါခေါ်နေတယ်၊ ထူးလိုက်စမ်းကွာ၊ ငါခေါ်တာ'

သူ့ဆရာက ဘယ်ကဲ့သို့ခေါ်ခေါ် ဘယ်လောက်ခေါ်ခေါ် ဝင်းရှိန်တစ်ယောက် တင်ထွန်း၏ဇနီးလက်ချက်ဖြင့် ချက်ချင်း၊ မပြန်လမ်းကို လှမ်းသွားခဲ့လေပြီ။ နာရေးသတင်းက တမဟုတ်ချင်း ပြန့်၏။ ကြားရသူအပေါင်း အံ့ဩဝမ်းနည်းမဆုံး။

'လူ့အသက်တစ်ချောင်းက ဖြစ်ခဲလိုက်တာ၊ သေချင်တော့လည်း သေချိန်မတိုင်ဘဲ သေရ၊ သေဖို့အကြောင်းလည်း မဟုတ်ဘူး၊ မသေသင့်ဘဲ သေရ၊ ပြောတဲ့သူကြောင့်လား၊ အပြောခံရတဲ့သူကြောင့်လား။ တစ်ဆိတ်ကို တစ်အိတ်လုပ်လို့ သေဖို့ ဖြစ်ရတာ၊ စိတ်ဆင်းရဲ လိုက်တာနော်'

ကိုခင်အေးက စိတ်ထိခိုက်စွာ ညည်းတွားနေပေသည်။ ကြည်ကြည်က ခင်ပွန်းသည် သောက သက်သာစေရန်

'သြော် သေချိန်ရောက်တော့လည်း ဘာရောဂါ၊ ဘာဝေဒနာမှ မခံလိုက်ရဘဲ အရှင်လတ်လတ်၊ သေမင်းခေါ် ရာနောက် ကောက်ကောက် ပါလိုက်ရတယ်၊ နှမြောဖို့ကောင်းလိုက်တာ'ဟု သံဝေဂယူစကား ပြောကြားသည်။

'ဘူးတစ်ရာ အပေါက်ကို ပိတ်လို့ရတယ်။ ပါးစပ်ပေါက် တစ်ပေါက်ကို ပိတ်မရဘူး၊ ဈေးထဲကော၊ တစ်မြို့လုံးကော လူတွေက ရွှေဆိုင်က ဝင်းရှိန်ကို တင်ထွန်းမိန်းမက စူးနဲ့ထိုးလို့၊ ပွဲချင်းပြီးသေတယ်၊ ဆိုင်ပိတ်ထားတယ်နဲ့ မကောင်းတဲ့သတင်းက စုံနေတာပဲ၊ ဆိုင်နာမည် ပျက်ရတယ်။ လုပ်ကိုင်စားလို့ ဘယ်လိုကောင်းမလဲ'

ရာဇဝတ်ဘေးက ပြေးမလွတ်၊ ကိုယ်ပြုသမျှကံ ကိုယ်သာခံရပေမည်။ အေးအေးက မိမိ ကျူးလွန်ကြောင်း အပြစ်ရှိကြောင်းကို ဝန်ခံဖြောင့်ချက်ပေးသည်။ ပြစ်မှုထင်ရှား၍ ထောင်ဒဏ်ချသည်။ အေးအေးကို ပုသိမ်မြို့ အကျဉ်းထောင်သို့ ပို့ဆောင်သည်။ အချိန်များ တရွေ့ရွေ့

တုန်လွန်သွားသည်။ ထွေးလေးက အစ်မရှိရာသို့ ထောင်ဝင်စာ လာတွေ့သည်။

'မမအေး နေကောင်းတယ်မဟုတ်လား၊ နေကောင်းအောင်သာနေ၊ ဘာမှမပူနဲ့၊ ဘာသောကမှ မဖြစ်နဲ့၊ ပြစ်ဒဏ်ကျရက် လျှော့ရက်နဲ့ နှစ်စေ့အောင်မနေရဘူး၊ မြန်မြန်လွတ်မှာ မမအေး'

အတိတ်ကိုမေ့ပစ်ပြီး အားပေးသည်။ ခင်ပွန်းသည် တင်ထွန်းမှာ အလွန် တုန်လှုပ်ခြောက်ခြားလျက်။ အစ်ကိုရင်းပမာ ရင်းနှီးချစ်ခင်သူကို ဇနီးက လုပ်ကြံရက်လိမ့်မည် မထင်။ ကျေးဇူးရှင်များကို မျက်နှာချင်း မဆိုင်ရဲ။ မကြည့်ရက်၊ မမြင်ရက် မသက်မသာဖြစ်ရသည်။ တင်ထွန်း က

'အေးအေးရေ ဖြစ်လာမှတော့ ကံတရားပဲပေါ့၊ ဝဋ်ကြွေးရှိရင် ဒီဘဝမှာပဲ ကျေပါစေလို့ ဆုတောင်းပါတယ်'

'အေးအေးအတွက် ဘာတစ်ခုမှ စိတ်မပူပါနဲ့၊ မကောင်းကြံ ကောင်းဖြစ်ရတာပေါ့၊ ကာယကံနဲ့ ပြစ်မှားကျူးလွန်တဲ့ အပြစ်တွေကို ကျေပါစေလို့ ဆုတောင်းပါတယ်'

အေးအေးက သတိသံဝေဂယူလျက် ပြောသည်။

o

ယနေ့ အေးအေး အပြစ်ဒဏ်မှ လွတ်မြောက်သည့်နေ့ ဖြစ်သည်။ လတ်လတ်နှင့် ဆွေမျိုးသားချင်းများက အေးအေးအား ထောင်ပေါက်ဝမှ အပြုံးကိုယ်စီနှင့် ဆီးကြိုသည်။ အေးအေးက တည်ငြိမ်စွာ ဖြင့် သူ့အမျှော်လင့်ဆုံး၊ အတွေ့ချင်ဆုံး တင်ထွန်းကို မျက်လုံးဝေ့၍ ရှာ သည်။ မတွေ့ရ၊ တွေ့မှာပဲလေဟု အားတင်းသည်။ တစ်ဖန် သူအချစ်ဆုံး ထွေးလေးကို ရှာကြည့်မိပြန်သည်။ သူမြင်ချင်သည့် ထွေးလေးလည်း ရောက်မလာ။ အေးအေး ကောင်းစွာ နားလည်လိုက်ပါသည်။ သူတို့ လူယဲ လူရွယ်ချင်းတွေ ငယ်ကအချစ် အနှစ်တစ်ရာတိုင်တိုင်ဟု တွေးမိကာ ဆွေးစိတ်ကို ဖြေသည်။ မျက်ရည်ပေါက်များက ရပ်နေသည့် သူ့ခြေခုံပေါ် လွင့်စင်ကျမှ သတိပြန်ဝင်ကာ အပြင်သို့ တစ်လှမ်းချင်း လှမ်းထွက်ခဲ့သည်။

o

## အခန်း(၄)

### ရှစ်ခွင်မှာ မင်းလွင်မှုန်ပြာရီ

ကိုခင်အေးနှင့် ကြည်ကြည်တို့ သည်အရွယ်ထိ ဖက်တွယ်ခဲ့သော ရွှေဆိုင်။

'ကြည်ကြည်၊ ဥစ္စာကံပေး မရသေး၊ နှောင့်နှေးဗျာပါ မရှိရာတဲ့'

ကိုခင်အေးက ဆိုသည်။

'ကံမခိုင် သံတိုင်အိမ်ဆောက်၊ ကံမှောက်လျှင်ကျိုး၊ ကံကူလျှင် ကျောက်ဖျာ လူမကူနဲ့၊ တလူလူ လွင့်တက်လို့မိုး တဲ့ဆိုစကားက မှတ်စရာကောင်းလိုက်တာ'

ကြည်ကြည်က ပြန်ပြောသည်။

'ကံအကြောင်းပဲကွယ်၊ ကံမကောင်း အကြောင်းမလှတော့ အဆင်မပြေဘူး'

'ကြည်ကြည်၊ ရွှေဆိုင်ကို နိုင်အောင်ဖွင့်၊ ကလေးတွေကို ကျန်းမာအောင် ဂရုစိုက်၊ စောင့်ရှောက်ပညာသင်ပေး။ ကိုယ်တော့ ကားစီးပြီးစီးပွားရှာချင်တယ်'

ကြည်ကြည်က ဖျောင်းဖျသည်။

'အဆင်မပြေတဲ့ အခိုက်မို့ပါ။ တော်ကြာ အဆင်ပြေမှာပေါ့။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေးနေပါ့မယ်'

နှစ်သိမ့်၍ သတိပေးသည်။

'တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ ကျုပ်အလုပ်ပြောင်းကြည့်မယ်။ ကြည်ကြည် ခွင့်ပြုစေချင်တယ်ကွယ်'

'ရှင်ပင်ပန်းဆင်းရဲဒုက္ခရောက်မှာ စိုးလို့ပါ။ ရွှေဆိုင်က ကြည်တို့ စားကျက်၊ လုပ်ကွက်ဟောင်းပဲဟာ'

ကိုခင်အေးကို နောက်ပြန်ဆွဲသည်။

'စက်ပစ္စည်းက အပေါင်းစုံတယ်။ အရောင်အသွေးစုံတယ်။ စရိုက်ပေါင်းစုံ၊ ကိုခင် အဲဒီဒဏ်တွေ ခံနိုင်ပါ့မလား၊ သေချာပြန်စဉ်းစား၊ ကိုခင်ဆန္ဒရှိရင် ကြည်မတားပါဘူး၊ ကလေးတွေအဖို့တော့ မိဘရှိရက်နဲ့ ဖခင်နေရာပျောက်ရရှာမှာ။ ကလေးတွေ အရွယ်ရောက်ရင် မိဘရင်ခွင်

ထဲ ပြန်ဆွဲသွင်းမှာပေါ့။ အဲဒါ ကြည်အဖြစ်ချင်ဆုံး ဆန္ဒ၊ ကြည်မဖြစ်ချင်ဆုံးက မိဘရှိရက်နဲ့ အဝေးနေရတဲ့ဘဝကို ဘဝင်မကျလို့ပါ'

သို့သော် ကိုခင်အေးကို တားမရခဲ့ပေ။

o

သင်းသင်းက လေးဆယ်အရွယ် အရောင်းအဝယ်ကုန်သည်။ ကိုခင်အေးက ငွေကြေးအရင်းအနှီးအတွက် သင်းသင်းကို ချဉ်းကပ်သည်။

'ကျွန်တော် သင်းသင်းနဲ့ ပွင့်ပွင့်လင်းလင်း တိုင်ပင်ချင်လို့ပါ။ လုပ်ငန်းတည်ထောင်မယ့် အရင်းအနှီးလိုတယ်။ ရတဲ့အကျိုးအမြတ်ကို နှစ်ဦးညီတူညီမျှပဲ။ ကျွန်တော့်မိသားစုက ဟသ်ာတမှာ ရွှေဆိုင်ထိုင်တယ်။ ကျွန်တော့်အလုပ်ထဲက ကလေးတွေ အသက်အန္တရာယ်ကြုံလို့ ကျွန်တော်လှည့်ထွက်ခဲ့တယ်။ ကြည်ကြည်က အိမ်ထောင်ထိန်းနိုင်တယ်။ ထောက်ပံ့မယ့်သူရှိရင် လုပ်ငန်းထူထောင်ချင်တယ်။ စိတ်ချမှ အရင်းအနှီးစိုက်၊ စိတ်မချရရင် ထပ်ရှာဖွေပါဦးမယ်'

ကိုခင်အေး သည်တွင် စကားဖြတ်သည်။

'အကျိုးအမြတ်တော့ သိရပါပြီ။ မမြတ်လို့ရှုံးရင် သင်းသင်းချည်း ခံပေရော့၊ ဟုတ်လား၊ ရှုံးခဲ့ရင် ကိုခင်အေး ဘယ်လိုကြံမလဲ၊ ဘယ့်နှယ့်လုပ်ရှင်းမလဲ'

'သင်းသင်းဆီ ခုလာတာ လက်ချည်းသက်သက်ပါ။ အကြံအစည်အထမမြောက်ရင် သင်းသင်းဆီ ကျွန်မ ထိုးဆပ်ပါ့မယ်။ ကျွန်တော့်ကို စိတ်သာချပါ။ ယုံသာယုံပါလို့ ပြောနိုင်တာပဲ'

နှစ်ဦးစလုံး အစင်းသိ၊ အတွင်းသိ၊ ဓာတ်သိတွေ။ နားလည်မှု၊ ယုံကြည်မှုအပြည့်ရှိထားသည်။ သင်းသင်းအရင်းအနှီး လုံလောက်အောင် ထည့်သည်။ ပစ္စည်းနှင့်ငွေထုပ်ပိုက်၍ ဂျစ်တစ်စီးဖြင့် နှစ်ယောက်အတူ ဘားအံတက်သည်။ ဟိုတယ်တွင် တည်းသည်။ စခန်းချသည်။ ကုန်စည်မျိုးစုံ ကုန်တင်ကားကြီးများနှင့် ရန်ကုန်ပင်ရင်း လက္ကားဆိုင်ကြီးများတွင် သွင်းသည်။ ရွှေရင်မျှော်စေတီတော်ကို ဝင်ရောက်ဖူးမျှော်၍ ဆုတောင်းသည်။ ဇွဲကပင်တောင်ထွဋ်မြတ်နဲ့ ဆံတော်ရှင် စေတီတော်ကို

ဦးတင်သည်။ သံလွင်မြစ်ကူးတံတား ဖြတ်ပြီး သာမညတောင် အတူ ဖူးသည်။ ဒုတိယမြောက် ဂျိုင်းမြစ်ကူး တံတားကျော်ဖြတ်၍ သာယာလှပသည့် ကျုံဒိုးမြို့လေးမှ ဘားအံနှင့် ၅၆ မိုင်ကွာ ကော့ကရိတ်မြို့တွင် စတည်းချသည်။ လုပ်ငန်းရှင်နှစ်ဦးတို့ ဒေါနတောင်ကြီးကို အတူဖြတ်သန်းသည်။

ကော့ကရိတ်နှင့် မိုင်လေးဆယ်ကျော်ကွာသည်။ မြန်မာပြည်၏ ချစ်စရာနယ်စပ်မြို့ ရွှေဘက်ဆုံးသောင်ရင်းမြစ်ကမ်းပေါ်က မြဝတီမြို့ ဟိုတယ်တွင် စခန်းအခြေတကျချသည်။ ဟိုတယ်တွင် ငြိမ့်ညောင်းသော စန္ဒရားချစ်ဆွေ၏သီချင်းနှင့် စန္ဒရားသံက လွင့်ပျံလာသည်။

'စိတ်ချင်း သဘောချင်း၊ ဝါသနာချင်းတူတဲ့ ဘဝမယ်။ အတူသွား၊ အတူစား၊ အတူနေလာခဲ့တယ်။ မပြယ်သောမေတ္တာစကားနဲ့၊ ချစ်စကားမကျတကျ၊ အလှအပတွေလည်း ရွေးပြီး ပြောခဲ့တယ်။ သည်လိုအချိန်မျိုးမှာကွယ်၊ နှစ်ယောက်သားတွေရဲ့ မျက်လုံးဝယ် သာယာကြည်နူးမှုနဲ့ နန်းကို အတူတူအလိုလိုမြဲကြရတယ်ကွယ့်. . .'

ကိုခင်အေးနှင့် သင်းသင်းတို့ ချစ်ပီမာန်ပျော်စံသည်။ နှစ်ယောက်စလုံး အိမ်ထောင်ရေးစည်းပေါက်ကြသည်။ အတောင်ကျိုးသည့် ငှက်ငယ်သဖွယ် မဖြစ်ရပါစေနဲ့ ဆုတောင်း၍ ရနိုင်လိမ့်မည် မဟုတ်။

မရကောင်းသည်က အမှန်အသေအချာ။

ဝ

**အခန်း(၅)**

**တိမ်ဖုံးလို့လမသာ၊ လိဝ်ပြာစေမှာလား**

မြဝတီတွင် သုံးနှစ်ခန့်အကြာ။

ကိုခင်အေးနှင့် သင်းသင်းတို့ တစ်ထပ်တိုက်က သောင်ရင်းချောင်းကို မျက်နှာမူသည်။ နယ်စပ်မြစ်ဖြစ်သည်။ မြန်မာထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား အနီးတွင်ရှိသည်။

ထွဋ်ကလေးက ထွေအုပ်ဦးစီးဌာန ဒုခရိုင်ဦးစီးမှူးအဖြစ် မြဝတီမြို့ပြောင်းရွှေ့ရသည်။ 'အခု ပြောင်းလာတဲ့ ဒုခရိုင်ဦးစီးမှူးက ဦးခင်အေး

ရဲ့ညီတဲ့၊ ငယ်ငယ်ပဲ၊ တစ်ကိုယ်ရည်တဲ့ကွယ့်' ဟု စိတ်ဝင်စားစွာ ပြောသံ ကြားသည်။ ထွဋ်ကလေးအိမ်ရှေ့ ကားဖြူသေးတစ်စီး ထိုးရပ်သည်။ သားနား ခံ့ညား၍ ရုပ်ရည်လှပပြေပြစ်သော မိန်းမပျိုက လက်ပွေ့အိတ် ကိုင်၍ အိမ်ထဲဝင်သည်။

'ဒုဦးစီးမှူး၊ ထွဋ်ကလေး ရှိပါသလားရှင်၊ ဧည့်သည်တွေ့ချင်လို့ ပါရှင်၊ ခွင့်ပြုပါ'

ဦးစီးမှူးထွဋ်ကလေးက အနားယူနေရာမှထ၍ ဧည့်ခန်းတွင် မျက်နှာချင်းဆိုင် နေရာယူသည်။

'သင်းသင်းပါ။ ဦးစီးအစ်ကိုတော် ဦးခင်အေးရဲ့ အမျိုးသမီးပါ။ ကိုအေး သိပ်မကျန်းမာလို့ မနက်ဖြန်မနက် အန္တရာယ်ကင်းဆွမ်းကပ်ပါ မယ်။ ဦးစီးကို ဆက်ဆက်ရအောင် ဖိတ်ခဲ့ဖို့ မှာလိုက်လို့ အခုလို သင်းသင်းကိုယ်တိုင် လာခဲ့ရတာပါရှင်'

မိန်းမပျိုက နူးနူးညံ့ညံ့ပြောပြသည်။ ထွဋ်ကလေးရင်ထဲမှာ ရင် တမမနဲ့ အောင့်သက်သက် ဖိတ်သူက ဆွေမျိုးရင်းချာပမာ ဧည့်ဝတ် ကျေစွာ ဖိတ်သည်။ မျက်လုံးထဲတွင် ကြည်ကြည်မျက်နှာ၊ ကလေးတွေ မျက်နှာတွေက အလိုလိုနေရင်း ရောက်လာသည်။

'ပြန်ပါဦးမယ်ရှင်၊ ဆက်ဆက်ကြွခဲ့ပါနော်၊ ကိုခင်က ဦးစီးမှူး သတင်းကြားကတည်းက သူ့ညီကို သိပ်တွေ့ချင်နေတာပါ'

ခေါင်းအနည်းငယ် ညွှတ်ကာ နေရာမှထသည်။

'ကောင်းပါပြီဗျာ၊ ကိုယ်တိုင်လာတဲ့ သင်းသင်းကို ကျေးဇူး တင်ပါတယ်။ အစ်ကိုအေးကို ကျွန်တော် လာပါ့မယ်သာ ပြောလိုက်ပါ'

အိမ်ရောက်လျှင် ထွဋ်ကလေးကို သင်းသင်းက အိမ်ဝမှ နေ၍ ဆီးကြိုသည်။ အိပ်ခန်းထဲ ပက်လက်လဲလျောင်းနေသော လူမမာ ဘေး သို့ ဦးဆောင်ခေါ်သည်။ လူမမာမှာ မမှတ်မိလောက်အောင် အရှယ် ကျနေသည်။ မျက်နှာချောင်၍ အရိုးပေါ်အရည်တင်နေသည်။ နာတာ ရှည် ရုပ်ဖြစ်၍ အလွန်အမင်းအင်အားဆုတ်ယုတ်ပြီး အိပ်ရာထဲ လဲနေ ပုံရသည်။ ထွဋ်ကလေး မယုံကြည်နိုင်လောက်အောင် အံ့သြသွားရ သည်။

'အစ်ကိုအေး ဘာဖြစ်လို့ ဒီလောက်ကျန်းမာရေး ထိခိုက်လောက်အောင် ပင်ပန်းဆင်းရဲခံပြီးအလုပ်လုပ်ရတာလဲ၊ အစ်ကိုဖြစ်တော့ ဘယ်သူက အစ်ကို့ကိုယ်စား ဝင်ခံနိုင်မလဲ၊ ဒုက္ခရောက်လိုက်တာနော်'

'အစ်ကိုအေးလည်း ဘယ်ကစပြောရမှန်းမသိဘူး၊ နေကောင်းသေးတယ်၊ ကောင်းနေသေးတယ်ထင်ရာက ငှက်ဖျားက တစ်နေ့ တခြားဆိုးဝါးပြင်းထန်ပြီး ဗုန်းဗုန်းလဲတာပဲကွာ'

ကိုခင်အေးက အားယူ၍ ကြိုးစားပြောသည်။

'အစ်ကိုက ရောဂါစဝင်ကတည်းက သိသိချင်း ဂရုမစိုက်လို့ပါ။ ငှက်ဖျားပိုးက ပြန့်တာမြန်တယ်။ တော်တော်လွန်တယ်။ မနည်း ကြိုးစားကုရမယ်။ အစ်ကိုက အနုအရွသမား၊ အခုလုပ်ငန်းက အလုပ်ကြမ်းသမား၊ ဘယ်ဖြစ်မလဲ၊ ရွှေပန်းထိမ်သည်သားကို ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး က တစ်ဝါတွင်းလုံး အသုဘကမ္မဋ္ဌာန်းပေးတယ်၊ တရားမရဘူး၊ ဘုရား ရှင်ထံ ခေါ်ဆောင်တယ်။ ဘုရားရှင်က အနုအရွအလှအပ မြတ်နိုးမှန်း သိတော့လိုက်တဲ့ ကမ္မဋ္ဌာန်းပေးတယ်။ ကန်လယ်မှာ ကြာပွင့်တစ်ပွင့် ဖန်ဆင်းပြီး စူးစိုက်ကြည့်ခိုင်းတယ်။ ကြည့်နေရင်းနဲ့ ပွင့်ဖက်တွေက ရင့်ရော်ပြီး တစ်ဖက်ချင်းကြွေကြွေကျလို့ ရွှေပန်းထိမ်သား၊ ခန္ဓာကို ဉာဏ်လှည့်တယ်။ တရားရသွားတယ် သင်းသင်း။ အလုပ်ကြမ်း မလုပ်ဖူးသူက အလုပ်ကြမ်းလုပ်တော့ ရောဂါနှိပ်စက်ခံရတာ ပေါ့'

ထွဋ်ကလေးက လက်တွေ့ကျကျ ရှင်းပြသည်။

ထိုစဉ် ဆရာတော် သံဃာတော်များ ကြွရောက်လာသည်။ ဆွမ်းကပ်ပြီး ဆွမ်းအနုမောဒနာတရား ဟောကြားသည်။

'ဒကာနဲ့ ဒါယိကာမကြီးရေ၊ ဇာတိ၊ ဇရာဗျာဓိ၊ မရဏ ဆိုတဲ့ ပဋိသန္ဓေ၊ အိုနာသေဘေးတွေက အမိဝမ်းကကျွတ်ကတည်းက ပါလာတယ်။ ရေဘေး၊ မီးဘေး၊ သေဘေးကြီးက အလွန်မြန်တယ်။ အိုနာသေရပေဦးမယ်။ မြင်းက အပြေး၊ သန်မြန်တယ်။ နေနဲ့လက ပိုမြန်တယ်။ နတ်တို့အလျင်က ပိုမြန်တယ်။ မြန်တဲ့အထဲမှာ သေခြင်းက အမြန်ဆုံးပဲတဲ့၊ ဒါကြောင့် မအို မနာ မသေခင် ကြိုတင်ကောင်းမှု ကြိုးစားပြုသင့်တယ်။ အသေမဦးခင် ဉာဏ်ဦးရမယ်'

တရားဟောအပြီး ရေစက်ချ၊ အမျှဝေ၍ တရားသိမ်းသည်။ တရားနာပရိသတ် ပြန်သည်။ ထွန်းကလေးနှင့် အိမ်ရှင်နှစ်ဦးကျန်သည်။ ထွန်းကလေးက

'အနုသမား အကြမ်းပတမ်း အနှိပ်စက်ခံရလို့ အဖြေပျက်သွားတာပဲ'

'ဦးစီးရဲ့အစ်ကိုအေးက အလုပ်ပိပြီး ကိုယ်ရောစိတ်ပါ အဆင်းရဲအပင်ပန်းခံပြီး ကြိုးစားရှာတယ်၊ သူ့မိသားစုကို ကြီးပွားချမ်းသာချင်တဲ့ စေတနာမေတ္တာ သူ့မှာ အပြည့်ရှိတယ်'

သင်းသင်းက ပြောပြသည်။ ထွန်းကလေးက 'ဟသ်ာတက မိသားစုကို ခုလို ပြောနိုင်ဆိုနိုင်တုန်း ခေါ်တွေ့ရရင် မကောင်းဘူးလား သင်းသင်း' ဟု ပြောသံကြားလျှင် အစ်ကိုအေးက

'မခေါ်နဲ့၊ သွားမခေါ်နဲ့၊ သူတို့အလုပ်ကိစ္စက များတယ်။ ခရီးကမနီးတဲ့ အဝေးခရီးကြီး။ မိုင်သုံးရာကျော်တောင်၊ ကျုပ်အတွက် အားလုံးပင်ပန်းဆင်းရဲပါ့မယ်'ဟု ချက်ချင်း တားမြစ်ပိတ်ပင်သည်။

'ဦးစီးရယ် ကရင်ပြည်ရဲ့ မိုးရာသီက ကြာလိုက်တာ၊ တစ်ပတ်လဝက်၊ လချီစွေရွာတယ်၊ အအေးကများလို့ ငှက်ဖျားရောဂါသည် ဘယ်မှာ သက်သာမလဲ၊ ဆောင်းကျလည်း အချမ်းပြင်းတယ်၊ နှင်းက တော်တော်နဲ့မစဲဘူး။ ဒေါနတောင်ပေါ်မှာ မွန်းလွဲဆို မီးဖိုကြရပြီ။ သူရောက်ရင် စောင်နဲ့မလုံဘူး၊ မီးဖိုထည့်ရတယ်။ နှင်းမိုးတွေစွေ၊ နှင်းခဲတွေကျ၊ မိုးဒဏ်ဆောင်းဒဏ်က ရက်စက်ပြင်းထန်တော့ ကိုအေး ဘယ်နာလန်ထူတော့မလဲ။ တိုးတိုးညည်းတော့တာပဲ'

ထွန်းကလေးက အိမ်ရှင်ဖြစ်သူ၏ ပြောစကားဆုံးအောင် နားထောင်၍ နှုတ်ဆက်ပြန်ခဲ့သည်။ 'အကြောင်းရှိရင် အချိန်မရွေးမှာပါ'ဟု စိတ်မချသဖြင့် သတိပေးရသေးသည်။

ရင်းနှီးချစ်ကြည် ခင်မင်မြတ်နိုးလာခဲ့သည့် အစ်ကိုတော်ကိုခင်အေးအတွက် ထွန်းကလေးရင်ထဲ တအုံနွေးနွေး လှိုင်းထဆူပွက်ညံနေသည်။

'ရင်ခွင်ဦးကိုခွာ၍ ရင်ခွင်သစ်၌ ခိုဝင်သည်၊ ခိုဝင်နားပါသော်လည်း ရင်ခွင်ဦးကဲ့သို့ ထွေးနွေးမှုရှိပါ့မလား'

'အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတစ်လည်လည် ဆိုစကား ဖယ်ရှားရပါ့မလား'

'ဇနီးကြည်ကြည်စကားကို ကိုခင်အေး မေ့ပျောက်လို့ ရပါ့ မလား'

'မိဖုံဖစုံရှိရက်နဲ့ မိဘရင်ငွေ့မလှုံရဘဲ အဝေးနေခဲ့ရတယ်၊ ဖခင်နေရာပျောက်ရပါလား'

ကိုခင်အေး မေ့ရက်လိမ့်မည်မထင်။ ယခု သူတစ်ဦး တစ်ယောက်တည်း ဝေးကမ္ဘာတစ်ဖက် ပြေးထွက်ဖို့ ပြင်နေပေပြီ။ သြော်. . . ကိုခင်အေး သူ့လုပ်သားတွေ အသက်ဘေးမျိုးစုံကြုံရလို့ သူ့မှာ ခံနိုင်ရည်မရှိဟု ယူဆပေမည်၊ သူကိုယ်တိုင် သေဘေးအန္တရာယ်မှ ရုန်းကန်ပြေးခွာခဲ့ရာမှ မည်သို့မျှ ရှောင်တိမ်းမရဘဲ သေဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံခဲ့ရလေသည်။ သားသမီးတွေအရွယ်ရောက်လျှင် မိဘရင်ခွင်ထဲ ပြန်ဆွဲသွင်းမည်ဟု၊ သူ၏အနန္တဆန္ဒမှာလည်း လေထဲတွင် အိမ်ဆောက်သလို အရာမထင်ခဲ့။ အားလုံး၊ အားလုံး လွင့်စင်ခဲ့ကုန်သည်။ ရွှေပန်းထိမ်သမား အနုစားက မှုဟောင်းပစ် မှုသစ်အလုပ်ကြမ်း ဇွတ်တိုးဝင်၍ အရှုံးကို ရင်ဆိုင်ရသည်။ ကိုခင်အေးတစ်ယောက် နောက်နေ့ ညသန်းခေါင်ယံတွင် သူချစ်သော မိဘဆွေမျိုးညာတကာကို အပြီး စွန့်ခွာ၍ သေမင်းခေါ် ရာ ကောက်ကောက်ပါ လိုက်ပါသွားခဲ့ရပေသည်။

၀၀၀

**ကောင်းထွဋ်ဝင်း (မနုဖြူ)**



နိဗယ် (Noble)
ရွှေစီးကွက်

"အဘိုးပြန်လာသောအခါ အဘိုးဆီမှ
ထူးခြားသည့် အမှုအရာကို
ကျွန်မ မြင်ရသည်။
ကျွန်မကို ပြုံး၍ကြည့်နေသော ရှင်ပျသည့်
အဘိုး၏ မျက်နှာပင်။
အဘိုးသည် ခဏကြာလျှင်
သူပိုင်ဆိုင်စုဆောင်းထားသော ..."

# ရွှေဇီးကွက်

ကမ်းစပ်က လေတိုက်ခတ်ပုံက ဆွေးဆွေးလေးမို့ မည်သူကမျှ အာရုံမစိုက်ဘဲ မနေနိုင်၊ လျှော်လက်စအဝတ်များကို ခေတ္တချကာ အဝေးကို ငေးကြည့်မိသွားသည်။ ဟိုးအဝေးမှာ မြင်လိုက်ရသည်က ကျွန်မကဲ့သို့ပင် ဘာကိုလွမ်းဆွတ်နေမှန်း မသိသော ကျွန်မ၏ အဘိုး။ အဘိုးသည် ယခုဆို အသက် ၇၀ ကျော်ပြီ။ အဘိုး၏အသက်ကို ကျွန်မ မှတ်ထားသော်လည်း အမြဲမေ့သည်။ ကျွန်မက ဝါခေါင်လ၊ အဘိုးက ကျွန်မထက် သုံးလစောသည်။ ဒီလောက်ပဲကျွန်မ သိပါသည်။

အဘိုးက ပင်လယ်ဘက်လှမ်းကြည့်ရင်း တစ်ခုခုကို သတိရနေသလိုပင်။ အမှန်ပြောရလျှင် အဘိုးနှင့် နေရသည်ကို ကျွန်မ အလွန်ငြီးငွေ့သည်။ တစ်နေ့နေလို့ အပိုစကားတစ်ခွန်းပင် မပြောတတ်သော အဘိုးနှင့် မွေးကတည်းက အတူနေခဲ့ရသည်ကိုလည်း စဉ်းစားတိုင်း အံ့ဩမိသည်။ ကျွန်မကို အဘိုးချစ်ပါသည်ဟု တစ်ခါတလေ တွေးမိသော်လည်း အဘိုးနှင့်တစ်ခါမျှ ရင်းရင်းနှီးနှီး မနေဖူးပေ။ ကျွန်မမှာ အားကိုးရာမိဘများမရှိတော့၍ အဘိုးကိုသာ ခင်တွယ်ရသည်။

'အဘိုးတို့မျိုးရိုးသည် ဒီအတိုင်းပဲ'ဟူ၍ ရွာကလူကြီးများ ပြောတာ ကြားဖူးသည်။ ငယ်ငယ်က အဘိုးနှင့်ရန်ဖြစ်တော့ အဘိုးကို တစ်ခါ ပြောဖူးသည်။

'အင်း. . . အဘိုး အဲ့ပုံစံအတိုင်းနေ၊ စကားတစ်ခွန်းမှ မပြော နဲ့၊ အဘိုးတစ်ခုခုဖြစ်လို့ရှိရင်တောင်၊ အိမ်သာထဲ ချော်ကျတာတို့၊ ပြော မကောင်း ဆိုမကောင်း၊ မြွေကိုက်ရင်တောင် လှမ်းအကူအညီ မတောင်း နဲ့ သိလား။'

တစ်ခါကလည်း အဘိုးနှင့်တည့်တုန်း အဘိုးကို နောက်ဖူးသည်။

'အဘိုး၊ စကား ငါးမိနစ်လောက်ပဲပြောကြည့်၊ အဘိုးကို သမီး ရေဒီယိုအသစ်တစ်လုံး ဝယ်ပေးမယ်၊ တကယ်။'

သို့ပေမဲ့ အဘိုးက ဖုတ်လေတဲ့ငါးပိ ရှိတယ်ဟုပင် မထင်။ အဖက်ပြန်မလုပ်။ မှတ်မှတ်ရရ အဘိုး ကျွန်မကို တစ်ခါရယ်ပြဖူးသည်။ ကျွန်မငယ်ငယ်၊ ရေများကြီး၍ ကျောင်းသို့ မိဘများ လာကြိုရတုန်းက ဖြစ်သည်။ ဒို့အပြင် အဘိုးရယ်တာလည်း မမြင်ဖူးခဲ့တော့ပေ။

သည်လိုနှင့်နေလာသော ကျွန်မ၊ ယခုဆို လေးတန်းအောင်ခဲ့ပြီ။ မနက်ဖြန်ဆို ကျောင်းတွေလည်း ပြန်တက်ရတော့မည်။ ကျောင်းတက် လျှင် အဘိုးချက်သောဟင်းကြောင့် အဘိုးနှင့် စကားအမြဲများရသည်။ ဟင်းချက်သည့်အခါ တစ်ခါတလေ ဟိုဟာမေ့ကျန်၊ ဒီဟာမေ့ကျန်နှင့် အရသာလည်း မကောင်း။ တစ်ခါက ဘဲဥဟင်းမစားချင်၍ ထမင်း စားပွဲတွင် အဘိုးကို ပူဆာဖူးသည်။ အဘိုးက သူ့ဘဲဥဟင်းတစ်လုံးပါ စားဖို့ ထပ်ထည့်ပေးသည်။ ကျွန်မ ထမင်းပန်းကန်ကို တစ်ခါတည်း လွှင့်ပစ်လိုက်သည်။ အဘိုးက ဘာမှမပြော၊ ကျွန်မခေါင်းကို တိန်ခနဲ ခေါက်ပြီး လှည့်ထွက်သွားသည်။ မြေကြီးမှာ ပြန့်ကျဲသွားသော ထမင်းနှင့် ဟင်းများလည်း ခွေးစား၍သာ ကုန်သွားသည်။

ညနေဆို အဘိုးက ပင်လယ်ဘက်ထွက်ကာ လမ်းလျှောက် ထွက်သည်။ သူပြန်လာလျှင်တော့ စားစရာတစ်ခုခု ပါလာတတ်သည်။ ညရောက်လျှင် ကျွန်မ စာလုပ်သည်။ အဘိုးက အမြဲပြောသည်။

'နင်မငယ်တော့ဘူး၊ ကိုယ့်စာကိုယ် အချိန်မှန်မှန်လုပ်၊ မပြောရ စေနဲ့။'

အဘိုးသည် သနားစရာအလွန်ကောင်းပါသည်။ အမှန်မှာ အ ဘိုးသည်(၃)တန်းပင် မအောင်၊ ယခုအသက်အရွယ်အထိ သူကိုယ်တိုင်

ရုန်းကန်နိုင်၍သာ ကျွန်မတို့ ထမင်းမငတ်ခြင်း ဖြစ်သည်။ ယခင်ကမူ အဘိုးကို ကျွန်မ စာသင်ပေးဖူးသည်။

'ငါအသက်ကြီးပြီ၊ စာလည်း မတတ်ချင်တော့ဘူး'

အဘိုးပြောပါများလာ၍ ဆက်မသင်ဖြစ်တော့။ အရင်က အဘိုး အသည်းအသန် ဖျားဖူးသည်။ အဘိုးဖျားတုန်းက ကျွန်မဘာမှ မပြုစုတတ်။ ဘေးအိမ်ကပြောသမျှနှင့် အဘိုးခိုင်းသမျှသာ သိမ်းကျုံးလုပ်ပေးရသည်။ သိပ်မကြာပါ။ သူနေပြန်ကောင်းသည်နှင့် ကျွန်မတို့ ရွာထဲက ကျူရှင်ဆရာမကြီးအိမ် အတင်းပို့တော့သည်။ ဆရာမကြီး အိမ်မှာ ပင်နေရ၊ စားရပြီးအချိန်တန်လျှင် အဘိုးက ထမင်းချိုင့်လာပို့သည်။ အိမ်မှုကိစ္စ ဘာမျှမလုပ်တတ်ဟုဆိုကာ ကျွန်မကို စာနှင့်တကွ၊ အိမ်မှုကိစ္စ တွေပါ အကုန်သင်ပေးရန် ဆရာမကြီးအား အပ်ခဲ့သည်။

သည်လိုနှင့် အဘိုးအတော်အသက်ကြီးလာမှန်း ကျွန်မ အကဲ ခတ်မိသည်။ ကျွန်မသည်လည်း ဘာလိုလိုနှင့် ဆယ်တန်းရောက်လာကာ စာနှင့် လုံးပန်းနေရတော့သည်။ ရွာမှာက ဆယ်တန်းကျူရှင်ဆို၍ တစ်ကျောင်းသာရှိသည်။ အိမ်နှင့်ကျူရှင်၊ ကျူရှင်နှင့် ကျောင်း ပြေးလွှား နေရသဖြင့် အဘိုးကိုအမြဲတမ်း သတိမရနိုင်တော့ပေ။ ညဆိုလည်း အဘိုး ဘယ်အချိန် ဝင်အိပ်သွားမှန်း မသိတော့။

'အဘိုး၊ မနက်ဖြန် ကျောင်းလာမကြိုနဲ့တော့၊ ကျောင်းကအပြန် သမီးသူငယ်ချင်းအိမ်မှာ စာသွားကျက်မလို့'

အဘိုးက တစ်ခွန်းပဲ ပြန်ပြောသည်။

'မသွားရဘူး၊ ငါလာခေါ်မယ်'

ကျွန်မ စိတ်ပျက်ပါသည်။ အဘိုးက ဘယ်တော့မဆို သူ့ဆန္ဒ ချည်းပဲလုပ်သည်ဟု ထင်မိသည်။ တစ်ခါမျှ ညှိနှိုင်း၍လည်းမရ။ ပြော စကား နားမထောင်လျှင်လည်း လက်ကမြန်သည်။ ဆယ်တန်းအောင်ပြီး လျှင်တော့ အဘိုးနှင့်မနေတော့ဟု စိတ်က တွေးမိသည်။ ဆယ်တန်း အောင်လျှင် မြို့မှာ အလုပ်သွားလုပ်ပြီး အဘိုးကို ပိုက်ဆံလှမ်းပို့ပေးမည်။ တကယ်တော့ အဘိုးလည်း ကျွန်မကို သည်အရွယ်အထိ ကျွေးမွေးရတာ ပင်ပန်းလှပါပြီ။ သည်လောက်သာ ကျွန်မ တွေးတတ်သည်။ အဘိုး ဂရု

စိုက်မှုကြောင့် တစ်နှစ်လုံး ကျန်းမာစွာဖြင့် ကျောင်းစာများ မှန်မှန်လုပ်နိုင်ခဲ့သည်။ စာမေးပွဲ ဖြေနိုင်သည်သာ ရှိသည်။ အဘိုး၏ လိုက်လိုက်လှဲလှဲ မေးမြန်းမှု မရှိခြင်းကြောင့် စာမည်သို့ ဖြေနိုင်ခဲ့ကြောင်းလည်း မပြောဖြစ်ခဲ့ပေ။

မနက်ဖြန်ဆယ်တန်းအောင်စာရင်း ထွက်တော့မည်။ ကျွန်မ အလွန် ရင်ခုန်နေမိသည်။ မတော်တဆများ ခြေချော် လက်ချော်ဖြစ်သွားလျှင် ရှက်စရာကြီးဟု တွေးကာ ကြောက်နေမိသည်။ အောင်စာရင်း အသံကြားသည်နှင့် ရင်ထဲ စိုးရိမ်ကြီးစွာ ပူပန်နေရသည်။ အဘိုးကတော့ ဘာမျှဖြစ်မည် မထင်။ အောင်စာရင်းနှင့် ပတ်သက်၍လည်း 'သမီးအောင်မယ် မဟုတ်လား' ဟု တစ်ခွန်းပင် လာမမေး။

အောင်စာရင်းထွက်တော့ ကျွန်မကံကောင်းစွာဖြင့် အောင်မြင်ခဲ့ပါသည်။ ဆယ်တန်းစာမေးပွဲကို အောင်မြင်စွာနှင့် ပြီးဆုံးခဲ့သောကြောင့် အလွန် ပီတိဖြစ်မိသည်။ သူငယ်ချင်းများနှင့် လျှောက်လည်ပြီး အိမ်ပြန်လာခဲ့သည်။ အဘိုး အိမ်မှာ မရှိပေ။အောင်စာရင်း သွားကြည့်နေခြင်း ဖြစ်မည်။

အဘိုးပြန်လာသောအခါ အဘိုးဆီမှ ထူးခြားသည့် အမူအရာကို ကျွန်မမြင်ရသည်။ ကျွန်မကို ပြုံး၍ကြည့်နေသော ရွှင်ပျသည့် အဘိုး၏ မျက်နှာပင်။ အဘိုးသည် ခဏကြာလျှင် သူပိုင်ဆိုင်စုဆောင်းထားသော ပစ္စည်းများကို သေတ္တာထဲမှ ထုတ်ပြသည်။ ကျွန်မသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်၊ အဘိုးသည် ကုတင်ပေါ်သို့ သူ့ပစ္စည်းများ တင်လိုက်၊ ချလိုက်နှင့် ကျွန်မကို တစ်ခုပြီးတစ်ခု ထုတ်ပြ၊ ရှင်းပြနေသည်။ အဘိုး အိတ်ထဲမှ ထုတ်လိုက်သော ပစ္စည်းတစ်ခုကို ကျွန်မ အလွန်စိတ်ဝင်စားသွားသည်။ အဘိုးက . . .

'ဒါ ရွှေအစစ်နဲ့လုပ်ထားတဲ့ ဇီးကွက်ရုပ်၊ ရော့၊ ကြည့် ကြည့်၊ မြို့ကိုသွားတုန်းက ဝယ်ထားတာ' ဟု ပြောပြီး ကျွန်မကို လှမ်းပြသည်။ ကျွန်မလည်း လက်နှင့်မမီ၍ ရှေ့သို့အသာတိုးပြီး လှမ်းယူသည်။ အဘိုးကလည်း မနိုင်မနင်းနှင့် အတင်းလှမ်းအပေး အဘိုး ကုတင်ပေါ်မှ ဗုန်းခနဲ ပြုတ်ကျသွားသည်။

'ဟာ. . . အဘိုး . . .'

ကျွန်မ အော်လိုက်မိသည်။ အဘိုးကို ဆွဲထူမည် အလုပ်တွင်

'ဟား ဟား ဟား ဟား'

'ဟား ဟား ဟား ဟား . . .'

အဘိုးသည် အဆက်မပြတ် သဘောကျကာ ရယ်နေသည်။

ကျွန်မသည် အဘိုး ထိုသို့ရယ်မောပုံမျိုး တစ်ခါမျှ မမြင်ဖူးသော ကြောင့် အံ့ဩစွာ ကြည့်နေမိသည်။

'ဟင်. . . အဘိုး'

ကျွန်မ အထိတ်တလန့်အော်ရင်း အဘိုးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ အဘိုး၏ ခါးနားမှ သွေးများယိုစိမ့်ထွက်နေသည်ကို မြင်ရသောကြောင့်ပင်။

'အဘိုး အဘိုး၊ သွေးတွေ. . သွေးတွေ၊ အဘိုးခါးနားမှာ သွေးတွေ ထွက်နေတယ်'

အဘိုးသည် ဘာမျှပြန်မပြော။ အရယ်လည်း မရပ်။ ရယ်မြဲရယ်နေသည်။ နောက်တော့ အဘိုး၏ ရယ်သံများက အသံထွက် မလာတော့။ ကျွန်မ ဘာလုပ်ရမှန်းမသိဘဲ 'အဘိုး အဘိုး'ဟု ထပ်ကာ ထပ်ကာ အော်ခေါ်မိသည်။ သို့သော် အဘိုးသည် အပြုံးမပျက်ဘဲ ကျွန်မမျက်နှာကို ငေးစိုက်ကြည့်ရင်း အသံတိတ် ရယ်ပြနေသည်။

'အဘိုးရယ် မရယ်ပါနဲ့တော့. . .၊ အဘိုး ဒီလောက်နာနေတာကို သတိထားပါဦး'

ပြောသော်လည်း အဘိုးသည် ကျွန်မကို စိုက်ကြည့်နေသည်။ ကျွန်မသည် ဝမ်းနည်းလှသဖြင့် မျက်ရည်များကျလာသည်။ အမှန်က အဘိုး ကျွန်မကို ဟာသလုပ်သည်ဟုသာ ထင်သည်။ ဇီးကွက်ရုပ်လေးကို ပစ်ပေး၍လည်း ရပါလျက်နှင့် အဘိုးက တမင်ပြတ်ကျချင်ယောင် ဆောင်ပြကာ ကျွန်မကို ရယ်မောရအောင်လုပ်ခြင်းဖြစ်သည်။

တကယ်တော့ အဘိုးသည် ကျွန်မကို ရယ်မောပျော်ရွှင်စေ လိုသူ။ ကျွန်မသည် အဘိုးကို နာကျင်စေခဲ့သူ။ ကျွန်မသည် ငိုရှိုက်ရင်းမှ ကုတင်အောက်နားတွင် အဘိုး အပြင်ကပြန်လာစဉ် ချထားသော ဝါး

ထရံစများကို တွေ့လိုက်သည်။ အဘိုးခါးကို စူးဝင်ခဲ့သော ထရံစများတွင် သွေးများပေကျံနေသည်။ ကျွန်မဘေးတွင် အဘိုး၏ ရွှေဇီးကွက် ရုပ်ကလေးက လဲကျလျက်။

အရုပ်လေးကို တုန်ယင်သောလက်ဖြင့် ကောက်ကိုင်ရင်း အဘိုးမျက်နှာကို လှမ်းကြည့်မိသည်။ အဘိုး၏ ပြူးရယ်နေသော မျက်ဝန်းများက ကျွန်မကို ကြင်နာစွာကြည့်လျက်။ ကျွန်မ ဝမ်းနည်းစွာ ခေါင်းငုံ့ချမိတော့ မျက်ရည်တချို့ ကျွန်မလက်ထဲမှ **ရွှေဇီးကွက်**ရုပ်လေးပေါ်သို့ လွင့်စင်ကျသွားသည်။

၀၀၀

**နိုဗယ် (Noble)**



## ကျော်ဇင်ဝင်း (မရမ်းကုန်း)
## ဘဝအဆက်ဆက်မပျက် မမုန်း ရှာလေဦးတော့

"ယခု ကျွန်တော်ရေးပြမည့် ဂမ္ဘီရဆန်သော
အဖြစ်ပျက်သည်..."

"ဒီအပင်ရဲ့ အရှင်သခင်က သီရိစန္ဒာခင်တဲ့။
နန်းတွင်းသူတစ်ဦးပေါ့။ ခေတ်ပြိုင်က ဒိုင်းခင်ခင်၊
တောင်သမန်လယ်စား မောင်ဖေငယ်၊ ရနောင်မောင်မောင်တုတ်တို့နဲ့
မင်းသီပေါ်ဆိုပါတော့။
အဲဒီအခါက စုဖုရားလတ်က..."

## ဘဝအဆက်ဆက် မပျက် မမှန်း ရှာလေဦးတော့

အကြောင်းတိုက်ဆိုင်သဖြင့် ငယ်ရွယ်စဉ် ကျောင်းသားဘဝက ဖတ်မှတ်နှစ်သက်ခဲ့ဖူးသော ရှင်တေဇောသာရ၏ ကဗျာအပိုင်းအစ။

'မြင်လျှင်ပင်ကိုယ်၊ ကြိုပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့'

မှတ်မိသလောက်သာလျှင် ကဗျာ၏ တစ်ပိုင်းတစ်စကို နှုတ်မှ အလိုလိုထွက်ကျလာမိသည်က သူ့ကို တွေ့လိုက်ရသော အခိုက်အတန့်၌ ဖြစ်ပါသည်။ ကဗျာ၏ စာသားအမှန်ကို အသေအချာပင် မမှတ်မိတော့။ 'ကြိုပါလိုလည်း၊ သို့မဟုတ် ကြို့ပါလိုလည်း'ဟု ဝေခွဲခြင်းငှာ မတတ်သာ၊ မေ့လျော့သည်မို့ အတ္တနောမတိ၊ ကိုယ်အလိုရှိ သလိုသာ ယူလိုက်ချင်ပါသည်။ သူ့ကိုမြင်လျှင် စိတ်က၊ အလိုလိုပင် သူ့ကို ကျို့ကျို့ယို့ယို့ဖြင့် ဆက်ဆံလိုက်ချင်မိပါသည်။ သို့ကြောင့် 'မြင်လျှင်ပင်ကိုယ်၊ ကျို့ပါလို့လည်း၊ ကုသိုလ်ကြမ္မာ မမီပါခဲ့' ဟု အတည် အတံ့ စိတ်ဝယ် မှတ်လိုက်မိပါသည်။

လက်ရှိဘဝ၊ အသက်နှင့်အမျှ တွေ့သိခဲ့ဖူးသော မိန်းမလှလေးများကို စိတ်ဖြင့်တန်းစီ၍ ယခုတွေ့ရသော သူ့အလှနှင့် ယှဉ်မိသော အခါ မအပ်မရာ တုန္နိုင်းမယှဉ်သာသည်မို့ ဤသို့ စိတ်ကူးမိသည့် မိမိ ကိုယ်မိမိ ပြစ်တင်မဆုံး ရှိချေသည်။ လှလိုက်သည့် မိန်းကလေး၊ မဟုတ်သေး။ ကျက်သရေရှိလိုက်သည့် မိန်းကလေး၊ ဟုတ်ပါသည်။ ချောသည်၊ လှသည်

ဟု ဆိုကာမျှဖြင့် မပြည့်စုံနိုင်ပါ။ ဣန္ဒြေတင့်၍ ကျက်သရေရှိ လိုက်ပါဘိ၊ အို့အမိုင့်။ တကယ်ရှိသော သူ့အလှက ဤမျှထက်ပိုသည် ပင်ဖြစ်သော်လည်း ကျွန်တော့်တွင် မရှိသော ကဗျာ ဉာဏ်ကို ရှေ့စာဆို တို့၏ ကဗျာဟန်ကို ယူကာ ပံ့ပိုးထင်ဟပ်ပါသော်လည်း စိတ်ဝယ် အထာ မကျလှသေး။

သူ့ကို ဆောင်းကာလ တစ်ညသော သန်းခေါင်ယံတွင် တိမ်တိုက်အရွှေ့ ရိပ်ခနဲ တွေ့လိုက်ရသော လပြည့်ဝန်းနှယ်၊ လင်းတစ်ခါ၊ မှောင်တစ်လှည့် အလင်းရောင်တွင် တွေ့လိုက်ရပါသည်။ ထိုအခါ သူသည် ဓာတုကလျာဖြစ်ပြီး ကျွန်တော်က မင်းနတ်ရှင်ဟု အထင်ဖြင့် တုလိုက်သောအခါ-

'မရည်းမထင်၊ ဖြုတ်ချည်းမြင်က၊ နတ်ပင်ယိုးမှား၊ ဝိုးဝါး တွေးချွတ်၊ စိတ်လုံးညွတ်သည်၊ ဘုံထွက်နန်းတောင် နေတို့လော'။

၀

ငြိမ့်ငြိမ့်သိမ့်သိမ့် လှုပ်ခတ်ထိတွေ့မှုသည် ကိုယ်ခန္ဓာအနှံ့ တဖြည်းဖြည်းပြန့်လာကာ အသံပါ ကြားလာ၏။

'ဆရာ အထဲဝင်တော့လေ၊ ဒီအပြင်က သိပ်အေးနေပြီ'

ကျွန်တော့်ကို လှုပ်နှိုးနေတဲ့ တပည့်ကျော် မောင်အေးမင်း၏ အသံကို သဲသဲကွဲကွဲ ကြားလိုက်သည်။

လန့်နိုးလာတော့မှ အဆောင်ပြင်ပထွက်ပြီး အလုပ်ကိစ္စတွေကို စဉ်းစားကာ သဘာဝပတ်ဝန်းကျင် ဆိတ်ငြိမ်အေးချမ်းမှုကို ခံစားနေရာက အိပ်ပျော်သွားခြင်းဟု သတိရလာပါသည်။ နှမြောတသ ဖြစ်ရတာက 'လှပတဲ့ အိပ်မက်ကလေး'။

အအေးဓာတ်သည် အညာဆောင်းပီသစွာပင် လေအေးဖက်လျက် ညဉ့်နက်လေလေ အေးလေလေဖြစ်ပါသည်။

ညီငယ်လေးလို ချစ်ရသော တပည့်မောင်အေးမင်း၏ အလိုက်သိတတ်မှုကြောင့် အိမ်ခန်းတွင်း၌ မီးသွေးမီးဖိုက အပူငွေ့ဖြင့် နွေးထွေး၍ သက်သောင့်သက်သာရှိနေပါသည်။ ကော်ဖီပူပူလေးဖြင့် အကြင်နာပေး၍ ပြုစုတတ်သူကို ကျေးဇူးတင်မိပါသည်။ ကျွန်တော် တာဝန်ကျရာ ဒေသမရွေး ကျွန်တော့်ကို တွယ်တာနေသူမို့ သွားလေရာ ပါနေသူပါ။

အိပ်ချင်စိတ်မရှိတော့သဖြင့် ကော်ဖီတစ်ခွက်ပြီးတစ်ခွက် အရသာခံသောက်လျက်၊ ပက်လက်ကုလားထိုင်တွင် အိပ်မက်ကို စားမြုံ့ပြန်ကာ လွမ်းဆွတ်၍နေမိပါသည်။ အိပ်ပျော်သွားခိုက်တွင် တဒင်္ဂမျှသာ တွေ့ခဲ့ရသော အိပ်မက်အရိပ်၌ပင် မေ့းမှိတ်လျက် မွေ့လျော်နေချင်မိပါသည်။ ဆန်းကြယ်လိုက်ပါဘိ။ ငယ်စဉ်ကစ၍ ယခု အသက်အရွယ်တိုင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး၊ မမြင်ခဲ့ဖူးသော မိန်းကလေးကို ဘာကြောင့် တကယ်ပင် အပြင်၌ တွေ့ရသလိုမျိုး ထင်ထင်ရှားရှားတွေ့ပြီး အမြင်အာရုံတွင် ထပ်တလဲလဲ ထင်၍၊ မြင်၍၊ တွယ်တာနေမိပါသနည်း။ ငြိမ်သက် တိတ်ဆိတ်သည့်အခါတိုင်းတွင် မျက်စိကို မှိတ်၍ နေလိုက်လျှင်ပင် သူ့ရုပ်သွင်သည် အာရုံ၌ ပြက်ပြက်ထင်ထင် စွဲဝင်၍ လာသည်ချည်းပင်။ ခံ့ညား၍ ကျက်သရေ ရှိလှသော သူ့ရုပ်သွင်ဝယ် ညိုးရိပ်သန်းသော မျက်နက်ဝန်းသည် သူ၏ ရင်တွင်းဝေဒနာကို အဖြေရှာခိုင်းသလို ထင်မိသည်။ သူ့အလို၊ သူ့ဆန္ဒ ကို ကျွန်တော်စွမ်းသမျှ အကုန်အစင် ဖြည့်ဆည်း၍ပင် နေလိုက်ချင် ပါသည်။ သို့သော် 'ကုသိုလ်ကြမ္မာ မမီပါခဲ့'၊ အိပ်မက်သည် တကယ် မဟုတ်ပါတကား။

၀

ဆောင်းနံနက်သည် ပါးလျားစွာ ကျဆင်းလျက်ရှိသော နှင်းမှုန်တို့ဖြင့် တန်ဆာဆင်လျက်ရှိ၏။ ဒီဇင်ဘာလ၏ နောက်ဆုံးပတ် ရောက်လာပြီဖြစ်၍ ဥဩငှက်တို့၏ တွန်ကျူးသံသည် ဝေဝေစည်စည် ရှိလှပါသည်။ ထွန်းသစ်စနေခြည်အား နှင်းမှုန်ထုကို ဖောက်ထွက်၍ လက်တံများနှယ် အသွယ်သွယ် ဖြာဆင်းလျက်ရှိ၏။ အဝေးတစ်နေရာ မှ ပျံ့လွင့်လာသော ကျောက်မောင်းထိုးသံသည် ဥဩသံနှင့် ရောယှက်၍ အညာဒေသ၏ နံနက်ခင်း ဂီတသံစဉ်ပင်ဖြစ်ပေသည်ဟု ထင်မိ၏။

မနေ့ညက ညဉ့်လယ်အိပ်မက်မှ နိုးထခဲ့ပြီးနောက် ပြန်လည်၍ နှစ်ခြိုက်စွာ အိပ်မပျော်ခဲ့သောကြောင့် ယနေ့ညတွင် နေ့သစ်ကို လေးဖင့်စွာ ကြိုဆိုမိပါသည်။

'ဆရာ၊ ဦးမောင်ထူးက နွားနို့လာပို့သွားတယ်။ ကျွန်တော် ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်လည်း ရမယ်ဆရာ'

'ကျေးဇူးပဲ ညီလေးရယ်၊ ဒါထက် ဦးထူးက ဘာပြောသွားသေးလဲ'

ဦးမောင်ထူးဆိုသူသည် ကျွန်တော်တို့ စီမံကိန်းစခန်း၏ အနောက်ဘက်အရပ်တွင်ရှိသော ရွှေဖလံကန်ရွာဇာတိဖြစ်ပါသည်။ သူသည် ကျွန်တော်တို့ စီမံကိန်းစတင်ချိန်တွင် ဝမ်းတွင်းမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဆက်သွယ်ပေးပို့သော ရွာခံအကူအညီပေးသူ၊ စီမံကိန်း အလုပ်သမားဖြစ်လာသူ ဖြစ်၏။ အကူအညီအမျိုးမျိုးပေးခဲ့သည်က မှန်ပါသည်။ သို့သော် သစ်ပင်ခုတ်လှဲဖို့ကိုမူ တုန်တုန်ယင်ယင်ဖြင့် ပျာပျာသလဲ ငြင်းပယ်တတ်၏။ ထိုသစ်ပင်၏ အတိတ်သမိုင်းက လွှမ်းမိုးလှပါဘိ။

'လူငှားရဖို့တော့ မလွယ်ဘူးတဲ့၊ ဆရာတော်ဘုရားကို လျှောက်ထားကြည့်ဖို့ အကြံပေးသွားတယ်'

ကျွန်တော် ရောက်ရှိနေသော နေရာကား မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်တလဲကျေးရွာအုပ်စုဝင်၊ စိန်ပန်းပင်ရွာ၏ အနောက်ဘက်မိုင်ဝက်ခန့်အကွာ မြေပြန့်တစ်နေရာ ဖြစ်ပါသည်။ အနီးဆုံးရွာ၏ အမည်ကိုမှီး၍ စိန်ပန်းပင်စီမံကိန်းစခန်းဟုခေါ်တွင်ပါသည်။ စခန်းတည်နေရာသည် လူမနီးသည့် တောကြီးမျက်မည်း မဟုတ်၊ ဆူးပင်များ၊ ရှားစောင်းပင်၊ ဆီးပင်များသာ မင်းမူလျက်ရှိသော မြေပြန့်လွင်ပြင်ကျယ်၏ အလယ်တွင်ရှိသည့် ကုန်းမို့မို့နေရာဖြစ်၏။ စခန်းတည်နေရာမှ ပတ်လည်ဝန်းကျင်ကို မျှော်လိုက်လျှင် စိမ်းဖန့်ဖန့် အရောင်ရှိသည့် ယာမြေပြင်တစ်မျှော်တစ်ခေါ်ကို ကျယ်ပြောစွာ မြင်နေရပါသည်။ ပဲစင်းငုံ၊ ကုလားပဲတို့ကား နှင်းရည်သောက်ပင်ပုမျိုးတို့ ဖြစ်၏။

စခန်း၏ တောင်ဘက်အရပ်၊ ခုနစ်မိုင်တိတိအကွာအဝေး၌ လယ်ယာဥ်ကွင်းကြီးတစ်ကွင်း ရှိပါသည်။ ထိုလေယာဥ်ကွင်းသည် မိတ္ထီလာ-မန္တလေးကားလမ်းပေါ်တွင် မေးတင်လျက်တည်ရှိပြီး အနီးရှိ ရွာအမည် ရှမ်းတဲဆိုသည်ကို အစွဲပြုကာ ရှမ်းတဲလေယာဥ်ကွင်းဟု အမည်တွင်ပါသည်။ ထိုလေယာဥ်ကွင်းသည် လေတပ်တစ်တပ်ဖြစ်၏။ လေယာဥ် မောင်းသင်ကျောင်းလည်း ဖြစ်၏။

ထိုကျောင်းမှ လေတပ်၊ တိုက်လေယာဉ်များ မောင်းနှင်ရန် အတွက် လေသူရဲများကို မွေးထုတ်ပေးရာဖြစ်၏။ အရပ်ဘက် လေယာဉ် မှူးများကိုလည်း နိုင်ငံတကာ အဆင့်မီ လေ့ကျင့်သင်ကြားပေးရာ မြန်မာ နိုင်ငံ၏ တစ်ခုတည်းသော လေကြောင်းပညာ သင်ကြား သော ကျောင်းဖြစ် ပါသည်။

ထိုလေယာဉ်ကွင်းသည် လေယာဉ်ကြီးငယ်များစွာ အဆင်း အတက်ပြုလျက် နေ့စဉ် လေကြောင်းသွားလာရေး ခရီးစဉ်များ ဘေးကင်း ရေးကိုလည်းကောင်း၊ အမောင်းသင် လေယာဉ်များ၏ သင်ကြားရေးကို လည်းကောင်း အားထားအသုံးပြုနေကြရ၏။

လေယာဉ်အဆင်း၊ အတက်များပြားသော လေယာဉ်ကွင်း ဖြစ် သည်နှင့်အညီ ကွင်းသို့ ဆင်းသက်ရာတွင် အမှားအယွင်း နည်းနိုင်သမျှ နည်းအောင် အထောက်အကူပေးသည့် ခေတ်မီပစ္စည်းကိရိယာများ လည်း စုံလင်စွာ တည်ထား အသုံးပြုရပါသည်။ အထူးသဖြင့် ဤလေယာဉ် ကွင်းသည် အမောင်းသင်ကျောင်းမို့ အလေ့အကျင့်နည်း သေးသော သင် တန်းသား လေယာဉ်မှူးလောင်းလျာတို့အတွက် အမှားနည်းအောင် ထောက်ပံ့သည့် စက်ပစ္စည်းကိရိယာအမျိုးမျိုး အထူးပင် လိုအပ်လှပေ သည်။

ကျွန်တော် တာဝန်ယူတည်ဆောက်နေသည့် စီမံကိန်းဆိုသည် မှာ အဆိုပါ လေယာဉ်အမောင်းသင်ကွင်းအတွက်ဖြစ်၏။ ကွင်းသို့ ဆင်း သက်မည့် လေယာဉ်တိုင်းအတွက် လမ်းကြောင်းမှန်ပေါ် သို့ တိကျစွာ ရောက်ရှိရေးအတွက် အထောက်အပံ့လေလှိုင်းတို့ကို လွှင့်ထုတ်ပေးရ မည့် အီလက်ထရောနစ်စက် လိုအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လေ ယာဉ်ကွင်းဟု သတ်မှတ်ချက်တွင် ထိုစက်အမျိုးအစား ပါရသည်ချည်း ဖြစ်ပါသည်။

လေယာဉ်ကွင်းသည် တောင်၊ မြောက်၊ အလျားလိုက် တည်ရှိ ၏။ မိတ္ထီလာ၊ မန္တလေး ကားလမ်းရှိရာသည် တောင်ဘက်၊ စီမံကိန်း စခန်းရှိရာသည် မြောက်ဘက်ဖြစ်ပါသည်။ ကွင်းတောင်ဘက် အစွန်းမှ အကွာအဝေးသည် ၇ မိုင်အတိအကျဖြစ်ပြီး လေယာဉ်ကွင်း ပြေးလမ်း၏

ဗဟိုအုကြောင်းနှင့် တည့်တည့်မတ်မတ် မျဉ်းဖြောင့်အတိုင်း ရှိနေရသည်။ ရှေ့တိုး၍မရ၊ နောက်ဆုတ်၍ မရပါ။ ဘယ်ညာ တိမ်း၍ မရပါ။

ထိုသို့ တိကျ သဘာဝကြောင့်ပင် ထူးခြားဆန်းကျယ်သော အကြောင်းတရားတို့ ပေါ်ပေါက်လာပြီး အခက်အခဲပေါင်းများစွာကို ကျွန်တော်ရင်ဆိုင်ရသဖြင့် ယခု ကျွန်တော်ရေးပြမည့် ဂမ္ဘီရဆန်သော အဖြစ်ပျက်သည် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ အကြောင်းကား ထိုတိကျသော စက်တည်ရာ ပန္နက်တိုင်သည် ကြီးမားသော သစ်ပင်ကြီး တစ်ပင်၏ အခြေ၌ ရွှေ့မရ ပြောင်းမဖြစ် ကျရောက်နေခြင်းပင်။ သာမန် သစ်ပင်ဆိုက ယန္တရားများဖြင့်ရှင်းသော် ပြဿနာမဟုတ်၊ ယခု တွေ့နေရသည့် အပင်သည် ဤအရပ်ဒေသရှိ ရပ်သူရွာသားအားလုံးက မတို့ရဲ မထိရဲဖြင့် "ဝ" ကွက်၍ ချန်ထားခဲ့ကြသော အပင်ပါတည်း။

အပင်သည် အချင်း ၆ ပေ၊ အမြင့် ၅၀ ပေခန့်ရှိပြီး အခက်အလက် ဝေဆာစွာဖြင့်ရှိ၏။ ကျယ်ပြန့်သော မြင်ကွင်းတစ်လျှောက် ဤအပင်ကြီးမှတစ်ပါး ဆူးပင်ကဲ့သို့သော ပင်ပုများသာ ရှိသည့်နေရာ ဖြစ်၏။ ဤအပင်ကြီးတစ်ပင်တည်းကိုသာလျှင် ဝကွက်လျက် ဘေးမဲ့တော အဖြစ် သတ်မှတ်ခဲ့လေရော့ထင့်။

ရှေးယခင်ကမူ ဤနေရာသည် စခန်း၏ အနောက်ဘက် အရပ်ရှိ ပွားနယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ခဲ့သောကြောင့် သစ်ကြီး ါးကြီးတို့ ပေါက်ရောက်ရာနယ်ဟု ဆို၏။ ထိုကာလမှ ယနေ့ အထိ ဖြတ် န်းခဲ့ရာ ကာလများစွာ၌ ထင်းခုတ်၊ မီးသွေးဖုတ် စသော ပြုန်းတီးမှု ယောဂတို့ကြောင့် ဤနေရာသည် ပူပြင်းခြောက်သွေ့သည့် လွင်ပြင် ဖြစ်သွားရသည်ဟု ဆို၏။ အဆိုပါသစ်ပင်ကြီးတစ်ပင်သာလျှင် ခုတ်ယူ ဖြိုဖို့ မဆိုထားနှင့် အရွက်၊ အခက်၊ အခေါက်တို့ကိုပင် ဤအရပ်ဒေသ ရပ်သူရွာသားတို့ မတို့မထိရဲကြဟူ၏။ ဤအပင်နှင့် ဆက်စပ်သည့် အဖြစ်အပျက်ပေါင်းများစွာကို များစွာသော သူတို့ထံမှ များစွာပင် ကြား နေရ၏။ မည်သို့ဆိုစေ၊ ဒယဉ်တိုက်၍ ဇွတ်မိုက် ခဲ့ကြဖူးသည်လည်း ခဲ့၏။ တစ်ခါက ဆိတ်ကျောင်းသူ ဦးဖိုးခင် ဆိုသူသည် ထန်းရည်မူးပြီး ပင်ခြေရင်း၌ မလျော်တာကို ဖော်ကာနေခဲ့၏။ ထိုအခါ သူ၏ဆိတ်

များသည် ရုတ်ချည်းပင် အထိတ်တလန့် ဖြစ်ပြီး ဦးတည်ရာအန့် ပြေးထွက်သွားကြသည့်နောက် ဆိတ်ငါးကောင် ပျောက်၏။ သူကိုယ်တိုင်လည်း အိမ်အရောက်တွင် မှောက်လျက်ဖြင့် ဟစ်အော်နေရာမှ ဘဝကူးသွားသည်ဆို၏။ ဒဏ္ဍာရီလား ပုံပြင်လေလား မသိ။

ခမ္မမိဋ္ဌာန်အားဖြင့် ကျွန်တော်သည် ဝန်ထမ်းဖြစ်သည်နှင့်အညီ ပေးအပ်သော တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ရပေမည်။ ထိုအပင်ကို ခုတ်ထွင်ရှင်းလင်း၍ ထိုနေရာ၌ပင် စီမံကိန်းကို ပုံဖော်ရပါမည်။

စီမံကိန်းအဆင့်ဆင့်ရှိရာတွင် အခြေခံတည်ဆောက်မှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပေပြီ။ ရှေ့တစ်ဆင့်စီမံချက်မှာ စက်တည်ထားရမည့် မြေနေရာကို နောက်ဆုံးစစ်ဆေးအတည်ပြုချက် ရယူပြီးနောက် မြေပြင်ညှိရန်ဖြစ်၏။ အခက်အခဲက ခုတ်လှဲရန် အလုပ်သမားလုံးဝငှားမရခြင်းဖြစ်၏။ ကျေးရွာကောင်စီလူကြီးများကလည်း ဤကိစ္စကိုလက်ရှောင်ကြပါသည်။ ကောလဟာလတို့၏ လှိုင်းဂယက်ကလည်းပြင်းထန်သည်ထက် ပြင်းထန်၍ ဟောတစ်မျိုး ဟောတစ်မျိုး မဆုံးနိုင်သော နောက်ကြောင်းပြန် သတင်းအချက်အလက်တွေ စုံလှပါသည်။

ဤသစ်ပင်ခြေရင်း၌ မြေတိုင်းအဖွဲ့ ပန္နက်တိုင်စိုက်ထူစဉ်ကသစ်ကိုင်းကျိုးကျသဖြင့် မြေတိုင်းအမှုထမ်းတစ်ဦး ဒဏ်ရာရ၍ ဝမ်းတွင်းပြည်သူ့ဆေးရုံတင်ခဲ့ရသည့် သတင်းကို ခြောက်လကျော်ပြီး နှစ်ကူးလာသည့် ယခုအခါမှ သတင်းထူးလုပ်ကြပြန်သည်။

စီမံကိန်းစခန်းအတွက် ရေတွင်းတူးခဲ့ပါသည်။ ပတ်ဝန်းကျင်ကျေးရွာများရှိ ရေတွင်းတို့ထက် ပိုမိုနက်ရှိုင်းစွာ တူးခဲ့ပါသော်လည်း ရေမထွက်ခဲ့။ စက်ရေတွင်းကို ပေ ၅၀၀ ကျော် တူးခဲ့ရ၏။ သို့သော် လျှပ်စစ် မာတ်ကြိုးကို မြေ၌ မြောင်းတူး၍ မြှုပ်ရာတွင် အလျားပေ ၈၀၀၊ အနံ ၂ ပေ၊ အနက် ၃ ပေ တူးထားကာမျှဖြင့် ရေပြည့်လာပါသည်။ ဤအဖြစ်သည် ရွာစဉ်အန့် သတင်းပြန့်ချက်က မြန်လွန်း ပေစွ။ စကားဆိုသည့်အတိုင်းကား လိုက်ကြသည့်အတွက် ရှေ့ဆက် လုပ်ရမည့် အလုပ်အတွက်ပို၍ အခက်တွေ့ရတော့သည်။ စီမံကိန်း လုပ်သားအများအပြား နုတ်ထွက်သွားကြသည်။ ဒီစီမံကိန်းနှင့် ဆက်စပ် လုပ်ငန်းမှန်သမျှသည် ခိုက်

တတ်သည်ဟု ယုံကြည်သော ဥပါဒါန်သည် ၎င်းတို့အား ဥပဒ်ဖြစ်စေပါသည်။ ညဥ့်နက်ချိန်တွင် အဆိုပါသစ်ပင် အနီးတစ်ဝိုက်တွင် မီးရောင်တွေ့ရသည်။ လူသံများကြားရသည်ဟု စီမံကိန်း ဝင်းအတွင်း နေကြရသော ဝန်ထမ်းများထံက သတင်းထွက်လာပြန် သည်။ ကျွန်တော်ကိုယ်တိုင်လည်း အထက်ပါ ဖော်ပြခဲ့သော အိပ်မက်သည် ညစဉ်လိုလို ဆက်၍မက်နေပါသည်။ ထုတ်ဖော် မပြောဝံ့။ ကျွန်တော့်အိပ်မက်သည် တစ်စုံတစ်ရာသော ဆက်စပ်မှု ဧကန်ရှိမည်ဟု ကျွန်တော်ကိုယ်တိုင် ယုံကြည်နေမိတော့သည်။

၀

စီမံကိန်းနယ်မြေသို့ အနီးဝန်းကျင်ရွာများမှ ဈေးရောင်းလာကြသည်။ ယုန်သား၊ ချိုးသား၊ ခါ၊ ငှက်၊ တောကြက်နှင့် ပဲအမျိုးမျိုးရသည်။ စခန်းမှ ဒီဇယ်ဆီတချို့နှင့် ဖလှယ်ကြသည်လည်း ရှိပါသည်။ နေ့စဉ် နွားနို့ပို့ပေးသူလည်းရှိ၏။ သူတို့ကို မေးစမ်းလျက် ဆရာတော်ကို ဖူးတွေ့ပါသည်။

ဆရာတော်နှင့်တွေ့ရန် အကြံပြုသူသည် ဦးမောင်ထူးပင် ဖြစ်သော်လည်း ကျွန်တော်က ဦးမောင်ထူးကို အသိမပေးတော့ဘဲ တစ်ကိုယ်တည်းပင် ဆရာတော်ထံ ထွက်ခဲ့ပါသည်။ ဤဒေသဝန်းကျင်၌ အသက်၊ သိက္ခာ၊ ဝါအကြီးဆုံး ဩဇာအရှိဆုံး ဆရာတော်ထံ ချဉ်းကပ်၍ ဦးတင်ကာ လိုရာ လျှောက်ထားလိုက်ပါသည်။

'ဒီနယ်မြေတစ်ဝိုက်မှာတော့ ဒကာပြောတဲ့ ယုံကြည်ချက်သာမက ဒါထက်ပိုတာတွေ ရှိသေးတယ်။ အစဉ်အဆက်ဆိုတော့ ခိုင်နေပြီပေါ့။ ဒီတော့ ဒကာတို့အနေနဲ့ မထီမဲ့မြင် မလုပ်အပ်ဘူး။ အထိုက်အလျောက်နားလည်မှုရှိဖို့ ဘုန်းကြီးမှာချင်တယ်။ ပရိတ်တရားတော်ဆိုတာက ဂုဏ်တော်တွေ၊ သစ္စာတရားတွေသာ ဖြစ်တယ်။ မောင်းထုတ်ဖို့ နှင်ထုတ်ဖို့ လက်နက်ကိရိယာတွေ မဟုတ်ဘူး။ 'အိုမတွေ့' ရွာက ဦးအောင်ဘညိုနဲ့ သွားတွေ့ချေ ဒကာ၊ ဘုန်းကြီး အကြောင်းကြားထားလိုက်မယ်။ ဒါတွေအားလုံး သူနဲ့ဆိုင်တယ်'

ဆရာတော်မိန့်သော အသက်ကိုးဆယ်ရှိ ဦးအောင်ဘညိုနှင့် တွေ့ရန် အစီအစဉ်ကို စိတ်မှန်းဖြင့် ရေးဆွဲလိုက်ပါသည်။

နေ့သစ်တစ်နေ့ကို ရောက်ခဲ့ပြန်သည်။ နံနက်ခင်းအလှုအပကို မခံစားနိုင်၊ ဆရာတော်ညွှန်းသည့် ခရီးစဉ်ကို ကြိုတင်၍ အကွက်ချထားသည့်အတိုင်း နံနက်စာအဖြစ် ထမင်းကြော်နှင့် နွားနို့တဝ စားသောက်၍ ရေဘူးစသော လိုအပ်ရာတို့ကိုယူဆောင်၍ အဆောင်မှ ထွက်လာခဲ့ပါသည်။ ခရီးစဉ်က အနောက်အရပ်ကို ဦးတည်ရမည်။ တစ်တိုင်ခန့်ခရီး ပေါက်သော် စေတီပျက်၊ ဇရပ်ပျက်နှင့် သုသာန်တစ်ခုကို တွေ့ရမည်။ ထိုမှ အနောက်တောင်အရပ်လှည့် လမ်းရှိရာအတိုင်း လိုက်သော် အဘညိုကိုတွေ့ရမည်ဟု ကြိုတင်စုံစမ်းထားချက်အရ ခရီးထွက်ခဲ့ခြင်း ဖြစ်၏။

ထုံးစံအတိုင်း လျှို့ဝှက်ခရီးမို့ မည်သူ့ကိုမျှ အသိမပေးခဲ့။ အဆောင်မှ စထွက်ခဲ့၏။ သွားမည့်လမ်းကြောင်းပေါ်တွင် ဖော်ပြပါ သစ်ပင်ကြီးရှိပါသည်။ လူနေအဆောင်နှင့် ပေ ၂၀၀၀ ခန့် ကွာဝေး ပါသည်။ အနီးအနားမှ ဖြတ်ကျော်သွားရမည်မို့ ထိုအပင်ရှိရာသို့ ကျွန်တော် ဝင်လိုက်ပါသည်။ ထပ်မံ၍ အသေးစိတ်ကြည့်လိုသည်က တစ်ကြောင်း၊ အိပ်မက်နှင့် ဤအပင်သည် ဆက်စပ်မှုများ ရှိလေသလားဟု တွေးမိ၍ တစ်ကြောင်း၊ ဝင်ကြည့်ချင်စိတ်ဖြစ်သဖြင့် ခေတ္တဟု သဘောထားလျက် ဝင်လိုက်ပါသည်။

သူတို့တွေ ပြောနေကြသလို သည်အပင်က ထူးခြားနေလို့လား သို့မဟုတ် စကားဆိုတဲ့အတိုင်း ကားနေကြတာလား။ ဤအပင်တွင် ရှိနေသော ပုဂ္ဂိုလ်သည် ကြီးသူလား၊ ငယ်သူလား၊ ယောကျ်ားလား၊ မိန်းမလား ကျွန်တော်မသိ။

ဝေဝေဆာဆာ အုပ်ဆိုင်းနေသော အပင်ကြီးအောက်သို့ ရောက်သွားပါသည်။ ပန္နက်တိုင်စိုက်ထူထားသည့် အုတ်တိုင်အနီးသို့ အရောက်တွင် ကျွန်တော်၏ မျက်နှာအရှေ့ပိုင်းကို ကပ်လျက် ပွတ်ကာ သီကာဖြင့် ဖြတ်သန်း ထွက်ခွာသွားသည့် ငှက်ကြီးတစ်ကောင်ကို ရုတ်တရက် ရင်ဆိုင်တွေ့လိုက်ရသဖြင့် စိတ်တည်ငြိမ်မှု ပျက်ပြားသွား ပါသည်။ မဆွကပင် ကြားသိထားသမျှတို့က ကျွန်တော့်ရင်၌ ဥပါဒါန် ဖြစ်နေဟန်တူ၏။

သို့ကြောင့်ပင် ငှက်လန့်သလို ကျွန်တော်ကလည်း လန့်သွားသည်ဟု ထင်ပါသည်။

သာမန်အားဖြင့် ကျွန်တော် သရဲမကြောက်တတ်ပါ။ သရဲတစ္ဆေဆိုသည် လူသေရာမှတစ်ဆင့် ဖြစ်လာသူဟု နားလည်ထားသဖြင့် မကြောက်။

အရှေ့တစ်ဖက်မှ အခြားတစ်ဖက်သို့ လှည့်ပတ်သွားလိုက်ပါသည်။ တစ်ဖက်ခြမ်းရောက်သော် ကျွန်တော့်အနီးတွင် တစ်စုံတစ်ယောက် ကပ်လျက်ရှိနေသလို ခံစားမိလိုက်သည်။ အသက်ရှူသံလိုလို ကြားရ၏။ တစ်ဦးတစ်ယောက်ကပ်လာသဖြင့် ကိုယ်ငွေ့အပူ ဟပ်သလိုလိုလည်း ဖြစ်နေပါသည်။ ထို့နောက် စံပယ်ပန်းရနံ့ ရလိုက်၏။ ပန်းရနံ့တို့တွင် ထိုစံပယ်ပန်းအနံ့ကို ကျွန်တော် အကြိုက်ဆုံး၊ သာမန် အချိန်ဆိုက ကျွန်တော်သည် တရှိုက်မက်မက် ရှူရှိုက်မိမည် မုချ။ ယခုသော် လူမနီးသည့် လွင်ပြန့်ဝယ် ထိုရနံ့က ဘယ်လိုရောက်လာပါလိမ့်။ မဖြစ်နိုင်သည့် အခြေအနေပါ။ သို့သော် အနံ့သည် ထင်ထင် ရှားရှားပါ။ စိတ်ထင်မဟုတ်ကြောင်းကို ကျွန်တော်သာလျှင် သိပါသည်။

သစ်ပင်ကို တစ်ပတ်ပြည့်အောင် စိတ်ကိုတင်းလျက် ပတ်လိုက်ပါသည်။ မကြောက်သူဟု ကိုယ့်ကိုယ့်ကိုယ် တင်းထားသော်လည်း ကိုယ်ခန္ဓာအနှံ့ ကြက်သီးတဖြန်းဖြန်းထလျက်ရှိပေပြီ။ တစ်နေရာ အရောက်တွင် အနံ့တစ်ခု ရလိုက်ပြန်ပါသည်။ ပန်းနံ့မဟုတ်။ ကိုယ်သင်းနံ့။ မိန်းမတစ်ယောက်၏ ကိုယ်သင်းနံ့ပါ။ ယောကျ်ားတို့၏ မွေးရာပါ ဇာတိစိတ်ဖြင့်သာ သိနိုင်သော အရာဖြစ်ပါသည်။ ယောကျ်ား တစ်ယောက်သည် မိန်းမတစ်ယောက်၏ ကိုယ်နံ့သင်းသင်းကို ရှူရှိုက်ရသော် ထိုယောကျ်ား၏စိတ်အစဉ်သည် မည်သို့ ပြောင်းလဲသွားနိုင် ပါသနည်း။ ပတ်ဝန်းကျင် လွတ်လပ်မှုနှင့် သာယာချမ်းမြေ့မှုရှိချိန်ဖြစ်ပါမူ ဤသို့သော ကိုယ်သင်းနံ့ကိုရပါက စိတ်အစဉ်သည် ထိုသို့ ဤသို့ ဖြစ်ပါသည်ဟု ဆိုဖွယ်ရာရှိပါမည်။ ယခုမူ စိတ်အစဉ်ပြောင်းလဲမှုကို မည်သို့မျှ ကျွန်တော် မပြောနိုင်ပါ။ လွတ်ရာပြေးဖို့ကိုသာ စိတ်ရှိနေခဲ့ပါသည်။ ကြောက်၍ ထွက်ပြေးရသည်ဆိုသည်ကို ဆိတ်ကွယ်ရာ ဖြစ်သော်လည်း၊ လိပ်ပြာမလုံ၍ ကြောက်

နေသော်လည်း၊ အလွန် တည်ငြိမ်သော ကြွေနွေကိုဆောင်လျက် အပင်ဘေးမှ ထွက်ခွာခဲ့ပါသည်။

ကျွန်တော်သည် လွင်ပြင်ဘက်သို့ အနီးဆုံးနေရာမှ ထွက်သွားရန် ခြေလှမ်းလိုက်ပါသည်။ ထိုနေရာကား ကျွန်တော်သွားမည့် အနောက်အရပ်လည်းဖြစ်၍ ကွင်းစပ်နှင့်လည်း နီးပါသည်။ ထွက်မည့် နေရာတွင် ပင်စည်မှ ဖြာထွက်ရာ အကိုင်းအခက်တို့သည် နိမ့်ဆင်းလျက် လူတစ်ရပ်လွတ်ရုံမျှအထိ တွဲကျနေပါသည်။ ကျွန်တော့်ခေါင်း အထက် တစ်ပေခန့်သာ လွတ်မည့် အကိုင်းအောက်မှ လှမ်းထွက်လိုက်ပါသည်။ ကျွန်တော်ခြေလှမ်းသည့် အကိုင်းအောက်တည့်တည့် အရောက်တွင် ချိန်ကိုက်ထားသကဲ့သို့ပင် အလွန်ကျယ်လောင်သော 'တောက်တဲ့' ဟု မြည်ဟည်း ထွက်ပေါ်လိုက်ရာ ကျွန်တော်သည် လန့်၍ ခုန်လိုက်မိသောကြောင့်လား၊ ချိုင့်ခွက်ထဲသို့ ခြေချော်ကျသော ကြောင့်လားမသိ၊ လဲပြိုကျသွားပါသည်။ ဤအခါ ကျွန်တော်သည် သိက္ခာတို့ လိပ်ပြာတို့ လုံမလုံ ဂရုမစိုက်နိုင်တော့၊ လဲကျနေရာမှ ကွင်းပြင်ဘက်သို့ အပြေးအလွှားရေ ာက်ရှိသွားပါတော့သည်။ ထို့နောက် ဆက်၍ ဆက်၍ ခြေလှမ်းသွက်သွက်ဖြင့် အဝေးသို့ ရောက်လိုသော ဇောဖြင့် သွားနေမိပါသည်။ တောက်တဲ့သည် ဆက်၍ အော်နေဆဲပင်။ တောက်တဲ့အော်သံသည် ကျွန်တော့်ကို ပြန်ခေါ်နေသလို စိတ်ဝယ် အထင်ရောက်နေမိ၏။ မည်မျှဇောကပ်လျက် လှမ်းထွက်လာခဲ့သည် မသိ အသံမကြားရ၍လည်းကောင်း၊ မောလွန်းသောကြောင့်လည်းကောင်း ကျွန်တော်သည် ထန်းပင်တစ်ပင်၏ အခြေ၌ ထိုင်ချလိုက်ပါသည်။ နောက်သို့ ပြန်ကြည့်လိုက်သောအခါ အတန်ပင်အလှမ်း ဝေးခဲ့သည်ကို တွေ့ရ၏။ တောက်တဲ့သတ္တဝါတွေကို ဈေးကောင်းရ၍ ဖမ်းယူရောင်းချကြသောကြောင့် တောက်တဲ့အော်သံ မကြားခဲ့ရ သည်မှာ ကြာခဲ့ပါပြီ။ ဤအပင်မှ တောက်တဲ့ကိုမူ မဖမ်းဆီးဝံ့ကြဟု ထင်၏။

ကျွန်တော်၊ အဘ ဦးအောင်ဘညို၏ အိမ်သို့ ရောက်သွားချိန်သည် မွန်းတည့်ချိန်ပင်ဖြစ်၏။ လူငယ်တစ်ဦးက အကြိုထောက်၍ အိမ်အပေါ်သို့ ပို့ပေးပါသည်။ အဘသည် ကျယ်ပြန့်သော ဘုရားကျောင်း

ဆောင်၏အောက်ရှိ သံယာစင်တွင် ထိုင်လျက်တွေ့ရ၏။ အဘ ဦးအောင်ဘညို၏ ဥပဓိရုပ်သည် သျှောင်တစောင်းနှင့် ခေါင်းပေါင်းနှင့် တကယ့်ရှေးမြန်မာကြီးတစ်ဦးပင် ဖြစ်သည်။ နှုတ်ခမ်းမွေးကားကားဖြင့် ခံ့ညားလှ၏။ အရပ်အမောင်းမြင့်မားဟန်သည် ထိုင်လျက် အနေအထားကိုမြင်ကာရုံမျှဖြင့် ခန့်မှန်း၍ရ၏။ စကားပြောလေသံနှင့် ဟန်အမူအရာကြောင့် ပညာရှိတစ်ဦး ဖြစ်ပေမည်ဟု ထင်ပါသည်။

ကျွန်တော်သည် ကျောပိုးအိတ်ထဲက ယူခဲ့သော စတုမဓု ဘူးကြီးကို ထုတ်၍ အဘရှေ့တွင် ချလျက် ရှိသေစွာ ကန်တော့လိုက်ပါသည်။

'သာဓု သာဓု သာဓု။ သက်ရှည်ဘုန်းကြီးလို့ လိုရာဆန္ဒပြည့်ဝပါစေ'

'ကျွန်တော့်နာမည် ကျော်ဇင်လို့ခေါ်ပါတယ် အဘ၊ ဆရာတော်ဘုရားက အဘနဲ့ သွားတွေ့ဖို့ မိန့်တာကြောင့် လာခဲ့ပါတယ်'

'မနေ့ကတည်းက ဆရာတော်ရေးလိုက်တဲ့ စာရောက်တယ်ကွယ့်၊ ဆရာတော်ကတော့ ဝိနည်း စည်းကမ်းကို ငဲ့သူဖြစ်လို့ အမြွက်မျှ ရေးသားလိုက်ပေတယ်။ လိုရင်းက မနှစ် ဒီအချိန်က ယာမြေတွေ သိမ်းတယ်။ အဘရဲ့ မျိုးဆက်တွေပိုင်တဲ့ ယာတွေ အများဆုံးပါတာပေါ့။ အဲဒီအထဲမှာ အခု မင်းတွေ့နေတဲ့ အခက်အခဲ သစ်ပင်ကြီး အပါအဝင်ပဲ။ ယာတွေကို ဘာလုပ်ဖို့သိမ်းယူတယ် ဆိုတာတော့ မသိခဲ့ဘူး။ ဒါပေမဲ့ ဒီသစ်ပင်နဲ့ စပ်လို့ တစ်နေ့နေ့ အဘဆီကို ဦးတိုက်လာမှာပဲလို့ တွက်ပြီးသားပါ။ ဆရာတော်မိန့်တာက ပြည်ပိုင်အစိုးရမင်းများ အလိုရှိတာကို မလွန်ဆန်ကောင်းဘူးတဲ့။ လိုအပ်သလို ကူညီပေးဖို့ အဘကို ဆရာတော်က မိန့်လိုက်တယ်။ ဒါကြောင့် လူလေးပြောပေါ့။ အဘ ကူရမှာပါ'

'ကျွန်တော်က စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာပါ။ ဒီအပင်ကို မဖြစ်မနေ ဖယ်ရှားပြီး လုပ်ငန်းကို အကောင်အထည်ဖော်ရပါ့မယ်။ ဆန့်ကျင်ဘက်အကြောင်းတွေပေါ်နေလို့၊ အဘ ကြားသိပြီးဖြစ်မှာပါ။ အဲဒါအလုပ်ကိုလည်း ကူညီပါ အဘ။ ဒီအပင်ရဲ့ သမိုင်းကြောင်းကိုလည်း သားကို သိခွင့်ပေးစေချင်ပါတယ်။ သားမှာလည်း ထူးခြားတဲ့ ခံစားချက်ရှိလို့ပါ'

ထိုအခိုက် အဝေးတစ်နေရာမှ အုန်းမောင်းခေါက်သံ ကြားလိုက်ရသည်။ အဘညိုသည် ခေါင်းတညိတ်ညိတ်ပြုကာ နားစွင့်ထောင်လျက်မှ

'လူလေး၊ ထပြီး အပေါ့အပါးသွားကွယ့်၊ ပြီးရင် လက်ဆေး၊ လူလေးကို အဘ ထမင်းကျွေးဖို့ စီစဉ်ထားပြီးသား'

သူကိုယ်တိုင်လည်း ထိုင်ရာက ထလိုက်ပါသည်။

အသက်ကိုးဆယ်ဆိုသော်လည်း အဘညိုသည် သန်မာဆဲပင်။ ထမင်းလည်း အတော်စားနိုင်သေးကြောင်း တွေ့ရသည်။ ယုန်သား ဆီပြန်၊ လက်ပံပွင့်ချဉ်ရည်ဟင်း၊ အညာငရုပ်သီးထောင်းတို့ဖြင့် စားခဲ့ရသော ထိုထမင်းဝိုင်းကို နှစ်ပေါင်းများစွာပင် မမေ့။

ထမင်းစားပြီးနောက် အဖန်ရည်နှင့် ထန်းလျက်ပွဲဖြင့် အဘညိုက စကားပြန်စပါသည်။

'ဒီအပင်ရဲ့ အရှင်သခင်က သီရိစန္ဒာခင်တဲ့။ နန်းတွင်းသူ တစ်ဦးပေါ့။ ခေတ်ပြိုင်က ဒိုင်းခင်ခင်၊ တောင်သမန်လယ်စား မောင်ဖေငယ်၊ ရနောင်မောင်မောင်တုတ်တို့နဲ့ မင်းသီပေါဆိုပါတော့။ အဲဒီအခါက စုဖုရားလတ်က မားထက်နေတဲ့ ကာလပေါ့။ ဒိုင်းခင်ခင်တို့၊ သီရိစန္ဒာခင်တို့ ဆိုတာက ဥပမိရုပ်အလွန်ကောင်းကြသူတွေ ဖြစ်ကြဆိုပဲ။ ဒီတော့ စုဖုရားရဲ့ စိုးရိမ်စိတ်က ရှေးဘုရင်တွေရဲ့ ထုံးနှလုံး မူပြီး သီပေါဘုရင်က ဝန်းကျင်က ချောမောလှပတဲ့ အပျိုတော် မှန်သမျှအပေါ် အလိုတော် မကျစေရန် အတွက် စီမံချက်တွေ ထပ်မနားချမှတ်ပေတယ်။ အထင်အရှားဖြစ်တဲ့ ဒိုင်းခင်ခင်ခမျာ သူ့မားစာဖြစ်သွားတာကို ထောက်လို့ သီရိစန္ဒာခင်လည်း သည်ဘက်နယ်ကို တိမ်းခဲ့ရကြောင်း သိရတယ်။ ဒီနယ်တစ်ကြောက ပင်းတလဲမင်းရဲ့ အနွယ်တော်များ ပိုင်ခဲ့ကြတာပေါ့။ တို့များလည်း ပါတာပေါ့။ သီရိ စန္ဒာခင်က အစ်မတော်တယ်။ အဘတော့ မမီလိုက်ဘူး။ အဘ မမွေးခင်ကတည်းက စုဖုရားရဲ့ အတွင်းလူများရောက်လာပြီး လုပ်ကြံတာခံရလို့ အခုဒီသစ်ပင်ကြီးရှိတဲ့ အိမ်ဂေဟာကြီးမှာပဲ အခြွေအရံတွေနဲ့အတူ ဘဝကူးသွားတယ်လို့ ဆိုတယ်။ မင်းတို့ အခု ဒီနေရာကို ရှင်းလင်းတဲ့အခါ ရှေ့က အဆောက်အအုံများက ကြွင်းကျန်တဲ့ အထောက်

အထား တွေ့ပေလိမ့်မယ်။ အစ်မတော် သီရိစန္ဒာက ပင်းတလဲအနွယ်ထဲမှာ အချောဆုံး၊ သဘောထားအပြည့်ဝဆုံးလို့ ဆိုတယ်'

'အဘ၊ သမိုင်းဖြစ်ရပ်ဆိုတာ အထောက်အထားရှိတတ်တယ်လို့ ကြားဖူးတယ်။ အခု အဘပြောတဲ့ အထဲက အထောက်အထားတစ်ခုခု ကျန်ခဲ့လေမလားလို့ တွေးမိတယ်'

ကျွန်တော် စကားစဖြတ်၍ ပြောလိုက်မိ၏။

'ရှိတာပေါ့၊ ပြမယ်၊ တို့များအနွယ်တော်တွေ လက်ဆင့်ကမ်း လာခဲ့တဲ့ ပစ္စည်းတွေထဲက အဖိုးတန် မကျန်သလောက်ပဲ။ အခု ပန်းချီကားက သီရိစန္ဒာကွယ်လွန်ပြီးနောက် ကျန်နေတဲ့ အိမ်ကြီးထဲကရတာ။ အိမ်ကတော့ နေရဲတဲ့သူမရှိလို့ ကြာတော့ ပျက်စီးသွားတယ်'

အဘညိုသည် ဘုရားကျောင်းဆောင်အောက်ရှိ အဆင့်ဆင့် မှန်တံခါးများရှိသည့်အနက်၊ အကြီးဆုံးအခန်းမှ အဝတ်အိတ်တစ်အိတ်ကို ထုတ်ယူလိုက်၏။ အိတ်အတွင်းမှ ဘောင်ကွပ်ထားသော အလျားသုံးပေခန့်၊ အနံ နှစ်ပေခွဲခန့်ရှိမည်ဟု ထင်ရသည့် ကားချပ်တစ်ခုကို ထုတ်လိုက်ပြီး

'သီရိစန္ဒာခင်ဆိုတာ ဒီပန်းချီကားထဲက သူပဲ'

ပုံကို ကျွန်တော့်ဘက် မျက်နှာလှည့်လိုက်ပါသည်။

'ဟာ'

မြင်လိုက်ရသည့် ပန်းချီကားထဲက ပုဂ္ဂိုလ်ကြောင့် ရင်ထဲတွင် အမျိုးအမည်မဖော်ပြတတ်သော ဝေဒနာခံစားလိုက်ရ၏။ သည်လွန်ခဲ့သော နှစ်ပေါင်းတစ်ရာနီးနီးက ကွယ်လွန်ခဲ့ပြီးသူဖြစ်ပါလျက် ယခု ပစ္စက္ခအကြောင်းတရားများ၌ သက်ဝင်လှုပ်ရှားလာဦးမည့်အသွင် ရှိနေရသည်က ဖြစ်နိုင်ပါ၏လော။

ထိုပန်းချီကားထဲက သီရိစန္ဒာခင်ဆိုသူသည် ကျွန်တော့် အိပ်မက်ထဲက မိန်းမချောပေတကား။ မှားဖွယ်ရာမရှိပါ။ ကြိမ်ဖန် များစွာ ရက်ဆက်ဆိုသလို ဆက်တိုက်အိပ်မက်နေသူသည် သည်ပန်းချီ ကားထဲက သူအစစ်အမှန်ပါ။ ယခုပင် မျက်စိကိုမှိတ်လျက် စူးစူးစိုက်စိုက်ကြည့်လိုက်လျှင်ပင် သူသည် ကျွန်တော့်အနီးသို့ ရောက်ရှိနေသလို ခံစားရပါ

သည်။ သူသည် ကျွန်တော့်ထံသို့ အိပ်မက်မက်ရန် အာရုံပို့လွှတ်နိုင်စွမ်း ရှိသလား။ လောကဖြစ်စဉ်များနှင့် ထိုသို့သော အစဉ်အလာရှိခဲ့ဖူးပါ သလော။ ဆဋ္ဌမအာရုံချင်း ဆက်သွယ်နေလေ ရော့ထင့်။

သက်ရှိထင်ရှားရှိနေသူ အဘ ဦးအောင်ဘညိုကိုယ်တိုင်က ၎င်း သီရိစန္ဒာခင်သည် 'ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘက်' ဆက်နေ သော ဆွေခုနစ်ဆက်ရှိ အနွယ်တော်ပါဟု အခိုင်အမာ ဆိုခဲ့၏။ ပန်းချီ ကားထဲ ရှိသူသည် သီရိစန္ဒာခင်ပါဟုလည်း ဆိုခဲ့ပါပြီ။ ထိုပန်းချီကားကို လည်း သီရိစန္ဒာခင်၏ အိမ်မှ ရယူထားပါသည်ဟု ဆို၏။ မည်သို့ပင်ဖြစ် စေ၊ ကျွန်တော်သည် လူမမည်သေးသော ကလေး ဘဝမှ ယခု အသက် သုံးဆယ့်ငါးနှစ်ရှိခဲ့သည့်တိုင်အောင် ဤအရပ် ဒေသသို့လည်း မရောက် ဖူး အဆက်အစပ်မရှိခဲ့ဖူးပါလျက် ထိုပန်းချီ ကားထဲ၌ လွန်ခဲ့သော နှစ် ပေါင်းများစွာကပင် ရှိနေခဲ့သူကို ကျွန်တော်က အိပ်မက် ဘာကြောင့် မက်ရပါသနည်း။

ပန်းချီကားကို မြင်လိုက်မိသည်ကြောင့် ဆွံ့အအ ဖြစ်နေသော ကျွန်တော့်မျက်နှာ အမူအရာကိုကြည့်လျက် မည်သို့စကားဆက်ရမည် ကို ဝေခွဲမရဟန်ဖြင့် အဘညိုသည် ကျွန်တော်ကဲ့သို့ပင် အတူအကွ ညှိ နှိုင်းထားသည့်အလား တိတ်ဆိတ်သွားခဲ့သည်။ နှစ်ယောက်သား ဘယ်က စ၍ ပြောကြရမည် မသိအောင် ဖြစ်နေကြပါသည်။

ကျွန်တော့်ကို ဒုက္ခပေးလျက်ရှိသော အဆိုပါသစ်ပင်ကြီး၏ အရှင်သခင်သည် ကျွန်တော့်အိပ်မက်ထဲက မိန်းကလေးဟု သိလိုက်ရ သောအခါ ကျွန်တော်ရင်၌ ရှေ့ဆက်လုပ်ရမည့် အလုပ်ကို မလုပ်ချင် တော့။ သူ့ကို သူ့ပိုင်နက်မှ နှင်ထုတ်ရမည်ကို အားနာ၊ သနားပြီး အလုပ် မဖြစ်ခဲ့သော် သူ့အတွက် ဘာတွေများ ရင်းစားပြန်ပေးနိုင်ပါ မည်နည်းဟု ဝမ်းနည်းစွာ ဆွေးနေမိလေသည်။

အချိန်ကာလ ဘယ်လောက်ခြားခြား၊ အသက်အရွယ်မည်မျှ ကွာကွာ၊ သက်ရှိသက်မဲ့အဖြစ် ဘဝခြားနေသည်ပင် ဖြစ်စေဦးတော့ ကျွန်တော်နှင့် အိပ်မက်ဧကရီ သီရိစန္ဒခင်နှစ်ဦးသည် ပစ္စက္ခတွင်ပင် အတူ အကွရှိနေသော သမယဟု မှတ်ယူနေဆဲပါ။ ခြားနားကွဲပြားမှု ဟူသမျှကို

မရှိ၊ မသိ၊ နှလုံးမသွင်း၊ သူ့ကို ဆန့်ကျင်ဖို့ မဆိုထားနှင့် သူ့အလိုဆန္ဒရှိသမျှကိုပင် ဖြည့်ဆည်းနေလိုသူ ကျွန်တော်ရယ်ပါ။

ကျွန်တော့်အတွေး၊ ကျွန်တော့်ခံစားချက်များကို မခြွင်းမချန် အဘညိုကို ပြောပြလိုက်ပါသည်။ အကြံဉာဏ်လည်း တောင်းပါသည်။

'လောကမှာ အကြောင်းတရားပေါင်းများစွာကြောင့် အကျိုးတရားပေါင်းများစွာ ဖြစ်လာတယ်။ အကြောင်းမဲ့ဖြစ်စဉ်ဆိုတာက မရှိဘူးလို့ ဘုရားဟောသကွယ့်။ မင်းက လုပ်ငန်းတစ်ခုကို တာဝန်ယူတဲ့ လူကြီး၊ မင်းဆင်ခြင်ပေါ့။ တို့များအတိတ်ဘဝက မဝေးကွာခဲ့ကြဘူး ထင်ပါ့'

ကျွန်တော်နှင့် ထိပ်တိုက်တွေ့နေရသော သစ်ပင်၏ ကာယကံရှင်သည် လွန်ခဲ့သော နှစ်ပေါင်းကိုးဆယ်ကျော်ကာလ၌ ဤနေရာတွင် ဥပစ္ဆေဒကကံဖြင့် ကွယ်လွန်ခဲ့ရသူ နန်းတွင်း အပျိုတော် သီရိစန္ဒာခင် ဖြစ်ကြောင်း သိခဲ့ပြီဖြစ်၏။ အဘညိုထုတ်ပြလာသော ပန်းချီကားပါ အမျိုးသမီး၏ ပုံသည်လည်း အဘညိုက သူ၏အစ်မတော်စပ်သူ သီရိစန္ဒာခင်ပင်ဖြစ်ကြောင်း ဆိုခဲ့၏။ ကျွန်တော့်အိပ်မက်ကေရီသည်လည်း ပန်းချီကားထဲက သီရိစန္ဒာခင်ပင် ဖြစ်နေသောအခါ ထူးဆန်းပေစွ၊ လောကမာယာဝက်ပါ၌ ကျွန်တော် ချာချာလည်ရပါသည်။ ထိုအခါ အရာရာသည် တွေးရခက်သည်ချည်း ဖြစ်တော့၏။

အဘညိုနှင့် ရှေ့ဆက်လုပ်ရန် ကိစ္စများကို ညှိနှိုင်းတိုင်ပင်ပြီး အဘ၏အိမ်မှ ပြန်ခဲ့ပါသည်။ အလုပ်တာဝန်နှင့် ပုဂ္ဂလိကခံစားချက်ကို ညည်းခြားရမည်သာ။

၀

သိမ်းယူခဲ့ပြီးသော ယာမြေဧက ၇၀၀ ကျော်ကို လျော်ကြေးပေးရန် တောင်းခံသူ ပိုင်ရှင်စာရင်းပြုစုကာ တိုင်း၊ မြို့နယ်၊ ကျေးရွာကောင်စီအဆင့်ဆင့်သို့လည်းကောင်း၊ ပါတီယူနစ်ဥက္ကဋ္ဌများနှင့် လည်းကောင်း သွားရောက်ညှိနှိုင်းပြီး ရှင်းလင်းပွဲပြုလုပ်ပါသည်။

ကျေးရွာအားလုံးကို ရှင်းလင်းပွဲတက်ရန် ကောင်စီများမှ တစ်ဆင့်ဖိတ်ခေါ်ထားပါသည်။ ကျေးရွာတွင် နေထိုင်သူအားလုံး တက်ရောက်နားထောင်သင့်ကြောင်း ကြေညာထားလိုက်ပါသည်။

ထိုလူထုအစည်းအဝေးကို ကျွန်တော်၏ စီမံကိန်းနယ်မြေ၌ပင် ကျင်းပရန် စီမံထားပါသည်။ ဆရာတော်ဘုရားနှင့် အဘ ဦးအောင်ဘ ညိုတို့၏ လမ်းညွှန်ချက်အတိုင်း အစီအစဉ်ရေးဆွဲကာ ဆောင်ရွက် လိုက်၏။

အစည်းအဝေးပွဲကို ထုံးစံအတိုင်း မြို့နယ်ပါတီက ဦးဆောင် ကာ ကောင်စီအဆင့်ဆင့်ပါဝင်ပြီး မြေစာရင်းဦးစီးမှူးများ လျော်ကြေး ငွေထုတ်ပေးရေးကိစ္စများကို ဆိုင်ရာဆိုင်ရာတို့က ပြီးပြတ်အောင် ဆောင် ရွက်ကြပါသည်။

ကျွန်တော် ဟောပြောရမည့် အကြောင်းသည် ဆရာတော် ဘုရားနှင့် အဘညိုတို့၏ အာသီသအရလည်းဖြစ်၊ ကျွန်တော်ကိုယ်တိုင် ကလည်း ထိုအချက်ကို ပြောဆိုရှင်းပြချင်နေသည်လည်း ဖြစ်ပါသည်။ အကြောင်းကား ဤမြေဧက ၇၀၀ ကို သိမ်းယူရခြင်းသည် မူလ ယာ မြေရှင်များအဖို့ များစွာ နစ်နာသည်ကို စာနာသိရှိနေပါသော်လည်း နိုင်ငံတော်အတွက် မလွှဲမရှောင်သာဘဲ ဤကဲ့သို့ သိမ်းယူခဲ့စေသည့် အတွက် များစွာ စိတ်မကောင်းနိုင်ခဲ့ပါကြောင်း၊ မတတ်သာ၍ သိမ်းယူ ခဲ့စေကာမူ ယာမြေပိုင်ရှင်တို့အား တစ်စုံတစ်ရာ တုံ့ပြန်အကျိုးပြုလိုသည့် စေတနာသည် ရင်၌ဖြစ်လျက်ရှိနေသည်ကို သိစေလိုပါကြောင်း၊ အထူး သဖြင့် သစ်ပင်ကို ဖယ်ရှားရသည့်အတွက် သက်ဆိုင်ရာကို အနူးအညွတ် တောင်းပန်လိုပါကြောင်းကို ကျွန်တော်သည် လှိုက်လှိုက် လှဲလှဲ စေတနာ ပါပါ ပြောဆိုတောင်းပန်လိုက်ပါသည်။ ကျွန်တော်က မည်သူ့ကို ဦးတည် တောင်းပန်နေသည်ဆိုသည်ကိုတော့ ဤပရိသတ်ကြီး အတွင်း၌ သိသူရှိ အံ့ မထင်။ ပရိသတ်၏ အပ၌ ဤပရိသတ်ကြီးမှ ကွာလှမ်းသော နေရာ၌ ရှိနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေ သဖြင့် ဤသို့ ရင်ထိစကားပြော ကြားလိုက်ပါသည်။

စီမံကိန်း စတင်အခြေချခဲ့သည်က ခရစ်နှစ် ၁၉၇၆ ခုနှစ်၊ စက် တင်ဘာလ (၁၀)ရက်နေ့။ ယခု ၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီ လဆန်းပေပြီ။ တစ်နှစ်နှင့် လေးလဆိုသော အချိန်ကာလသည် မကြာလိုက်။ စီမံကိန်း အခြေခံအဆင့်များကို ထိုကာလ၌ အခက်အခဲ ပေါင်းများစွာ ကျော်ဖြတ်

လျက် ပြီးမြောက်ခဲ့ခြားလည်း မူလခန့်မှန်း သည်ထက် တစ်လခန့် နောက်ကျလျက်ရှိပါသည်။ မေလ နောက်ဆုံးပတ်တွင် အပြီးတည်ဆောက်ရပါလိမ့်မည်။ ပြီးသော် စက်၏ အရည်အသွေးကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက စစ်ဆေးအတည်ပြုသည်ကို ခံယူရမည်ဖြစ်၏။

ရပ်ကျေးအစည်းအဝေးပြီး နောက်တစ်နေ့တွင် သိမ်းယူထားသော မြေယာပေါ်၌ နေထိုင်သူရှိက ၇ ရက်အတွင်း လွတ်ရာသို့ ဖယ်ရှားပေးကြရန် ပတ်လည်ဝန်းကျင်အနှံ့ မောင်းကြေးနင်းခတ်လျက် အမိန့်ပြန်စာ ဖတ်ကြားလိုက်ပါသည်။

သစ်ပင်ခုတ်လှဲဖို့၊ မြေညှိဖို့၊ ထိုနေရာ၌ တွေ့ရှိမည့်ပစ္စည်းစသည်တို့ကို အဘညို၏ ဆွေမျိုးစုကိုပင် ကုန်ကျမည့်စရိတ်နှင့်တကွ အပြီးအပိုင်လွှဲအပ်လိုက်ပါသည်။ ပြည်ပိုင်အစိုးရမင်းကိုယ်စား ကျွန်တော်က လက်မှတ်ရေးထိုး၍ အမိန့်ထုတ်ခဲ့ခြင်းပါ။

အဆိုပါကိစ္စများကို ဆောင်ရွက်နေစဉ် လုပ်ငန်းခွင်နှင့် ပေ ၁၀၀၀ အကွာ၌ ယာယီအဆောက်အအုံ ၂ လုံး ဆောက်ထားလိုက်ပါသည်။ တစ်ခုက အလုပ်သမားများ နားနေရန်၊ ကျန်တစ်ခုကမူ ပစ္စည်းအချို့ ထည့်ရန်။ ထိုအဆောက်အအုံထဲတွင် ပစ္စည်းများကို ထည့်သွင်း၍ ပိတ်ထားလိုက်သည်။ အဘညိုနှင့် ကျွန်တော် နှစ်ဦး သဘောဖြစ်၏။

သစ်ပင်ခုတ်လှဲရန် သစ်တောဦးစီးမှ စက်လွှများကိုလည်းကောင်း၊ မြေညှိစက်ကြီးများ အကူအညီဖြင့်လည်းကောင်း မြို့နယ် ကောင်စီ၏ အကူအညီ ရယူခဲ့ပါသည်။ ကျွန်တော်ကမူ လုံး၀ သွားမကြည့်တော့။

၁၉၇၈ ခုနှစ်၊ မေလ ပထမပတ်တွင် ကျွန်တော် တာဝန် ပြီးခဲ့၏။ ထိုနေရာ၌ အမေရိကန်နိုင်ငံလုပ် VOR, TRAMSMITTER TYPE WILLCOX 485A အမျိုးအစားကို တည်ထားပြီးခဲ့၍ ဆက်ခံထိန်းသိမ်းသူတို့ကို လွှဲအပ်ခဲ့ပါသည်။ လျှို့ဝှက်ချက်ကား ယာယီ အဆောက်အအုံမှ 'သူ'ကို ယခုတည်ဆောက်ပြီးသော စက်ရုံတွင် နေခွင့်ပေးလိုက်ပါသည်။ သူသည် မည်သူ့ကိုမျှ ဒုက္ခပေးလိမ့်မည် မဟုတ်ဟု ယုံကြည်သောကြောင့်ဖြစ်၏။ အဘညိုကလည်း မည်သူ့ကိုမျှ ထုတ်ဖော် အသိပေးမည်မဟုတ်။

အားလုံးလှူအပ်ပြီးသောနေ့တွင် ဆရာတော်ဘုရားနှင့် သံဃာတော်ငါးပါးကို ဆွမ်းဆက်ကပ်၍ ကုသိုလ်ကောင်းမှုကို အများသံတ္တဝါတို့ကို အမျှဝေခဲ့ပါသည်။

အကြောင်းတရား ရှိ၍သာလျှင် အကျိုးတရားဖြစ်၏။ အကြောင်းမဲ့ဖြစ်သော အရာမရှိနိုင်ဆိုသော ဓမ္မနိယာမကို ယုံကြည်လျက် ကျွန်တော် ကြုံခဲ့ရသည့်အဖြစ်၏ အကြောင်းကို ကျွန်တော် ကိုယ်တိုင် ဘဝဆက်ကာ ရှာရသည်ဖြစ်စေ ရှာဖွေပါဦးမည်။ ကျွန်တော်သည် အရပ်ရှစ်မျက်နှာသို့ အတန်ကြာ မျှော်ကြည့်ပြီးနောက် ထိုနေ့ တွင် စခန်းမှ အပြီးတိုင်ထွက်ခဲ့ပါသည်။ နေရစ်တော့ သီရိစန္ဒာခင်ရယ်။

ooo

**ကျော်ဇင်ဝင်း (မရမ်းကုန်း)**



ဩမြတ်မေကို
သူသာ စကားပြောနိုင်ခဲ့လျှင်

"အတွေးတစ်ခု ခေါင်းထဲ
ဘယ်အချိန်စပေါ်လဲ ငါဘယ်လို မှတ်မိမလဲဟ...
စပေါ်ပြီဆိုပြီး စာအုပ်မှာ
သွားရေးမှတ်မယ် ထင်လို့လား သေပါတော့ကွာ"
"ဒါဆို အနီးစပ်ဆုံး..."

## သူသာ စကားပြောနိုင်ခဲ့လျှင်

တစ်နေ့ ကျွန်ုပ်တီဗီကို စိတ်ဝင်တစားကြည့်နေစဉ် ဘေးမှ ခပ်တိုးတိုးခေါ်သံတစ်ခု ကြားလိုက်ရသည်။ ဇာတ်ရှိန်တက်နေသော အချိန်ဖြစ်နေ၍ ထိုအသံကို ဂရုမစိုက်အားချေ။ ထို့နောက် တစ်ဖက်မှ ထပ်မံခေါ်လာပြန်သည်။ ခေါ်သံပိုစိပ်လာသောအခါ လှည့်မကြည့်လျှင် မဖြစ်တော့ပြီကို သဘောပေါက်ရတော့သည်။

"ဘာတုံး . . . ဪ နင်ပါလား . . ."

"ငါ့ကို မှတ်မိသေးတယ်ပေါ့"

"မှတ်မိတာပေါ့ ဒါနဲ့ ခဏလေးနေဦး၊ အခုအရေးကြီးတဲ့အခန်း ရောက်နေလို့"

ကျွန်ုပ်သည် တီဗီမှလာသောရုပ်ရှင်ကိုသာ စိတ်ဝင်တစား ပြန်ကြည့် နေလိုက်သည်။

"ငါပြောမှာလည်း အရမ်းအရေးကြီးတဲ့အကြောင်းပဲ"

"ဒီရုပ်ရှင်ပြီးမှ ပြောစမ်းပါ၊ အဲလောက် အရေးကြီးမှာလည်း မဟုတ်ဘဲနဲ့"

ကျွန်ုပ်သည် လှည့်ပင်မကြည့်ဘဲ လက်ဖြင့်ကာပြကာ စိတ်ရှုပ် ရှုပ်နှင့် ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

"ငါအခုပြောမှဖြစ်မယ် မဟုတ်ရင် နင်က ဒါပြီးရင်လည်းနောက် တစ်ခုက ငါ့ထက် အရေးကြီးနေဦးမှာပဲ"

"တိတ်တိတ်နေစမ်းပါ၊ နင်တော်တော်ရှုပ်တာပဲ. . . အေးအေးဆေးဆေး ကြည့်ပါရစေ"

"နင်ဘယ်လိုပြောပြော ငါကတော့ ပြောရမှာပဲ၊ နင် နားထောင်ဖို့လိုနေပြီ"

"ဟ. . . နင်တကယ်ပြောရခက်ပါလား၊ ခဏလေးတောင် မစောင့်နိုင်ဘူးလား၊ ကဲဟာ ပြောပြော၊ နင်ဘာပြောမလဲ"

ကျွန်ုပ်သည် အတော်ပင်စိတ်ပျက်သွားသည်။ တီဗီကို ရီမုတ်ဖြင့် အသံတိုးလိုက်သည်။ ရီမုတ်ကိုလည်း စားပွဲပေါ် ဆောင့်အောင့်ကာ ပစ်ချလိုက်သည်။

"ပြောချင်လို့ နင် ငါ့အနားမှာရှိမယ့်အချိန်စောင့်နေတာ နင်သာ ငါပြောတာ နားထောင်၊ တီဗီကိုချည်း အာရုံစိုက်မနေနဲ့"

"ကဲ ပြောစမ်းပါ၊ အပိုသိပ်မလုပ်နဲ့"

"ငါအရင်ဆုံးသိချင်တာ ငါ နင့်အတွေးထဲ ပထမဆုံးရောက်ခဲ့တာ ဘယ်အချိန်ကလဲ"

"ဘာလဲဟ. . . အဲဒါမေးဖို့ တော်တော်အရေးကြီးသလား"

ရုတ်တရက် ကျွန်ုပ် စိတ်အတော်တိုသွားသည်။ ထိုရုပ်ရှင်သည် နောက်တစ်ခါ ပြန်ကြည့်ရရန် မလွယ်ကူနိုင်ပေ။ ကျွန်ုပ်သည်လည်း ထိုသို့အနုအရွလေးများ ပြန်ပြောင်းပြောဆိုဖို့ ယခုစိတ်မပါသေးပါ။

"ကြီးတယ် ဒါပေမဲ့ ငါသိဖို့မဟုတ်ဘူး နင်ပြန်အမှတ်ရဖို့"

"တော်ပါတော့. . . ၊အကောင်းမှတ်နေတယ်"

"အကောင်းပြောတာပဲ နင်ဖြေပါ"

ကျွန်ုပ် တစ်ချက်ပြန်တွေးလိုက်သည်။ သူမ အရင်က ထိုသို့ တစ်ခါမှ မပြုမူဖူးပေ။ သူမတွင် ကိစ္စတစ်ခုခုရှိသောကြောင့် ဖြစ်နိုင်သည်။ အလျဉ်းသင့်သလို ကြည့်ဖြေမည်ဟု ကိုယ့်ဘာသာ တွေးလိုက်သည်။

"အတွေးတစ်ခု ခေါင်းထဲ ဘယ်အချိန်စပေါ်လဲ ငါဘယ်လို မှတ်မိမလဲဟ. . . စပေါ်ပြီဆိုပြီး စာအုပ်မှာ သွားရေးမှတ်မယ် ထင်လို့လား၊ သေပါတော့ကွာ"

"ဒါဆို အနီးစပ်ဆုံး အချိန်ဘယ်လောက်ကြာပြီလဲ၊ နင်မှတ်မိသလောက်ပြော"

"တစ်နှစ်ဟာ၊ တစ်နှစ်၊ အဲလောက်ရှိသွားပြီ၊ ဟုတ်ပြီလား သွားပါတော့"

"သေချာလား၊ နင်သေချာတွက်ကြည့်ပြီးပြီလား"

"နင်တော်တော်ရစ်တာပဲ၊ ငါဒီလောက်ပဲမှတ်မိတယ်၊ နင့်ကိစ္စပြီးပြီမို့လား၊ သွားပါတော့၊ ငါဆက်ကြည့်ဦးမယ်"

သူမအား စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်စိတ်ပင် ပေါက်မိသည်။ အမှန်တိုင်းဆိုလျှင် အတော်ပင် စိတ်အနှောင့်အယှက်ပေးသည့် သူမအား အဝေးဆုံးတစ်နေရာရောက်အောင် ကန်ထုတ်ပစ်လိုက် ချင်သည်။ သို့သော် ထိုသို့လုပ်၍လည်း မဖြစ်သေးပေ။

"မပြီးသေးဘူး၊ ခုမှ စဖို့ရှိသေးတယ်"

"မပြီးသေးဘူး. . . သေပါတော့ဟာ. . . ငါ့နှယ်. . . ကဲဟာ၊ အဲလောက်နှောင့်ယှက်ချင်လည်း သဘောပဲ၊ ပိတ်ပြီ တီဗီ။ ကဲ ပြောပါဦး"

ပြီးနောက် တီဗီကိုကျောခိုင်းကာ သူမဘက်သို့ မျက်နှာလှည့်လိုက်သည်။

"နင့်ဘဝထဲမှာ ငါရောက်လာတာ တစ်နှစ်ကျော်ကြာတာတောင် နင်ငါ့ကို သေချာ ဘယ်နှခါ ဂရုစိုက်ဖူးလဲ၊ ငါရှိနေသေးမှန်းတောင် နင်ဂရုစိုက်ဖြစ်ရဲ့လား"

"နင်တော်တော်ကြောင်တောင်တောင်နိုင်တာပဲ၊ ငါသာ ဂရုမစိုက်ရင် နင်ဆိုတာ ခုလို ငါ့အရှေ့မှာ ပေါ်တောင် မလာနိုင်ဘူး"

"နင့်ကိုယ်နင် ငါ့ကိုသိပ်ဂရုစိုက်တယ် ထင်နေတယ်ပေါ့လေ၊ အဲဒါပဲ ငါတို့နှစ်ယောက်ကြားက ပြဿနာက အဲဒါပဲ"

"နင်ထင်ချင်သလိုထင် ငါဂရုမစိုက်ဘူး. . . ငါဂရုစိုက်တယ် မစိုက်ဘူးဆိုတာ ငါ့ဘာသာငါ သိတယ်"

ထိုစကားမှာ အမှန်ပင်ဖြစ်သည်။ ကျွန်ုပ် သူမအား သေချာလိုက်မရှင်းပြနိုင်ပေ။ သူမ ထင်ချင်သလို ထင်နိုင်သည်။ စိတ်ကို မဝင်

စားပါ။ ကျွန်ုပ်ခံစားချက်အကြောင်း ကျွန်ုပ်ထက်ပိုပြီး သူမ သိနိုင်ပါ့မလား။

"ဒါဆို နင်ငါ့ကို အမြဲ အတွေးထဲထည့်ထားလားပြော၊ မနက်အိပ်ရာထကနေ ညအထိ၊ နင် စားလည်းငါ့စိတ်၊ သွားလည်းငါ့စိတ်၊ အလုပ်လုပ်နေလည်း ငါ့အကြောင်းပဲ နင်တွေးနေသလား ပြော"

"ဟ အဲ့လောက်တော့ ဘယ်ဖြစ်မလဲ. . . ငါက အားနေတဲ့သူမှမဟုတ်တာ၊ အလုပ် လုပ်နေတဲ့အချိန် နင့်အကြောင်း ဘယ်လိုလုပ်တွေးမလဲ၊ အလုပ်မှာလည်း အာရုံစိုက်ရမှာပေါ့၊ ပြီးတော့ အချိန်တိုင်း နင့်အကြောင်းချည်း ဘယ်တွေးနိုင်မလဲ၊ ငါ့မှာ တခြားတွေးစရာတွေ အများကြီးရှိသေးတယ်၊ ငါက အမြဲအားလပ်နေတာ မဟုတ်ဘူးလေ"

သူမသည် ဘာကြောင့်များ ထိုမျှ အရစ်သန်သနည်း စဉ်းစားမရနိုင်ပါ။ မည်သည့်အရာကများ အေးအေးဆေးဆေးနေတတ်သော သူမကို ထိုမျှ နားပူနားဆာတိုက်တတ်အောင် ပြုစားလိုက်ပါလိမ့်ဟု တွေးမိနေသည်။

"နင် အလုပ် လုပ်၊ အစားစားနေတဲ့အချိန်၊ သွားလာလှုပ်ရှားနေတဲ့အချိန် ငါ့အကြောင်း မတွေးနိုင်ဘူး မအားလို့ဆိုတော့ အနားရနေတဲ့အချိန်ရော တွေးသလား"

"အဲဒါတော့. . . ငါလည်း တစ်ခါတလေ အင်တာနက်လေး ဘာလေး သုံးရဦးမှာပေါ့၊ ရုပ်ရှင်လေး ဘာလေးလည်း ကြည့်ချင်ကြည့်နေမှာပေါ့၊ အနားရတုန်းပဲ"

"အဲဒါတွေမလုပ်ရင်လည်း နင်မိုးရွာလို့၊ နေပူလို့ပြောပြီး အိပ်နေတယ်မို့လား"

သူမလည်း တော်ရုံတော့မဟုတ်ပါ။ ဘယ်အချိန်တည်းက ထိုစကားများ ကြိုတင်စဉ်းစားထားခဲ့လေသနည်းဟု တွေးစရာပင်။ သို့သော် ကျွန်ုပ်သည်လည်း ခေသူမဟုတ်သဖြင့် အလျှော့ပေးလို့ မဖြစ်ပေ။

"တစ်ခါတရံပဲ ဘာဖြစ်လဲ. . . ပြီးတော့ အဲဒီအခါကျ မအိပ်ခင် နင့်အကြောင်းလည်း တွေးတာပဲ. . ."

"တွေးရင်လည်း နင်သေချာအာရုံမစိုက်ပါဘူး။နင်အာရုံစိုက်ရင် ငါဘာဖြစ်နေလဲ သိမှာပေါ့၊ ခုတော့ နင်က ငါ့ကိုအားနာလို့ တစ်ခါတစ်ရံ တွေးပေးတာပဲရှိတာ၊ နင်စိတ်အားထက်သန်မှုမှ မရှိတော့ပဲ"

"ဟဟ. . . နင်က အမိက နင်ဘာဖြစ်နေလဲ သိစေချင်နေတာများ၊ အစောကတည်းက ပြောပေါ့၊ ကွေ့ပတ်မနေစမ်းပါနဲ့၊ ကဲပြော ဘာဖြစ်နေလဲ"

သူမသည် ထိုဆိုလိုရင်းရောက်အောင် ကွေ့ပတ်သွားခဲ့သောကြောင့် ကျွန်ုပ်ရုပ်ရှင်လေး ကောင်းခန်းပေါင်းများစွာ လွတ်သွားခဲ့ရလေပြီ။ အတော်ပင် စိတ်ပျက်ဖို့ကောင်းပါသည်။အားနာတတ်သင့် သည်။

"ကွေ့ပတ်မနေချင်ပါဘူး. . . နင်သိဖို့လိုလို့ ထောက်ပြရတာ၊ ဒီမှာ နင်သေချာစဉ်းစားစမ်းပါ။ ငါ နင့်လက်ထဲရောက်လာကတည်းက နင် ငါ့ဝမ်းစာနဲ့ အများအမြင်မှာ ငါတင့်တယ်နေဖို့ နင့်အားထုတ်မှုတွေ လုံလောက်ရဲ့လားလို့ . . . "

"ဒါတော့ နင်အသိဆုံးပဲ၊ ငါအတတ်နိုင်ဆုံး ငါလုပ်နိုင်သမျှ ငါလုပ်နေတယ်လေ. . ငါမတတ်နိုင်တာတော့ နင်ရဖို့ ဘယ်လွယ်မလဲ၊ ငါ့အစွမ်းအစရှိသလောက်ပဲပေါ့၊ နင်က ဘယ်အထိမြင့်မြင့်မှန်းနေလဲမှ မသိတာ၊ သိပ်အပိုတွေ အမြင့်မမှန်းစမ်းပါနဲ့။ ငါလုပ်ပေးနိုင်သလောက် နင်အကုန်ရမှာပေါ့"

သူမအား မည်သည့်အရာက ထိုသို့အမြင့်ကြိုက်ရောဂါရစေခဲ့သနည်း။ ကျွန်ုပ်လုပ်ပေးနိုင်တာထက် ပိုလိုချင်လာလျှင် သူမ မောရုံသာရှိမည်။ ကျွန်ုပ်ဘယ်လိုမှ မတတ်စွမ်းနိုင်တာ သေချာသည်။

"နင် သူများတွေကို တစ်ချက်ကြည့်စမ်းပါ. . . နားလည်းစွင့်၊ မျက်စိလည်း ဖွင့်စမ်းပါ. . . သူတို့လောက်တောင် နင်မကြိုးစားဘဲ လူများအထင်ကြီးအောင် အော်နေရုံနဲ့. . . နင်ကြိုးစားတာ ငါက အသိအမှတ်ပြုရတော့မလား. . . ဒီမှာ၊ နင်လိမ်ချင်ရင် သူများကိုပဲရမယ်၊ သူများတောင် နင့်ကို သေချာမသိတဲ့သူပဲရမယ်. . .၊ အချင်းချင်းတွေကို တော်စမ်းပါဟာ. . . နင့်မှာ ဖွဲလည်းမရှိဘူး၊ လုံ့လဆိုတာဝေးစွ၊ သတ္တိ

ဆိုတာ ဘယ်နားနေမှန်းတောင် မသိဘဲနဲ့များ ရယ်ရတယ် အတော် ရယ်ရတယ်. . . နင့်အစွမ်း ဒါအကုန်ပဲလား"

"နင်တော်တော်လွန်နေပြီ၊ ငါသည်းခံနေတာ အကောင်းမှတ်နေလား. . . ကဲ နင်က ဘာဖြစ်ချင်တာလဲ၊ ငါကြိုးစားထားတာ အလကားလို့ပြောချင်တာလား၊ ပြစမ်းပါ. . . နင့်ကိုကြည့်ရအောင်၊ ငါဘာလိုနေလို့လဲ. . . ဒီနားလာစမ်းပါ. . ."

ကျွန်ုပ်အသားများ တဆတ်ဆတ်တုန်နေသည်။ အနားတွင် လူရှိလျှင် သတ်ပစ်မိတော့မည် မလွဲပင်။သို့သော် သူမကတော့ ဘာမှမမှုသလို တည်ငြိမ်သည့်ပုံစံနှင့်သာ။

"ငါက လာလို့မှမရတာ၊ နင်လာကြည့်လေ၊ နင်မကြည့်တာ ကြာလို့နင်နောက်ဆုံး ငါ့ကို ဘယ်လိုထားခဲ့တယ်၊ ဘာလုပ်ခဲ့တယ်တောင် မသိဖြစ်နေပြီမို့လား"

"ကဲပါ လျှာရှည်လိုက်တာ၊ ပြစမ်း၊ ငါ့ကိုများ ဘာမှတ်နေလဲ"

ကျွန်ုပ်စိတ်တိုတိုနဲ့ သူမကို ဖွင့်ကြည့်လိုက်သည်။ တကယ်ကို ကျွန်ုပ်အံ့ဩမိသည်။ ကျွန်ုပ် နောက်ဆုံး သူမကို ပစ်ထားခဲ့စဉ် စာမျက်နှာနံပါတ်မှာ (၂၃) ဖြစ်နေသည်။ မည်သည့်အချိန်က နောက်ဆုံး ရေးသားခဲ့မှန်း အမှတ်မရတော့သော်လည်း လနဲ့ချီကြာခဲ့ပြီဆိုသည်မှာ သေချာသည်။

တကယ်ကို ကျွန်ုပ်သိပ်မှားမှန်း နားလည်လိုက်ပြီ။ ဆရာ၊ ဆရာမကြီးများရဲ့ အဆုံးအမများ နားထဲ ပြန်ဝင်လာသည်။ ကျွန်ုပ်ရဲ့ လစ်ဟာမှုများအတွက် ကျွန်ုပ်ရဲ့ဝတ္ထုလေးအား အားနာခြင်းကြီးစွာ ဖြစ်မိသည်။ မျက်နှာလည်းပူမိသည်။

သူမကို ကျွန်ုပ်ကွန်ပျူတာဖွင့်လျက် စရေးစဉ်က သူမပုံစံလေးအား အခုထိမှတ်မိဆဲပါ။ အမှန်ကို ဆယ်ကျော်သက်တက်သစ်စ မိန်းမပျိုလေးလိုပါပဲ။ အားမာန်အပြည့်နဲ့ ပြုံးနေလို့ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်ကိုလည်း ကြည့်ပြီးပြောသေးသည်။

"ငါတို့ညီအမနှစ်ယောက်. . . တစ်ခရီးတည်း အတူတူသွားကြမယ်နော်၊ ဘယ်တော့မှ မခွဲကြဘူး၊ နောက်မဆုတ်ကြေးနော်. . .၊ အခက်အခဲတွေကြုံရင် ငါ့ကိုမထားခဲ့ဘူးမို့လား. . ."

အဲဒီအချိန်တုန်းက ကျွန်ုပ်ကလည်း ပြောခဲ့ပါသည်။

"ဒါပေါ့. . . အတူတူရင်ဆိုင်ကြမယ်လေ၊ နင့်ကို အလှဆုံး ဖြစ်အောင်၊ အကြော့ရှင်းဆုံးဖြစ်အောင်၊ ငါ့မှာရှိတဲ့ အစွမ်းအစ အကုန်သုံးပြီး သူများရှေ့ချပြမယ်. . . ငါ့ကိုယုံတယ်မို့လား"

ထိုအခါ သူမ ပြန်ပြောခဲ့သည်ကိုလည်း မှတ်မိ နေဆဲဖြစ်ပေသည်။

"ယုံပါတယ်. . တစ်ချိန်မှာ အများက မလှဘူးပြောတောင်၊ နင်က အစွမ်းကုန်ကြိုးစား တန်ဆာဆင်ပေးခဲ့တယ်ဆိုတာကို ငါပြောပြမှာ ပါ"

ယခုတော့ ကျွန်ုပ်ပစ်ထားခဲ့သည်မှာ ဇာတ်အိမ်တစ်ခု အစပျိုးနေဆဲ တန်းလန်းမှာပင်ဖြစ်သည်။

"ငါသိပ်ပေါ့လျော့ခဲ့တာ ခွင့်လွှတ်ပါ ဝတ္ထုလေးရယ်. . . . . (ခုက စပြီး ငါ့ facebookမှာstatusတင်မယ့်အစား နင့်ကိုပဲ တန်ဆာဆင်တော့မယ်)"

ဤကဲ့သို့ အတွေးတစ်ခုမှနေ၍ ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးပုံဖော်ခွင့်ရစေခဲ့သော၊ ကျွန်ုပ်နဲ့ စာပေတို့ရဲ့ အခြေအနေကို ခဏခဏ လာလာမေးပေးသော သူငယ်ချင်းများနှင့် ကံကြမ္မာတို့ အားလုံးအား အထူးပင် ကျေးဇူးတင်လျက်. . .

၀၀၀

**ညြမြတ်မေကို**

**@Cuckoo Oak Awe**



**သဥ္ဇာရွှန်းလဲ့ရည်**
**ဘယ်သူ ပိုတော်သလဲ**

''အချစ်ဆိုတာ ရယူခြင်းအစစ်ပဲ။
ရယူခြင်းဖြစ်တဲ့ အချစ်ဆိုတာကို
ဘယ်လိုတိုင်းတာပြီး သတ်မှတ်မလဲ။
လွယ်ပါတယ်။ အရင်ဆုံး ကိုယ်လိုချင်တဲ့valuesတွေနဲ့
standardစံအချစ်နဲ့ ချစ်သူကို ရွေးချယ်ရမယ်။
စံသတ်မှတ်ရမယ်ပေါ့။
အခြားကောင်မလေးတွေ ဘယ်လို...''

## ဘယ်သူပို့တော်သလဲ

**သွန်းမေခ**

ဘဝကို ယှဉ်ပြိုင်ပွဲလို သဘောထားတဲ့ သွန်းက ခုဖြစ်စဉ်ကိုလည်း ရှုံးနိမ့်ခြင်းတစ်ခုလို့ပဲ သတ်မှတ်တယ်။

**ရင်မြန်းသစ်**

ဘဝဆိုတာ တိုတိုလေးပါ။ နေခွင့်ရတဲ့ အခိုက်အတန့်မှာ စိတ်ချမ်းသာ ချင်တယ်။

### အပိုင်း (၁)

သူ မယုံနိုင်ဘူး. . . မယုံကြည်နိုင်ဘူး၊ သူမတင်မကပါဘူး၊ ပတ်ဝန်းကျင်ကပါ အံ့သြနေကြတာ. . . သူမဆိုရင် ရင်ခံလွန်းလို့. . . သုံးရက်လောက်တောင် ထမင်းမစားနိုင်ဘူး။ ပြဿနာအဖြေကိုလည်း ရှာမရဘူး၊. . . ဒေါသတွေထွက်ပြီး မျက်ရည်တွေတောင် ဆွံ့အနေခဲ့ တယ်။ တစ်ခုခုကို ဆွဲဆုတ်ပြီး ပေါက်ကွဲလိုက်ချင်ပေမဲ့လည်း အတွေး တွေနဲ့ ဘာသာမဲ့ဘဝရောက်နေတာလေ။

၄ နှစ်တွဲခဲ့တဲ့ ချစ်သူသက်တမ်းဆိုတာ သူမအတွက် အခုလို ပြိုကွဲစေဖို့လား။ မဟုတ်ဘူး။ သူမ အကြီးကြီးမှန်းထားတာ. . .၊

ချစ်သူလေး ဘွဲ့ရပြီးမှ ရှားရှားပါးပါးရွေးချယ် selection လုပ်ထားတာ၊ ဒီတစ်ယောက်တည်းကိုပဲ သူမယုံကြည် မျှော်လင့်ထားခဲ့တာ။ ခုတော့ . . . သူမချစ်သူလေးက ခုပဲ သူမရှေ့မှာ "မင်းရဲ့အချစ်တွေနဲ့ ကိုယ်မတန်ပါဘူးကွာ. . . ကိုယ့်ကို လွတ်မြောက်ခွင့်ပေးပါ။ မေ့လိုက် ပါတော့. . . အသစ်တွေ့နေပြီ" တဲ့လေ။ အဟက်. . . အသစ်ဆိုလို့ စုံစမ်းကြည့်တော့လည်း သွန်းမေခကို ကျော်နိုင်ဖို့မပြောနဲ့. . . ခြေဖျားတောင်မမီတဲ့ မိန်းမမျိုးနဲ့မှ ယှဉ်ပြိုင်အရွေးခံရပြီး သွန်းမေခက ရှုံးနိမ့်ခဲ့ရသတဲ့လေ. . . စီးပွားပြိုင်ဖက်တွေ၊ အပေါင်းအသင်းတွေသိရင် ဘယ်လောက်တောင် လှောင်မလဲ. . . ဘဝကို ယှဉ်ပြိုင်ပွဲလို သဘောထားတဲ့ သွန်းက ခုဖြစ်စဉ်ကိုလည်း ရှုံးနိမ့်ခြင်းတစ်ခုလိုပဲ သတ်မှတ်တယ်။ သူမအချိန်ယူပြီး ဖြစ်စဉ်ကိုအကဲဖြတ်ပြီး အဖြေကိုရှာဖို့ သူမ အလုပ်ကနေ ခွင့်ယူလိုက်တယ်။

## အပိုင်း (၂) သွန်းမေခ

ဘဝကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတဲ့ သွန်းက ပုံမှန်ထက်တော့ မာရေကျောရေနိုင်တယ်။ စာအုပ်တွေနဲ့အဖော်ပြုခဲ့ရပြီး ဘာကိုမှ စိတ်မဝင်စားဘဲ ကျောင်းစာကို တစိုက်မတ်မတ်ကြိုးစားခဲ့တာ၊ အမျိုးကို မဲ့ကာရွဲ့ကာနဲ့ ဘွဲ့ယူပြီးမှ ရင်ခုန်ခြင်းလုပ်ငန်းကို စခဲ့ရတာ။ လက်တွေ့မရှိပေမဲ့ ဖတ်ဖူး မှတ်ဖူးသမျှလေးတွေနဲ့ အစွမ်းကုန်ဂရုစိုက်ပြီး ချစ်ပြခဲ့ပေမဲ့ ခုလိုအထားခံရတော့ လုံးဝ မကျေနပ်ချင်။ သူမ ဘာတွေမှားခဲ့လို့လဲ။ ပြောကြပါဦး။

ချစ်သူဖြစ်စက ဆေးကျောင်းတက်တုန်း. . . **သွန်း**က ဘွဲ့မရခင်ကတည်းက ဝင်ထားခဲ့တဲ့ အလုပ်က **သွန်း**အရည်အချင်းကြောင့် ရာထူးအဆင့်ဆင့်တက်ပြီး ပထမဦးဆုံး မန်နေဂျာမ ဖြစ်ခါစ. . . တစ်ယောက်မရှိရင် တစ်ယောက်ဖြည့်ရမယ်ဆိုပြီး **သွန်း**ပဲ အရာရာ အနစ်နာခံခဲ့ရတာပါ။

သူ့မှာ ဖုန်းမရှိတော့ **သွန်း**ပဲ သူ့အဆောင်ကို ဖုန်းဆက်၊ တွေ့မယ့် နေရာကိုချိန်း၊ **သွန်း**ပဲ မှာပေး၊ **သွန်း**ပဲ ပိုက်ဆံရှင်း၊ ရုပ်ရှင် ကြည့်ရင်လည်း **သွန်း**ဝယ်ထားတဲ့လက်မှတ်နဲ့ အဆင်သင့်လာခေါ်တဲ့ ကားပေါ်မှာ တက်လိုက်ပြီး ကြည့်ရုံပဲလေ။ သူဘာလိုချင်လဲ. . . သူဘာဖြစ်ချင်လဲ. . . ယုတ်စွအဆုံး သူလိုချင်လို့ ရထားတဲ့ အလုပ်တောင် **သွန်း** မျက်နှာမကင်းဘူး။ သူပါးစပ် မဟခင်ကတည်းက စီစဉ်ပြီးသား ဆိုတာမျိုး။

**သွန်း**ချစ်သူက အရမ်းအေးတယ်။ ဒါပေမဲ့ အနောက်အပြောင်လေးတွေတော့ ရှိတယ်။ ပျော်ပျော်နေတတ်ပြီး စာတော်တယ်။ **သွန်း**က ဘဝနာခဲ့တော့ ပညာရေး ငယ်စဉ်က မကောင်းခဲ့ဘူး။ ရိုးရိုးဘွဲ့လေး တက်ခွင့်ရတာတောင် ကျေးဇူးတင်နေရတော့ စာတော်တဲ့ ကောင်လေးတွေကို ငယ်ငယ်ကတည်းက အားကျလေးစားခဲ့တာ။ ဒါပေမဲ့ **သွန်း**က ကြိုးစားတယ်။ အလုပ်ရှင်က အလုပ်ကြိုးစားပြီး ကတိတည်တဲ့ သွန်းကို ယုံကြည်တယ်။ မြှောက်စားတယ်။ **သွန်း**ချစ်သူ ကိုကိုနဲ့ တွေ့တော့ ကိုကိုက **သွန်း**ကို အထင်ကြီးတယ်။ **သွန်း**ကလည်း ပညာတတ်မျိုးရိုး လူကောင်းလူတော်၊ သဘောကောင်းပြီးချောတဲ့ ကိုကို့ကို စကားပြောပြီးသိပ်မကြာခင်မှာပဲ. . . သင့်တော်တဲ့လူဆိုတာ တွေ့ရှိလိုက်တယ်။ **သွန်း** ဖြစ်ချင်တာတွေ လုပ်နိုင်တဲ့ အခြေအနေတစ်ခုမှာ ကိုကို့ကို တန်ဖိုးထားတယ်။

ကိုကိုက အရမ်းအေးတော့ **သွန်း**ပဲ ချစ်သူဘဝမှာ အရာရာ စီမံပေးရတာပေါ့။ **သွန်း**သွားသမျှနေရာတွေကို ကိုကို့ကို ခေါ်ချင်ပေမဲ့ ခေါ်တာများရင် **သွန်း**ကို စိတ်ပျက်သွားမှာစိုးလို့ တစ်ယောက်တည်း တက်ခဲ့တဲ့ dinner တွေလည်း များလှပြီ။ ချစ်သူဘဝ သူများနဲ့ မတူတာဆိုလို့ တွေ့တဲ့အချိန်မှာ **သွန်း**က ဖတ်ခဲ့တဲ့ စာအုပ်အကြောင်း နာရီ ဝက်လောက် ဖောက်သည်ချတာ၊ **သွန်း**ရဲ့တစ်နေ့တာကို တစ်နာရီလောက် ကိုကိုသံသယကင်းအောင် ပြောပြတာ။ ပြီးတော့ ကိုကိုပျင်းမှာ စိုးလို့ **သွန်း**နဲ့ chess ထိုးခိုင်းတာ၊ ဒါမှမဟုတ် **သွန်း**ဖတ်ခဲ့တဲ့

သွန်းကြိုက် တဲ့ Tagoreရဲ့ကဗျာတွေ ရွတ်ပြတာ၊ ကိုကို့ကိုကျက်ခိုင်းတာ၊ ဉာဏ်စမ်း မေးတာ။ ကိုကိုမကြိုက်မှာ စိုးလို့ သူ့ရဲ့ တစ်နေ့တာကိုတောင် သွန်း မမေးဘူး။ တော်ကြာ မယုံဘူး ထင်နေမှာ စိုးလို့လေ။

**ယုံကြည်မှုဆိုတာရဖို့ ယုံပါလို့ ပြောတာ အပိုပဲလို့ သွန်း ထင်တယ်။ ယုံကြည်မှုရအောင် ယုံကြည်မှုအရင်ပေးရတယ်။ လက်တွေ့ပေးမှ လက်တွေ့ပြန်ရတာလေ။** သွန်းက သောကြာသမီးဆိုတော့ စကားများ တယ်ထင်လား ကိုကိုလို့ မေးတော့လည်း စကား တတ်တာပါလို့ ဖြေခဲ့ တာပဲကို။ အင်း . . ဒါကလည်း ပြဿနာရဲ့ အဖြေမဟုတ်သေးဘူး။

## အပိုင်း (၃)

သွန်းမလှတော့လို့လား ဆိုတော့လည်း ၂၅ နှစ်ဆိုတဲ့ အရွယ်မှာ ရှိသင့်ရှိထိုက်တဲ့ အလှတရားထက်ပိုပြီး ကျက်သရေရှိတယ်. . . ယုံ ကြည်မှုရှိပြီး ရဲရင့်တဲ့ အလှပိုင်ရှင်လို့တောင် ပြောနေကြတာ။ ပြီးတော့ ကိုကို့ရဲ့ ချစ်သူအသစ်ဆိုတာကလည်း သွန်းထက်ငယ်ပေမဲ့ အိစိအိစိနဲ့ ကလေးလိုလို လူကြီးလိုလို၊ ယှဉ်လိုက်ရင် သွန်းကတောင် ပိုနုနိုင်တယ်။ ပြီးတော့ အမြဲတမ်း ကိုကို့နားမှာကပ်ချဲ့ပြီး အိစီကလီ ရိုက်နေတာ။ ကိုကို ကလည်း မျက်နှာကြီးက ပြုံးလို့။ သွန်းလိုက်ကြည့်မိမှ ကိုကို သွန်းနဲ့တုန်း ကထက် ပိုပျော်နေတာ သတိထားမိတယ်။ ကောင်မလေးကတော်တော် ကို အသုံးမကျတာ။ ဆိုင်မှာ ထိုင်နေတုန်း သွန်းကြည့်မိတော့ ရေဘူးကို တောင် မဖွင့်တတ်ဘူးဆိုပြီး ကိုကို့ကို ဖွင့်ခိုင်းနေတာ. . . သွန်းတုန်းကဆို ကိုကို တစ်ခုခုစားပြီးတာနဲ့ သောက်ဖို့၊ ကိုကို့ကို တိုက်ဖို့ ရေခဲခွက်နဲ့ ရေက အဆင်သင့်။ ကိုယ်ကြင်မှ သူကြင်ဆိုပေမဲ့ သွန်းအသည်းနာလို့မဆုံးဘူး။ ပိုဆိုးတာ ဒီလို ဘာမှဂရုမစိုက်တတ်တဲ့၊ ဘွဲ့တောင်မရသေးတဲ့ ဟာမလေး နဲ့ ယှဉ်အရှုံးခံလိုက်ရတာ ပိုနာတယ်။ ကိုကိုက တန်ဖိုးကြီးယောကျ်ား ထဲမှာပါတယ်လို့ သွန်းက သတ်မှတ်ထားတာ။ တန်ဖိုးကြီးယောကျ်ား တွေက အဲ့လိုပဲတန်ဖိုး မသတ်မှတ်တတ်ဘူးလားဟင်လို့ မေးရတော့ မယ်။

သွန်းတော့ မစဉ်းစားတတ်တော့ဘူး။ ကြည့်ပါဦး၊ ကောင်မလေးက သွန်းတုန်းကလို ကိုကို့ကို ဦးစားပေးမယ်မရှိဘူး။ ရှော့ပင်းစင်တာမှာ သူ့အတွက်ပဲ ကိုကို့ကို ဝယ်ခိုင်းနေတယ်။ ကိုကိုကလည်း အင်္ကျီတွေ ရွေးပေးနေလိုက်တာ။ မျက်နှာက သူရဲကောင်းကြီးလိုလို ဘာလိုလိုနဲ့၊ သွန်းက ကိုကို့အိမ်အခြေအနေအကြောင်း သိတယ်။ ဒီပိုက်ဆံတွေ ဘယ်ကလှည့်လာသလဲ မသိ။ သွန်းစိုးရိမ်သွားတယ်။ EQ မြင့်တဲ့ ကိုကို ခုစဉ်းစားဆင်ခြင်နိုင်စွမ်း မရှိတော့ဘူးလား။ ဒါမှမဟုတ် သွန်းဖတ်ဖူးတဲ့ ချစ်သူဂရုစိုက်နည်းတွေက လွဲမှားနေတာလား။ ယောကျ်ားတွေက ဂရုစိုက်လွန်းတဲ့ မိန်းမတွေကို မလွန်ဆန်နိုင်ဘူးရယ်တဲ့လေ။ ခုတော့. . . သွန်း ယောကျ်ားတွေကိုလည်း နားမလည်တော့ဘူး။. . . အစွဲအလမ်းကြီးတဲ့ သွန်းတစ်ယောက် သူ့ဘဝရဲ့ဖြစ်တည်မှုက တစ်ဦးတစ်ယောက် အတွက် ထပ်မဖြစ်နိုင်တော့မှန်း ကြိုတင်သိရှိနေသလို. . . ကောင်းကင် ပြာကြီးကလည်း ယခင်နဲ့မတူ အုံ့မှိုင်း တိမ်ရိုင်းတွေနဲ့ စိုင်းချင်ရာ စိုင်း နေပါတော့တယ်။

♬♬♬ ရင်ခုန်ရုံချစ်ဖို့ စိတ်ကူးလည်း. . . ယုံလွယ်တဲ့စကားနဲ့ ချည်နှောင်လည်း အမုန်းများတဲ့ ကောင်းကင်ထက်မှာ. . . အရှုံးများနှင့် ပေးဆပ်ချင်ခဲ့တာ. . . ငါမျှော်လင့်ထားသလို မဖြစ်တော့လည်း. . . ဒဏ်ရာတွေပေးပြီး ရှောင်သွားလည်း. . . နောက်ဆုံးတော့လမ်းခွဲဖို့လား၊ နောက်ဆုံးတော့ အသည်းကွဲဖို့လား. . . နောက်ဆုံးတော့ ရှုံးရမှာလား. . . မင်းလေးနဲ့ မဝေးချင်ဘူး. . . နောက်တစ်ယောက်လည်း မပြောင်းလဲဘူး. . . ကျန်တာ မင်းလောက် အရေးမကြီးဘူး. . . တကယ်ကို ဝေးရမှာကြောက်လို့. . . မင်းအတွက် နစ်နာခဲ့သူပါ. . .

♬♬♬ ♬♬♬ ♬♬♬

## အပိုင်း (၄) ရင်မြန်းသစ်

ဘဝဆိုတာ တိုတိုလေးပါ။ နေခွင့်ရတဲ့ အခိုက်အတန့်မှာ စိတ်ချမ်းသာ ချင်တယ်။ မြန်းဘဝက ကံမကောင်းဘူး။ အထူးသဖြင့် အချစ်

ကံပေါ့။ **မြန်း**ဘဝမှာ အချစ်ဆိုတာသာ မရှိရင် လောကကြီးကို လွယ်လွယ်နဲ့ ကျော်ခိုင်းမိမှာပဲ။ လိုချင်တာရတဲ့ **မြန်း**ဘဝမှာ ခက်ခက်ခဲခဲ **မြန်း**လိုချင်ခဲ့တာ အဲဒီအချစ်ဆိုတဲ့ ကဝေတစ်ပါးကိုပါ။ **မြန်း**က ငယ်စဉ်ကတည်းက အလိုလိုက် အကြိုက်ဆောင်ခံခဲ့ရတော့ ဂရုစိုက်ခံရတယ် ဆိုတာ အထူးအဆန်းတော့ မဟုတ်ဘူး။ ချမ်းသာတဲ့ မိဘတွေရဲ့ အုပ်ချုပ်မှုအောက်မှာ မှန်ကန်စွာ ကြီးပြင်းခဲ့ပေမဲ့ စီးပွားရေးတွေနဲ့ လုံးပန်းနေရတဲ့ မိဘတွေရဲ့ နွေးထွေးတဲ့မေတ္တာတော့ ငတ်ခဲ့ရတယ်။ ၈ တန်းဆိုတဲ့ အရွယ်ကတည်းက အပြင်အချစ်ကို ရှာဖွေခဲ့တယ်။ လွမ်းလိုက်၊ ဆွေးလိုက်၊ ချစ်လိုက်၊ မုန်းလိုက်၊ ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်ပေါ့။ ဟား ဟား . . .

ပထမဦးဆုံး အသည်းကွဲပြီးနောက်မှာ အချစ်ဆိုတာ **မြန်း**အတွက် ပုံစံတစ်ခုပြောင်းသွားခဲ့တယ်။ အရင်ကတော့ အချစ်ဆိုတာ ပေးဆပ်ခြင်းပေါ့။ နားလည်ခြင်းပေါ့။ ခွင့်လွှတ်ခြင်းပေါ့။ ယုံကြည်ပြီးတော့ ညှိနှိုင်းရမယ့် ဘဝနှစ်ခုရဲ့ တာဝန်လို့ သတ်မှတ်ပြဋ္ဌာန်းခဲ့တယ်။

**တကယ်တော့ အချစ်ဆိုတာ အကုန်လုံး ထင်နေသလို ပေးဆပ်ခြင်း သက်သက် မဟုတ်ဘူး။** ခု မြန်း အသက် ၂၀ မှာ အချစ်မျိုးစုံကို ကြုံဖူးပြီ။ မြန်းမလိုချင်ခဲ့တဲ့ အချစ်တွေလည်း ရခဲ့သလို မြန်းဘယ်လို အချစ်မျိုးကို လိုချင်တယ်ဆိုတာလည်း အခု ဝေခွဲတတ်ပြီ။

တကယ်တော့ အချစ်ဆိုတာ ရယူခြင်းအစစ်ပဲ။ ရယူခြင်း ဖြစ်တဲ့ အချစ်ဆိုတာကို ဘယ်လိုတိုင်းတာပြီး သတ်မှတ်မလဲ။လွယ်ပါတယ်။ အရင်ဆုံး ကိုယ်လိုချင်တဲ့ values တွေနဲ့ standard စံအချစ်နဲ့ ချစ်သူကို ရွေးချယ်ရမယ်။ စံသတ်မှတ်ရမယ်ပေါ့။ အခြားကောင်မလေးတွေ ဘယ်လိုသတ်မှတ်သလဲ မသိဘူး။ ဖတ်ဖူးတာကတော့ **ကိုယ်ကလည်း ချစ်ရမယ်။ ပညာလည်း တတ်ရမယ်။ အသိုင်းအဝိုင်းကောင်းမယ် (မိသားစု မများရဘူး)၊ ဒီသုံးချက်ထဲက နှစ်ချက်နဲ့ကိုက်ညီရင်ကို ရွေးချယ် သင့်တယ်တဲ့လေ။**

မြန်းအတွက်ကတော့ . . . ချမ်းသာခြင်းဆိုတာလည်း မက်လုံးတစ်ခုမဟုတ်ဘူး။ မြန်းရဲ့လိုအပ်ချက်ဖြစ်တဲ့ မြန်းကို ဂရုစိုက်မယ့်လူ၊ စိတ်ထားကောင်းမယ်၊ချောမောနေစရာလည်း မလိုဘူး။ ပညာတတ်မယ်။

အဓိက ကတော့ မြန်းချစ်တဲ့သူဖြစ်ရမယ်။ ဒါပဲ။ မြန်းရဲ့ စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီနေရင် မြန်းအဲဒီအချစ်ကို ရအောင်ယူမယ်။ မြန်း စိတ်ချမ်းသာချင်တယ်။ ဘဝက တိုတိုလေးလေ။

## အပိုင်း (၅)

သူငယ်ချင်းတွေက ပြောတယ်။ မြန်းက ဆရာကြီးတဲ့။ ချစ်မှုရေးရာတွေမှာ မြန်းကို လာလာမေးကြတယ်။ သူတို့ဘဲတွေ အသစ်တွေတွေ့နေတယ်။ ဘာလုပ်သင့်လဲ. . . ပြန်ခေါ်ချင်တယ်။ မြန်းက ဗေဒင်ဆရာမှ မဟုတ်တာ။ ဘာယတြာပေးရမှာလဲ။ မြန်းပြန်ပြောဖြစ်နေတာကတော့. . . treat the people you love like the way you wanna be loved လို့လေ။ မြန်းကိုယ်တိုင်က ဂရုစိုက်ခံချင်တယ်။ ဒီအတွက် မြန်းသူများတွေကို ဂရုစိုက်ပေးတယ်။ မြန်းအမေးခံချင်တဲ့မေးခွန်းတွေကို လူတွေကို မေးတယ်။ မြန်းပြုမူခံချင်သလို လူတွေကို ပြုမူဆက်ဆံတယ်။ အမှန်တော့ empathy ထားတတ်လာတာပေါ့။ အဟင်း. . . ဒီလိုသိတတ်လာတယ်ဆိုတာကလည်း နှစ်အတော်ကြာလမ်းပျောက်ပြီးနောက်ပိုင်းပေါ့။ ဒီလို သိလာတဲ့ အသိလေးတွေ၊ ဗဟုသုတလေးတွေနဲ့ သူငယ်ချင်းတွေကို အကျိုးပြုနိုင်တယ်ဆိုတော့လည်း မဆိုးပါဘူး။

အင်္ဂလိပ်ကျောင်းမှာ တွေ့ခဲ့တဲ့ Kathy ဆိုတဲ့ သူငယ်ချင်းဆိုဘာသာမတူပေမဲ့ မြန်မာယဉ်ကျေးမှုကို မြတ်နိုးတဲ့ အစ်ကိုကြီး တစ်ယောက်ကို crush ဖြစ်နေရှာတာ။ မြန်းကပဲ culture နှစ်ခုကို ညှိပေးလိုက်ရတယ်. . . ခုထိတော့ အဆင်ပြေနေတုန်းပဲ။ Kathy ကို ဟင်းတစ်ခွက် ကောင်းကောင်း ချက်တတ်အောင် သင်ခိုင်းတယ်။ မြန်မာဝတ်စုံကို အလျဉ်းသင့်သလို ဝတ်ခိုင်းတယ်။ **ဟင်းချက်ကောင်းပြီး အိမ်ရာစောစောထတဲ့ မိန်းမမျိုးကို ဘယ်မြန်မာယောကျ်ားက ငြင်းနိုင်မတဲ့လဲ။** မြန်းသူငယ်ချင်းတွေကို ကူညီခဲ့လို့ပဲလား. . . မြန်း အသက် ၂၀ အကျော်မှာ ကိုကို့ကို တွေ့ခဲ့တယ်။ အိုး မြန်းရဲ့ စံသတ်မှတ်ချက်တွေနဲ့တော့မတိုက်ချင်တော့အောင်ကို မြန်း ချစ်မိသွားတယ်။

သဘောကောင်းတယ်။ ပညာတတ်။ ရုပ်ချောပြီး ကြင်နာတတ်တဲ့ ဆရာဝန်လေး။ အရေးကြီးဆုံးက မြန်း ကိုကို့ကို ချစ်တယ်။ ကဲ ဘာလိုသေးလဲ။ ကျန်းမာရေး ချူချာတဲ့မြန်း ကိုကို house ဆင်းတဲ့ ဆေးရုံမှာ ဆေးသွားစစ်ရတယ်။ တွေ့စကတည်းက အပြုံးလေးနဲ့ မြန်း တစ်ကိုယ်လုံးနွေးထွေးသွားအောင် ပြုစားနိုင်စွမ်းတယ်။ ဒါပေမဲ့ တွေ့ဆုံမှုတွေကို မြန်းအယုံအကြည်မရှိတော့လို့ ခေါင်းထဲက ထုတ်ခဲ့ပါတယ်။ **Coincidence တွေ သုံးကြိမ်ဆိုရင်တော့ ဘယ်သူက ဒီလိုကံကြမ္မာကို လွန်ဆန်ရဲတော့မလဲနော်။** နောက် တစ်ကြိမ် daddy မိတ်ဆွေရဲ့အလှူမှာ ထပ်တွေ့တယ်။ ပထမအကြိမ် ဆေးစစ်တာကလည်း ဒယ်ဒီမိတ်ဆွေမျက်နှာနဲ့ ကူညီခဲ့ဖူးတာဆိုတော့ ကိုကိုကလည်း မှတ်မိတယ်။ မထင်မှတ်ဘဲ ကိုကိုက ဒယ်ဒီမိတ်ဆွေ ဆရာဝန်ကြီးရဲ့ မွေးစားသားဖြစ်နေတယ်။ စိတ်ဓာတ်ကောင်းလို့ ဒီလို မွေးစားခံရတာပဲနော်။ အမှတ်တွေအများကြီး ထပ်ရပြန်ပြီ။ တတိယ အကြိမ် တွေ့ဆုံမှုကတော့ ဘယ်လိုပြင်ဆင်မှု ကြိုတင် အကွက်ချက်မှု မရှိဘဲ ကံတရားရဲ့လက်ဆောင်အဖြစ် မြန်း tennis ကစားရာက အပြီး သထုံလမ်းထဲမှာ တစ်ယောက်တည်း အိမ်က လာကြိုမယ့်ကားကို စောင့်နေတုန်း တိုက်တိုက်ဆိုင်ဆိုင် ကိုကိုက ဆေးတက္ကသိုလ်ဝန်းထဲက ထွက်လာတာနဲ့ကြုံပြီး bus stop အထိ လမ်းလျှောက်ဖြစ်သွားတယ်။ ဒီလိုတိုက်ဆိုင်မှုတွေနဲ့ ဖန်တီးပေးလာခဲ့တဲ့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကို မြန်းအသုံးချရတော့မယ်။ စကားပြောဖြစ်သွားတော့ ကိုကို့အကြောင်း တော်တော်များများ သိလိုက်ရတယ်။

## အပိုင်း (၆)

မြန်းသိခွင့်ရလိုက်တဲ့ ကိုကို့အကြောင်းတွေထဲမှာ သွန်းမေခဆိုတဲ့ မိန်းမအကြောင်းက ကိုကိုရဲ့ personal ထက်ပိုပြီး လွှမ်းမိုး များပြား နေတယ်။ ကိုကိုတို့နှစ်ယောက်ဟာ သာမန်မဟုတ်တဲ့ ချစ်သူစုံတွဲတစ်တွဲဆိုတာ သတိထားလိုက်မိတယ်။ ကိုကိုပြောပြနေတဲ့ သွန်းမေခဆိုတာ နားထောင်ကြည့်ရင် hero အဆင့်လောက်ကို ရှိနေတာ။ ကိုကို့ရဲ့ဘဝတစ်ခုလုံးကို ချုပ်ကိုင်ခြယ်လှယ်နေတဲ့ မိန်းမတစ်ယောက်ပဲ။ ဟုတ်

တယ်လေ၊ ကိုကို့မှာ ရုပ်ရှင်ကြည့်ရင်တောင် သူကြိုက်တာ ရွေးခွင့်မရှိဘူး။ ကြည့်သင့်တာကို ရွေးပေးတယ်တဲ့။ အဓိပ္ပာယ်မရှိတာ။ ကိုကို့ကို ဂရုစိုက်ပေးတယ်။ ဒါကတော့ မြန်း လိုက်လို့မမီအောင် မှန်ကန်နေပါတယ်။ ဆရာဝန်ဖြစ်တဲ့ ကိုကို့လက်မှာ အနီစက်တစ်စက် တွေ့ရင်တောင် ဆေးသွားစစ်ရတယ်ဆိုတော့ တော်ရုံတော့မဟုတ်ဘူး။ ကိုကိုက သူ့ချစ်သူ သွန်းမေခကို ဂုဏ်ယူနေပေမဲ့ မြန်း စုံစမ်းရသလောက်တော့ ကိုကိုက အပေါင်းအသင်းတွေကြားမှာ သွန်းမေခရဲ့ ကကြိုးရုပ်အဖြစ် မျက်နှာငယ်ရတယ်တဲ့။ ဒီလိုချောမောပြည့်စုံတဲ့ ကိုကို့မှာ ချစ်ဦးသူရှိနေမယ် ဆိုတာလည်း မြန်း ကြိုတွက်ထားပြီးသားပါ။

မြန်း ညညတွေမှာ အတွေးတွေနဲ့ ချာချာလည်နေတယ်။ သူများတွေလို အလုပ်တွေကြောင့် မဟုတ်။ ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ချရတော့မယ်။ မြန်း. . . နင် ရှေ့တိုးမှာလား၊ နောက်ဆုတ်မှာလား။ မေးခွန်းက ရှင်းတယ်။ဖြေဖို့က၊ အရင် ကိုယ့်ကိုယ်ကိုယ်ပြန်မေးရမှာ။ နင် ကိုကို့ကို ချစ်သလား။ အဖြေက ဘယ်နှခါက် ဖြေဖြေ Yes ပဲ။ ဒါဆို ဘာစဉ်းစားနေစရာလဲနော်. . .

မြန်း စုံစမ်းကြည့်လို့ ရသလောက်ကတော့ သွန်းမေခက ထက်မြက်တယ်။ ရဲရင့်တယ်။ ရင့်ကျက်တယ်။ ဒါပေမဲ့. . . မြန်း တစ်ခုတော့ သိလိုက်တယ်။ သွန်းမေခ ရင့်ကျက်တာ အချစ်ရေးမှာတော့ မဟုတ်ဘူး။ ဟား ဟား ဟား. . . . .။

**အပိုင်း (၇)**

**အဆုံးမှာတော့ ကိုကိုက သွန်းမေခရဲ့ သိုးငယ်လေးဘဝကနေ မြန်း အတွက် အားကိုးစရာ တောင်ကြီးအဖြစ် အသွင် ပြောင်းပေးခဲ့တယ်လေ။**

မြန်းလို နုနယ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အားကိုးတကြီး အကူအညီတောင်းမှုကို ကိုကို့လို အမြဲဂရုစိုက်ခံနေကျ၊ ဦးဆောင်ခွင့်မရှိတဲ့ ယောကျ်ားသားကြီးတစ်ယောက်က ငြင်းပယ်မယ်ဆိုရင်လည်း ကိုကိုက အရိယာ ဖြစ်နေဦးမှာလေ။ ယောကျ်ားသားတွေရဲ့ အစဉ်အဆက်က

အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်ဆိုတဲ့ ဓလေ့ကို ဖျက်ဖို့မျှားကြိုးစားနေရော့ သလား မသွန်းမေခ။ ရှင်ဂရုစိုက်တာ မှန်ပါတယ်။ ဒါပေမဲ့ နည်းလမ်း မှားနေတယ်။ ယောကျ်ားဆိုတာ ဘယ်လိုကိစ္စမျိုးကိုမဆို အသေးအဖွဲ့ပင် ဖြစ်ပါစေ၊ သူချစ်တဲ့သူရှေ့မှာ ဦးဆောင်ပြချင်တယ်။ အစွမ်းပြချင်တယ်၊ ကြိုးစားချင်တယ်၊ အားကိုးခံလိုတယ်။ ဒါကိုမျှား မေ့လျော့နေသလား။ အနီးဆုံး ရေသန့်ဘူးဖွင့်တာက အစ၊ ဘူးအဖုံးကို အရွယ်ရောက်ပြီးလူတိုင်း ဖွင့်တတ်မှန်း သိကြပါတယ်။ ဒီလိုအရာလေးတွေမှာတောင် သူတို့ကိုဦး ဆောင်ခွင့်ပေးလိုက်ပြီး ကိုယ့်အပေါ် အကြင်နာပို ဂရုပိုစိုက်လာစေ တာကလွဲရင် ဘာမာနတွေနဲ့ သူတို့ကို ယှဉ်ပြိုင် နေရဦးမှာလဲ။ မြန်းက သွန်းမေခထက် အရာရာမှာ နိမ့်ပါတယ်။ ဒါပေမဲ့ မြန်းက ယောကျ်ား တွေရဲ့အထာကို သိတယ်။ ကိုကိုက မြန်းရဲ့ အထင်ကြီးလေးစားမှု အားကိုး ယုံကြည် ဦးဆောင်စေမှုတွေကို ရနေသရွေ့ကတော့၊ သွန်းမေခ. . . ကိုကို ရှင့်ရင်ခွင်ထဲကို ဘယ်တော့မှ ပြန်ရောက်မှာ မဟုတ်ဘူး။ ပြိုင်ပွဲ တွေကို ရင်ခုန်တဲ့ သွန်းမေခ ဒီတစ်ခေါက် ရှင်ရှုံးသွား တာလား။

♫♫ Treat the people I love like I wanna be loved... This is a lesson learnt, I hate that I let you down and I fell so bad about it...I guess karma comes back around cause now I'm the one that's hurting yeah... And I hate that I made you think that the trust we had is broken... So don't tell me you can't forgiven me...

Cause nobody's perfect, .....♫♫

ရင်မြန်းသစ်တစ်ယောက်ကတော့ ရယူပိုင်ဆိုင်ခြင်းဆိုတဲ့ အချစ် ရဲ့ အဓိပ္ပာယ်ကို ဆက်လက်ဖော်ဆောင်ရင်း၊ တစ်ခါက ရွတ်ခဲ့ဖူးတဲ့ Jessie J ရဲ့ Nobody's perfect ကို ပြန်လည် ငြီးတွားရင်း တိမ်ဖြူ တွေရဲ့ ပုံသဏ္ဍာန်ကို စိတ်ကူးနဲ့ ပုံဖော်ကြည့်နေလေရဲ့ . . . . .

ကျေးဇူးတင်ပါတယ်။

ကဲ ဇာတ်လမ်းလေးကတော့ ဒီမှာပြီးပါတယ်။ ဘယ်သူ ပိုတော် လဲ ဆုံးဖြတ်ပါဦး။

ဒီလောက်အရှည်ကြီးကို ဘယ်သူမှ မဖတ်လောက်ဘူး ထင်တယ်နော် ??

(စာရေးဆရာမ ပုညခင်၏ ဝတ္ထုကျောရိုးကို မှီငြမ်းပြီး အမျိုးသမီးငယ်များအတွက် ပြန်လည်ခံစားရေးဖွဲ့သည်။)

၀၀၀

**သဥ္စာရှုန်းလဲ့ရည်**



ကိုငယ် (သမိန်ထော)
မောင်ဝင်းကင်းစောင့်နေသည်

"ဘာမှတော့ မပြောပါဘူး ဘာဘကြည်ရယ်၊
ကျွန်တော်တို့ဘဝတွေကိုက
သွားတိုက်ဆေးဘူးလို ဘဝမျိုးပါ၊
အထဲမှာ ဆေးမကုန်ခင်ထိတော့ ညှစ်ထုတ်ပြီး
သူတို့စားပြီးလို့ ဖြစ်လာတဲ့ အညစ်အကြေးတွေကို
ပြောင်အောင် တိုက်ကြတာပါပဲ၊
ဆေးမရှိတော့ရင်တော့
လွှင့်ပစ်တာတ်ကြတယ်လေ၊ ဒါပေမဲ့..."

## မောင်ဝင်း ကင်းစောင့်နေသည်

"ဆရာ ဆရာ ကျွန်တော့်ကို ကူညီပါဦး ဆရာ"

"ဟ. . . မောင်ဝင်း ဘာဖြစ်လာတာလဲ"

"ဒီလိုပါဆရာ၊ လမ်းမှာ ကလေးချီထားတဲ့ မိန်းမတစ်ယောက်ကို သူ့ယောကျ်ားက လက်သီးနဲ့ထိုးနေတာ အမြင်မတော်လို့ ဝင်ဆွဲရင်း တားမရတာနဲ့ ဆွဲထိုးပြီး ပြေးလာတာပါ"

"ဒီမှာ မောင်ဝင်း ဒီရပ်ကွက်ရုံးထဲမှာ ထိုင်နေသူအားလုံးဟာ ပညာတတ်တွေချည်းပဲ၊ ကြားသုံးကြား မဝင်ရဘူးဆိုတာ မင်းနားမလည် ဘူးလား" ဟု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ကြိမ်းမောင်း၍ ပြော လေသည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်လုပ်ခဲ့တယ်ဆိုတာ၊ ဒေါသကြောင့် ကြီးကြီးမားမား အမှားမလုပ်မိခင် ဝင်တားတဲ့သဘောပါ၊ ဘယ်လို ကြားမျိုးဖြစ်ပါစေ နှစ်ဦးနှစ်ဖက် အကျိုးမပျက်ဘူးဆို ကျွန်တော်ဝင်ဖို့ အသင့်ပါပဲ၊ ကျွန်တော့်အပြစ်ကို ကျွန်တော်ကိုယ်တိုင်ပဲ ခံပါ့မယ် ဆရာ" ဟု ပြောပြီး လှည့်ထွက်လာခဲ့လေသည်။

ရုံးပြင်ရောက်သည်နှင့်၊ "ဟော့ကောင် မောင်ဝင်း ရုံးစောင့်တဲ့ခွေး၊ တက်လာသမျှ လူကြီးတွေ၊ အုပ်ချုပ်ရေးမှူးတွေကို ဖားပြီး စားနေတဲ့ ကောင်၊ မင်းလားကွ ငါ့ကို စိန်ခေါ်တာ" ဟု ပြောပြောဆိုဆိုနှင့် ငမူး မင်းအောင်က တစ်ချက် ပြေးထိုးလိုက်လေသည်။ မောင်ဝင်း ခြေ

ထောက်ခေါက် လဲကျသွားသည်။ ပတ်ဝန်းကျင်မှ လူများ ဝိုင်းကြည့်နေကြသည်။ နောက်တစ်ချက် ထပ်ထိုးလိုက်သည်။ နှုတ်ခမ်းမှ သွေးများကို သုတ်၍ မောင်ဝင်း ပြုံးပြုံးကြီး ငြိမ်ခံနေလိုက်သည်။ နောက်က လိုက်လာသူများ ဝိုင်းဆွဲထားသည့်ကြားက ရုန်းကန်၍ နောက်တစ်ချက်ထိုးမည် အလုပ်တွင်

"ဟေ့ကောင် မင်းအောင် မင်း တော်သင့်ပြီထင်တယ်၊ ဘာမှ ပြန်မလုပ်တဲ့သူကို ဘာဖြစ်လို့ သဲကြီးမဲကြီးလုပ်နေရတာလဲ" ဟု ဘဘကြည်က ဝင်တားလေသည်။

"လုပ်ပါစေ ဘဘကြည်ရယ်၊ မသိမတတ်တဲ့လူတစ်ယောက်ရဲ့ လက်သီးထက် ပညာရှိတစ်ယောက်ရဲ့ ဆင်ခြင်မဲ့စကားတွေက ပိုပြီး ခံရခက်လို့ပါ။ ကျွန်တော့်ကိုထိုးတာ အသားပဲနာတာ၊ ဒါပေမဲ့ မိခင်တစ်ယောက်ကို ထိုးနေတာ မြင်ရတော့ ကျွန်တော့်နှလုံးသားထဲထိ နာလို့ပါ ဘဘကြည်ရယ်"

"ဟိုကောင် မင်းလည်း အိမ်ပြန်၊ ထပ်မဖြစ်နဲ့တော့ ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး" ဟု ဆိုပြီး ယိုင်ထိုး ယိုင်ထိုးနှင့် မင်းအောင် လှည့်ထွက်သွားလေသည်။

"ကဲ မောင်ဝင်း မင်းကတော့ အိမ်လိုက်ပြီး ကြက်ထုပ်ထိုး လှည့်ကွာ"

"ရပါတယ် ဘဘကြည်ရယ် ကျွန်တော် ညနေမှ လာခဲ့ပါ့မယ်" ဟု နှုတ်ဆက်ပြီး ထော့နင်း ထောင့်နင်းဖြင့် ရုံးထဲ ပြန်ဝင်သွား လေ သည်။

မောင်ဝင်းဟာ တိုင်းရင်းသားတစ်ယောက်ပါ။ ငယ်စဉ်က မိဘတွေနဲ့အတူ ချင်းပြည်နယ်ဘက်မှာ နေထိုင်ခဲ့သူတစ်ယောက်။ ဖအေလုပ်တဲ့သူက ဖောက်ပြန်ပြီး မိခင်ကို အမျိုးမျိုးနှိပ်စက်တာတွေကို ငယ်စဉ်ကတည်းက ခံစားခဲ့ရသူ။ ငါးတန်းကျောင်းသားအရွယ်လောက်မှာ မိခင်ဆုံးသွားပြီး သူ့အဖေရဲ့အမတွေရှိတဲ့ ရန်ကုန်ကို အပို့ခံလိုက်ရပါတယ်။

ကျောင်းဆက်နေဖို့လည်း အဆင်မပြေ၊ ကြီးတော်တွေကလည်း ဂရုမစိုက်နိုင်တာကြောင့် ရပ်ကွက်ရဲ့ ခိုင်းဖတ် ကလေးတစ်ယောက်

ဖြစ်နေခဲ့ပါတယ်။ မကြာခဏဆိုသလို ကလေးအချင်းချင်း အနိုင်ကျင့်ခံရတာကြောင့် ရပ်ကွက်ရုံးခေါ်ပြီး ခိုင်းထားလိုက်ပါတယ်။ ဒါပေမဲ့ အရွယ်ရောက်လာတဲ့အထိ ရုံးမှာနေ၊ ရုံးမှာစား၊ ရဲနောက်လိုက် ဆိုပြီးတော့ လူတော်တော်များများက အမြင်ကတ်ကြပါတယ်။ ဒါပေမဲ့ မောင်ဝင်းဆို လူတိုင်းက နိုင်ကြပါတယ်။ မောင်ဝင်းအတွက်တော့ ဘဘကြည်ဟာ ကိုးကွယ်ရာ တစ်ခုပါ။

ဘဘကြည်ဆိုတာကတော့ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး တစ်ဦးပါ။ အသက် ၆၀ ကျော်အရွယ်လို့ မထင်ရအောင် ကျန်းမာ သန်စွမ်းသူ။ ဇနီးသည် ဆုံးပါးသွားပြီးနောက်ပိုင်း တစ်ဦးတည်းသော သားဖြစ်သူမောင်တင်ထွန်းနဲ့အတူ နေထိုင်ပါတယ်။ မောင်တင်ထွန်းရဲ့ ဇနီးမေဖြူနဲ့အတူ သူ့ယောက်ဖသက်ဦး အပါအဝင်စုစုပေါင်းလေးယောက်ဟာ ဘဘကြည်ရဲ့ အိမ်ကြီးပေါ်မှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြပါတယ်။ ဘဘကြည်ကို ရပ်ကွက်ထဲက လူအားလုံးကလည်း ရိုသေကြပါတယ်။ ဘာမှမရှိတဲ့ မောင်ဝင်းရဲ့ဘဝကိုလည်း ဘာမှမရှိဘဲ နေတတ်အောင် သွန်သင်ဆုံးမ ပေးနိုင်သူလည်း ဖြစ်ပါတယ်။

"ဘဘကြည်ရေ ကျွန်တော် ရောက်လာပြီဗျို့" ဟု အသံပြုကာ မောင်ဝင်းတစ်ယောက် ထော့နင်းထော့နင်းဖြင့် အိမ်ရှေ့ကွပ်ပျစ်လေးပေါ် ဝင်ထိုင်လိုက်ပါသည်။

"မောင်ဝင်း မင်းခြေထောက်က ဘာဖြစ်တာတုန်း"

"မင်းအောင် ထိုးလိုက်တုန်းက ခြေခေါက်လဲတာပါ ဘဘကြည်ရယ်"

"ဩော် ဖြစ်ရလေ မောင်ဝင်းရယ်၊ လာ ငါလုပ်ပေးမယ်"

"မလုပ်ပါနဲ့ ဘဘကြည်ရယ်၊ ခြေထောက်ကြီး ဖြစ်နေလို့ပါ၊ သူ့ဘာသာသူ ပျောက်သွားပါလိမ့်မယ်"

"မဟုတ်တာပဲ၊ ဒီလောက်လေးကတော့ ခုလုပ်ခုပျောက်တယ် ကွ"

"ဟုတ်ပါတယ် ဘဘကြည်ရယ်၊ ဒါပေမဲ့ ငရဲကြီးမှာစိုးလို့ပါ"

ဆရာကြီးနှင့် မောင်ဝင်း၊ လုပ်ပေးမယ် မလုပ်ပါနဲ့ဆိုပြီး နှစ်ယောက်သား ငြင်းနေချိန်တွင် မောင်တင်ထွန်းရောက်လာပြီး

"ကဲ မောင်ဝင်း၊ မင်းကို ငါပဲ လုပ်ပေးတော့မယ်" ဟု ဆိုကာ ခြေထောက်ကို ဟိုနှိပ် ဒီနှိပ်နှင့် ခပ်ဆတ်ဆတ်လေး တစ်ချက်ဆွဲ လိုက်လေသည်။

"ရော့ ဒီမှာ သံလွင်ဆီလေးပါ အဆစ်လူးပေးလိုက်မယ်ကွာ"

"ကျေးဇူးပဲ တင်ထွန်းရာ၊ တော်တော်လည်း ကောင်းသွားပြီ"

ဘဘကြည်လည်း မောင်ဝင်းမျက်နှာမှ အညှိအမည်းတွေကို ကြပ်ထုပ်ထိုးပေးရင်း

"ဒါနဲ့ မောင်ဝင်း၊ မနက်ကကိစ္စ၊ အုပ်ချုပ်ရေးမှူး ဘာပြောသေးလဲ"

"ဘာမှတော့ မပြောပါဘူး ဘဘကြည်ရယ်၊ ကျွန်တော်တို့ ဘဝတွေကိုက သွားတိုက်ဆေးဘူးလိုဘဝမျိုးပါ၊ အထဲမှာ ဆေးမကုန်ခင်ထိတော့ ညှစ်ထုတ်ပြီး သူတို့စားပြီးလို့ဖြစ်လာတဲ့ အညစ်အကြေးတွေကို ပြောင်အောင် တိုက်ကြတာပါပဲ၊ ဆေးမရှိတော့ရင်တော့ လွှင့်ပစ်တတ်ကြတယ်လေ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ မမုန်းပါဘူး၊ ဘယ်သူ့မှလည်း မဖားပါဘူး၊ ကျွန်တော်နေတဲ့ ရုံး၊ ကျွန်တော်နေတဲ့ ရပ်ကွက်အတွက်ပဲ တတ်နိုင်သလောက် ကောင်းအောင် လုပ်ပေးပါတယ်၊ ဟိုအမူးသမား မင်းအောင်ပြောသလို ရုံးစောင့်တဲ့ခွေးတော့ မဟုတ်ဘူး၊ ကျွန်တော်က ခွေးဖြစ်ရင်တောင် ရပ်ကွက်စောင့်တဲ့ ခွေးပဲ ဖြစ်ချင်တာပါ"

"ဒါဆို မောင်ဝင်း၊ မင်းဒီရပ်ကွက်အတွက် စဉ်းစားထားတာ ဘာရှိလဲ၊ ပြောစမ်းကွာ"

"ကျွန်တော် ရဲနဲ့လည်း ပေါင်းဖူးတယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပေါင်းစုံရဲ့ လက်အောက်မှာလည်း အလုပ် လုပ်ဖူးပါတယ်၊ သူတို့ဆီကနေ သင်ယူလို့ရခဲ့တဲ့ အရာတွေအားလုံးအတွက်လည်း ကျေးဇူးတင်မိပါတယ်။ ဒါပေမဲ့ ခုချိန်ထိတော့၊ မပြည့်စုံတာတွေလည်း ရှိနေပါသေးတယ်"

"ပထမဆုံးအနေနဲ့ အိမ်တိုင်းရဲ့ အိမ်ရှေ့တွေမှာ မီးလင်းနေအောင် မီးချောင်းတစ်ချောင်းတော့ ရှိသင့်ပါတယ်။ အလင်းရောင်ပေး

တယ်ဆိုတာ ကုသိုလ်ရပါတယ်။ ပြီးတော့ အလင်းရောင်ရှိတဲ့ နေရာမှာ ဒုစရိုက်မှု လုပ်လို့မရနိုင်ပါဘူး။ နောက်ပြီး ရပ်ကွက်ရုံးမှာ အံ့ထိုင် ဖုန်းတစ်လုံးလောက်တော့ ရှိသင့်ပါတယ်။ ဒီဖုန်းရဲ့နံပါတ်ဟာ အိမ်တွေ လမ်းမတွေပေါ်မှာ ရှိသင့်ပါတယ်။ ဒါမှ လမ်းမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲ ဖြစ်ဖြစ် အကြောင်းတစ်ခုခုဖြစ်ခဲ့ရင် လွယ်လင့်တကူ ဆက်သွယ်နိုင်မယ် ထင်ပါတယ်။

လမ်းတစ်လမ်းမှာ ရေအိုးစင်လေးတစ်လုံးတော့ ရှိသင့်တယ်။ ဒီရေချမ်းစင်လေးဟာ လမ်းတစ်လမ်းလုံးက အလှည့်ကျတာဝန်ယူနိုင်ရ ပါမယ်။ ဒါမှ အများနဲ့ဆိုင်တဲ့အတွက် အများကလည်း ထိန်းသိမ်း စောင့် ရှောက်မှာပါ။ နောက်အရေးအကြီးဆုံးကတော့ ရုံးတွေမှာ၊ ဒါမှမဟုတ် ရပ်ကွက်ထဲတွေမှာရှိတဲ့ စာကြည့်တိုက်တွေကို အချိန်နဲ့ ဖွင့်ပေးထားဖို့ပါ ပဲ။ ကျွန်တော်တို့လို ပညာအရည်အချင်း အားနည်းတဲ့ သူတွေအတွက် တော့ စာကြည့်တိုက်ဆိုတာ **နလုံးသားအာဟာရ (ဘဝ တက္ကသိုလ်ကြီး)** တစ်ခုလို့ ထင်ပါတယ် ဘဘကြည်ရယ်"

"အေး မင်းရဲ့စိတ်ဓာတ်ကိုတော့ ချီးကျူးတယ်ကွာ၊ လေးလည်း လေးစားတယ်၊ ဒါပေမဲ့ မောင်ဝင်း၊ အများအတွက် မလုပ်နိုင်သေး ခင် တော့ တစ်ဦးတစ်ယောက်အတွက် မင်းဟာ အမြဲတမ်းရှင်သန် နေနိုင် အောင် ကြိုးစားရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် ကြိုးစားပါ့မယ်၊ အခုတော့ ဘဘကြည်ရယ်၊ ရုံးမှာ ရပ်ကွက်ဖွံ့ဖြိုးရေးအတွက် မြို့နယ်က ချပေး ထားတဲ့ ပိုက်ဆံတွေရှိနေသေးတော့ မိုးမချုပ်ခင် ပြန်ရမယ် ဘဘကြည် ရယ်၊ ဒါတွေထိန်းသိမ်းရတာ တာဝန်ကြီးတယ်လေ၊ ခွင့်ပြုပါဦး"

မောင်ဝင်းလည်း ဘဘကြည်တို့ သားအဖနှစ်ယောက်ကို နှုတ် ဆက်ပြီး ရုံးသို့ ပြန်ရောက်လာခဲ့ပါသည်။

ထိုနေ့ည အချိန် ၁၂ နာရီကျော်ချိန်တွင် ရုံးမှာ မောင်ဝင်းမှ လွဲ၍ မည်သူမှ မရှိကြတော့ပေ။ မောင်ဝင်းလည်း ဘုရားရှိခိုးပြီး အိပ်ရာ ဝင်၊ ခဏအကြာ တံခါးခေါက်သံ ကြားလိုက်ရပါသည်။ "ဘယ်သူတွေများ ဘာကျန်ခဲ့လဲ" ဆိုသော အတွေးဖြင့် တံခါး ထဖွင့်ပေးလိုက်သည်။ တံခါး

ပွင့်ပွင့်ချင်းပင် မျက်နှာဖုံးစွပ်နှင့် လူ သုံးယောက်အား မောင်ဝင်းတွေ့လိုက်ရပြီး အံ့ဩမှင်သက်သွားလေပြီ။ ထိုအချိန်မှာပင် တစ်ဦးက ပါးစပ်ကိုပိတ်ပြီး ကျန်နှစ်ယောက်က တံခါးကိုပိတ် ဂျက်ချလိုက်လေသည်။

ဘယ်အရာ ဘယ်မှာရှိသည်ကိုပင် ပြောစရာမလိုပေ။ မောင်ဝင်း အိပ်ရာအောက်မှ သော့ကိုယူ၍ ဗီဒိုကိုဖွင့်ကာ အလယ်အံဆွဲထဲရှိ ငွေအားလုံးကိုယူကာ အထုပ် ထုပ်လိုက်လေသည်။ တစ်ယောက်က မောင်ဝင်း အိပ်ရာထဲပင် ဝင်လှဲနေလိုက်သေးသည်။ မောင်ဝင်းအား ပါးစပ်ပိတ်ထားသည်မှလွဲ၍ ရိုက်နှက်ခြင်းလည်း မပြုပေ။ သူခိုး သုံးယောက်လည်း ငွေများရသည်နှင့် မောင်ဝင်းအား အိပ်ရာနေရာသို့ ခေါ်သွားပြီး မေ့ကြောကို တစ်ချက်နှိပ်လိုက်ပြီး လဲလျောင်းစေခဲ့သည်။

စူးစူးရှရှမဟုတ်သော သင်းပျံ့ပျံ့ရနံ့တစ်ခုက နှာခေါင်းထဲသို့ တိုးဝင်လာခဲ့သည်။ အဖြစ်အပျက်အားလုံးကို ပြန်သတိရလာချိန်တွင် အရာအားလုံး နောက်ကျနေခဲ့လေပြီ။

မနက်မိုးလင်းသောအခါ တစ်ရပ်ကွက်လုံးလည်း ရုံးမှ ပိုက်ဆံများ ပျောက်သွားသည့် သတင်းကို သိရှိနေပြီးဖြစ်သည်။ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကတော့ မောင်ဝင်းကို ဖြစ်တင် ကြိမ်းမောင်းနေရုံမျှမက သင်္ကာမကင်းလည်း ဖြစ်နေသည်။

"ဒီမှာ မောင်ဝင်း၊ သူခိုးက မင်းကိုတော့ ဘာမှမလုပ်ဘဲ ပိုက်ဆံတွေပဲ ယူသွားတယ်ဆိုတော့ စဉ်းစားစရာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီရက်ပိုင်းထဲမှာ မင်းရဲ့အသွားအလာ၊ အနေအထိုင် ဆင်ခြင်ပါ၊ တရားခံအစစ်အမှန်ကို မဖော်ထုတ်နိုင်သေးသရွေ့တော့ ဒီရုံးနဲ့ ပတ်သက်နေသူအားလုံးကို စောင့်ကြည့်ရလိမ့်မယ်" ဟု မောင်ဝင်းကို စူးစူးစိုက်စိုက်ကြည့်၍ ပြောလေသည်။

မောင်ဝင်းလည်း ဘဘကြည်ထံ အပြေးရောက်လာပြီး အကြောင်းစုံကို ရှင်းပြလေသည်။ ပြီးနောက် ရုံးသို့ ကမန်းကတန်း ပြန်ရောက်လာခဲ့သည်။ ဉစ္စာပျောက် ငရဲရောက်ဆိုသလို မောင်ဝင်းလည်း မသင်္ကာသူမှန်သမျှကို ကျားချောင်း ချောင်းနေရသည်နှင့် ဘဘကြည်အိမ်ဘက်သို့ပင် သိပ်မရောက်နိုင်ခဲ့ပေ။ သဲလွန်စ ရှာမရသည့်အပြင် ခိုးယူခဲ့စဉ်

ကလည်း သူခိုးအချင်းချင်း စကားတစ်ခွန်းမှ မပြောခဲ့ကြပေ။ လူတကာ၏ လက်ညှိုး၊ ဦးအောင်မင်း၏ ဖိအားများ အောက် မောင်ဝင်းတစ်ယောက် ပြားပြားမှောက်နေခဲ့ရလေသည်။ တစ်လနီးပါး ကြာမြင့်ခဲ့သော်လည်း တရားခံအစစ်ကို ရှာမတွေ့ခဲ့ပေ။

တစ်ည။

"မီးဗျို့ မီး"

"ဒေါ်တင်လှတို့အိမ် မီးလောင်နေပြီဗျို့"

ညအချိန်မတော်ကြီး မီးလောင်မှုဖြစ်သောကြောင့် တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားလေသည်။ ရပ်ကွက်ထဲက လူတော်တော်များများ မီးလောင်ရာနေအိမ်သို့ ဦးတည်နေချိန်တွင် မောင်ဝင်းတစ်ယောက် စဉ်းစားရခက်နေသည်။ ရုံးကို ဒီအတိုင်းထားသွားရင် ကောင်းမလား။ မသွားရင် ကောင်းမလား စဉ်းစားမနေတော့ဘဲ ရှိသမျှသော့တွေ အကုန်ပိတ်ပြီး ပြေးသွားခဲ့လေသည်။

မီးသတ်ကားများ မရောက်ခင်အချိန်ထိ ရပ်ကွက်ထဲမှ လူများ ရှိသမျှအင်အားဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေကြသည်။ ထိုစဉ် တစ်ဖက်လမ်းမှ ကျောချင်းကပ် အိမ်နောက်ဖေးကို မီးစွဲနေလေပြီ။ မီးသတ်ကားများ ရောက်လာသဖြင့် အားလုံးစိတ်သက်သာရာ ရသွားကြသည်။

မီးကူးစက်ခံနေရသော အိမ်ထဲတွင် လူတစ်ယောက်ကို မြင်လိုက်၍ မောင်ဝင်း စိတ်ပူသွားသည်။ ထိုအိမ်သို့ လမ်းအတိုင်း အတင်းပြေးသွားပြီး အိမ်ရှေ့အရောက်တွင်၊ တံခါးမကြီးပွင့်နေသည်ကို တွေ့လိုက်ရသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ဘာသံမှ ပြန်မပြောသောကြောင့် မောင်ဝင်း အိမ်ထဲ ဝင်သွားလိုက်သည်။ ထိုအချိန်တွင် မျက်နှာဖုံး စွပ်ထားသူတစ်ယောက် အထုပ်တစ်ထုပ်နှင့် သူ့ရှေ့ ဘွားခနဲ ပေါ်လာသည်။ မောင်ဝင်းလည်း အခြေအနေကို ရိပ်မိသွားပြီ။

"သူများတွေ မီးဘေးတွေ့နေတာတောင် မင်းက သူများ ပစ္စည်း အချောင်လိုချင်နေသေးတယ်၊ တော်တော်အောက်တန်းကျတဲ့ ကောင်ပဲ"

"မင်း ငါ့ကို တရားလာမပြနဲ့၊ ငါမခိုးဘဲ မီးခိုးသွားရင် ပိုတောင် ကုန်သွားဦးမယ် မင်းနားလည်လား" ဟု သူခိုးက ဆရာပြန်လုပ် နေ သည်။

မောင်ဝင်းလည်း ဘာလုပ်ရမှန်းမသိဖြစ်နေပြီး ပါးစပ်က "သူခိုး သူခိုး" ဟု အော်ကာ ဝင်လုံးလေသည်။ သူခိုးနှင့် သူတပြန်ကိုယ်တပြန် ထိုးကြိတ်ကာ သူခိုးဆီမှ အထုပ်အား ရအောင် ပြန်ယူနေသည်။

တစ်ဖက်တွင်လောင်နေသော မီးကလည်း မီးညွန့်ကျိုးသွားပြီး ရေနိုင်သွားသဖြင့် အားလုံး စိတ်အေးသွားကြလေသည်။

သူခိုးလည်း အထုပ်မရသည့်အဆုံး မောင်ဝင်းကို တုတ်နှင့်ရိုက် ကာ မျက်နှာဖုံးစွပ်ပေးခဲ့ပြီး ပြေးထွက်သွားခဲ့လေသည်။ မီးဘေးကို ကာကွယ်နေရသဖြင့် မောင်ဝင်းနှင့် သူခိုး၏ဖြစ်စဉ်အား မည်သူမျှ သတိမထားမိခဲ့ကြပေ။ထို့ကြောင့် မောင်ဝင်းမှာ သွေးများနှင့်လဲနေချိန်၊ အစွပ်ခံထားရသော ခေါင်းစွပ်မှ အနံ့တစ်ခုက. . . ပြစ်မှုအတွက် သက် သေကို မောင်ဝင်း သိလိုက်ရပါပြီ။

သို့သော်လည်း ခေါင်းရိုက်ခံရသောဒဏ်ရာကြောင့် တစ်လောက လုံး အမှောင်ကျသွားလေပြီ။ မနက်မိုးလင်းသောအခါ တစ်ရပ်ကွက်လုံး က မောင်ဝင်းအား သူခိုးဟု စွပ်စွဲနေကြပါပြီ။ မောင်ဝင်းကို ပြုစုပေးမယ့်သူ ဟူ၍ ဘဘကြည်တို့မိသားစုသာ ရှိပါသည်။

တစ်နေ့လုံး တစ်ညလုံး သတိမေ့နေခဲ့သော မောင်ဝင်းသည် သတိပြန်ရလာချိန်မှာတော့ အရာအားလုံးကိုမေ့ပြီး ကိုယ့်ကိုယ်ကိုယ် ပင် မသိနိုင်တော့သော စိတ်ရောဂါသည်တစ်ယောက် ဖြစ်နေပါပြီ။

နေ့ဘက်ဆို ဘဘကြည်၏အိမ်ရှေ့ အရိပ်အောက်တွင် အိပ် နေတတ်သော မောင်ဝင်း၊ ညဘက်ဆိုလျှင်တော့ ရပ်ကွက်ပတ်ပြီး ကင်း စောင့်ပေးရင်း တစ်ဦးတည်း ပျော်ရွှင်နေခဲ့ပါပြီ။ ။

ဦးနှောက်ထက် နှလုံးသားအရည်အသွေး ပိုကောင်းနိုင်ကြပါစေ။

ဝဝဝ

**ကိုငယ် (သမိန်ထော)**
**@Linnhtun Ag**



**ရွှေမိန်းကလေး**
**အိပ်မက်မနက်ဖြန်**

“ဘဝဟူသည် အိပ်မက်များဖြင့်
ထုဆစ်ပုံဖော်ရသော
အချိုက်အတန့်တစ်ခုဆိုပါလျှင်
သူ့ထံတွင်လည်း
အိပ်မက်များစွာ ရှိခဲ့ပါသည်။
သို့သော် အိပ်မက်ဟူသည် ...”

# အိပ်မက်မနက်ဖြန်

**ဘဝဟူသည် အိပ်မက်များဖြင့် ထုဆစ်ပုံဖော်ရသော အခိုက်အတန့်တစ်ခုဆိုပါလျှင် သူ့ထံတွင်လည်း အိပ်မက်များစွာ ရှိခဲ့ပါသည်။**

မနက်ဖြန်တွင် ဘာဖြစ်မည် မသေချာသော်လည်း သူ့ထံတွင်ရှိသော သေချာသည့် အိပ်မက်များစွာဖြင့် ဘဝကို သူမက်မောတတ်ခဲ့သည်။ သို့သော် အိပ်မက်ဟူသည် အသက်အရွယ်အလိုက် ပြောင်းလဲတတ်သည်ဆိုသော သဘာဝကို ငယ်နုစဉ်က သူမသိခဲ့။

အိပ်မက်များသည် အသက်အရွယ်အပိုင်းခြား၊ ကျင်လည်ဖြတ်သန်းရသော ပတ်ဝန်းကျင်များနှင့် တိုက်ရိုက်ပတ်သက်သည့် သဘာဝကို ပိုင်းခြား သိနိုင်ခဲ့သောအခါ သူသည် အသက်(၂၅)နှစ်ပြည့်ခဲ့ပြီးသော မိန်းမတစ်ယောက် ဖြစ်ခဲ့ပြီ။ ထိုအခါ သူ့အိပ်မက်တို့သည်လည်း တစ်မျိုး တစ်ဖုံ ပြောင်းလဲခဲ့ရပြီ။ တစ်ခါတစ်ရံတွင် အိပ်မက်တို့ ပျက်ပြယ်တတ်သည်ဆိုသော သဘောကိုလည်း သူနားလည်ခဲ့ပြီ။

သူ့ထံတွင်ရှိခဲ့သော အိပ်မက်များအကြောင်း စဉ်းစားမိသောအခါ အပြစ်ကင်းစင်သော တစ်ခါက ကလေးဘဝ အိပ်မက်သည် မက်မောဖွယ်ရာ အကောင်းဆုံးဟု ခံစားရသည်။ သူ့စိတ် အတွေးမျှင်များသည် တစ်ခါက မက်မောဖွယ် အိပ်မက်ရှိရာသို့ တရိပ်ရိပ်လွင့် မျောလျက်။

## အပိုင်း(၁)

**ကလေးဘဝအိပ်မက်။** ။ထိုအိမ်မက်အကြောင်း စဉ်းစားလျှင်အဦးဆုံး မြင်ရသည်မှာ ဂါဝန်လေးများ တလွင့်လွင့်ဝတ်ဆင်တတ်သော ဆံပင်ခွေခွေလိပ်လိပ်လေးများကို ပိုင်ဆိုင်သော၊ ကြည်လင်ရွှန်းလက်သော မျက်လုံးဝိုင်းဝိုင်းကြီးများနှင့် ချစ်စဖွယ်ကောင်းလှသော အသက်(၈)နှစ်အရွယ် ဖြူဖြူသွယ်သွယ် ကလေးမတစ်ယောက်၏ ပုံရိပ်ဖြစ်သည်။

သည်တုန်းက အပြစ်ကင်းစင်သော ကလေးတစ်ယောက် ဖြစ်ခြင်းကြောင့် သူ့အိပ်မက်တို့သည် အရောင်ကင်း၍ သန့်စင်ခဲ့သည်။ ထိုစဉ်က သူ့အတွေးသည် မေမေပြောသော အိပ်ရာဝင် ပုံပြင်များကြားတွင် ပျော်ပါးစွာ ဝဲပျံကွန့်မြူးလျက်။ သူ အလွန်သဘောကျသော 'စင်ဒရဲလားပုံပြင်' အကြောင်းကို မကြာခဏ အိပ်မက် မက်သည်။ စိတ်ကူးယဉ်သည်။ ထိုစိတ်ကူးကို အိပ်မက်ဟု သုံးနှုန်း၍ ရပါလျှင် ထိုစဉ်က သူ့တွင် 'စင်ဒရဲလားဖြစ်ရန်' ဟူသော အိပ်မက်တစ်ခုသာ ရှိခဲ့သည်။

မေ့မေ့ရင်ခွင်တွင် ခေါင်းတိုးဝင်၍ စင်ဒရဲလား ပုံပြင်ကို နားထောင်ရတိုင်း ရက်စက်လွန်းသော မိထွေးမိန်းမကြီးကို မုန်းသည်။ စင်ဒရဲလားကို သနားလွန်း၍ မျက်ရည်ကျသည်။ နားထောင်နေရင်း မေ့မေ့မျက်နှာကို မော့ကြည့်ကာ မေးခွန်းများ မနားတမ်း မေးသည်။

"မေမေ စင်ဒရဲလားလေးက သိပ်လှပြီး သိပ်ချစ်စရာကောင်းမှာပဲနော်။ သူဝတ်တဲ့ ဂါဝန်ကရော သမီးဝတ်တဲ့ ဂါဝန်လေးတွေလို လှလှလေးတွေလား ဟင်"

"အင်းပေါ့ သမီးလေးရဲ့၊ စင်ဒရဲလားလေးက သမီးလို ဂါဝန်လှလှလေးတွေ ဝတ်တာပေါ့၊ သမီးနဲ့လည်း သိပ်တူတာပေါ့"

"ဒါဆိုမေမေ သူ့ဆံပင်လေးတွေကရော သမီးလို အလိပ်အလိပ်လေးတွေ ပါတာပေါ့နော်"

"ပါတာပေါ့သမီးလေးရယ်၊ မေမေ့သမီးလေးခေါင်းက ဟော့ဒီဆံပင်လေးတွေအတိုင်းပဲ သိပ်လှတဲ့ ဆံပင်လေးတွေလေ"

"ဒါဆို သမီးကရော စင်ဒရဲလားလေးလိုလှပြီး ချစ်စရာကောင်းလားမေမေ"

"ဒါပေါ့ သမီးလေးရယ်၊ သမီးလေးက သိပ်လှပြီး သိပ်ချစ်စရာကောင်းတာပေါ့"

"သမီးကြီးလာရင်ရော. . . စင်ဒရဲလားလေး ဖြစ်နိုင်မလားဟင်မေမေ"

"အိုး သိပ်ဖြစ်နိုင်တာပေါ့ သမီးလေးရယ်၊ မေမေ့သမီးလေးကအခုရော ကြီးလာရင်ရော အမြဲတမ်း စင်ဒရဲလားလေးပဲပေါ့"

"မေမေ တကယ်ပြောတာနော်"

"တကယ်ပေါ့၊ သမီးလေးရယ်"

မေမေ့စကားများနှင့်အတူ မေမေ့မျက်လုံးနှင့် မေမေ့အပြုံးများထဲမှ သေချာခိုင်မာခြင်းများကို မြင်ရသောအခါ သူ့စိတ်သည်အတိုင်းမသိပျော်ရွှင်လျက်။ သူ့ကိုယ်သူလည်း စင်ဒရဲလားဟု ခံစားရသည်။ ထိုညကသူအိပ်မက် မက်သည်။ အိပ်မက်ထဲတွင် သူသည် ဂါဝန်အဖြူရောင်လေးနှင့် ချစ်စရာစင်ဒရဲလားလေး ဖြစ်ခဲ့သည်။

၀

## အပိုင်း(၂)

**ဆယ်ကျော်သက် ဘဝအိပ်မက်။** ။သည်တုန်းက သူသည်အသက် ၁၆ နှစ်ပြည့်ရန် ၅ လအလို။ ထိုနေ့က (၁၀)တန်းကို ဂုဏ်ထူး ၃ ခုဖြင့် အောင်မြင်ခဲ့သောနေ့။ သူသည် မေမေ့ကို ဖက်ရင်း ဝမ်းသာအားရ ပြောမိသည်။

"မေမေ ဂုဏ်ထူးနဲ့အောင်ရင် သမီးလိုချင်တာပြောလို့ မေမေပြောခဲ့တာနော်။ သမီးပန်းချီကျောင်း တက်ချင်တယ်မေမေ၊ သမီးကိုခွင့်ပြုမယ်မို့လားဟင်"

သူ့စကားအဆုံးတွင် မေမေသည် သူ့ကိုရင်ခွင်ထဲမှ ဆတ်ခနဲဆွဲထုတ်သည်။ မေမေ့ကို ဖက်တွယ်ထားသော သူ့လက်များကိုလည်းပုတ်ချသည်။ သူ မေမေ့ကို ထိတ်လန့်စွာ မော့ကြည့်မိသည်။ ထူးဆန်းသည်မှာ မေမေ့မျက်လုံးအိမ်မှ မျက်ရည်များ ဖိတ်စင်ကျလာခဲ့ခြင်းပင်။

သူသည်စိတ်ပူစွာ ပျာပျာသလဲ မေးမိသည်။

"ဟင် မေမေ ဘာဖြစ်လို့လဲ ဟင်၊ မေမေ ဘာဖြစ်သွားတာ လဲဟင်"

သူ ဝမ်းနည်း၍ ငိုချင်လှသည်။ မေမေသူ့ကို တစ်ခါမျှ ယခုလို မဆက်ဆံခဲ့ဖူးပေ။ သူသည် မေမေ့မျက်နှာကို နားမလည်နိုင်စွာ ကြည့်မိသည်။ မေမေသည် သူ့ကိုကျော်၍ အဝေးကို ငေးနေခဲ့သည်။ ထို့နောက် တစ်လုံးချင်း ပြောသည်။

"သမီး တခြား လိုချင်တာတစ်ခုခုကို ပြောင်းပြော။ မေမေ ခွင့်ပြုမယ်။ ဒါပေမဲ့ ပန်းချီကျောင်းတက်ဖို့ကိစ္စကိုတော့ မေမေ လုံးဝခွင့်မပြုနိုင်ဘူး"

သူသည် မေမေ့ကို အံ့သြစွာကြည့်ရင်း အရဲစွန့်၍ ပြောမိသည်။

"သမီးမှာ တခြားရွေးချင်တာ မရှိပါဘူးမေမေ။ သမီး အိပ်မက် ...ာ ပန်းချီတွေ ဆွဲချင်တာ။ ပန်းချီကျောင်း တက်ချင်တာပါ မေမေ"

"တိတ်စမ်းသမီး၊ ဘာအိပ်မက်လဲ။ အဲဒီအိပ်မက်က ဘာမှ အသုံး ...ဝင်ဘူး။ သမီးရွေးချင်တာ မရှိရင် မေမေကိုယ်တိုင် ရွေးပေးမယ်"

"ဟင့်အင်း မေမေ သမီးပန်းချီကလွဲရင် ကျန်တာ စိတ်မဝင်စား ...ဘူး။ မေမေက ကတိလည်း မတည်ဘူး။ မေမေ မတရားဘူး။ ပန်းချီ ...ကျောင်းမတက်ရရင် သမီး တခြား ဘာမှမလိုချင်ဘူး မေမေ"

သူ့စကားအဆုံးတွင် မေမေ့ထံမှ ဒေါသမျက်ဝန်းများကို ရင် ...ဆိုင်ရသည်။ မေမေ့အသံကလည်း မာကျော ပြတ်တောင်းလှသည်။

"ရွှေပန်းချီ မေမေ့ကို ဘာလို့ကန့်လန့်တိုက် နေရတာလဲ။ မေမေ ...တခြားတစ်ခု ရွေးပါလို့ ပြောရဲ့သားနဲ့ ဘာလို့ ခေါင်းမာချင်ရတာလဲ။ ...ာလို့မေမေ့စကားကို နားမထောင်ဘဲ ပြန်ပြောနေရတာလဲ ဟင်။ မေမေ ...က်မတိုချင်ဘူးနော်။ သွားတော့၊ ဒီကိစ္စကို နောက်မှဆက်ပြောမယ်"

သူသည် မေမေ့ကို ပထမဦးဆုံးအကြိမ် စိတ်ပျက်စွာ ကြည့်ရင်း ...မေမေ့ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။ သူ့ရင်ထဲတွင် နာသည်။ "လူတွေ ...ကို နာကျင်အောင် မလုပ်ရဘူး"ဟု ဆိုခဲ့ဖူးသော မေမေကိုယ်တိုင်က ...ကိုနာကျင်အောင်လုပ်ခဲ့လေပြီ။ သူဝမ်းနည်းစွာ ငိုသည်။ မနက်စာ

လည်း ထွက်မစားခဲ့။ မေမေကလည်း လာမခေါ်ခဲ့။ အခန်းတံခါးလာ ခေါက်မည်လားဟု နားစွင့်မိသော်လည်း မေမေ့အသံကို မကြားရ။

သူ့အပေါ် အစဉ်သဖြင့် ကြင်နာခဲ့လေသော မေမေသည် သူ့အပေါ် မယုံနိုင်အောင် ရက်စက်ခဲ့လေပြီဟု တွေးကာ ဝမ်းနည်းခြင်း၊ အားငယ်ခြင်းများဖြင့် ညနေစောင်းသည်အထိ သူငိုခဲ့ရသည်။ ဗိုက်ဆာသော်လည်း အခန်းထဲတွင် ကြိတ်မှိတ်နေမိသည်။ ညနေ (၆) နာရီတွင် တံခါးခေါက်သံ ကြားရသည်။ "ထိတ်ခနဲ"ခုန်သော ရင်က "မေမေ. . . မေမေ. . . မေမေ"ဟု အကြိမ်ကြိမ် အသံတိတ်ခေါ်နေသည်။ မနက်မှ ညနေထိ မေမေ့ကို မမြင်ရ၊ စကားမပြောရဘဲ နေရသော ခဏသည် သူ့ရင်ကို ပြင်းစွာ နာကျင်စေသည်။ မေမေနှင့် ကမ္ဘာခြားသလို ခံစားရသည်။

သူသည် အခန်းတံခါးကိုပြေးဖွင့်ပြီး မေမေ့မျက်နှာကို မျှော်လင့်ကြီးစွာ မော့ကြည့်မိသည်။ မေမေ့ မျက်လုံးများ နီရဲမို့အစ်နေသည်ကို မြင်ရသည့်အခါ သူကြီးစွာ စိတ်ထိခိုက်ရပြန်သည်။ သူမှားပြီဟု နောင်တရသည်။ သူ၏ ရှုးနှမ်းနှမ်းအိပ်မက်ကြောင့် မေမေ့ကို နာကျင်စေခဲ့မိပြီ။ ပန်းချီကျောင်း မတက်ရ၍ သူဘာဖြစ်သွားမည်နည်း။ သူ့အပေါ် တစ်ချိန်လုံး ကောင်းနိုင်လွန်းခဲ့သော မေမေ့ထက် မက်မောတွယ်တာရမည့်အရာ ဤကမ္ဘာပေါ်တွင် မရှိနိုင်ပေ။

မေမေ့ကို ဤမျှ အကျဉ်းအကျပ်ဖြစ်အောင် သူ မဖန်တီးခဲ့သင့်ဟု တွေးကာ ယူကျုံးမရ ဖြစ်ရသည်။ တစ်ချိန်တည်းတွင် "ပန်းချီကျောင်း မတက်တော့"ဟူသော ခိုင်မာသည့် ဆုံးဖြတ်ချက်ကို သူချလိုက်သည်။ သူ့အတွက် မလိုအပ်တော့ပါ။ မေမေ့ချစ်မေတ္တာကိုသာ သူအလိုရှိပါသည်။ မေမေ့ စိတ်နှလုံးအေးချမ်းပျော်ရွှင်ရခြင်းကိုသာ သူပေးချင်ပါသည်။ သူမေမေ့ကို နောက်တစ်ကြိမ် နာကျင်အောင် မလုပ်တော့ဟု တွေးမိစဉ် မေမေ့ထံမှ ကြင်နာနူးညံ့လွန်းသော အသံတိုးတိုးလေးကို ကြားရသည်။

"ဗိုက်ဆာနေမယ်သမီးလေး၊ ထမင်းစားရအောင်။ ထမင်းစားပြီးမှ သမီးဖြစ်ချင်တဲ့ အိပ်မက်အကြောင်း ဆက်ပြောကြတာပေါ့။ မေမေ့ သမီးလေးက လိမ္မာပါတယ်ကွယ်"

မေမေပြောမှ ပိုဝမ်းနည်းကာ ငိုမိပြန်သည်။

"သမီးဗိုက်ဆာတာထက် ဝမ်းနည်းတာက ပိုဆိုးပါတယ်မေမေ။ မေမေ့ကို ပြန်ပြောခဲ့မိတာ ခွင့်လွှတ်ပါနော်၊ မေမေ သမီးကို မမုန်းပါနဲ့နော် မေမေ"

မေမေသည် မျက်ရည်ဝိုင်းလျက် သူ့ကိုကြင်ကြင်နာနာ ကြည့်သည်။ သူ့နဖူးပြင်လေးကို ဖွဖွနမ်းရင်း ပြောသည်။

"သမီးလေးကို မေမေဘယ်တော့မှ မမုန်းဘူး။ ကမ္ဘာကြီးပျက်သွားပါစေ။ မေမေသမီးကိုချစ်တဲ့ အချစ်ကမပျက်ဘူး။ သမီးလေးကို မေမေခွင့်လွှတ်ပါတယ်ကွယ်။ ခုတော့ မေမေတို့ ထမင်းစားကြရအောင်နော်။ မေမေ့သမီးလေးကို မေမေ သိပ်ချစ်ပါတယ်ကွယ်"

"ကျေးဇူးတင်ပါတယ် မေမေရယ်. . . သမီးလည်း မေမေ့ကို သိပ်ချစ်ပါတယ်"

မေမေသည် သူ့ကိုထမင်းဟင်းများ ပြင်ဆင်ပေးသည်။ ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်စဉ် မေမေလက်များ အနည်းငယ် တုန်ယင်နေသည်ကို မြင်ရသည်။ မေမေ မည်မျှစိတ်လှုပ်ရှားနေပါသနည်း။ အစဉ်ပေါ့ပါး ကြည်လင်ခဲ့လေသော မေမေ့မျက်နှာကို သူ စာ တစ်အုပ်လို ဖတ်တတ်ပါသည်။ မေမေမည်မျှပင် ဟန်ဆောင်ပါသော်လည်း မေမေစိတ်များ လေးလံတင်းကျပ်နေသည်ကို သူခံစားရပါသည်။ နောက်ဆုံးတွင် သူဘာလုပ်ရမည်ကို ရွေးချယ်နိုင်ခဲ့သည်။

"သမီး ပန်းချီကျောင်း မတက်တော့ဘူး မေမေ" ဟု

ပေါ့ပါးစွာ ပြောနိုင်ခဲ့သောသူ့ကို မေမေက မယုံနိုင်ဟန် တအံ့တသြ ကြည့်သည်။ မေမေသည် ခဏမျှငြိမ်နေခဲ့ပြီး သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်ကာ ပြောသည်။

"မေမေ့ကို စိတ်ချမ်းသာအောင် ခုလိုဆုံးဖြတ်ပေးတာအတွက် မေမေ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ သမီးအိပ်မက်ကိုတော့ မစွန့်လွှတ်ပါနဲ့။ ဘာပဲဖြစ်ဖြစ် ပန်းချီကျောင်းတက်ပါ။ မေမေဘာကြောင့် ရုတ်တရက် ခွင့်မပြုနိုင်ရတာလဲ ဆိုတာကိုတော့ သမီးလေးသိအောင် မေမေ ပြောပြပါမယ်"

မေမေ့စကားဆုံးသည်နှင့်သူသည် ပျာပျာသလဲ ငြင်းဆန်မိ သည်။

"ဟင့်အင်း မေမေ သမီး မသိချင်ပါဘူး၊ မပြောပါနဲ့၊ အရေးမှ မကြီးတာ မေမေ၊ ပြီးတော့ သမီးတကယ်ကို ပန်းချီကျောင်း မတက်ချင်လို့ပါ။ သမီးက အရှုးထပြီး လျှောက်ပြောခဲ့မိတာ။ ပန်းချီဆွဲရတာကိုလည်း သမီး မကြိုက်ပါဘူး။ နောက်ပြီး စိတ်လည်းရှည်မှာ မဟုတ်ပါဘူး မေမေရယ်၊ သချာ်စဉ်းစားတော့ သမီးအကြိုက်ဆုံး အလုပ်လည်း မဟုတ်ပြန်ဘူး၊ တကယ်တော့ သမီးရဲ့ တကယ့်အိပ်မက်က သပ်သပ်တစ်ခုပါ မေမေ"

သူ့စကားများကို နားထောင်ရင်း မေမေသည် ခဏမျှတွေဝေသွားသည်။ သူ့စကားကို မေမေ ယုံကြည်သွားလေပြီ။ သူ ပျော်ရွှင်မိသည်။

"ဒါဆိုသမီးလေးရဲ့ တကယ့်အိမ်မက်က ဘာတဲ့လဲကွယ် မေမေ့ကိုပြောပြပါဦး"

သူသည် မေမေ့ကို ဖက်ထားရင်းမှ အားရပါးရပြုံးလျက်

" သမီးရဲ့တကယ့် အိပ်မက်စစ်စစ်က မေမေ့လို မြန်မာစာ ဆရာမ တစ်ယောက် ဖြစ်လာဖို့၊ ပြီးတော့ကဗျာတွေ၊ ဝတ္ထုတွေရေးဖို့ပါ မေမေ"

မေမေသည် သူ့ကို တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

"အိုး ကြည့်စမ်း။ မေမေ ဝမ်းသာလိုက်တာ၊ သမီးလေးက မေမေ မထင်တာကို ရွေးချယ်ခဲ့တာပဲ၊ သမီးအိပ်မက်က သိပ်ကောင်းတဲ့ အိပ်မက်ပါပဲ၊ မေမေ ဂုဏ်ယူပါတယ်ကွယ်"

မေမေ့ပျော်ရွှင်မှုကို မြင်ရသောအခါ သူ့ရင်၌ နာကျင်ရသော်လည်း သူကျေနပ်ပါသည်။

ထိုညက သူအိပ်မက် မက်သည်။ အိပ်မက်ထဲတွင် သူပန်းချီဆွဲသည်။ ပန်းချီကားများ၊ ဆေးပုံးများ၊ စုတ်တံများကြားတွင် သူသည်ပျော်ရွှင်လျက်။

တစ်ခါတစ်ရံတွင် အိပ်မက်တို့သည် လက်မလွှတ်ချင်အောင် မက်မောတွယ်တာမိပါသော်လည်း မဖြစ်မနေ လက်လွှတ်ရသည့်အခါများ ကြုံရတတ်သည်ကို ဘဝနှင့်ရင်း၍ သူသိခဲ့ရသည်။ ထိုအသိနှင့်အတူ

သူ့နာကျင်ခြင်းတချို့ကို သိုဝှက်၍ " မြန်မာစာ ကျောင်းသူ" ဘဝဖြင့် တက္ကသိုလ်မြေသို့ သူခြေချခဲ့ပါသည်။ နောက် ၉ နှစ်ကြာသောအခါ. . . ။

ဝ

## အပိုင်း(၃)

**ဘဝအိပ်မက်။**　။ ယခုဆိုလျှင် သူသည် တက္ကသိုလ်မြန်မာစာ ဆရာမတစ်ယောက်ဖြစ်ခဲ့ပြီ။ မြတ်နိုးရသော ချစ်သူ'ခွန်မိုးယံ'ဆိုသည့် မောင့်ကိုလည်း ပိုင်ဆိုင်ခဲ့ပြီ။'ရွှေပန်းချီ'ဟူသော အမည်ဖြင့် ကဗျာနှင့်ဝတ္ထု များစွာလည်း ရေးနိုင်ခဲ့ပြီ။ ပျော်ရွှင်ဖွယ် မနက်ဖြန်များဖြင့် ဘဝကိုဖြတ် သန်းရင်း သူ့အသက် ၂၅ နှစ်တိတိ ရှိခဲ့ပြီ။

ထိုနေ့က သူ၏ (၂၅)နှစ်ပြည့်မွေးနေ့။ မေမေနှင့် မနက်အစော ကြီး ဘုရားသွားသည်။ မေမေ့ကို အိမ်ပြန်ပို့ပေးပြီး မောင်နှင့်အတူ မိဘမဲ့ဂေဟာသို့ သွားခဲ့ကြသည်။ ကလေးများအတွက် အဝတ်များနှင့် စားစရာများ ပေးလှူ၍ ကဗျာဖတ်ပြခဲ့ကြသည်။ အပြစ်ကင်းသော ကလေးငယ်များသည် ချစ်စရာ သနားစရာ ကောင်းလှသည်။ မောင်နှင့် သူ ဖတ်ပြသော ကလေးကဗျာများကို လိုက်၍ရွတ်ဆိုရင်း ပျော်ရွှင်နေ ခဲ့ကြသော ထိုကလေးငယ်များ၏ အားငယ်နေသော မျက်ဝန်းလေးများ ကို မောင်က အလွန်ကရုဏာသက်သူ ဖြစ်သည်။ သူ့မွေးနေ့တိုင်းတွင် မောင်က ဤနေရာသို့ ဦးဆောင်ခေါ်လာတတ်သည်။ ကလေးငယ် များနှင့်အတူ စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ စာဖတ်ပြခြင်းများကို မောင်နှင့် အတူ စိတ်ပါလက်ပါ လုပ်ဆောင်ပေးရင်း သူ့ရင်ထဲ ကြည်နူး ရသည်။

မောင်သည် ငယ်စဉ်ကတည်းက ဖခင်လက်ပေါ်တွင်သာ ကြီး ပြင်းခဲ့ရသူ။ ထို့ကြောင့် မိခင်မေတ္တာ မခံစားခဲ့ရသော မောင့်ကို သူသနား ရသည်။ ပို၍လည်း ကြင်ကြင်နာနာ ဂရုစိုက်မိသည်။ မောင်ကိုယ်တိုင် သည်လည်း အလွန်ကြင်နာတတ်သည်။ ကဗျာကိုအလွန်ချစ်သော ကဗျာ ဆရာလည်း ဖြစ်သည်။ မောင်သည်သူ့ကို ချစ်သလို သူ့ကဗျာများကို လည်း ချစ်တတ်သည်။ သူရေးသော ကဗျာများကို မလွတ်တမ်းဖတ် သည်။ သူ့ဝတ္ထုများကိုလည်း မောင်ကနှစ်ခြိုက်သည်။ တစ်ခါတစ်ရံတွင်

မောင်သည် ပန်းချီလည်းဆွဲတတ်သည်။ မောင့်ဖေဖေသည် မောင့်လက်ဦး ဆရာ၊ ပန်းချီဆရာတစ်ယောက် ဖြစ်သည်။

မောင်နှင့်သူသည် တက္ကသိုလ်ပထမနှစ်တွင် ဆုံဆည်းခဲ့ကြသည်။ ထို့နောက် စိတ်တူကိုယ်တူ၊ ဝါသနာတူသော ချစ်သူများ ဖြစ်ခဲ့ကြသည်။ အားလပ်ရက်များတွင် ပန်းချီပြပွဲများ၊ စာအုပ်ဆိုင်များသို့ သွားကြသည်။ အချို့ရက်များတွင် ကဗျာအတူ ဖတ်ကြသည်။ တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်သည်။ မောင်သည် အလွန်အနေတည်၍ စည်းကမ်းရှိသူ ဖြစ်သည်။ သူ့ အပေါ်တွင်လည်း အခွင့်အရေး မယူတတ်ဘဲ တန်ဖိုးထား မြတ်နိုးသောချစ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့ထက် ၁ နှစ်သာကြီးသော်လည်း မောင့်ကို လေးစားရသည်။ အစ်ကိုသဖွယ် မောင်သဖွယ်လည်း ချစ်ရသည်။ တစ်ခါတစ်ရံတွင် မောင်သည် လူကြီးသိပ်မဆန်လှသော သူ့ကို ကလေးတစ်ယောက်လို ဆုံးမတတ်သည်။ သို့သော် သူသည် ထိုအချက်ကိုပင် သဘောကျကာ မောင့်ကို ပိုလို့ချစ်ရသည်။

တက္ကသိုလ်တွင် မြန်မာစာဆရာမ တစ်ယောက်ဖြစ်လာသော သူသည် ကျောင်းတွင် စာသင်ပြချိန်မှလွဲ၍ လူကြီးလို မနေတတ်သူ ဖြစ်သည်။ မေမေ၏ ချစ်ခင်အလိုလိုက်မှု ဂရုစိုက်မှုများတွင် အသားကျနေ၍လား မသိ။ ယခုအချိန်အထိ လူကြီးမဆန်ခဲ့ပေ။ မောင်ကတော့ လူကြီးဆန်၍တည်ငြိမ်လေးနက်သူ။ထို့ပြင်အနည်းငယ်ချူချာ၍ မကြာခဏ နေမကောင်းဖြစ်တတ်သော သူ့ကိုလည်း အမြဲစိတ်ပူတတ်သည်။

မေမေ့ကို မောင်နှင့်ချစ်သူဖြစ်နေကြောင်း ဖွင့်ပြောသောအခါ မေမေက မောင့်အကြောင်းများကို မေးသည်။ အိမ်ခေါ် လာခဲ့ရန် ပြောသည်။ ကဗျာဆရာဖြစ်သော မောင့်ကိုလည်း တွေ့ဖူးချင်သည်ဟု ဆိုသည်။ မောင့်ကဗျာများကို သူ ဖတ်ပြခဲ့သည်။

"ကဗျာကောင်းတွေပဲ သမီးရဲ့"

မေမေက သဘောကျစွာပြောသည်။

မောင့်ဓာတ်ပုံကိုလည်း ပြမိသည်။

"လူချောလေးပဲ၊ သမီးနဲ့သိပ်လိုက်တာပဲ"

မေမေက ချီးမွမ်းရာ သူမှာ ပျော်ရသည်။ မောင်ကိုယ်တိုင် ပန်းချီဆွဲကြောင်းနှင့် မောင့်ဖေဖေသည် ပန်းချီဆရာတစ်ယောက် ဖြစ်ကြောင်းကိုတော့ မပြောဘဲ ချန်ထားလိုက်သည်။

မေမေက မောင်နှင့်မောင့်ဖေဖေကို လက်ခံတွေ့ဆုံပေးမည်ဟု ခွင့်ပြုသောအခါ သူမှာ ပျော်ရွှင်ရသည်။ သူ့မွေးနေ့တွင် တွေ့ဆုံပေးပါရန်ခွင့်တောင်းခဲ့သော သူ့ဆန္ဒကို မေမေက လိုက်လျောခဲ့သည်။ ထိုနေ့အတွက် မွေးနေ့ကိတ်ကို မောင်ကိုယ်တိုင် အော်ဒါမှာပေးသည်။ ထိုနေ့မနက်က မိဘမဲ့ဂေဟာမှအပြန် မောင့်ကို နှုတ်ဆက်၍အိမ်ပြန်လာခဲ့သည်။ မနက်(၁၁)နာရီတွင် မောင်နှင့်မောင့်ဖေဖေ အိမ်သို့လာမည်။ မေမေနှင့် တွေ့ကြမည်။ ထမင်းအတူစားကြမည်။ မွေးနေ့ကိတ် လှီးကြမည်။

မေမေသည် ထမင်းဟင်းများကို သူကိုယ်တိုင် ချက်ပြုတ် သည်။ မေမေ့မျက်နှာသည် ပြုံးရွှင်လျက်။ မေမေနှင့်အတူ ဟင်းပွဲများ ကူပြင်ပေးရင်း ရင်ခုန်စိတ်လှုပ်ရှားကာ အယောင်ယောင် အမှားမှား ဖြစ်နေခဲ့သော သူ့ကို မေမေက ပွေ့ဖက် ကျီစယ်သည်။

"ကြည့်စမ်း မေမေ့သမီးလေးက စိတ်လှုပ်ရှားနေလိုက်တာ" သူသည် ရှက်ရှက်နှင့် ရယ်မိသည်။

မနက် (၁၁) တိတိတွင် မောင်နှင့် မောင့်ဖေဖေ ရောက်လာသည်။ မောင်နှင့် မောင့်ဖေဖေသည် အကျီအဖြူ လည်ကတုံးလက်ရှည်တွင် ပိုးပုဆိုးနက်ပြာဆင်တူနှင့် အလွန်ကြည့်ကောင်းလှသည်။

မေမေနှင့်မိတ်ဆက်ပေးစဉ် မေမေ့နှုတ်မှ မမျှော်လင့်သော စကားကို ကြားရသည်။

"ဩော် ခွန်မိုးယံရဲ့ဖေဖေက ဦးမိုးဝေကိုး၊ ခုလို စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပြန်တွေ့ရလို့ ဝမ်းသာပါတယ်ရှင်"

မေမေ့ကို သူအံ့သြစွာ ကြည့်နေမိသည်။ ပန်းချီကိုမုန်းသော မေမေသည် ပန်းချီဆရာ"ဦးမိုးဝေ"ကိုသိနေခြင်းမှာ ထူးဆန်းလှသည်။ မောင့်ကိုကြည့်တော့ အံ့သြဝမ်းသာနေပုံရသည်။ ဦးမိုးဝေကမူ မေမေ့

ကို ပြုံးပြရင်းမှ "ဟုတ်ကဲ့ပါခင်ဗျာ" ဟုဆိုကာ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေသည်။

"ကြည့်စမ်း မေမေက ဦးမိုးကိုသိတယ် ဟုတ်လား မေမေ"

သူကမေးသော် မေမေသည် နှုတ်ခမ်းထောင့်စွန်းကွေးညွတ်ရုံ ပြုံးသည်။

"သိတာပေါ့သမီးရယ်၊ နိုင်ငံကျော်ပန်းချီဆရာကြီး ဦးမိုးဝေဆို လူတော်တော် များများသိကြတာပဲ၊ မေမေသိတာ မဆန်းပါဘူးလေ၊ ဟုတ်တယ်မို့လား ဦးမိုးဝေ"

ဦးမိုးဝေသည် မေမေ့ကို ငေးကြည့်ကာ ခေါင်းညိတ်ပြုံးပြရင်း စကားပြောရန် ကြိုးစားစဉ် မေမေသည် နေရာမှထရပ်ကာ ထမင်းစားခန်းသို့ ဦးဆောင်ဝင်သွားသည်။

ထမင်းစားသောက်နေစဉ် မေမေက တိတ်ဆိတ်စွာ စားသည်။ ထမင်းအနည်းငယ်သာ စားသည်။

"အေးအေးဆေးဆေး စားကြပါ။ မေမေ ဧည့်ခန်းမှာရှိမယ် သမီးလေး"

ပြောပြီး ထမင်းဝိုင်းမှ ထွက်သွားသည်။ သူ့စိတ်ထဲ မေမေ နေမကောင်းဘူးလားဟု တွေးရင်း စိတ်ထင့်မိသည်။ မောင်နှင့် ဦးမိုးကို အနေမခက်စေရန် ဟင်းများထည့်ပေးရင်း စကားပြောရသည်။ မောင်နှင့်သူက စကားများများပြောသော်လည်း ဦးမိုးကမူ အနည်းငယ်သာ ပြောသည်။

စားသောက်ပြီး ဧည့်ခန်းထဲသို့ ထွက်လာကြသောအခါ မေမေသည် အဖြူရောင်သိုးမွှေးအင်္ကျီ ထိုးလက်စကို ကိုင်ရင်း ပွတ်သပ်ကြည့်နေသည်။ သူ့အတွက် မေမေသည် မွေးနေ့တိုင်း သိုးမွှေးအင်္ကျီ ကိုယ်တိုင် ထိုးပေးနေကျ ဖြစ်သည်။ သူသည် ကျေနပ်စွာပြုံးရင်း မေမေ့ဘေးတွင် ဝင်ထိုင်ပြီး မေမေ့လက်မောင်းကို ဖက်တွယ်ထားမိသည်။ မောင်သည် သူ့ကိုချစ်မြတ်နိုးစွာ ကြည့်လျက်။ ဦးမိုးနှင့်မောင်က မျက်နှာချင်းဆိုင်ဆိုဖာခုံများတွင်ထိုင်၍ မေမေနှင့်သူက အိမ်ရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်နေကြခြင်း ဖြစ်သည်။

"အန်တီ ရွှေပန်းချီ့အတွက်ထိုးပေးနေတာ ထင်တယ်နော်" ဟု မောင်က လှမ်းပြောသည်။ မေမေသည် တစ်ချက်မျှပြုံးလျက် "ဟုတ်တယ် ခွန်မိုးယံ"ဟု ဆိုသည်။ မောင်က သူ့ထံ တစ်ချက်ကြည့်လိုက်ပြီး

"အဖြူရောင်လေး သိပ်လှတာပဲ။ ရွှေပန်းချီနဲ့ဆို သိပ်လိုက်မှာပဲ အန်တီ" ဟု ရွှင်မြူးသောအသံဖြင့် ပြောရာ မေမေသည် အသံထွက်၍ ရယ်သည်။

"ဒါပေါ့ကွယ်၊ရွှေပန်းချီလေးနဲ့လိုက်ဖက်တဲ့ အဆင်ပဲဖြစ်ရမှာပေါ့။ ဘာကိုမဆိုပေါ့လေ။ အန်တီက သမီးလေးနဲ့ လိုက်ဖက်အပ်စပ်တာကိုပဲ အမြဲရွေးချယ်ပေးတတ်တယ်"

ဦးမိုးဝေသည် မေမေ့ကို ငြိမ်သက်စွာ ငေးကြည့်နေသည်။သူသည် စက္ကန့်အနည်းငယ်ငြိမ်သက်လျက်ရှိသော စကားဝိုင်းကို စိတ်ထဲမနှစ်သက်သလို ခံစားရသည်။ ထို့ကြောင့် သူကမောင့်ကို စကားလှမ်းပြောလိုက်သည်။

" မောင် မွေးနေ့ကိတ် လှီးကြမယ်လေ "

မောင်က 'အိုကေ' ဟုဆိုကာ မွေးနေ့ကိတ်ဘူးကို ဖွင့်သည်။

အဖြူရောင်မွေးနေ့ကိတ်လေးက ချစ်စရာကောင်းလှသည်။ မေမေနှင့် သူက ဖယောင်းတိုင် ၂၅ တိုင်တိတိ ကိတ်မုန့်ပေါ်တွင် ထွန်းသည်။

" Happy Birthday ပါ ရွှေပန်းချီ"

မောင်က အော်ရင်း လက်ခုပ်တီးသည်။ သူ၊မေမေနှင့် ဦးမိုးတို့လည်း လက်ခုပ်ဝိုင်းတီးကြသည်။ သူ့ရင်သည် အတိုင်းမသိ ခုန်လှုပ်ကာ အလွန်ပျော်ရွှင်နေသည်။ သူ့ မွေးနေ့တွင် သူချစ်သော မေမေနှင့်အတူ ချစ်မြတ်နိုးရသော မောင်နှင့် ဦးမိုးတို့ကို ယခုလို တစ်အိမ်တည်းတွင် ဆုံဆည်းခွင့်ရခြင်းအတွက် ရင်ထဲကြိတ်၍ ဝမ်းသာမိသည်။ မောင်ကလည်း ပျော်နေသည့်ပုံ။ ဦးမိုးကို လှမ်းကြည့်တော့ မေမေ့ကို ငေးစိုက်ကြည့်နေတာ တွေ့ရသည်။

ထိုခဏတွင် သူ့စိတ်၌ ထူးဆန်းသော တစ်စုံတစ်ရာကို ခံစားရသည်။ ထိုအရာကို အတိအကျ သူနာမည်မပေးတတ်။ သို့သော် ဦးမိုး၏

မျက်လုံးများထဲတွင်မေမေ့အပေါ် ကြင်နာနွေးထွေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းများ ဖိတ်စင်နေတာ မြင်ရသည်။ ဝမ်းနည်းခြင်း အရိပ်အငွေ့များလည်း တွေ့ရသလိုပင်။ ထိုအရာများကိုမြင်ရသည်မှာ စက္ကန့်ပိုင်းမျှသာဖြစ်သည်။ ဦးမိုးက မျက်နှာလွှဲလျက် မွေးနေ့ကိတ်ကို ကြည့်နေသည်။ ထိုစဉ် မောင်က မွေးနေ့ကိတ်ကိုလှီး၍ ပန်းကန်ပြားထဲထည့်ကာ သူ့ကို လှမ်းပေးသည်။ သူက မေမေ၊ ဦးမိုးနှင့် မောင်တို့ကို အစဉ်လိုက် ခွံ့ကျွေးသည်။ မောင်ကသူ့ကို ပြန်ခွံ့ကျွေးသည်။ ထိုတခဏသည် အလွန်ကြည်နူး ဖွယ်ကောင်း၍ ပျော်ရွှင်ခြင်းကို သူခံစားရသည်။ ပျော်ရွှင်စွာ ရယ်မောနေမိစဉ် မေမေသည် ထိုင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက် သည်။

သူနှင့်အတူ မောင်နှင့်ဦးမိုးတို့သည် မေမေ့ကိုဖျတ်ခနဲ ပြိုင်တူမော့ကြည့်မိကြသည်။ မေမေက ဦးမိုးဝေ၏ မျက်နှာကို စိုက်ကြည့်ကာ တစ်လုံးချင်း ပြတ်သားစွာပြောသည်။

"ကဲ ဦးမိုးဝေ ကျွန်မသမီးလေး မွေးနေ့လည်း ပြီးပြီဆိုတော့ ရှင်တို့ ပြန်လို့ရပါပြီ။ ခွန်းမိုးယံဟာ ရှင့်ရဲ့သားတစ်ယောက်ဆိုတာ သိခဲ့ရင် ကျွန်မ ဒီနေ့တွေ့ဆုံမှုကိုခွင့်ပြုခဲ့မှာ မဟုတ်ဘူး။ကျွန်မသမီးလေး ရွှေပန်းချီနဲ့ ရှင့်သား စေ့စပ်လက်ထပ်ဖို့ ကိစ္စကို ကျွန်မဖျက်တယ်။ဘာကြောင့်ဆိုတာ ကျွန်မပြောဖို့လိုမယ် မထင်ဘူး၊ ရှင်တို့ကျွန်မအိမ်ထဲက ခုချက်ချင်း ထွက်သွားပါ"

သူသည် မေမေ့ကို နားမလည်စွာ ကြည့်ရင်း "မေမေ" ဟု အထိတ်တလန့် ခေါ်မိသည်။

"ခဏလေး ရွှေအိမ်စံ"

ဦးမိုးက မေမေ့ကို တောင်းပန်သည်။ သို့သော် မေမေသည် စကားဆုံးအောင်ပင် နားမထောင်ဘဲ အိမ်ပေါက်ဝဘက်သို့ လက်ညှိုးညွှန်ပြရင်း

"ထွက်သွားလို့ ကျွန်မပြောနေတယ်"

မောင်က နားမလည်ဟန် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေသည်။ မေမေ့မျက်နှာသည် တင်းမာအေးစက်လျက်။ ဦးမိုးသည် ထိုင်နေရာမှ မတ်တတ်ရပ်ကာ မေမေ့ကို စကားပြောရန် ကြိုးစားသည်။

"ကိုယ်ပြောပါရစေ ရွှေအိမ်စံ"

မေမေကခါးခါးသီးသီး အော်သည်။

"မပြောနဲ့ မကြားချင်ဘူး။ မိန်းမတစ်ယောက်ကို ချစ်ရုံပဲချစ်ပြီး လက်ထပ်ဖို့ မဖြစ်နိုင်ဘူးလို့ အကြောင်းပြချက်မရှိ သစ္စာမဲ့ခဲ့တဲ့ ရှင့်လို ယောကျ်ားတစ်ယောက်ရဲ့ အလိမ်အညာစကားတွေကို ကျွန်မ မကြား ချင်ဘူး။ ရှင်ရောရှင့်သားရော ကျွန်မ အယုံအကြည် မရှိဘူး။ ပြောစမ်းပါ ကျွန်မသမီး ရွှေပန်းချီကို ရှင့်သားက သစ္စာမမဲ့ပါဘူးလို့ ရှင်အာမခံရဲလား။ ရှင့်သားက ရှင့်လိုပဲ အောက်တန်းမကျပါဘူးလို့ ရှင်ပြောနိုင်သလား။ ရှင့်သားမှာ ရှင့်လိုအကျင့်စရိုက် မရှိပါဘူးလို့ ရှင်ပြောရဲလား။ ဒီမှာ ဦးမိုးဝေ ရှင်သိထားဖို့က ရှင့်လို သစ္စာဖောက်ယောကျ်ားတစ်ယောက်ရဲ့ သားနဲ့ ကျွန်မသမီးလေး ရွှေပန်းချီနဲ့ လုံးဝမထိုက်တန်ဘူး ဆိုတာပဲ၊ သွား တော့၊ ရှင့်တို့ အခုချက်ချင်း ထွက်သွားတော့"

သူသည် ထိတ်လန့်စွာအော်မိသည်။

"ဟင့်အင်း မေမေ၊ မဖြစ်နိုင်ဘူး။ မောင်နဲ့မောင့်ဖေဖေက အဲ့လို လူစားမျိုးတွေ လုံးဝမဖြစ်နိုင်ဘူး။ မေမေ တစ်ခုခုမှားနေပြီ ထင်တယ်။ ရယ်။ သမီးတောင်းပန်ပါတယ်၊ သမီးချစ်တဲ့သူတွေကို ဒီလိုမဆက်ဆံပါနဲ့ မေမေ ရယ်။ သမီးတောင်းပန်ပါတယ်နော်"

သူ့ပါးပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ဦးမိုးက မေမေ့ ကိုရှင်းပြရန် ကြိုးစားပြန်သည်။

"ကိုယ်ရှင်းပြရပါစေ ရွှေအိမ်စံ၊ တကယ်တော့ ကိုယ်မင်းကို သစ္စာမဖောက်ခဲ့ပါဘူး။ မင်းထင်သလိုကိုယ်ဟာ သစ္စာမဲ့တဲ့ ယောကျ်ား တစ်ယောက် မဟုတ်ခဲ့ပါဘူး။ ကျေးဇူးပြုပြီး ကိုယ်ရှင်းပြတာကို နားထောင် ပေးပါ ရွှေအိမ်စံ"

"မလိုဘူး၊ ကျွန်မ နားမထောင်ချင်ဘူး၊ ဘာမှဆက်မပြောနဲ့၊ ခုချက်ချင်း ထွက်သွား"

"မေမေ. . . တော်ပါတော့မေမေရယ်။ သမီးရူးချင်လာပြီ။ တော်ပါတော့နော်။ သမီး တောင်းပန်ပါတယ်။ မေမေ့ကို သမီးတောင်းပန် ပါတယ်"

သူနာကျင်စွာ ငိုကြွေးမိတော့သည်။ မောင့်ကို လှမ်းကြည့်မိစဉ် မောင့်မျက်လုံးအိမ်ထဲတွင် ရှက်ရွံ့နာကျင်ခြင်းများကို အထင်းသား မြင်ရသည်။ မောင်သည် နေရာမှ ထရပ်လိုက်ပြီး

"သွားကြရအောင်ပါ ဖေဖေ။ သား နားမလည်တဲ့ အကြောင်းအရာတွေက သားကိုအရှက်ရစေတယ်။ ဖေဖေက တကယ်ပဲ သစ္စာမဲ့တဲ့ ယောက်ျားတစ်ယောက်လား။သားမယုံနိုင်ဘူးဖေဖေ။ အခုက ဖေဖေတင်မကဘူး။ သားမာနနဲ့ သားရဲ့သိက္ခာကိုပါ ထိပါးခံနေရပြီ။ ရွှေပန်းချီ့ကို သား အမြတ်တနိုး တန်ဖိုးထားပြီး ချစ်ခဲ့တာပါ"

"ဒီမှာအန်တီ ကျွန်တော်ဘာမှမသိပေမဲ့ တစ်ခုတော့ ပြောနိုင်ပါတယ်။ အန်တီထင်သလို ယောကျ်ားတိုင်းက သစ္စာမဲ့ကြပါဘူး။ သစ္စာရှိတဲ့ ယောကျ်ားတွေလည်း ဒီကမ္ဘာမှာ ရှိနေကြပါတယ်"

" ရွှေပန်းချီ မောင့်ကိုခွင့်လွှတ်ပါ။ မောင်ရဲ့သစ္စာတရားကို ရွှေပန်းချီ အသိခဲ့ဆုံးပါ။ နှုတ်ဆက်ပါတယ် ရွှေပန်းချီ။ မောင်တို့ မက်ခဲ့ကြတဲ့ အိပ်မက်ကို ဒီမှာပဲ အဆုံးသတ်လိုက်ကြတာပေါ့ "

မောင်သည် ပြောပြောဆိုဆို ချာခနဲလှည့်ထွက်သွားသည်။ မောင့်မျက်လုံးအိမ်မှ မျက်ရည်တစ်စ လွင့်စင်ကျသွားသည်။ သူ့ရင်တစ်ခုလုံး ပြောင်းဆန်လျက် နာကျင်လှသည်။ သူ့ဘဝ၏အိပ်မက်တစ်ခု ပျက်ရပြန်ပြီဟူသော အတွေးဖြင့် သူ့ရင်ထဲ စူးအောင့်လာသည်။ "မောင်" ဟုခေါ်လိုက်သော်လည်း အသံကထွက်မလာခဲ့။ "မေမေ" ဟု ခေါ်ကြည့်သည်။ခေါ်၍မရ။ သူငေးကြည့်နေစဉ် မောင်တို့ကားလေး မောင်းထွက်သွားလေပြီ။ သူသည် နေရာမှာပင် လဲကျသွားသည်။ သူ့မျက်လုံးထဲတွင် မှောင်လာသည်။ သူ့ပါးနှစ်ဖက်ပေါ် သို့ မျက်ရည်များ တလိမ့်လိမ့် စီးဆင်းလာသည်။ သူငိုသည်။ အသံမထွက်ဘဲ ငိုကြွေးခြင်းဖြစ်သည်။

"သမီးလေး ရွှေပန်းချီ မေမေ့ကိုကြည့်ပါဦး သမီးလေး"

မေမေက အဆက်မပြတ်ခေါ်ရင်း ငိုနေသည်။ သူ့မေမေ့ကို ငေးကြည့်နေမိသည်။ ဤတစ်ကြိမ်နှင့်ဆိုလျှင် မေမေငိုတာ နှစ်ကြိမ်ရှိခဲ့ပြီ။ ဘာကြောင့် မှန်းမသိဘဲ သူ(၁၀)တန်းအောင်သည့်နှစ်တွင် မေမေ တစ်ကြိမ် ငိုခဲ့သည်။ ယခုသူ့အသက် (၂၅)နှစ် မွေးနေ့တွင်တစ်ကြိမ် မေမေ

ငိုခဲ့ရပြန်ပြီ။ မေမေ့မျက်ရည်များကို မြင်ရသောအခါ သူဘာလုပ်ရမှန်းမသိ။ မေမေ့ကို နှစ်သိမ့်ပေးချင်သည်။ မေမေ့မျက်ရည်များကို သူ့လက်နှစ်ဖက်ဖြင့် သုတ်ပေးမိသည်။ သူစကားပြောရန် ကြိုးစားသည်။ "မေမေ" ဟု ခေါ်သည်။ မောင့်ကိုလည်း အော်ခေါ်မိသည်။

"မောင် ရွှေပန်းချီ့ကို လာခေါ်ပါ"

သို့သော် သူနှုတ်ခမ်းများက လှုပ်၍မရ။

ခြံရှေ့သို့ သူလှမ်းကြည့်မိသည်။ အလှစိုက်ထားသော ပန်းအိုးပင်များ၊ စံပယ်ပန်းပင်များ၊ရောင်စုံနှင်းဆီပင်များ၊ ထိုပန်းပင်များကြားတွင် ပန်းများခူးနေသော မေမေနှင့်သူ့ပုံရိပ်များ၊ လိပ်ပြာလေးများကို လိုက်ဖမ်းနေခဲ့သော ဂါဝန်တလွင့်လွင့်နှင့် သူ့ငယ်ဘဝ ပုံရိပ်များ၊ ပြီးတော့သူ့ကို ပုံပြင်ပြောပြရင်း ပွေ့ဖက်ထားသော မေမေ့ ပုံရိပ်များ၊ နောက်တော့ မောင်နှင့်မောင့်ဖေဖေတို့၏ ပုံရိပ်များ၊ ပြီးတော့ သူ့အိပ်မက်အပိုင်းအစများ၊ အားလုံးကို သူပြန်မြင်နေရသည်။ ပြီးတော့ မေမေ့ငိုသံများကို သူကြားနေရသည်။ သူ့ကိုဖက်ရင်း မေမေငိုနေသည်ကို ခပ်ဝါးဝါး မြင်နေရသည်။

သူသည် မေမေ့ကို စကားများစွာပြောသည်။ သူပြောသမျှကို သူပြန်မကြားရသော်လည်း မေမေကြားချင်ကြားလိမ့်မည်။ မောင်လည်း ကြားချင်ကြားလိမ့်မည်။ ဦးမိုးလည်း ကြားချင်ကြားလိမ့်မည်။

"မေမေ သမီးပန်းချီမဆွဲပါဘူးနော်။ မငိုပါနဲ့တော့ မေမေရယ်။ မောင်နဲ့သမီးက မေမေနဲ့ပဲနေမှာပါ။ မောင့်ကဗျာတွေက မောင့်လိုပဲ ချစ်စရာကောင်းတယ်နော်မေမေ။ မေမေလည်း ဖတ်ဖူးသားပဲနော်၊ ဒါနဲ့မေမေ ဦးမိုးကို ဘာလို့ သစ္စာမရှိတဲ့ ယောကျ်ားလို့ ပြောရတာလဲဟင်၊ ဦးမိုးကို သမီး အားနာတယ်။ မောင်လည်း သိပ်ရှက်သွားမှာ မေမေရယ်။ မောင် သိပ်ခံစားနေရမှာပဲ။ မောင့်ကို သမီးသနားလိုက်တာ။ ပြီးတော့လေ မောင့်ကိုသမီး သိပ်ချစ်တယ်။ မေမေ့ကိုလည်း သိပ်ချစ်ပါတယ်။ မငိုပါနဲ့လား မေမေရယ်။ နောက်နေ့တွေဆို မေမေ မငိုရဘူးနော်။ မောင်နဲ့သမီးက ကဗျာတွေ ဖတ်ပြမယ်။ သမီးဝတ္ထုတွေလည်း မေမေ ကြိုက်တယ်ဆို။ မောင်နဲ့သမီးက တစ်လှည့်စီ ဖတ်ပြမယ်လေ။ မေမေက ဘေးနားက

ထိုင်နားထောင်ရုံလေးပဲနော်၊ မေမေ ဦးမိုးကို မမုန်းပါနဲ့လားဟင်။ ဦးမိုးက မေမေ့ကို တကယ်သစ္စာဖောက်ခဲ့တာလား။ သမီး မယုံဘူး မေမေရယ်။ ဒါကြောင့် မေမေက ပန်းချီကို သိပ်မုန်းခဲ့တာပေါ့နော်။ သမီး သိပ်ဝမ်းနည်းတာပဲ မေမေရယ်"

မေမေသည်သူ့ကို တင်းကျပ်စွာ ပွေ့ဖက်ရင်း 'သမီးလေး . . . ရွှေပန်းချီ . . . သမီးလေးရယ်' ဟု တဖွဖွခေါ်လျက် ကြေကွဲ ဆို့နစ်စွာ ငိုကြွေးနေပြန်သည်။ သူမေမေ့ကို သနားလှသည်။

"ဟော . . . မေမေငိုနေပြန်ပြီလား။ မေမေ ငိုတာကြာလှနေပြီ။ မေမေ ပင်ပန်းနေမှာပဲ။ ဟိုမှာ အိပ်မက်တွေမက်ရဦးမှာ မေမေရယ်။ မနက်ဖြန်ကျရင် အိပ်မက် မက်ရဦးမှာ။ မေမေ မငိုပါနဲ့။ တိတ်တော့နော်"

သူ မေမေ့မျက်ရည်များကို သုတ်ပေးရန်ကြိုးစားသည်။ သူ့လက်များ လေထဲတွင် မြောက်သွားသည်။ ပြီးတော့ ပြန်ပြုတ်ကျလာသည်။

သူ့မျက်လုံးများ လေးလံလာသည်။ သူ အိပ်ချင်လာပြီ။ သူအိပ်ရဦးမည်။ အိပ်မက်လည်း မက်ရဦးမည်။ မနက်ဖြန်ကျလျှင်လည်း အိပ်မက်အကြောင်း တွေးရဦးမည်။ သူ့မျက်လုံးများ မှေးစင်းကျလာသည်။ သူအလွန် အိပ်ချင်လှပြီ။ သူအိပ်တော့မည်။ နိုးလာလျှင် မောင်နှင့်လည်း ကဗျာတွေဖတ်ရဦးမည်။

ooo

**ဘဝဟူသည် အိပ်မက်များဖြင့် ထုဆစ်ပုံဖော်ရသော အခိုက်အတန့်တစ်ခုဆိုပါလျှင် သူ့ထံတွင်လည်း အိပ်မက်များစွာ ရှိခဲ့ပါသည်။ သို့သော် အိပ်မက်ဟူသည် . . . . . . . . . .။**

**ရွှေမိန်းကလေး**
**@Shwemain Kalay**

ယခင်ထွက်ရှိပြီးစာအုပ်

**‘အိပ်မက်လှေ’**

ကဗျာ ၁၂ ပုဒ်၊ ဝတ္ထုတို ၁၂ ပုဒ်နှင့်ဆောင်းပါး ၁၀ ပုဒ်ပါဝင်သည်။



- ကိုရဲ(ဥက္ကာမြေ)
- ထင်ကျော်
- ကေကေအင်(န်)
- နေလရောင်
- မောင်ကြည်ညို(တောင်ပေါ်သား)
- ကိုငယ်(သမိန်တော)
- စစ်မဏ္ဍိုင်
- ကောင်းထွဋ်ဝင်း(နေမြို့)
- သစ်ဆင်း
- ကျင်ဇာခိုင်(တီးတိန်)
- ဓာတ်ပုံသန်းဆွေ
- မျိုးချစ်(ရောဝတီ)
- ရွှေထက်(ယက္ခကျွန်း)
- သန့်စင်ဝင်း
- ကြည်ဟိန်း(ပဲခူး)
- Lဇော်ရာ
- ရွှေသိမ့်သိမ့်စံ
- မေတာရဏီ
- မိုးကြည်(လှိုင်)
- ငမေသဲဖြူ(မြန်မာစာ)
- ခင်တင့်ဝေ(မြို့တော်စည်ပင်)
- မိုးတားသူ(စိတ်ပညာ)
- နိုဗယ်(Noble)
- ဩမြတ်မေကို
- အဉ္စန(ညောင်ပင်)
- မေမွန်
- လှိုင်လေး